# ခင်မွှန်သုံးဂိုဏ်းချုပ်

# ဝိနည်းဖြတ်ထုံး

ခင်မွှန်သုံးဂိုဏ်းချုပ်ဆရာတော်

ဂ

ပဉ္စမသင်္ဂါယနာတင် ဘဝသျှင် မင်းတရားကြီး လက်ထက် ၊

အလုံမြို့၊ အောက်တိုက် ခင်မွန်ရွာ မဟာဇေတဝန်ကျော

# ခင်မွန်သုံးဂိုဏ်းချုပ်

ဆရာတော်ဘုရားကြီး ရေးသား အုံးဖြတ်တော် မူအပ်သော

# ခင်မွန်သုံးဂိုဏ်းချုပ်ဝိနည်းဖြတ်ထုံး။

ကျမ်းကြီးကို

ခဲယဉ်းစွာ စုဆောင်းရှာဖွေ၍ ရှင်းဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိ အကျဉ်းချုပ်၊ ခင်မွန် သင်္ဂဟကဝဏ္ဏနာဒီပနီနှင့်တကွ

ကျမ်းများနှင့်တကွ ပုံနှိပ်လုပ်ဆောင်သည်။

---

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

၁၂၉၂-ခု၊ နှောင်းတန်ခူးလ

မြန်မာပိဋကတ်ပုံနှိပ်တိုက်၊ နံပါတ်-၂၄၂၊ လှူစူလမ်း၊

ရန်ကုန်မြို့။



ခင်မွန်ဆရာတော်ဘုရားကြီးပုံတော်။

ဣဒံလဟုကံ၊ ဣဒံဂရုကံ၊ ဣဒံသတေကိစ္ဆံ၊ ဣဒံအတေကိစ္ဆံ၊ အယံ အာပတ္တိ၊ အယံအနာပတ္တိ၊ အယံဆေဇ္ဇဂါမိနီ၊ အယံဝုဋ္ဌာနဂါမိနီ၊ အယံဒေသနာဂါမိနီ၊ အယံလောကဝဇ္ဇာ၊ အယံပဏ္ဏတ္တိဝဇ္ဇာ၊ ဣမသ္မိံ ဝတ္ထုသ္မိံ ဣဒံ ပညပေတဗ္ဗန္တိယံ ဧဝံ ဩတိဏ္ဏေ ဝတ္ထုသ္မိံ သိက္ခာပဒပညာပနံ နာမ။ တတ္ထ အညေသံထာမောဝါဗလံဝါနတ္ထိ၊ အဝိသယော ဧသအညေသံ၊ တထာဂတဿေဝ ဝိသယော၊ ။ဤသို့မိန့်မှာတော်မူအပ်သော ဒီဃနိကာယ် အဋ္ဌကထာ ကျမ်းလာစကား ထောက်ထား ဆင်ခြင်သည်ရှိသော်၊ ဤအာပတ်ကား။ လဟုက၊ ဂရုက၊ သတေကိစ္ဆ၊ အတေကိစ္ဆ၊ အာပတ္တိ၊ အနာပတ္တိ တည်း၊ ဤအာပတ်ကား ဆေဇ္ဇဂါမိနီ၊ ဝုဋ္ဌာနဂါမိနီ၊ ဒေသနာဂါမိနီ၊ လောကဝဇ္ဇ၊ ပဏ္ဏတ္တိဝဇ္ဇအာပတ်တည်း၊ ဤဝတ္ထု၌ ဤအမည်ရှိသော အာပတ်ကို ပညတ်အပ်၏ဟု ဝတ္ထုမှုရင်း သက်ဆင်းဆိုက်ရောက် ပေါ်ပေါက်ဖြစ်လာ ထိုအခါ၌ သိက္ခာပုဒ်ပညတ်ခြင်းမည်သည် မြတ်စွာဘုရားမှတပါး၊ အခြားသောပုဂ္ဂိုလ်တို့၏ အားအစွမ်း မည်သည်မရှိ။ ဤသိက္ခာပုဒ် ပညတ်ခြင်းသည် တပါးသောပုဂ္ဂိုလ်တို့၏ အရာမဟုတ်၊ မြတ်စွာဘုရား၏ အရာတော်သာလျှင် ဖြစ်၏၊ ဤဗုဒ္ဓဝိသယ ဝဏ္ဏကထာ အာဏာဒေသနာတော်ဖြစ်သော ဝိနည်းတရားနှင့်အသွားသက်ဆိုင်သော ဝိတိက္ကမဝတ္ထု ဖြစ်မှုဖောက်ပြား ထင်ရှားပေါ်ပေါက် ဆိုက်ရောက် လာခဲ့သည်ရှိသော်၊ ပါဠိ အဋ္ဌကထာ ဋီကာ ဝါဒ မဟာပဒေသ လေးပါးတို့ဖြင့် ပိုင်းခြားဝေဘန် အခြေခံကို အဘန်ဘန်နှိုင်းချိန် အကြိမ်ကြိမ်နှလုံးသွင်း အချင်းချင်းတိုက်ဆိုင်၍ နိုင်နိုင်နင်းနင်း ပိုင်ပိုင်ရှင်းလျက် ဆုံးဖြတ်ခြင်းငှာ စွမ်းဆောင်နိုင်သော ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို အလွန်ပင် အလိုရှိအပ်လှပေသည်၊ ဝိနည်းပိဋကတ်တော်တည်းဟူသော အာဏာဒေသနာ၊ ယထာပရာဓသာသနာ၊ သံဝရာသံဝရကထာ၌ လုံလောက်စွာနည်းရ၊ အဝါးဝ၍ ယထာဘူတ ဟုတ်မှန်ရာကျွန်အောင် ဝိနိစ္ဆယ ဉာဏ် ထက်သန်ရှူးရှသော သင်္ဂါမာဝစရ၊ ဝိနယဓရပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကိုလည်း အလွန်ရခဲသည်ဟု မှတ်ယူအပ်သည်၊ သာသနာတော်၏ အငြိစ်အကြေး ရန်အလှေး ဖြစ်ကြကုန်သော အလဇ္ဇီ၊ ဒုဿီလ၊ ပါပသမာစာရ၊ မိစ္ဆာဒိဋ္ဌိ၊ ပါပိစ္ဆ၊ မဟိစ္ဆပုဂ္ဂိုလ်တို့ များပြား၍ စည်ကားပြည့်နက် တိုးတက်အုပ်စိုး လွှမ်းမိုးအားကြီး ဘိစီးနှိပ်စက်သော အခါတို့၌ သာသနာတော်၏ အငြိစ်အကြေးတို့ကို ဆေးကြော သုတ်သင်

သန့်စင်အောင်ပြုစွမ်းနိုင်မည့်ပုဂ္ဂိုလ်များလည်း သာသနရခဋ္ဌရ၊ ဓမ္မသင်္ဂါ မာဝစရ၊ ဝိနယဓရပုဂ္ဂိုလ်တို့သည်သာလျှင် ဖြစ်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ သည်သာလျှင် သာသနာတော်၏ ငြေ ငံ့ခလုပ်တိုက်နုတ်ပစ်ဆောင်ယူခြင်း ငှာစွမ်းနိုင်သည် ဖြစ်ရကား၊ ရတနာပုံ၊ ဓေယခိုဟ၊ ရွှေဘုံနန်းမ၊ မဏ္ဍလကို ပထမ တည်ထောင်တော်မူသော ကုန်းဘောင်ဆက် အဘိဓမ္မနယ်ဝင် ပဥ္စမ သင်္ဂါယနာတင် ဘသျှင် မင်းတရားကြီး လက်ထက်တော်တွင် မြစ်ဝင် နှလုံး ကျင့်ယူသုံးသောသလုံးဆရာတော် ဘုရားကြီး၏ ထံပါးမှ၎င်း၊ ဩဝါဒ နှင့် ချိုကိုသောက်မျိုပြည့်ဝ၊ ပရိသအားဖြနည်မဟာထေရ်ဖြစ်တော်မူသော ရွှေကျင်ဆရာတော် ဘုရားသည် တရားကျမ်းဂန် လမ်းမှန်နည်းကောင်း ရှေးထုံးဟောင်းနှင့် တိမ်းစောင်းမရှိစေရ။ ဗုဒ္ဓမြတ်စွာသာသနာကို လွန်စွာ ထိန်ဝင်း ထွန်းလင်းတောက်ပ စေလိုလှသည်ဖြစ်၍၊ ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းမြတ်ကြီးနှင့် တပေါင်းတည်း ကြံစည်တော်မူကြပြီးလျှင်၊ ပထမ ရှေးသာသနာ ပြုပုံရေးမှာ ဇာယ်သွေ နုနက် ငပ်ရေမှ ကြီးပြင်းရသကဲ့သို့ ၎င်း၊ အပ်ချမသည်း နာကွင်းနည်းကဲ့သို့၎င်း၊ အသီးသေးသော ညောင် မျိုးစေ့မှ တရွေရွေအပင်ကြီး အသီးတွေ ပွားများရသကဲ့သို့၎င်း၊ သာ တစမြန်မာ့တိုင်းခွင် နယ်ကို ချထွင်၍ ဘုရင်၏အာဏာစက်၊ ဆရာတော် တို့ခမ္ဘာက် နှစ်ပျက်သော ကြိုက်သွားတို့ဖြင့် ပျက်ပြားသော သာသနာကို သာကြည်စွာ ပြုရလျှင် တက်သစ်စ နေဝန်းကဲ့သို့ တည်ထွန်း၍ လာစေ မည်။ နောက်ဆုံးမှာမပျက်။ တကာတော်မိုင်နက်၊ ထက်မြန်မာတပြည်လုံး သာသနာရောင်ခြည်ဖုံး၍၊ ငရုံးမပျက် ရွှေကျင်သာသနာ အဆက်ဆက် သည် တလက်လက်ပြိုးမောက်၍ တိုးတောက်ဘို့ ဖြစ်ပါစေမည်ဟု မြန် မာပိုင်ဒေသ ခုနစ်ပုံဝေ၍လျက်၊ ပထမမြို့ဝေပုံ၊ ဓမ္မစက်ဒုပ်မျှ ဘို့။အလုံနှင့် ကန္တီ၊ ဗန့်ကျိခေါ်သုံးမြို့ ဉာနယ်ပယ်အစို့တို့မှာ ချိုင့်သည့်သာသနာကို ဆ ရာတော်ကြည့်ရှု၍ ပြုစုတော်မူပါဟု သာသနာ ပြုစေလွှဲအပ်၍စေလိုက် ရာ။ ဤမြို့ရှာဒေသ ဉာနယ်ပယ်ဌာနတို့၌ ထာဝရနေ၍တင်း၍ သိတင်းသုံးနေ ထိုင်လျက်ရှိကြကုန်သော၊ အလုံ၊ ကန္တီ၊ ဗန့်ကျိနယ်ပိုင်း၊ ဤသုံးဂိုဏ်းတို့ကို ရှိမြဲတိုင်းစိုးအုပ်၊ ဝိနည်းမိုရ်ဂိုဏ်းချုပ်ကို သမုတ်ပိုင်းခြားခန့်ထားရန် ရွေး ချယ်လေလျှင်၊ ခင်မွန်ရွာဂါမ မဟာဇေတဝန်ကျောင်းရတွင် သောတဗုဓနံများစွာ နှင့် သာသနာကို အရေးယူ၍၊ ဖွေးပြူးသောသီလ၊ ဝိနယဂရုက၊ လဇ္ဇီပေသ လ၊ ထိက္ခာကာမ၊ သံသာရဘီရုက အစစ်ဖြစ်တော်မူသော ဆရာတော်ကို မြင်

မြော်တော် မူမိသည့်အတိုင်း။ ပိုင်းခြားသတ်မှတ် သာသနာ ပြုအပ်လိုက်သော သုံးရပ်သော မြို့နယ်တို့၌ ဆောင်ရွက်ဘွယ်မှန်သမျှ သာသနာ့ကိစ္စကြီးကို တလုံးတည်းအပ်နှင်း၍ ဘုရင့်မင်းမြတ်၊ ဆက်ကပ်စာချွန်၊ ဘော်ညွှန်တင့်ထူး သုံးဂိုဏ်းချုပ်ရာထူးဖြင့်။ ချီးကျူးမြှောက်စားတော် မူအပ်သော ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားသည် မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော်မှစ၍ သားတော် သီပေါအသျှင်၊ ဗိတိုရိယဘုရင်မ၊ အက်ဒဝတ်ဘုရင်၊ ဂျော့ဘုရင်မင်းမြတ်လက်ထက်၊ မင်းငါးဆက် တိုင်တိုင် နေထိုင်တော် မူသည့်အတွင်း၊ မှုခင်းကြီးငယ် ဆုံးဖြတ်ဘွယ်တို့ကို လယ်လယ်ပတ်ပတ် စိတ်ကြေနပ် လောက်အောင် ဆုံးဖြတ်ချက်ချခဲ့သော ဝိနိစ္ဆယဖြတ်ထုံးတို့ကို ရှုံးဘော်ပြ၊ မည်ရွေ့မည်မျှဟု မှတ်တရပြောဆိုခြင်းငှာ မစွမ်းနိုင်ခဲ့ချေ၊ လွန်ပြီးသော ဆယ်နှစ်လောက်အခါ ဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ် စီရင်ဆုံးဖြတ်တော်မူခဲ့သော ထုံးဖြတ်သောဝါဒ၊ အမျိုးမျိုးသော ဝိနိစ္ဆယတို့ကို ရသမျှရဆောင်း တပေါင်းတည်းပြုလုပ် ကျမ်းစာအုပ် စီမံရေးချင် ပြည့်တန်သော မြမျက်ရှင်ကို လက်ဆုပ်တွင်တင်ပြသကဲ့သို့ မြင်ကြရတော့မည်ကား မချွတ်ဧကန်အမှန်ပင်ဖြစ်ပေတော့သည်ဟု ကြံစည်ထားရင်း နှလုံးသွင်းရှိနေသော မအူပင်မြို့သာသနာပြု ဓမ္မာရုံဆရာတော်သည် ဓမ္မနန္ဒဝါသိကဖြစ်သော ခင်မွန်ရွာ သီလာရုံကျောင်းဘုန်းတော်ကြီး ဦးကုမာရအား ဝိနိစ္ဆယအထွေထွေကို ရှာဖွေရဆောင်းစေရာ၊ ဆရာတော်ဘုရားကြီး၏ ဖြတ်ထုံးတို့မှာ တလုံးတည်းရဆောင်း တပေါင်းတည်းအစဉ်ထား၍ ရေးသားခဲ့သည် မဟုတ်ခဲ့ရကား ရတ်ပြတ် ယိုယွင်း ဒိုမင်းဆွေးဟောင်း စာကြောင်းလုံးကျွတ် မိုးစွတ် မှိန်မှေး ရေးရေးမျှသာရှိသော မူလရင်းလက်ခံစာ၊ အချို့သောပုရပိုက်ဟောင်းများကိုသာ ရှာဖွေတွေ့ရှိရပေသည်။ ဒေသတပါး ကျောင်းတိုက်များတွင် လျှောက်ထားမေးမြန်း စုံစမ်းရှာဖွေရာမှာလည်း အချို့သော ဖြတ်စာများကိုသာ လျှောက်ထား၍ ရပေသည်။ ဤသို့အဝင၊ ရသမျှရဆောင်း ဝိနိစ္ဆယမူဟောင်းတို့ကို ရှာဖွေရာ၊ ဖြတ်ထုံးပေါင်း-၂၀-နှင့် ပါဠိရေး ဝိနိစ္ဆယငါးမျိုးတို့ကိုသာ ခဲယဉ်းစွာ ရှာဖွေရရှိသည် ဖြစ်ပါသောကြောင့်၊ ခင်မွန်ဆရာတော်ကြီး၏ တပည့်ထွေး သဒ္ဓိဝိဟာရိက အငယ်ဆုံးဖြစ်သော ခင်မွန်ရွာ သီလာရုံ ဘုန်းတော်ကြီး ဦးကုမာရ အရှင်သူမြတ်သည်၊ လေးနှစ်ကျော် ငါးနှစ်ခန့်ပတ်လုံး၊ ရှုံးသီးသီးပင်ပန်းစွာရှာဖွေပြီးလျှင်၊ ငြိုငြင်စွာ

ပုရပိုက်မူမှ ကူးယူရေးထားအပ်သော အရပ်ရပ် ဖြတ်ထုံးတို့ကို တသုံးထည်းတည်ထွင်ညွှန့်လိုက်သော ခင်မှန့်သုံးဂိုဏ်းချုပ် ဝိနည်းဖြတ်ထုံးကြီးကို၊ ရန်ကုန်မြို့ လွှတ္တလမ်း တိုက်နံပါတ်-၂၆၂။ ကျွန်ုပ်တို့ မြန်မာပိဋကတ်ပုံနှိပ်တိုက်က သိုက်မြိုက်သေချာ သင်လွင်သော အက္ခရာတို့ဖြင့် စက်တင်ပုံနှိပ် လုပ်ဆောင်လိုက်ပါသတည်း။ ။

အချီးနိဒါန်းပြီး၏။

ခင်မွန်သုံးကိုအင်းချုပ်ဆရာတော်ဘုရားကြီး၏အကျဉ်းချုပ်

# ထေရုပ္ပတ္တိစာတမ်း၊

ကမ္ဘာတည်ဦး၊ ပကတူးကာလ။ သမယအခါ။ အစရွာက သြပပါတိက။ မနောမယ။ ပီတိဘက္ခ။ သယံပဘာ အန္တလိက္ခစရ၊ သုဘဋ္ဌာယီ၊ ဤမည်သော ဂုဏ်။ အလုံးရုံတို့နှင့်၊ လောက်သုံကြွယ်ဝ၊ ပြည့်ရုံကြကုန်သော၊ အာဒိကပ္ပက၊ ကမ္ဘာဦးသူလူတို့သည်၊ ကိုယ်ရောင်ကိုယ်ဝါ၊ ထွန်းစွာမလင်း၊ ပျော်ကွယ်ခြင်းကြောင့်၊ အလွန်အမင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ပြင်းပြစွာ ဖြစ်ရှိနေကြရာ၊ ထိုကမ္ဘာဦးသူလူတို့၏ စိတ္တုပြတ္တာသဘောကို၊ ကင်းဝေးပယ်ပျောက်၊ ရဲရင့်ခြင်းသို့ရောက်စေ၍ရှင်း၊ ကြံစည်တောင့်တတိုင်းသော စိတ်အလိုဆန္ဒကို၊ ပြည့်ရုံစေ၍ရှင်း၊ လေးကျွန်းလုံး၌၊ အုပ်ဖုံးမိတ်လှောင် အမိုက်မှောင်ကို၊ ကင်းအောင်ပယ်ပျောက်ပြီးလျှင်၊ မြင်းမိုရ်တောင်ခါးပန်း၊ ယုဂန်နန်းမှ၊ ထူးဆန်းတင့်တယ်စွာသောအသရေကိုဆောင်လျက်၊ အရောင်အဝါတို့ကို၊ ထင်ရှားစွာဖြန့်နှံ့စေလျက်၊ လောကခေတ်ကြီး၏ ဆီမီးသဖွယ်နှစ်သွယ်သောနေမင်း၊ လမင်းတို့သည်၊ ထင်လင်းစွာပေါ်ထွန်း၍လာကြကုန်ဘိသကဲ့သို့၊ ။ ဗောဓိမဏ္ဍိုလ်၊ ဗွေဦးခိုင်၌၊ လေးဆိုင်သောသစ္စာကို၊ ဆရာမရှိ၊ ကိုယ်တိုင်သိ၍၊ ရန်တွင့်ထား၊ ဘုရားအဖြစ်သို့ရောက်တော်မူပြီးလျှင်၊ ကြီးစွာသော မောဟ တည်းဟူသော အမိုက်မှောင်ကို၊ ကင်းအောင်ပယ်ဖျက်တော်မူ၍၊ ဇာတိ အာတာ။ ဝိသယာဟု။ သုံးဖြာသော ဝဋ္ဋခေတ်၌၊ မြိုင်ဘက်မပြု၊ တဆူတည်းသော နေမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏၊ တရားတည်းဟူသောရောင်ခြည်၊ သုံးလီသော ပိဋက၊ သုံးဝသော သာသနာတော်မြတ်ကြီး၏၊ မဇ္ဈိမဒေသမှစ၍၊ အစဉ်သ

ဖြင့်။ အဆင့်ဆင့်ပြန့်ပွား၍ စီပင်ထွန်းကားရာမှန်သော။ သုနာပရန္တ။တပ္ပဒိပ၊ ကမ္ဗောဇဟု၊ သုံးခုသောတိုင်းကြီးတို့ဖြင့်။ ခြံရံအပ်သောပြဟ္မရဋ္ဌ မည်သော မြန်မာနိုင်ငံတော်အတွင်း၌။ ကုသဝတီပြည်ကြီးကို။ စည်ထီး နှင့်တကွ တည်ထောင်ဘန်ဆင်းတော်မူသော မဟာသုဒဿနစကြာမင်းကြီး၏ ထုံးနည်းပမာ၊ မဟာသမ္မတ၊ အသမ္ဘိန္န၊ ခတ္တိယကုလ။ ရာဇ-ဘုန်းရောင်၊ ကုန်းဘောင်မင်းမျိုး၊ နွယ်ရိုး-စံသ။ အမရပုရ-ပြည်ဘောင်ကို။ ပထမမူလ တည်ထောင်ဘန်ဆင်းတော်မူသော။ သိရိပဝရဝိဇယာနန္တ ယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ ဟူသောဘွဲ့တံဆိပ်နာမံကို။ ခံယူတော်မူသော ဘိုးတော် ပဒုံမင်းတရားကြီးဘုရားမှ ဆင်းသက်၍။ အမရပုရ-ဒုတိယမြို့တည် နန်းတည်။ရတနာပုရစတုတ္ထမြို့တည် နန်းတည်ဖြစ်တော်မူသော ဘကြီးတော်မှန်နန်းရှင် စစ်ကိုင်းမင်းတရားကြီး၏ ခွေလက်ထက်တော်အခါ၊ လက်နက်နိုင်ငံ-အဝင်အပ။ အရံအကာ။ မြို့ပေါင်းများစွာတို့တွင်။ အခွန်ဘဏ္ဍာ များစွာထွက်ရှိလျက်။ ပြည့်နက် ခုပ်ထွေ၊ လူနေ-အိမ်ခြေ။ တွက်ရေများဖြင်။ အလွန်စီပင်ရကား၊ ဘုရင်မင်းမြတ်တို့၏ ယုံမှတ်ကိုးစား၊ ကိုယ်ရံကိုယ်ပွားမှူးမတ်များကို။ လွှဲအပ်ခန့်ထားတော်မူပြီးလျှင်။ စိုးရင်အုပ်ချုပ်ခွဲခန့်နေထိုင်စေရ မြို့ဖြစ်၍၊ အနောက်ဘက်ကျော်စည်တလွှား၌။ ကြေငြာထင်ရှားလှသဖြင့်။ရှေးဝေါဟာရကား ပဒုံ။ယခုမူကား (အလုံ)ဟု ခေါ်တွင်သမုတ်အပ်သော မြို့ကြီး၏အောက်တိုက်အဝင်အပ ကျေးသဘက်နယ်တကာ၊ ရွာ အပေါင်းတို့တွင်လည်း။ မကောင်းသော မိစ္ဆာဒိဋ္ဌိ ဒုစရိုက်အမှုဖြင့်၊ အသက်မွေးခြင်းကိုပြုကြသော တောင်သူငြစ်ကြုမိလက္ခုတို့၏ နေရာဒေသ၊ ခေတ်ဂါမကဲ့သို့ မဟုတ်။ ကိုယ်နှုတ်နှလုံး။ စောင့်သုံးသီလ၊ စွဲမြဲကြသော ဓမ္မပါလ-ရွာကြီး ကဲ့သို့။ ပျော်မွေ့နေထိုင်စဖွယ်၊ တင့်တယ်လျောက်ပတ်၊ ကုန်ဂန်ပိဋကတ်။ကျွမ်းကြွင်သိမှတ်သော ကပိသူမြတ်တို့၏။မပြတ်ဖြစ်ထွန်းရာ၊ သီလဝန့်,ဂုဏဝန့် ပုဂ္ဂိုလ်မွန်-ပုဂ္ဂိုလ်မြတ်တို့။ မှီဝဲဆည်းကပ်နေထိုင်ရာ။ မြတ်စွာဘုရား သခင်၏ သရိရဓာတ်တော်၊ မွေတော်။ စေတီတော်၊ ပုထိုးတော်မြတ်တို့၏ ကိန်းဝပ်တော်မူရာဖြစ်၍ရင်း၊ လူနေအိမ်ခြေ တထောင်ကျော်ခန့်မျှ။ စီပင်လှ၍။ ပဋိရူပဒေသ အရပ်။ ကောင်းမြတ်တင့်တယ်။ မွေ့လျော်ဘွယ် ရှိသောကြောင့်ခင်မွန်ဟူ၍ ခေါ်တွင်သမုတ် အပ်သောရွာကြီးသည်တည်ရှိလတ်သတည်း။

ခင်မွန်ရွာကြီး၏တည်နေပုံအခြင်းအရာ အဖြွက်ကား။ အဆိုပါ ခင်မွန်ရွာကြီးသည်၊ ရာဇဓာနီ၊ မင်းနေပြည်မဟုတ်သော်လည်း။ ဝေသာလီပြည်၏ အနီးအစပ်၊ ကပ်လျက်ရှိသော မဟာဝုန်တောကြီးကဲ့သို့၊ တောမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံသော တောတောင်တို့ဖြင့်၎င်း။ ရေပြည့်လျှမ်းသော မြစ်ချောင်း အင်းကြီးတို့ဖြင့်၎င်း၊ အနီးအစပ်၊ ညှပ်လျက်တည်နေသဖြင့်၊ အလွန်တရာ၊ သာယာနှပျို။ စိမ်းညိုရွှင်လန်း၊ ကြည်းပန်း-ရေပန်းတို့ဖြင့်၊ အဆန်းတကြယ်၊ တင့်တယ်စွာ၊ တန်းဆာဆင်အပ်သော သစ်ပင်၊ စိမ့်ရေ-စမ်းရေတို့ဖြင့်၊ တသွင်သွင် စီးဆင်း သွားလာရာ ဖြစ်သော ချောင်းမြောင်း-မြစ်-တို့ဖြင့်၊ ပြည့်နှက်စွာတန်းဆာဆင်အပ်သည့်ပြင်၊ မိုးကာလ ဝဿန္တဥတုအခါ၌။ ချင်းတွင်းအမည်တွင်သော သလ္လာဝတီ မြစ်မှ၊ မြစ်ရေလျှံတက်၍၊ စီးဝင်သော ရေအယဉ်တို့ဖြင့်ပြည့်သော၊ အလျား ၁၂-မိုင်။ အနံ ၅-မိုင်မှ ၆-မိုင်အထိရှိသောအင်းကြီးသည်။ ထိုခင်မွန်ရွာ၏အနောက်မျက်နှာအနီးအစပ်၌၊ ကပ်လျက်တည်နေသည်ဖြစ်၍။ အလွန်ပျော်မွေ့ဘွယ်ကောင်းသော အရပ်ဖြစ်လေသည်။ ထို အဆိုပါ အင်းကြီးထည်း၌။ စီးဝင်လာသောမြစ်ရေသည်၊ မိုဃ်းဥတုအခါမှ ဆောင်းဥတု အဆုံးတိုင်အောင်တည်နေသဖြင့်၊ တောင်သူလယ်လုပ်သမားတို့သည်၊ ပဲ-စပါး-အမျိုးမျိုးတို့ကို၊ စိုက်ပျိုးလုပ်ကိုင်စားသောက်ကြရကုန်၏။

ထိုအဆိုပါ ခင်မွန်ရွာမှ အရှေ့ဗူးဗူးသို့။ ကြည့်ရှုလိုက်လျှင်၊ လေးမိုင်ကွာအရပ်၌၊ အသွန်ကြည်နူးဘွယ်ကောင်းသောအနံ-၃-မိုင်။ အလျား ၁၂ မိုင်ခန့်ရှိသော တောင်တန်းရှည်ကြီးများကို တွေ့မြင်ရလေ၏။ ထိုတောင်တန်းရှည်ကြီးများ၌၊ အမည်တင်ရှားသောတောင်လုံးရေ ၉၉-လုံး။ လူတို့မတူးမဆွတဲ၊ အလိုအလျောက် စိမ့်ရေ ထွက်၍ နေသောရေထွက်ပေါင်း ၉၉ ''ရေထွက်''ရှိသောဟူ၏၊

ထိုတောင်တန်းရှည်ကြီးများ၏အနီးအပါး၌၊ မိုးကာလအခါ။ ချောင်းမြောင်း ချောက်ကြားတောင်ကမ်းပါးတို့မှ၊ စီးဆင်းကျလာသော ရေ အယဉ်တို့ကိုပိတ်ဆို့၍၊ တာဘက်ဆည်ကန်ကြီး။ လေးထောင့်ကန်ကြီးများကိုလည်းပြုလုပ်ထားကြလေ၏။ ထိုကန်ကြီးများ၌၊ အဆင်းယန့်၊ သင်းပျံ့မွှေးကြိုင်လှသော ကြာမျိုးငါးပါးတို့သည် ပေါက်ရောက်လျက် ရှိနေကြသဖြင့်၊ ပန်းရက်စားသုံးကြကုန်သော ပျားပိတုန်းတို့၏၊ အုံအုံးသဲသဲ။ မစဲ

ညိုးညှံ့၊ ပျံ့ဝဲ၍မည်ကြသောအသံ၊ ကြာပန်း ကြာစွယ် ကြာရင်းတို့ကို ဆွတ်ခူးချိုးယူကြကုန်သောသူတို့၏၊ကချန်မြူးပျော်၊ ကျူးကျော် သီဆိုကြသော သီချင်းသံ၊ အစာရှာ ကောက်၊ ရေပေါ်သို့ပေါက်လာကြသော ငှက်အမျိုးမျိုးတို့၏၊ သာယာစွာ ဟိန်မြူးကြသော အသံ၊ လရောင်နှင့်ယှဉ်သော ညဥ့်ဦးယံအချိန်၌၊ မိမိတို့ခိုအောင်းပုံးလျိုးနေရာ၊ ခြုံပိတ်ပေါင်းတို့မှ၊ ထွက်ခွါလာကြ၍၊ အစာရှာခြင်း၊ ရေသောက်ခြင်းငှာ၊ရေကန်တွင်းသို့၊သက်ဆင်းကြကုန်သော၊ သမင် ဒရယ် ဂျီငယ် စိုင် ဆတ် ကြံ့ စသော သတ္တဝါတို့၏ သာယာစွာသောတောက်သံဟောက်သံ၊ ရေကန်ကုံပိုင်းလျက်ထားသဖြင့်၊ ကန်ပေါင်ရိုးခေါ်သော ကန်ကသင်းပေါ်၌၊ ငတ်ရန့်ပိုင်းကာ အုပ်ဖုံးလျက်၊ ပေါက်ရောက်ရှိနေကြသော တည်ပင်လွှန်ပင်သပြေပင်သီးပင် သစ်မည်ဇာပင် စွန်ပလွှန်ပင် ထန်းပင် အုန်းပင်ဝန်ကျီးချိုပင်စသောစားသောက်ဘွယ် သီးမျိုးရုံ သစ်ပင်တို့၌၊ တပင်မှတပင်သို့ရင်း၊ တကိုင်းမှ တကိုင်းသို့ရင်း၊ ပြောင်းရွှေ့ပြေးသွား ကချန်ပျော်ပါးကစားမြူးတူး၊ ကြော်ကျူးမည်တွန်ကြသောမျောက်တို့၏၊သာယာစွာမည်သောအသံတို့ဖြင့်၊နေ့ညဥ့်မစဲ၊အမြဲထာဝရ၊ပျော်မွေ့ဘွယ်ကောင်းလှ၏။ ။ဤတောင်တန်းရှည်ကြီးများ၌၊ အချို့သောယောဂီရသေ့ရဟန်းတို့သည်၊သမထဝိပဿနာ၊ဘာဝနာ-နှစ်တန်၊ယုဂနန်ဖြင့်၊ဆိတ်ညံ့စွာတရားအားထုတ်ပျော်မွေ့နေထိုင်ကြကုန်၏။

ဤသို့-ပျော်မွေ့ဖွယ်၊ နှစ်သွယ်သော ကြည်းရေတို့ဖြင့်၊ အနီးအစပ်၊ ကပ်လျက်တည်ရှိ၊ ပဒိုချုပဒေသ၊ အဋ္ဌ မဟာဋ္ဌန မဟာဘောဂ၊ သေဋ္ဌေးသူကြွယ် ကုန်သည်လယ်လုပ်တို့ဖြင့်ပြည့်နက်လျက်ရှိသော ခင်မွန်ရွာ ဂါမ၊ ထိုဒေသ၌၊သေးငွေးကြီးခေါ်သောက်အောင် အလွန်လည်းဥစ္စာမပေါ်များ၊ အလွန်လည်းဆင်းရဲ-မနွမ်းပါ၊ အလယ်အလတ်စားဥစ္စာပေါ်များသော၊ မဟာဘောဂ၊မဟာဋ္ဌန၊ဥပဘောဂပရိဘောဂသမန္တာဂတ၊မဟာကုလ၊သမ္မာဒိဋ္ဌိကုလ ဖြစ်၍၊မကောင်းသော အသက်မွေးကြောင်း အကုသိုလ် ဒုစရိုက်၊ မိစ္ဆာဇီဝ တရားတို့ကိုပယ်စွန့်လျက်၊ကောင်းမြတ်သော သမ္မာအာဇီဝတရား၊ သုစရိုက်ဆယ်ပါးဖြင့်တရားနှင့်အညီ ပျော်မွေ့ နေထိုင်ကြကုန်သောဦးရိတ်နှင့်-မယ်အိ -တို့သည်ရှိကြကုန်၏။

ဒါယကာကြီးဦးရိတ်-ဒါယိကာမကြီးမယ်အိတို့၌၊ရှေးပုဗ္ဗေကံစိမ်ပွားဖိုး၊သားသွီးအရုံအကျိုးပေးပုံကား၊ ။နောက်အခါ-ဆရာတော်ဘုရားကြီး

၏မယ်တော်ဖြစ်လတ့်သောအဓိဒေါ်ဒ၏ ဝမ်းကြာတိုက်၌။ တိပဟာတုက-ဥက္ကဋ္ဌ၊ ပုဂ္ဂလအာဇာနည်ကဲ့သို့။ ကာလလရေကြည် စွဲတည်ကိန်းအောင်းသဖြင့်ခါကောင်းအခွင့် ကိန်းနှင့်အကြိုက်။ သိုက်မြိုက်ညီစွာ။ ကောဇာ သက္ကရာဇ်-၁၁၉၀-ပြည့်နှင့်။ ကဆုန်လဆန်း-၅-ရက်။ အင်္ဂါနေ့ ညဉ့်တချက်တီးကျော် နှစ်မောင်းပေါ် အချိန်တွင်၊ ဤထေရုပ္ပတ္တိ၌ပါသော ခင်ပွန်းသုံးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးဖြစ်လတ့်သော အလောင်းလျာ- သတ္တိသားရတနာကို၊ မီးရှူးသန့်စင် ဘွားမြင်လေသည်။

ထိုဥုးရိတ်နှင့် ဒေါ်အိတို့မှာ။ ဤ သတ္တိသားတယောက်သာ ရှိသည်မဟုတ်။ သားယောကျ်ား ခုနစ်ယောက်ဘွားသတည်း။ ။သမီးမိန်းမကားမရှိ။ ။ထိုသားဘွီးခုနစ်ယောက်တွင်၊ အကြီးဆုံးသားကားဘုန်းတော်ကြီးဥုးဖိုးဖြစ်လေသည်၊ ခင်ပွန်းဆရာတော်ကြီးဖြစ်လတ့်သောသတ္တိသားကား၊ အငယ်ဆုံးတည်း၊ အလတ်-၅-ယောက်တို့မှာ၊ ငယ်စဉ် ကပင် ကွယ်လွန်အနိစ္စရောက်ကြကုန်၏။ ထိုသူတို့၏အမည်ကား-မထင်ရှားကုန်။ ။

အငယ်ဆုံးဖြစ်သော သတ္တိသားကိုကား၊ နောက်အခါ- မြတ်စွာဘုရားသခင်၏ သာသနာတော်မြတ်ကြီး၌ ရဟန်းကောင်း- ရဟန်းမြတ်- တရားတတ်-စကားတတ်-ကျမ်းဂန်တတ်အချွန်၊ သီလဝန်-ဂုဏဝန်၊ ပုဂ္ဂိုလ်ပွန်ပုဂ္ဂိုလ်မြတ်သာသနာတော်၏အငြိမ်အခြေ။ ရေနံဘေးတို့ကိုပယ်ဆေးသုတ်သင်စိုပင်အောင် ပြုစွမ်းနိုင်သော။ သာသနသောဘဏ၊ သာသနပါလ၊ ဂဏာရက္ခက၊ ဂဏာပါလက၊ ဂဏနာယကဂဏာပါမောက္ခ၊ သုံးဂိုဏ်းချုပ်ဆရာတော်ဖြစ်၍၊ ရွှေကျင်ဂိုဏ်းကြီးကိုအုပ်ချုပ်ဖိုးမိုးနိုင်လိမ့်မည့်အရိပ်၊ ဖုဗ္ဗနိမိတ်ပြေးသကဲ့သို့၊ မင်္ဂလာဩဘာရှိ၍တင့်တယ်ကောင်းမြတ်သော-ဝေါဟာ။ မောင်စိုးဟူသောအမည်သညာကို မှည့်ခေါ်ကြလေကုန်၏။ ။

ထိုသို့ပင်-မောင်စိုး-ဟူ၍မှည့်ခေါ်ကြသော်လည်း၊ အမိ,အဘတို့ကတဘန်၊ မိမိတို့သတ္တိသားကိုအလွန်ချစ်မြတ်နိုးလှ၍။ အလတ်သား ငါးယောက်ကွယ်ပျောက်အနိစ္စ ရောက်ကြသည်နှင့်။ ဒီဃာယုက,သုခသံဝဍ္ဎနိက၊ ဂုဏမဟတ္တ စသည်အကျိုး။ ဖွံ့ဖြိုးများမြတ်စေခြင်းငှာ၊ မောင်နုဟူ၍သာခေါ်လေ့ပြုကြ ကုန်သဖြင့်၊ ဤမောင်နု-ဟူသော အမည် သည်သာ ထင်ရှားလေ၏။ ။

ထိုသူငယ်ကား-လွန်စွာလှပတင့်တယ်၊ ကြည့်ရှုဘွယ်အဆင်း ရွှေရောင်လင်းသောကြောင့်၊ သုဝဏ္ဏဝဏ္ဏ, အဘိရူပ, ပါသာဒိက, ဥပမိသမ္ပတ္တိ-

ဂုဏ် လက္ခဏာနှင့်ပြည့်စုံသဖြင့်၊ မိကြီး-မိထွေးစသော ဆွေမျိုးသားချင်းတို့၏ တယောက်လက်မှတယောက်လက်သို့ ပြောင်းရွှေ့၍ချမ်းသာစွာကြီးပွားလာရသည့်ပြင် မိဆွေဘမျိုးတို့က ရှေးအကြောင်းကံဝိပါကျထောက်၍။ ဤမျှလောက်အသက်ရှည်သော သတို့သားကို ငါတို့တွေမြင်ရပေသည်ဟု။ ဝမ်းမြောက်ဝမ်းသာ မောင်ကံကူ-ဟူသော ကုလဒတ္တိယ အမည်သညာကိုလည်း၊ မှည့်ခေါ်ကြလေကုန်၏။ ။

ဤသို့-မောင်စိုး, မောင်နု,မောင်ကံကူ-ဟူသောအမည်ဖြင့်၊ ကြီးပွား၍လာသော သတို့သားကို၊ ဆယ်နှစ်အရွယ်သို့ရောက်သောအခါ၊ ခင်မွန်ရွာ၏ မြောက်မျက်နှာအနီး၊ သေံ-ကျောင်းတိုက်ကြီး၌။ မိဘတို့ကိုးကွယ်ရင်းဖြစ်သော။ဆရာတော် (ဦးပုည) ၏အထံ၌ အပ်နှံ၍ ကျောင်းသားရေး၊ ကလေးသူငယ်တို့ တတ်ကောင်းရသော စာပဟုသုတ်ကို။ မပင်မပန်းဘဲ သင်ဆန်းသင်ယူကာမျှဖြင့်၊ မကြာမတင် သောလျင်စွာ တတ်မြောက် ခြင်းသို့ရောက်လေ၏။ ။

ထိုနောက်-အသက်တဆဲ့သုံးနှစ်သားအရွယ်သို့ ရောက်သောအခါ။ အဘ-ဦးရိတ်နှင့်အမိဖြစ်သူ-ဒေါ်အိ တို့က၊ မိမိတို့၏သားကို သမဏ ရုပ်ရေဖြင့် ကြည့်ရှုလိုကြ၍။ မြတ်စွာဘုရားသခင်၏လက်ထက်တော်က။ ပဏ္ဍိတသုခ-တိဿ-သာမဏေ တို့၏ မိဘတို့ကဲ့သို့။ သာမဏေရပဗ္ဗဇ္ဇ အဖြစ်သို့သွတ်သွင်းချီးမြှောက်ကြလေရာ၊ ဆရာတော်-ဦးပုညက၊ထိုရှင်သာမဏေကို နောင်သောအခါ သာသနာတော်၌ လွန်စွာထင်ရှားသော၊ ဇဂရိယာ နုယောဂ,ယုတ္တ,ပယုတ္တ ပုဂ္ဂိုလ်တပါး၏အဖြစ်ကို ရည်ညွှန်းဘိသကဲ့သို့။ ပုဗ္ဗနိမိတ်,အရိပ်အရောင်ပြသောအားဖြင့်နေ့နံနှင့်လျော်စွာ၊ရှင်ဇာဂရ-ဟူသောဘွဲ့မည်ပညတ်ဖြင့် ခေါ်ဝေါ်ပြုတော်မူ၏။ ။

ထိုသာမဏေငယ်-ရှင်ဇာဂရ သည်၊ ဝဏ္ဏသဏ္ဌာန်၊ သောဝစ္စသတော်, ဂုဏ်တို့နှင့်ငယ်စဉ်ကပင်ပြည့်စုံသည်ဖြစ်၍။ ဆရာတော်-ဦးပုညကလည်းများစွာယုံကြည် နှစ်သက်မြတ်နိုးတော်မူသဖြင့်၊ သာမဏေငယ်တို့တတ်သိရာသော အကျင့်ဝတ်တရားများနှင့်တကွ။ ကစ္စည်း ဗျာကရုဏ်းကျမ်း။ အဘိဓမ္မတ္ထ သင်္ဂဟကျမ်း။ ၎င်းအဘွင့် ဋီကာကျော်ကျမ်း စသည်များကိုကိုယ်တော်တိုင်သင်ကြားပြသ နည်းပဒေသပေးသဖြင့်၊ ဝန်လေးခြင်း မရှိ၊ ပကတိ သင်ဆန်း သင်ယူကာမျှနှင့်ပင်၊ မငြိုမငြင်ဘဲ ဉာဏ်ပညာ ရှိသော

အလောင်းတော်ဖြစ်သည့်အလျောက် မကြာမတင်သောလျင်စွာ တတ်မြောံခြင်းသို့ရောက်သဖြင့်။ သာမဏေကျော်-ရှင်ဇာဂရ-ဟူသော အမည်ဖြင့် ထင်ရှားကျော်စောလေသတည်း။ ။

ထိုနောက်-သာမဏေရှင်ဇာဂရသည်၊ အသက်နှစ်ဆယ်ပြည့်သောအခါမြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်လိုသည်ဖြစ်၍၊ဆရာတော်-ဦးပုည ထံ တောင်းပန်ခွင့်တောင်း နေရင်းကျောင်း ဇေသံ-တိုက်မှ ထွက်ခွါ၍၊ ခင်မွန်ရွာ၏တောင်စောင်း ဝါဆိုတိုက်ဟု ခေါ်သော-မင်းကျောင်းတိုက်၊ ဆရာတော်-ဦးရောက် ထံသို့ပြောင်းရွှေ့၍ နေထိုင်လေရာ။ဦးရီး အရင်းဖြစ်သူ-ဦးရွှေငြိမ်းဟုခေါ်သော ဒါယကာကြီးက မြင့်မြတ်သော-ဥပသမ္ပဒ အဖြစ်သို့ရောက်အောင်၊ စတုပ္ပစ္စယဒါယကာခံ၍ သွတ်သွင်း ချီးမြှင့် လေသဖြင့်၊ သက္ကရာဇ်-၁၂၁၀-ခုနှစ်၊ ပထမဝါဆိုလဆန်း-၁၃-ရက်၊အင်္ဂါနေ့။ နေတက်-၆-ဘဝါးပြည့်အချိန်တွင်။ မင်္ဂလာစံကျောင်းဆရာတော်ကြီးဘုရားကို ဥပဇ္ဈာယ်ဆရာပြုလုပ်၍။ မင်းကျောင်းတိုက် သရေပစ္စတွေ-ဘုရားအနီး၊ ခဏ္ဍသိမ်ကြီး အတွင်း၌ မြင့်မြတ်သော-ဥပသမ္ပဒအဖြစ်သို့ရောက်လေသတည်း။ ။

ဥပသမ္ပဒ-အဖြစ်သို့ ရောက်လေပြီးသော၊ ရဟန်းတော်- အရှင်ဇာဂရသည်။ ရဟန်းဖြစ်ရင်း မင်းကျောင်းတိုက်၌ပင် ဝါကပ်တော်မူ၍။ ဝါမှထမြောက်သောအခါခင်မွန်ရွာ၏ အရှေ့မြောက်စောင်း၊ကုတ်လုတ်လေးတာဖြန့်ငါးရေဝေးကွာသောတောရကျောင်းတိုက်ကြီး၌၊ သတင်းသုံး နေထိုင်သော-ဂိုဏ်းထောက် ဆရာတော် ဘုရားသည်။ ခင်မွန်ရွာတွင် ကျမ်းဂန်တတ်အကျော်၊ ဆရာတော်တပါးဟု ထင်ရှားကျော်စောလှသဖြင့်၊ စာပေသင်အံလိုသောဆန္ဒရှိ၍၊ မင်းကျောင်းတိုက်ဆရာတော်ထံမှ ထွက်ခွါခဲ့၍။ တောရကျောင်းတိုက် ဂိုဏ်းထောက် ဆရာတော်ကြီး-ဦးဇာန္ဒ၏ ထံပါး၌ ခစားခိုကိုး၍ သင်ရိုးပိဋကတ် ပါဠိတော်နှင့်။ အဋ္ဌကထာ ကျမ်းဂန် နေ့ဝါ, ညဝါ, အတန်တန်တို့ကို အဘန်ဘန်မယုတ်၊ အားထုတ်သည်းပူး လေသတည်း။ ။

ထိုသို့-ပရိယတ္တိဓမ္မကို နေ့ညမယုတ်အားထုတ်,နေထိုင်ရာ၊ ဆရာတော် ဦးဇာန္ဒကဒိမိ၏တပည့်ဖြစ်သူ ရဟန်းတော်-ရှင်ဇာဂရ၏၊ တိက္ခ,ဂမ္ဘီရ,ဇဝန စသည့်၊ ဉာဏ်အရည်နှင့် အာဇာနည်ပုဂ္ဂိုလ်၏အဖြစ်ကို ကောင်းမွန်

ရွာသို့ရှိလေရကား၊ ထိုဂိုဏ်းထောက်ဆရာတော် ဘုရားက။ လောကီချာ ဇဝင်ပုံပြင်နိပါတ်၊ ဓမ္မသတ်,ကျမ်းဂန်နှင့်၊ သုံးတန်သောပိဋကတ်၊ ငါးရပ်သော-နိကာယ်ကို။ ဒိုးနှယ်-တရတည်၊လည်စေနိုင်သော သတ္တိဗလဗျတ္တိဗလတို့နှင့်ပြည့်စုံလှ၍၊ အလွန်ထင်ရှားကျော်စောသော အရှေ့ဘက်တိုက်နယ်၊အဝင်အပေါ၊မင်းရွာဟုခေါ်သောရွာကြီး၏အနီး၊တောရကျောင်းကြီး၌၊ သတင်းသုံးနေထိုင်သော၊ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး-ဥုးနေမိန္ဒ၏ အထံသို့ စာပေကျမ်းဂန်သင်အံလေ့လာစေခြင်းအကျိုးငှာရင်း၊ သာသနာတော်ကြီး၌ အရှည်သဖြင့်နေထိုင်နိုင်ရန်၊ နေရေးထိုင်ရေးဆုံးမဩဝါဒပေးသည်ကိုရယူစေခြင်းအကျိုးငှာရင်းစေလွှတ်လိုက်သဖြင့်၊သက္ကရာဇ်-၁၂၁၆-ခုနှစ်တွင်။ရဟန်းဝါသုနစ်ဝါရပြီးသော၊ရဟန်းတော်-ရှင်ဇာဂရသည်။ဆရာတော်-ဦးဇာနအထံမှထွက်ခွာခဲ့၍၊အရှေ့တိုက်နယ် အဝင်အပေါ၊မင်းရွာဟု ခေါ်သောရွာ၏ အနီး တောကျောင်းကြီး၌ သတင်းသုံးနေထိုင်သော၊ ဂိုဏ်းချုပ် ဆရာတော်ကြီး-ဦုးနေမိန္ဒ၏ထံပါး၌ခစားဆည်းကပ်၍အရပ်ရပ်သောကျမ်းဂန်တို့တို့အစွမ်းဉာဏ်ရှိသလောက် တတ်မြောက်ဆည်းပူးဉာဏ်ဖြင့်ရှုး၍၊ အထူးအားဖြင့် အဘိဓမ္မာဘက်ဆိုင်ရာ နေ့ဝါညဝါတို့ကို၊ အခါခါ လေ့လာတော်မူပြီးလျှင်၊ အဆုဝိနိစ္ဆယဉာဏ် ရင့်သန်စေကြောင်း၊ ကောင်းမြတ်သော ဓမ္မသတ်ကျမ်း၊အခမ်းခမ်းသောဖြတ်ထုံး။ အသုံးရုံသော ပုံပြင်,ချာဇဝင်,နိပါတ်အရပ်ရပ်တို့ကို။ အထပ်ထပ်-အခါခါ နှံ့စပ်ကြွမ်းအောင် လေ့လာတော်မူလေ၏။ ၊

ထိုသို့မင်းရွာ-တောကျောင်းကြီး ဂိုဏ်းချုပ် ဆရာတော်ဘုရားအထံ၌ နှစ်ဝါတိုင်တိုင် နေထိုင် ပြီးလျှင်၊ သက္ကရာဇ်-၁၂၁၉-ခုနှစ်တွင်၊ မင်းရွာ တောရကျောင်းကြီးမှ ထွက်ခွာခဲ့၍၊ရုံရှင်းဆိတ်ရွာ၊ စိတြာ ရာမ ကျောင်း တိုက်၌ သတင်း သုံးနေထိုင် တော်မူသော ဂိုဏ်းချုပ် ဆရာတော်ကြီး၏ ခြေတော်ရင်း၌ဝပ်စင်းမှီကပ်၍တနှစ်ပတ်လုံးနေထိုင်လေ၏၊ထိုဆရာတော် ဘုရားကြီးအထံမှ အထူးအားဖြင့်၊ သမန္တပါသာဒိက အဋ္ဌကထာ၌လာသော။ အရှင်ပဒုမထေရ်၊ အရှင်သုမထေရ် တို့၏ထုံးကိုနှလုံးထား၍၊ သုံးပါးသော ပိဋကတ်တို့တွင် ဝိနည်းပိဋကတ်ကို၊ခက်ရာခက်ဆစ် အနှစ်ပြည့်ကြွယ်။အဓိပ္ပါယ်တဖုံ ငါးရုံသောကျမ်းရိုး။ အမျိုးမျိုးသော-အဆုံးအဖြတ်။ အရပ်ရပ်သော နည်းတို့နှင့်တကွ သင်အံလေ့လာတော်မူ၏၊ ။

ထိုခုံရင်းဆိတ်ရွာ စိတြာရာမ ဆရာတော်ဘုရားကြီး၏အထံ၌ နေထိုင်စဉ်၊ ဆရာတော်ဘုရားကြီးက တပည့်ရဟန်းတော်–ရှင်ဇာဂရ၏ ဗိဒုကတ်တည်းဟူသော တောအုပ်၌၊ မကြောက်မရွံ့ နောက်မတွန့်ဘဲ၊ ရဲရဲချင်းနင်း၊ ပေါက်ထွင်း သွားလာနိုင်သောသတ္တိရှိသည်၏အဖြစ်ကိုရင်း၊ အဘိဝိနိဿယ ဉာဏ်ရင့်သန်လိမ္မာကြီးမားစွာ၏အဖြစ်ကိုရင်း၊ ကောင်းမွန်စွာ သိရှိတော်မူရကား၊ အရပ်ရပ်မှသံဃာတော်တောင်သို့သက်ဝင်ရောက်လာသောအဓိကရုဏ်းကိုရင်း၊ ရဟန်းတို့နှင့် သင့်လျော်လျောက်ပတ်သော လူမှုလူရာကိုရင်း၊ ပြီးဆုံးပြတ်စဲအောင်ဆုံးဖြတ်ရန် လွှဲအပ်ခန့်ထားတော်မူ၏။

ဤအခါကစ၍–ရဟန်းတော်–ရှင်ဇာဂရသည်၊ အရပ်ရပ်သော–အဓိကရုဏ်းတို့ကို ပြီးဆုံးပြတ်စဲအောင်၊ မိမိ၏အသိဉာဏ်ဖြင့်၊ ဝေဘန်ချင့်ချိန်၍ တရားနှင့်အညီ ဆုံးဖြတ်တော် မူလေသည်၊ ထိုအရှင်ဆုံးဖြတ်သော အမှုဟူသမျှမှာ မပြီးမဆုံး မပြတ်မစဲ ဟူ၍မရှိ၊ ပြီးဆုံးပြတ်စဲ ငြိမ်ဝပ်သည်သာများ၏၊ ။စိတြာရာမ ဆရာတော်ဘုရားကြီးလည်း၊ ရဟန်းတော်-ရှင်ဇာဂရကို များစွာယုံကြည်ကိုးစား အားထား မြှောက်စားခြင်းကို ပြုလုပ်တော်မူသည်။ ။

ထိုခုံရင်းဆိတ်ရွာ၊ စိတြာရာမ ဆရာတော်ဘုရားကြီး၏အထံ၌ တနှစ်ပတ်လုံး သီတင်းသုံးနေထိုင်ပြီးလျှင်၊ သက္ကရာဇ်–၁၂၂၀–ခုနှစ်တွင်၊ နေထိုင်ခဲ့ရင်းဖြစ်သော မင်းရွာ ဂိုဏ်းအုပ်ဆရာတော်ကြီးထံသို့ ပြန်လာခဲ့၍၊ ထိုဂိုဏ်းအုပ်ဆရာတော်ကြီးထံအခွင့်ပန်ပြီးလျှင်၊ ရတနာပုံ–နေပြည်တော်၏အနီး၊ ရှမ်းကလေးကျွန်း ကျောင်းတိုက်သို့ သွားရောက်၍၊ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီးအထံ၌၊ တနှစ်ပတ်လုံး ဆုံးမဩဝါဒကိုခံယူ၍ နေထိုင်လေ၏၊ ထိုသို့နေစဉ်အခါ၊ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီးက၊ ရဟန်းတော်–ရှင်ဇာဂရ၏ စွမ်းရည်သတ္တိကိုကောင်းမွန်စွာသိတော်မူသဖြင့်၊ ထိုရဟန်းတော်–ရှင်ဇာဂရကို ကျောင်းဘုန်းကြီး အဖြစ်ဖြင့်၎င်း၊ စာချဆရာတော်အဖြစ်ဖြင့်၎င်း၊ ကောင်းမွန်စွာ ချီးမြှောက်ပြုစုတော် မူသဖြင့်၊ များစွာသော–ရဟန်းသံဃာတော် တို့အား၊ ပရိယတ္တိဓမ္မကို ပို့ချသင်ကြားပြသ၍ နေထိုင်တော်မူရလေ၏။ ၊

ဤသို့–ရှမ်းကလေးကျွန်းဆရာတော်ဘုရား၏ထံတော်ပါး၌ခစားနေထိုင်စဉ်၊ နန်းတော်တွင်းမှ ရဟန်းသံဃာတော်တို့၏ အလှူငှာ၊ ဆွမ်းအတွက် လစာရိက္ခာတော် အထောက်အပံ့လာရောက်သော၊ သာသနာဘက်ဆိုင်

ရာ၊ မင်းတိုင်ပင် အမတ်ကြီးနှင့် ဆရာတကာဖြစ်ကြ၍။ ထို-အရှင်ရဟန်းတော်-ရှင်ဇာဂရ၏ သိလာဘမာဓိစသော ဂုဏ်ကျေးဇူးရနံ့သည်၊ ဘဝရှင်မင်းတရားကြီး၏ ရွှေနားတော်တိုင်အောင်၊ မွှေးကြိုင်ပျံ့နှံ့တော်မူလေ၏။ ရွှေကျင် ဆရာတော် ဘုရားကြီး သည်လည်း၊ ရှမ်းကလေးကျွန်းတိုက်သို့ မပြတ်မပြတ်-ကြွတော်မူလာသဖြင့်။ ရဟန်းတော်-ရှင်ဇာဂရနှင့် တွေ့ကြုံဆုံဆီး နှီးနှောပြောဟောကြရာ။ သိက္ခာကာမ,လဇ္ဇီပေသလ,သမာနာစရိယကာ၊ ပုဂ္ဂိုလ်ချင်းဖြစ်ကြ၍။ ရွှေဟင်္သာညီနောင် တောတောင်ပျော်မွေ့၊ မြိုင်အကွေ့၌ ခြင်္သေ့မင်း-နှစ်ဖြာ၊ တွေ့ဆုံသောအခါကဲ့သို့၊ မေတ္တာ သက်ဝင်၊ ချစ်ခင်ကြည်ညို၊ရှိသေလေးမြတ်၊အနာဂတ်ကိုမြော်ရှု၍၊ယခုကပင် တပါးနှင့်တပါး အားကိုးအားထား ပြုလုပ်တော်မူကြလေ၏။ ။

ကောဇာသက္ကရာဇ်-၁၂၂၂-ခုနှစ်တွင်။ ရှမ်းကလေးကျွန်းတိုက် ဆရာတော်ဘုရားကြီးထံမှ ထွက်ခွါလာခဲ့၍၊ မင်းရွာတောကျောင်းကြီး ဂိုဏ်းချုပ်ဆရာတော်ကြီးထံသို့၊ ပြန်လည် ဆိုက်ရောက်လာရာ။ ဂိုဏ်းချုပ် ဆရာတော်ကြီးက အသက်အရွယ်ကြီးရင့်တော်မူပြီဖြစ်၍၊တပည့်ပရိသာတ်နှင့်တကွ၊ ကျောင်းတိုက်တာကို လွှဲအပ်တော် မူသဖြင့်။ အခြေပ်တပါးသို့ မရွှေ့မပြောင်းဘဲ၊ ဤတောကျောင်းကြီး၌ အမြဲနေထိုင်၍၊အရပ်လေးမျက်နှာမှ ကြွရောက်လာကြကုန်သော ရဟန်း,သာမဏေ ပရိသာတ်တို့အား။သုံးရပ်သော ပိဋကတ်ကို မပြတ်နေ့ညဉ့်၊ အထပ်ထပ်ပို့ချသင်ကြား၍နေတော်မူ၏၊ ။

မင်းရွာ-တောကျောင်းကြီး၌၊ သီတင်းသုံးနေထိုင်စဉ်အခါ၊ ကျောင်းဒါယကာကြီး ဦးတုတ်-ဆိုသူက၊ မိမိကြည့်ရှုရန် တောင်းပန်လျှောက်ထားသောကြောင့်၊ဂဏ္ဌိရာသိ-မည်သောကျမ်းကိုရေးသားတော် မူသည်၊

သက္ကရာဇ်-၁၂၂၃- ခုနှစ်သို့ ရောက်သော အခါ။ ရှမ်းကလေးကျွန်းကျောင်းတိုက်ကြီး၌ အုပ်စီးနေထိုင်ရန် လာရောက်လျှောက်ပန်းသည်ကို။ အလျှုမခံ၊ လုံးဝပယ်လှန်တော်မူလိုက်သည်။ ၊

သက္ကရာဇ်-၁၂၂၄-ခုနှစ်သို့ရောက်သောအခါ၊ အလုံမြို့အောက်တိုက်၌၊ သာသနာတော်ညှိုးနွမ်းနေသည်ကို၊ ပဋ္ဌမ သင်္ဂါယနာတင် ဘဝရှင်-မင်းတရားကြီး သိတော်မူ၍၊ သာသနာဘက်ဆိုင်ရာ မင်းတိုင်ပင် အမတ်ကြီးကိုခေါ်၍ တိုင်ပင်တော်မူရာ။ မင်းတိုင်ပင်အမတ်ကြီးက၊အလုံမြို့နယ်၌၊ သာသနာတော်ကို ထွန်းလင်းအောင် ပြုရနိုင်သော ပုဂ္ဂိုလ်တပါး ရှိပါ

သည် ရှမ်းကလေးကျွန်း ဆရာတော်၏တပည့်ဖြစ်ပါသည်။ယခုအခါ-အလုံမြို့နယ်အပါ၊ မင်းရွာ၌နေထိုင်ပါသည်ဟု လျှောက်ထားသောကြောင့်၊ ဘဝရှင်-မင်းတရားကြီးကမှူးမတ်များကိုစေလွှတ်တော်မူ၍ နှစ်ကြိမ်တိုင်တိုင်ပင့်စေရာ။မင်းမိုးရာဇာတို့၏ ဆရာပြုလုပ်ရမည်ကို ရွံရှာစက်ဆုတ်တော်မူသောကြောင့်ရင်း။ ရဟန်းကောင်း,ရဟန်းမြတ်တို့၏ စတုပါရိသုဒ္ဓိသီလကိုဖြူစွာအောင်ပြုခြင်းဌာ၊ ကျေးလက်၌ကဲ့သို့မလွယ်ကူ ခဲရင်းသည်၏အဖြစ်ကိုမြင်သောကြောင့်ရင်း၊မလိုက်မသွားဘဲနေလေ၏။ ။

သက္ကရာဇ်-၁၂၃၀-ပြည့်နှစ်သို့ရောက်သောအခါ၊ ဘဝရှင်မင်းတရားကြီးက၊ရွှေကျင်ဆရာတော်ဘုရားနှင့် တိုင်ပင်တော်မူ၍၊ရှမ်းကလေးကျွန်းတိုက်၊ တိုက်အုပ်ဆရာတော်နှင့် မင်းရွာသွေးသောက်ကြီး ဦးရွှေနု-ဆိုသူတို့ကိုစေလွှတ်၍။ မင်းတရားကြီးလျှောက်လွှာ၊ ရွှေကျင်ဆရာတော်၏ အမိန့်စာနှင့်၊ အပင့်လာရောက်ရာတွင်မှ။ ရွှေကျင် ဆရာတော်ကြီး အမိန့်စာပါသာ၍၊ မငြင်းမဆံနိုင်ဘဲ မန္တလေးမြို့တော်သို့လိုက်ပါသွားရလေ၏။

မန္တလေး—ဓမ္မိကာရာမ-ရွှေကျင်တိုက်ကြီးသို့ ရောက်သောအခါ။ နန်းတော်က အပင့်ရောက်၍၊ ရွှေကျင်ဆရာတော်, ချောင်းဦးဆရာတော်တို့နှင့်တကွ၊ နန်းတော်သို့ဝင်၍ ဘဝရှင် မင်းတရားကြီးနှင့် တွေ့ဆုံကြရာ။ မင်းရွာဆရာတော်-ဦးဇာဂရကို၊ဘဝရှင်မင်းတရားကြီးကလျှောက်သည်မှာ၊ရွှေကျင်ဆရာတော်နှင့်တွဲဘက်၍၊သာသနာပြုရစေလိုပါသည်၊ ရွှေကျင်တိုက်အနီး၌ သာသနာပြုကျောင်းတိုက်တည်၍ လှူဒါန်းပါမည်၊ရှမ်းကလေးကျွန်း ဆရာတော်၏ တပည့် ဖြစ်သည်နှင့်အညီ၊ ရှမ်းကလေးကျွန်း ဆရာတော်၏ကိုယ်စားပြုလုပ်၍၊ ကိုးကွယ်လိုပါသည်ဟုလျှောက်ထားရာ။သာသနာတော်ကိုကားပြုရပါမည်။ရွှေမြို့တော်၌ကားမနေလိုဟု မိန့်ဆိုသည်ကို၊ ဘဝရှင်မင်းတရားကြီးက၊မင်းရွာဆရာတော်ကိုဖူးမြင်ရလျှင်။ပြန်လွန်တော်မူသော ရှမ်းကလေးကျွန်း ဆရာတော်နှင့် တွေ့ရဘိသကဲ့သို့ အောက်မေ့ပါသည်။ကြည်ညိုခြင်းများစွာ သဒ္ဓါပသာန္န,တရားဖြစ်ပွါးလှ၍။နန်းတော်တွင်းနန်းဦးကျောင်း၌ သတင်းသုံးနေစေလိုပါသည်၊ ဘွဲ့တံဆိပ်တော်များကိုလည်း လှူဒါန်းလိုပါသည်ဟု ထပ်မံ၍လျှောက်ပြန်ရာ။နန်းတော်တွင်း-နန်းဦးကျောင်း၌လည်းမနေလို၊ ဘွဲ့တံဆိပ်တော်ကိုလည်းအလိုမရှိ၊ငယ်ဆရာတို့-မှည့်ခေါ်အပ်သောဘွဲ့အမည်ရှိပြီးဖြစ်သည်၊ ကျေးတောကျေးလက်-ရပ်ရွာများ၌နေထိုင်၍သာ မြတ်စွာဘုရားသခင်၏ သာသနာတော်ကြီးကို။

ဖြစ်ကြေးမတင် တိန်စင်သောလက်ခွဲသို့။ ထွန်းလင်း တောက်ပအောင်သုတ်သင် ပြုရလိုပါသည်ဟူ၍ မိန့်ဆိုတော်မူ၏။ ။

(ဤအရာ၌ဘဝရှင်-မင်းတရားကြီးက၊ မင်းရွာ-ဆရာတော် ဦးဇာဂရ၏သာသနာတော်ကိုပြုရသုတ်သင်ပါမည်ဟုမိန့်ဆိုရာ၌။သာသနသောဓကေသတ္တိ၊ ရှိမရှိကိုင်း။ တရားဘက်-စကားတတ် မှန်မမှန်။ ကျမ်းဂန်တတ်ပြီမပြီ၊ လောကီအရေးအရာ၌ ကြောမကြောကိုင်း သိလို၍၊ စကား အတင်အခြေ အထွေထွေပြောဆိုလျှောက်ထားပုံများကို၊ အလွန်မှတ်သားဘွယ်ကောင်းလှသေသည်။ ကျယ်အံ့ပိုး၍ မရေးမထည့်လိုက်သတည်း၊)

ထိုနောက် ဘဝရှင်-မင်းတရားကြီးက၊ မင်းရွာဆရာတော်-ဦးဇာဂရ၏ ခြသေ့မင်းတရေတည်၊ ရဲရင့်တည်ကြည်သော စိတ်နှလုံးကိုင်း။ သာသနသောဓကသတ္တိကိုင်း။ သီလ,သမာဓိ, စသော ဂုဏ်ကျေးဇူး ကိုင်း။ သိက္ခာကာမ, လဇ္ဇီပေသလ,ပုဂ္ဂိုလ်၏အဖြစ်ကိုင်း၊ ကောင်းမွန်စွာ သိသဖြင့် ရွှေကျင်ဆရာတော်နှင့် တိုင်ပင်နှီးနှောပြီးလျှင်၊ အမြင့်ငါးမြို့အစုံ။ အလုံမြို့-အောက်တိုက်ဗန့်ကျီမြို့ ဤသုံးမြို့သုံးဌာနတို့၌၊ သာသနာပြုသုံးဂိုဏ်းချုပ်ဆရာတော်ခန့်သောစာကို ငန်းဖူး၌ရေးစေ၍၊ဒေါင်းတံဆိပ်ခပ်နှိပ်ပြီးလျှင် ၎င်းစာကို ပုဏ္ဏာခေါက်ရက်၌ သွင်းထားပြီးမှ။ ပုဏ္ဏာခေါက်ရက်ကို၊ ကြယ်ပေါက်ကတ္တီပါအိတ်စွပ်၍။ မင်းရွာ-ဆရာတော် ဦးဇာဂရလက်သို့၊ သက္ကရာဇ်-၁၂၄၀-ခုနှစ်၊ တပေါင်းလဆန်း-၁၀-ရက်နေ့တွင်။ဆက်ကပ်လိုက်သည်၊ ။

ဤသို့ဘဝရှင်မင်းတရားကြီးက၊ လျှောက်ထားတောင်းပန်၍။ ရွှေကျင်ဆရာတော်ဘုရားကြီး၏အမိန့်တော်ခန့်စာကို၊ မင်းတရားကြီးက။ရွှေလက်တော်နှင့် ကိုင်ယူ၍။မင်းရွာဆရာတော်၏လက်သို့ဆက်ကပ်လိုက်သဖြင့်။ မင်းရွာဆရာတော်-ဦးဇာဂရသည်၊ သက္ကရာဇ် ၁၂၃၀-ခုနှစ်၊ တပေါင်းလဆန်း ၁၀-ရက်နေ့တွင်၊နန်းတော်ကြီးအတွင်း၌။အမြင့်-ငါးမြို့၊ အလုံမြို့၊ ဗန့်ကျီမြို့၊ဤသုံးဌာနတို့၌၊ သာသနသောဓက၊ သာသနပါလက။ဂဏနာယက၊ ဂဏပါမောက္ခသာသနာပြု သုံးဂိုဏ်းချုပ်ဆရာတော်၏ အဖြစ်သို့ ရောက်သဖြင့် မင်းရွာသုံးဂိုဏ်းချုပ်ဆရာတော်ဟူ၍၊ နေလသဖွယ်၊တင့်တယ်-ထင်ပေါ်ကျော်စောတော်မူလေသတည်း

မင်းရွာသုံးဂိုဏ်းချုပ်ဆရာတော်သည်။မန္တလေး-ရွှေမြို့တော်မဟာဓမ္မိကာရာမ-ရွှေကျင်တိုက်ကြီးမှ။ မင်းရွာတောကျောင်းကြီးသို့ထွက်ခွါလာ

ခဲ့၍။ သာသနာတော်၏အဖြစ်အကြောင်းများကို။ သုတ်သင်-ရှင်းလင်း-ပြုပြင်လျက်၊ စာပေပို့ချသင်ကြားနေထိုင်ရာ၊ ခင်မွန်ရွာ-ရုံးသာရပ်၊ သေဌေးမင်း ဦးရှမ်းကြီး-သေဌေးကတော်ကြီးဒေါ်သိုက်တို့က၊ မင်္ဂလာ်နှိမ့်ဖွာန်ကို။ ရည်သံတောင့်တ၍။ ခင်မွန်ရွာ၏ အရှေ့မြောက်၊ ကုတ်လုတ်လေးတာ၊ အပြန်ငါးရာ၊ ကွာဝေးသော လယ်တီ တောအရပ်၌၊ သိုက်မြိုက်ဘွယ်ရာ၊ တင့်တယ်စွာသော ကျောင်းရံ-လေးဆောင်။ ကြမ်းဦးပြင်-ပတ်လည်နှင့် တကွ။ ဘုံသုံးဆင့်ရှိသော သုံးတပ်ကျောင်းကြီးကို၊ ဆောက်လုပ် လှူဒါန်းသဖြင့်။ ဒါယကာတို့၏သဒ္ဓါတရားကို။ ငဲ့ကွက်တော်မူ၍၊ နေထိုင်ရင်း ဖြစ်သော မင်းရွာ-တောကျောင်းကြီးမှ ရွှေ့ပြောင်း၍၊ အသက်တော် ၄၄-နှစ်၊ ရဟန်းသိက္ခာတော် ၂၄-ဝါ-အရတွင်၊ မိမိ၏ဇာတိချက်မြုပ်ဖြစ်သော ခင်မွန်ရွာသို့-လာရောက်ပြီးလျှင် သက္ကရာဇ်-၁၂၃၃-ခုနှစ်၊ တပေါင်းလဝွင်၊ အလှူခံတော်မူ၍၊ အမြဲထာဝရ အသက်ထက်ဆုံး သတင်းသုံးနေထိုင်တော်မူသည်၊

ခင်မွန်ရွာသို့၊ ရွှေ့ပြောင်းသတင်းသုံးနေထိုင်သောအခါ၊ ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ဟူ၍၊ ထင်ရှားကျော်စောတော်မူ၏။

ခင်မွန်ရွာ၏အရှေ့မြောက်၊ လယ်တီတောအရပ်၌၊ သေဌေးမင်းကျောင်း ဒါယကာ-ဦးရှမ်းကြီး၊ သေဌေးကတော်-ကျောင်းအမကြီး ဒေါ်သိုက်တို့က၊ ကောင်းမွန်စွာဆောက်လုပ်လှူဒါန်းအပ်သောဗောဓိတောရကျောင်းတိုက်ကြီး၌။ အမြဲသီတင်းသုံးနေထိုင်တော်မူ၍။ အရပ်ရပ်သော သာသနာတော်၏။ အဖြစ်အကြောင်း၊ ရန်အပေါ်ဝဲ့ကို။ ပယ်ဆေး-သုတ်သင်၊ အရောင်လွင်စေလျက်၊ အရပ်လေးမျက်နှာမှ၊ ကြွရောက်လာကြကုန်သော ရဟန်း-သာမဏေပရိသာတ်တို့အား၊ ပရိယတ္တိဓမ္မကိုပို့ချသင်ကြားတော်မူသည်။

, ထိုခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီး၏ တပည့်ကြီးတို့ သည်ကား။ ဟိမဝန္တာတောအတွင်း ခြသေ့်မင်းတို့ကဲ့သို့။ ဝိဠုကတ် တည်းဟူသော တောအုပ်၌၊ မကြောက်မရွံ့၊ နောက်မတွန့်ဘဲ။ ရဲဝံ့ဘောက်ထွင်း၊ ချင်းနင်းသွားလာနိုင်ကြကုန်သည်ဖြစ်၍။ မြန်မာနိုင်ငံတော် အတွင်း၌၊ အလွန်ထွန်းကား၊ ကြီးပွားပေါ်များကြကုန်၏၊

ရံခါ-ရံခါ။ ကြီးကြား-ကြီးကြားကာလတို့၌၊ မိမိထံသို့ဆည်းကပ်ရှုံးမျှော်လာရောက်ကြကုန်သောဒါယကာ-ဒါယိကာမတို့အားလည်း။ လိမ်မာ

ယဉ်ကျေးအောင်ဆုံးမြွှေ၀ါဒပေးပြီးလျှင်၊ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း၊ ခရီးကောင်းသဖွယ်ဖြစ်သော ဒါနကထာ၊သီလကထာစသည်တို့ကိုလည်း၊ မပြတ်မပြတ်-ဟောကြားတော်မူလေသည်၊ များစွာသော ဒါယကာ-ဒါယိကာမတို့သည်။ ထိုဆရာတော် ဘုရားကြီးကိုအမှီပြု၍၊ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း။ ကုသိုလ်ကောင်းမှုတို့ကို။ သည်းပူးအားထုတ်။ ပြုလုပ်ကြရလေကုန်၏၊

ရှေ၌-ရှေ၌လည်း။ သီဟိုဠ်ကျွန်းအဘိဓမ္မကာ-ဂေါဒဟ္မာမထေရ်မြတ်ကဲ့သို့။ အရပ်ရပ်မှ-သံဃာတော်အောင်သို့၊သက်၀င်ရောက်လာသော အဓိကရုဏ်းများကိုလည်း။ ပြီးဆုံးပြတ်စဲလေအောင်း ဆုံးဖြတ်တော် မူလေသည်၊

ဝိနည်းသိက္ခာပုဒ်တော်နှင့် မဆန့်ကျင်၊ ရဟန်းသံဃာများနှင့်။လျောက်ပတ်အပ်စင်သောလူမှုများကိုလည်း။ ဘ၀ရှင်မင်းတရားကြီးလျှောက်ထားချက်အရ။ ဆုံးဖြတ်တော်မူသည်။ လူ-ရှင်-ရဟန်းတို့၏ အမှုများကို၊ ဆုံးဖြတ်တော်မူရသည်ကား။ အလွန်ပင်-များသော်လည်း၊ လူမှုများအတွက် ဖြတ်စာကောက်ချက်များကို မတွေ့ရ။ ရဟန်းမှု များ အတွက်။ ဖြတ်စာ-ကောက်ချက်များကိုလည်း။ ယခုအခါ-အနည်းငယ်မျှသာ၊တွေ့မြင်ရတော့သည်၊

ဖြတ်စာကောက်ချက်မချဘဲ၊ နှုတ်ဖြင့်သာ-ဆုံးဖြတ်သောအမှု၊ တရားဟောသဖြင့်။ အချင်းချင်း-ပြေငြိမ်း-ပြတ်စဲသော အမှုများကား။ မရေမတွက်နိုင်အောင်များသတည်း။

ရဟန်းမှု,လူမှု,တို့ကို။ ဖြတ်စာချ၍ ဆုံးဖြတ်ရာ၌။ မည်သူက-နိုင်စေစသည်ဖြင့်၊ ပြည်ပိုင်အစိုးရအာဏာရှိတို့ကဲ့သို့၊စေ-ဟူသောအက္ခရာကို။ အသုံးမပြုရဟု၊ ရွှေကျင်ဆရာတော်-အမိန့်ရှိသည် ဖြစ်၍။"စေ"ဟူသော အက္ခရာကို၊ အသုံးပြုတော်မမူ၊သို့ပင်-ဖြစ်သော်လည်း။ ဖြတ်စာကောက်ချက်၊ချရိုး၊သုံးစံအတိုင်း၊၍ခင်ပွန်းဝိနည်းဖြတ်ထုံး၌၊ ထည့်သွင်းပုံနှိပ်လိုက်သည်၊

[၍အရာ၌၊ခင်ပွန်းသုံးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးသည်၊ သာသနာတော်မြတ်ကြီး၌။ထင်ရှားသော အညတရပုဂ္ဂိုလ်မဟုတ်၊ ဇမ္ဗူဒိပ်မြေအပြင်တွင်၊ နေအလင်း-လ-အလင်း။ပမာခြားဘဲ။ အလွန် ထင်ရှားသော

ပဋိဂ္ဂုလ်ကြီးတပါးဖြစ်တော်မူ၍၊ ထိုအရှင်၏ဂုဏ်တော်ကျေးဇူးတော်များကို။ အထူးထုတ်ဘော်၍၊ ရေးသားရန်မလိုတော့ပြီ။ ]

ဤသို့-ခင်မွှန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီးသည်။ခင်မွှန်ရွာဗောဓိတောရတိုက်အတွင်း၌၊လူရှင်ရဟန်းတည်းဟူသောသတ္တဝါတို့ကို၊တရားတည်းဟူသော ကမ္ဘာပြု-မိုဃ်းကြီးဖြင့်၊ ရွာသွန်းဖြိုး၍။ အုပ်စိုး နေထိုင်တော်မူစဉ်။သက္ကရာဇ်-၁၂၄၀ပြည့်နှစ်တွင်။ပဥ္စမသင်္ဂါယနာတင်။ဘဝရှင်မင်းတရားကြီးနတ်ပြည်စံတော်မူ၍၊ သားတော်သီပေါမင်းသည်၊ခမည်းတော်၏အရိပ်အရာဖြစ်သောထီးနန်းကို။ ဆက်ခံ-စိုးစံတော်မူ၍။ လေးနှစ်မြောက်သောအခါ။ သက္ကရာဇ် ၁၂၄၃-ခုနှစ်၊ ကဆုန်လဆန်း၁-ရက်နေ့တွင်။ မုဒ္ဓါဘိသေကခံယူတော်မူပြီးလျှင်။ ရွှေကျင်ဆရာတော်ကြီးနှင့်၊ တောင်တော်ဆရာတော်ကြီးတို့အားသာသနာတော်ကိုကြည့်ရှု ပြုရတော်မူပါဟု၊ မြန်မာနိုင်ငံတော်ကို၊ ကိုးဌာန-ဝေပုံချ၍။ နယ်ပုံ-ရေးသားပြီးလျှင်။ ကျော်ထားတောင်းပန်သောကြောင့်။ ထိုဆရာတော်ကြီးဘုရားနှစ်ပါးတို့က။သာသနာပြုရနိုင်မည့်ဆရာတော်များကို၊ နယ်ပုံကိုအပ်၍။ သာသနာပြုစေရာ။ ဤထေရုပ္ပတ္တိ-သခင်၊ ကျေးဇူးရှင်-ခင်မွှန်သုံးဂိုဏ်းချုပ် ဆရာတော်ကြီးမှာ ဆဋ္ဌဌာနၷ သာသနာပြုရန် ကျရောက်သဖြင့် ရွှေကျင် ဆရာတော်-တောင်တော်ဆရာတော်ကြီးနှစ်ပါးတို့၏၊ အမိန့်တော်-ခန့်စာနှင့်။ သီပေါမင်းတရား၏ကျော်လွှာများကို။ ဘုရင်၏ကိုယ်စားပြုလုပ်၍၊ အမြင့်-ငါးမြို့ဝန်မင်းကြီးက။ အမြင့်မြို့တွင်၊ ကြီးကျယ် ခန်းနားစွာသော တည်းကျောင်းတော်ဆောက်လုပ်၍များစွာသော လူ-ရှင်-ရဟန်းပရိသတ်တို့၏အလည်၌၊ဆက်ကပ်သည်ဖြစ်၍၊ သက္ကရာဇ် ၁၂၄၃-ခုနှစ်တွင်။ဆဋ္ဌဌာနနာယက၊သာသနာပြုဆရာတော်၏ အဖြစ်သို့ရောက်တော်မူလေသည်။

ဆဋ္ဌဌာနၷ-နယ်ပုံတော် မြို့ပေါင်း စာရင်းကား၊

(၁) အလုံမြို့။ (၂) ယောမြို့။ (၃) ဆောမြို့၊ (၄) ကနီမြို့၊ (၅) အမြင့်မြို့၊ (၆) ကျောက်မျက်မြို့။ (၇) ဆားလင်းကြီးမြို့၊ (၈) ပြောင်းပြာမြို့၊ (၉) ဆင်ရှည်မြို့၊ (၁၀) လောင်းရှည်မြို့၊ (၁၁) ကျောက်ပြတ်မြို့၊ (၁၂) ထီးလင်းမြို့။ (၁၃) ဂန့်ဂေါမြို့၊ (၁၄) မင်းရွာ၊ (၁၅)ကွမ်းရွာ၊ (၁၆) ပုခန်းကြီးမြို့၊(၁၇) ကျောက်ချစ်မြို့၊ (၁၈) နဘက်မြို့၊(၁၉)အလွကာပမြို့၊ (၂၀) မြင်းမူမြို့၊ (၂၁) စစ်ကိုင်းမြို့၊

(မြို့ပေါင်း-၂၁၊လူနေအိမ်ခြေပေါင်း- ၈၃၃၀၃)၊

ဤသို့-ခင်ပွန် သုံးဂိုဏ်းချုပ်ဆရာတော်ကြီးသည်။ဆဋ္ဌဒွါန နာယက သာသနာပြု ဆရာတော်ဖြစ်ပြီးနောက်။ သာသနာတော်မြတ်ကြီး၏အကျိုး။ လူ့,ရှင်,ရဟန်းတို့၏ အကျိုးတို့ကို။ အမျိုးမျိုး သည်ပိုး ရွက်ဆောင် လာရ သည်မှာ၊ ကာလ-ကြာမြင့်လှပြီဖြစ်၍။ သာသနာတော်၌ များစွာကျေးဇူးရှိ ပေသည်၊ သာသနာတော်ကိုပြုရာ၌၊ သူတပါးတို့အနှောင့်အယှက်မှလွတ် ကင်းစေရန် ရည်သန်တော်မူ၍။ တောင်တော် သာသနာပိုင် ဆရာတော် ဘုရားကြီးက။ ဘဝရှင်-သီပေါမင်းတရား လျှောက်ထားချက်အရ၊ ဂဏဝိ မုတ်။ အမိန့်တော်စာကို ပေးအပ်တော်မူလိုက်သဖြင့်။ သက္ကရာဇ်-၁၂၄၄ ခုနှစ်တွင်။ ဂဏဝိမုတ် အမိန့်တော် စာချွန်ကို ရတော်မူလေသည်၊

ဂဏဝိမုတ် အမိန့်တော်ရ၊ ဆဋ္ဌဒွါန-နာယက သာသနာပြု ခင်ပွန်သုံး ဂိုဏ်းချုပ်ဆရာတော်ဘုရားသည်။ မြတ်စွာဘုရားသခင်၏ရွှေမျက်နှာတော် သာသနာကိုထောက်ရှုတော်မူပြီးလျှင်။ ကိုယ်တော်၏ပင်ပန်းခြင်းကိုမရေ တွက်မူ၍၊ တော်၌ဖြစ်ပေါ်လာသော အပြစ်အကြေးတို့ကို သုတ်သင်ဆေး ကြောလျက်များစွာသော- လူ့,ရှင်,ရဟန်းတို့၏အကျိုးစီးပွားကိုအားထုတ် ဆောင်ရွက်တော်မူလေသတည်း၊

ဤ ထေရုပ္ပတ္တိ-သခင်ဖြစ်တော်မူသော။ခင်ပွန်သုံးဂိုဏ်းချုပ်ဆရာတော် ဘုရားကြီးသည်၊ သာသနာတော်ကို ထွန်းလင်း စိပင်အောင် အားထုတ် သုတ်သင်တော်မူရာ၌။ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့၊ ရဲရင့်တည်ကြည် သော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍၊ ကိုယ်တော်မြတ်၏ ပင်ပန်းခြင်းကို ပမာဏမပြုဘဲ။ ကြီးစွာသော ဝိရိယ တရားဖြင့်၊အားထုတ်သုတ်သင်တော် မူသဖြင့်။ ယခုတိုင်အောင် အလုံမြို့နယ်,ဗန့်ကျိုနယ်,စသည်တို့၌။ မြတ်စွာ ဘုရားသခင်၏သာသနာတော်သည်။ နေ့,လ ပမာ လွန်စွာထွန်းလင်းတော် ပတော်မူလေသတည်း။ ။

ထို ခင်ပွန်သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည်။ ပဋ္ဌမသင်္ဂါယ နာတင်၊ ဘဝရှင်မင်းဘုရားကြီးလက်ထက်၊သက္ကရာဇ်-၁၂၃၀-ပြည့်နှစ်။ သုံးဂိုဏ်းချုပ် ဆရာတော်ဖြစ်သည်မှစ၍၊ သက္ကရာဇ်-၁၂၇၆-ခုနှစ် တိုင် အောင်။နှစ်ပေါင်း-၄၆-နှစ်တို့ကာလပတ်လုံး သာသနာတော်ကို သုတ်သင် ပြုရတော်မူသည်။

ဤသို့-နှစ်ပေါင်း-၄၆-နှစ်တို့ကာလပတ်လုံး။ သာသနာတော်ကြီး၏ အ ကျိုးစီးပွားမိမိ၏အကျိုးစီးပွါး ရဟန်း,ရှင်,လူ ပြည်သူသတ္တဝါတို့၏အကျိုး

စီးပွားတို့ကို များစွာသည်ပိုးဆောင်ရွက်တော်မူ၍။ ခင်မွန်ရွာရုံးသာရပ် သူဌေးမင်း ကျောင်းဒါယကာ ဦးရှမ်းကြီး၊ သူဌေးကတော် ကျောင်းအံမကြီး ဒေါ်သိုက်တို့က သိုက်မြိုက်ဖွယ်ရာတင့်တယ်စွာဆောက်လုပ်လှူဒါန်းအပ်သော။ ခင်မွန်ရွာ၏ အရှေ့မြောက်စောင်း၊ ဗောဓိတောရ ကျောင်း၌ကိန်း အောင်းနေထိုင်တော်မူစဉ်။ ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီး၏ လက်ထက်တော်၌ သုံးဂိုဏ်းချုပ်ရာထူးဖြင့်၊ ချီးကြူးမြှောက်စား ခြင်းကို၎င်း၊ သားတော်သီပေါမင်းတရား၏ လက်ထက်တော်အခါ၌၊ နှစ်ဆဲ့တမြို့-ဆဋ္ဌဋ္ဌာန နာယက-သာသနာပြု ဆရာတော်အဖြစ်ဖြင့် ချီးမြှင့်မြှောက်စား ခြင်းကို၎င်း။ ဂဏဝိမုတ် အမိန့်တော်ပေးအပ်သဖြင့် ချီးမြှင့်မြှောက်စားခြင်း ကို၎င်း၊ ခံယူရရှိတော်မူသော ဂဏဝိမုတ် အမိန့်တော်ရ နှစ်ဆဲ့တမြို့ ဆဋ္ဌဋ္ဌာန နာယက သာသနာပြု-ခင်မွန် သုံးဂိုဏ်းချုပ်-ဆရာတော် ဘုရားကြီးသည်၊ အသက်တော်-၈၄-နှစ်။ ရဟန်းသိက္ခာဝါတော်-၄၆-ဝါရရှိတော်မူသောအခါ၊ သက္ကရာဇ်-၁၂၇၄-ခုနှစ်၊ နှောင်းတံခူး လဆန်း-၅-ရက် နေ့နံနက်-၁၀-နာရီအချိန်တွင်။ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက တို့ သော်မှ၊ ပြေးပုံး ရှောင်လွှဲခြင်းငှာ-မတတ်ကောင်းသော ခန္ဓာ,ဘင်္ဂ,မရဏာ, သို့၊ ပြောင်းကြွတော်မူရှာလေသတည်း၊ ။

ဤမျှလောက်သောကားအစဉ်ဖြင့်၊ ခင်မွန်ရွာ- သိင်္ဂါရမိက-ဘဒ္ဒန္တ ကုမာရပုဂ္ဂိုလ်သူမြတ်သည်။ ကျေးဇူးရှင်-ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော် ဘုရားကြီး အသက်ထင်ရှားရှိတော်မူစဉ်၊ ဆရာတော် ဘုရားကြီးကို၎င်း။ ထိုဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်သော။ အရှေ့ဘက်တိုက်နယ် အပေါ်၊ မင်းရွာ ကျောက်အိုင် တောရ ဆရာတော်ကြီး ကို၎င်း။ မေးမြန်း လျှောက်ထား၍ မှတ်သားမိပါသမျှ၊ ရေးသားစီရင်အပ်သော၊ ခင်မွန် ထေရုပ္ပတ္တိ အကျဉ်းချုပ်စာတမ်းကား၊ ဤတွင်၍ အပြီးအဆုံးသို့ ရောက်လတ် သတည်း၊ ။

မာတိကာ။


| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ။ |
|---|---|---|
| ၁၊ | ဖျဉ်ခဝါသက်နိုးမှုဖြစ်ဆုံး | ၁ |
| ၂။ | ဘုရားပွဲတော်မှုဖြစ်ဆုံး | ၈ |
| ၃။ | ရိုက်မှုဖြစ်စာ | ၂၁ |
| ၄၊ | မေတ္တာစာသွင်းမှုဖြစ်စာ၊ | ၂၃ |
| ၅။ | ဖဲကစားမှုဖြစ်စာ | ၃၁ |
| ၆။ | ရွှေကြီးရွာ၊ဦးမေခပထမမှုဖြစ်စာ | ၄၁ |
| ၇။ | ဦးစန္ဒပထမမှုဖြစ်စာ | ၅၂ |
| ၈၊ | ဦးသုမနဒုတိယမှုဖြစ်စာ | ၆၅ |
| ၉၊ | ကဲပါရွာ ဒုတိယမှုဖြစ်စာ | ၈၀ |
| ၁၀၊ | ရွှေဆိုင်းခိုးမှုဖြစ်စာ | ၉၄ |
| ၁၁၊ | ရွှေဆိုင်းခိုးမှုကောက်ချက် | ၁၂၂ |
| ၁၂။ | ဦးကာဝိပထမမှုဖြစ်စာ | ၁၃၄ |
| ၁၃၊ | ဦးဝဏ္ဏပထမမှုဖြစ်စာ | ၁၃၉ |
| ၁၄၊ | ရှင်ခေမိန္ဒပထမမှုဖြစ်စာ | ၁၄၃ |
| ၁၅၊ | နိဿယပဋိပဿဒ္ဓနာဒိဝိနိစ္ဆယ | ၁၄၄ |
| ၁၆၊ | မတာသန္တကဟိရညာဒိဝိနိစ္ဆယ | ၁၅၆ |
| ၁၇။ | သန္တရာသီးမှုဖြစ်စာ | ၁၆၀ |
| ၁၈။ | ဦးသီလဝံသပထမမှုဖြစ်စာ | ၁၆၈ |
| ၁၉၊ | ဦးခတိမာဒုတိယမှုဖြစ်စာ | ၁၇၂ |
| ၂၀။ | ဦးသာဂရဒုတိယမှုဖြစ်စာ | ၁၇၉ |

# အမှားအမှန်ပြင်ဆင်ရန်။

၁။ စာမျက်နှာနံပါတ်-၆၄-မှ-၇၃-စပ်ကြားရှိ ၃၃-စသော ဂဏန်းများကို ၆၅-၆၆-၆၇-၆၈-၆၉-၇၀-၇၁-၇၂-ဟု အစဉ်အတိုင်း ပြင်ဆင်မှတ်ယူပါ။

၂။ စာမျက်နှာ နံပါတ်-၁၂၉-၁၃၁-၁၃၃-ရှိ စာခေါင်းများ၌ "ခွေဆိုင်းခိုးမှုဖြတ်စာ" ဟု ပါရှိသည်ကို "ခွေဆိုင်းခိုးမှုကောက်ချက်" ဟု ပြင်ဆင် မှတ်ယူပါ၊

၃။ စာမျက်နှာနံပါတ်-၁၃၅-ရှိ၊ "ခွေဆိုင်းခိုးမှုဖြတ်စာ" ဟူသော စာခေါင်းကို "ဥုးကာဝိပထမမှုဖြတ်စာ" ဟု ပြင်ဆင်ပါ။

၄၊ စာမျက်နှာ နံပါတ်- ၁၄၄-၁၄၅-၁၄၆- ၁၄၇-၁၄၈- ၁၄၉-၁၅၀-၁၅၁-တို့၌ "ခင်မွန်သုံးဂိုဏ်းချုပ် ဝိနည်းဖြတ်ထုံး" ဟူသော စာခေါင်းနှင့် "နိဿယပဋိပဿမ္ဘနာဒီဝိနိစ္ဆယ" ဟူသော စာခေါင်းတို့ ရှေ့နောက် လက်ဝဲ-လက်ျာပြန်နေသည်ကို သတိပြုပါ၊

၅။ စာမျက်နှာနံပါတ်-၁၅၂-၌ "နိဿယပဋိပဿမ္ဘနာဒီဝိနိစ္ဆယ" ဟူသော စာခေါင်းကို "ခင်မွန်သုံးဂိုဏ်းချုပ်ဝိနည်းဖြတ်ထုံး" ဟု ပြင်ဆင်ပါ၊

၆။ စာမျက်နှာနံပါတ်-၁၅၃-ရှိ "မတာသန္တကဟိရညာဒီဝိနိစ္ဆယ" ဟူသောစာခေါင်းနှင့် ၁၅၅-ရှိ "ခွေဆိုင်းခိုးမှုဖြတ်စာ" ဟူသော စာခေါင်းတို့ကို "နိဿယပဋိပဿမ္ဘနာဒီဝိနိစ္ဆယ" ဟု ပြင်ဆင်ပါ။

၇။ စာမျက်နှာ- ၁၅၈-နှင့်-၁၆၁-စပ်ကြားရှိ ၁၈၉-နှင့်-၁၂၀-ဟူသော ဂဏန်းများကို ၁၅၉-၁၆၀-ဟု ပြင်ဆင်ပါ၊

၈။ စာမျက်နှာ-၁၅၇-၁၅၉-ရှိ "ခွေဆိုင်းခိုးမှုဖြတ်စာ" ဟူသော စာခေါင်းတို့ကို "မတာသန္တကဟိရညာဒီဝိနိစ္ဆယ" ဟု ပြင်ဆင်ပါ၊

၉၊ စာမျက်နှာ-၁၆၁-၁၆၃-၁၆၅-၁၆၇-ရှိ "ခွေဆိုင်းခိုးမှု ဖြတ်စာ" ဟူသော စာခေါင်းများကို "သမ္ဘရာသီးမှုဖြတ်စာ" ဟု ပြင်ဆင်ပါ။

# ခင်မွန်သုံးဂိုဏ်းချုပ်ဝိနည်းဖြတ်ထုံး။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပထမဝိနိစ္ဆယ၊ခဝါသင်္ကန်းမှု-ဖြတ်ထုံး။

၁၂၃၄-ခုနှစ်၊ဖြတ်ထုံး-၁။

( သိဒ္ဓိရတ္ထု )

မဟာကာရုဏိက၊သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရ၊လောကမှန်ကင်း၊ တရား
မင်းသည်၊သားရင်းရာဟု။ပမာပြု၍။ ရင့်နုဣန္ဒြေ၊များဝေနေကို။ ခွဲဝေပြီးခါ။
သံသရာမှ။ ခေမာသောင်မြို့၊ ဘောင်ကူးတို့ဖြင့်၊ ဆောင်ပို့ ကယ်တင်၊
အောင်ပွဲဆင်၍။ ပြည်ခွင်ပုရ။နိဗ္ဗာနသို့။မြန်းကြွစံရာ၊ထိုအခါမှ၊သာသနာ
တော်၊တည်ပျော်ဝသ၊နှစ်အကျကို၊အရပေါင်းစု၊ရေတွက်ပြုသော်၊ ဥတု
ကော၊ဗေဒ-အဂ္ဂိ၊ ရောက်တုံဘိ၍၊ချိကောဇော။လူဝေါဟာကား။ ဝေဒါဟု
တ၊ပက္ခစန္ဒြာ၊ရောက်အခါတွင်။ သာသနာတော်။ ထွန်းလင်းပေါ်အောင်။
ရည်ရော်ပြီးခါ။ လွန်သဒ္ဓါ၍၊လေးဖြာ-ပစ္စယ။နုဂ္ဂဟာဖြင့်၊တုပ်ကွကော်ရော်၊
ကောင်းမြီးကျော်၍။ ပူဇော်သမှု၊ချီးမြှောက်ပြုသည့်၊ ယခု သာသနဒါယ
ကာ။ပဥ္စမသံဂါယနာတင်၊ဘုရင်မင်းမြတ်၊လူများနတ်သည်၊ နှင်းအပ်ဝေ
ပုံ။မြို့အစုံတွင်၊အလုံနယ်ရပ်။သတ်မှတ်ရာပါ၊မလဲသာရွာ၊တောင်ကျောင်း
၌၊ကိန်းအောင်းပျော်မှု၊နေထိုင်ပြုသည့်၊ဗဒိတက။ရှင်ဂုဏာ၌။ သုတစွဲမှု၊ အ
ရင်းပြု၍၊ အနုဝါဒါဝိကရုဏ်းကို၊ပြီးဆုံးပြတ်စဲ၊ ငြိမ်ဝပ်ပိပြားအောင် ဆုံး
ဖြတ်တော်မူပါဟု။ များစွာသော ဂိုဏ်းခုပ်ဂိုဏ်းထောက် အမှူးရှိသော
ဂိုဏ်းသား သံဃာတော်တို့သည်။ ကော်ရော်လေးမြတ်။ လျှောက်ထား
တောင်းပန်။သနားတော်ခံအပ်သောကြောင့်၊ ၊

(က) သင်္ဂါမာဝစရေနဘိက္ခုနာသံဃေဝေါဟာရန္တေန ဝတ္ထုဇာနိတဗ္ဗံ၊ ဝိပတ္တိဇာနိတဗ္ဗာ၊ အာပတ္တိဇာနိတဗ္ဗာ။ နိဒါနံဇာနိတဗ္ဗံ၊ အာကာရော ဇာနိတဗ္ဗော။ ပုဗ္ဗာပရံဇာနိတဗ္ဗံ။ လ၊ ယေနဓမ္မေန ယေနဝိနယေန ယေန သတ္ထုသာသနေန တံအဓိကရဏံဝူပသမ္မတိ၊ တထာတံအဓိကရဏံဝူပ သမေတဗ္ဗံ။

ဟူ၍ပရိဝါပါဠိတော်၌ ဟောတော်မူအပ်သော ဝိနယဓရပုဂ္ဂိုလ်တို့ လိုက်နာကျင့်ကြံအပ်သော မဟာသင်္ဂါမ အနုသာသနကထာဩဝါဒ ဒေ သနာတော်မြတ်ကိုဦးထိပ်ရွက်ပန်ဆင်ပြီးလျှင်။

(ခ) အနုဝိဇ္ဇကေနကထံ ပတိပဇ္ဇိတဗ္ဗန္တိ၊ အနုဝိဇ္ဇကေန-ယေနဓမ္မေန ယေနဝိနယေန ယေနသတ္ထုသာသနေန တံအဓိကရဏံဝူပသမ္မတိ။ တထာ တံအဓိကရဏံဝူပသမေတဗ္ဗံ၊ အနုဝိဇ္ဇကေနဧဝံပတိပဇ္ဇိတဗ္ဗံ။

ဟူ၍မိန့်ဆိုအပ်သောအနုဝိဇ္ဇကပုဂ္ဂိုလ်တို့လိုက်နာ အပ်သော နည်း ဥပဒေတော်မြတ်ကိုလည်း လက်ကိုင်လက်ဆုပ် ကောင်းမွန်စွာပြုလုပ်၍၊ စောဒက, စုဒိတက-နှစ်ပက္ခ ပုဂ္ဂိုလ်တို့ကို စစ်ဆေးမေးမြန်းပြီးလျှင်။ ထို ပုဂ္ဂိုလ်တို့ထွက်ဆိုအပ်သော အစစ်ခံစကားရပ်ရများကိုနှိုင်းဆ ဆင်ခြင် သည့်ရှိသော်။

(ဂ) ဘုရားတပည့်တော်မလဲသာ ရွာမြင်သာကျောင်းနေ၊ ရှင်ဥတ္တမ လျှောက်ဝံ့ပါသည်-လျှောက်ထားရန်မှာ။ ။မလဲသာရွာတောင်ကျောင်း ဘုန်းကြီးရှင်ဂုဏသည်၊ ရဟန်းတို့နှင့်မလျော် မလျောက်ပတ် မအပ် စပ် သော (ဖျင်) ခဝါသင်္ကန်းများချုပ်လုပ်၍။ ၎င်းသင်္ကန်းတို့ကို နန္ဒင်းဆိုးပြီး လျှင်မမြင်ရအောင်စက္ကူနှင့်ထုပ်၍၊ ဘုရားပွဲ အတွင်းလှူဒါန်းကြရန် ဒါယ ကာတို့အားသင်္ကန်းကောင်းဘိုးရအောင် ရောင်းချသည်ဟု ကြားသိရ ပါ သည်။

ဤသို့ပြုလုပ်ခြင်းသည် နှစ်ဆဲ့ငါးပါးသော ခိုးခြင်းတို့တွင် (ထေယျာဝ ဟာရ) ဖြစ်သည်ဟု ကျေးရွာရှိရဟန်းသံဃာများတို့ကစွပ်စွဲ ပြောဆိုကဲ့ရဲ့ ပြစ်တင်ကြပါသည်။ စစ်ဆေးမေးမြန်း၍ဆိုဆုံးမတော်မူပါဆရာတော်သ ခင်ဘုရား၊

## စောဒကရှင်ဥတ္တမလျှောက်ချက်။

ဤသို့စောဒကရှင်ဥတ္တမသည်လျှောက်ထားအပ်သော သုတ စောဒနာ စကားဖြင့်၊ စုဒိတကရှင်ဂုဏ၏ဘိက္ခုဘာဝ သာဝသေသအနာ ဝသေသ

အဖြစ်ကို နှိုင်းဆဆင်ခြင်လျှင်။နန္ဒင်းဆိုးဖျင်ခဝါသက်နှံများကို ဒါယကာ (ငဆောင်)ဆိုသူကိုအပ်၍ရောင်းချစေပါသည်ဟုထွက်ဆိုသော ရှင်ဂုဏ ၏အစစ်ခံစကားရပ်ဖြင့်၎င်း၊ နန္ဒင်းဆိုးရေဆိုးရာအရပ်မှာ တောင်ကျောင်း ပေါ်-တောင်ဆောင် ထည်းမှာ ဖြစ်ပါသည်ဟု ထွက်ဆိုသော သာမဏေ (ပဏ္ဍဝ)၏ အစစ်ခံစကားရပ်ဖြင့်၎င်း။ဖျင်ခဝါသက်နီးတို့ကိုနန္ဒင်း ဆိုးပြီး လျှင် စက္ကူနှင့်ထုပ်ယူ၍သွားပါသည်ဟုထွက်ဆိုသောသာမဏေ(ဇာဂရ) ၏အစစ်ခံစကားရပ်ဖြင့်၎င်း။ ရဒိတကရှင်ဂုဏာ၌၊နှစ်ဆဲ့ငါးပါးသောဒိုးခြင်း မျိုးတို့တွင်(ထေယျာဝဟာရ) ခိုးယူခြင်းဖြစ်သည်ဟုထင်သင့် သက်ဲသို့ရှိ ၏၊သို့ပင်ထင်သင့်သော်လည်း၊ ဘဏ္ဍာဒေယျ္ယနကာရေတဗ္ဗော ဟူသော အဋ္ဌ ကထာစကားနှင့်အညီ၊ ရဒိတကရှင်ဂုဏာသည်ရောင်းချစေအပ်သော ဖျင် ခဝါသက်နီး၏(ပဋ္ဌမာသဒ္ဓျ္ယနက)အဖြစ်ကိုဆင်ခြင်ပြန်လျှင်။

(၂) ဖျင်ခဝါသက်နီးထည်ရေလေးငါးထည်ထင်ပါသည်ဘုရား။

ရဒိတကရှင်ဂုဏာထွက်ဆိုချက်

(၃) တပည့်တော်ဒါယကာ (ငဆောင်) သို့ ဖျင်ခဝါ သက်နီးသုံး ထည်အပ်ပါသည်၊တထည်ကို ၅ူးကျုနှင့်ရောင်းချပေးရပါသည်ဘုရား။

ဒါယကာ(ငဆောင်)ထွက်ဆိုချက်၊

(၄) ဦးဂုဏာနန္ဒင်းဆိုးသက်နီးချုပ်သည်ကာလ(ဖျင်)အနွမ်းကိုချုပ် သည်ဟုထင်ပါသည်။အထည်အရေအတွက်မည်မျှဟုမသိပါ၊ နန္ဒင်းဆိုးရာ အရပ်မှာ တောင်ကျောင်းပေါ်တောင်ဆောင်ထည်းမှာ ဖြစ်ပါသည်၊ ၎င်း ဖျင်ခဝါသက်နီးတို့ကိုတရက်နှစ်ရက် လောက်က ချုပ်ရသည်ဟု ထင်ပါ သည်ဘုရား၊

သာမဏေ(ပဏ္ဍဝ)ထွက်ဆိုချက်၊

(၅) ဖျင်ကိုသက်နီးချုပ်သည်ဟူ၍သာ မှတ်မိပါတော့သည်၊ အ ဟောင်းအသစ်ဟူ၍အသေအချာမသိပါ၊၎င်းနန္ဒင်းဆိုးသက်နီးများ အနက် က(ငမြ)နှစ်ထည်ယူပါသည်။ ဒါယကာ(ငဆောင်)မည်မျှယူသည်ကိုမသိ ပါ၊ နံနက်ခြေကကျောင်းသို့လာကြ၍ တနေ့ထည်း ချုပ်ဆိုးကြ ပြီးလျှင် စက္ကူနှင့်ထုပ်ယူသွားကြပါသည်ဘုရား။

သာမဏေ(ဇာဂရ)ထွက်ဆိုချက်၊

(၆) ကပ္ပိယကာရကပြုလုပ်ကြသူ (ငဆောင်,ငမြေ)တို့ကလည်း ဤအတိုင်းပင်ထွက်ဆိုကြသည်။

ဤသို့သက်သေသာခကတို့ထွက်ဆိုကြသည်ဖြစ်၍၊ ဝိနိတက ရှင်ဂုဏ၏ရောင်းချစေအပ်သော (ဖျင်)ခေါ်သက်နိုးများ၏ အတိရေက ပဉ္စမာသဿနက၏အဖြစ်သည် အလွန်ထင်ရှားသည်ဖြစ်၍၊ ဝိနိတကရှင်ဂုဏာ၌ (ထေယျာဝဟာရ)ဖြစ်သင့်-မဖြစ်သင့်ကိုပါဠိ,အဋ္ဌကထာ,ဋီကာ-သာခကတို့ဖြင့်ထောက်ဆဆင်ခြင် ညှိနှိုင်းပြန်လျှင်။

(ဂ) ယောပနဲကောစိ သဿာမိကံဘဏ္ဍံ ရက္ခိဘာဂေဝါ ဒိဝသဘာဂေဝါ သန္တိန္နေဒါဒိနိကတ္တာ အဒိဿမာနော အဝဟာရတိ၊ ကူဋမာနကူဋကဟာပဏာဒိဟိဝါ ဝဉ္စေတွာ ဂဏှာတိ။ တဿေဝံ ဂဏှတော အဝဟာရော ထေယျာဝဟာရောတိ ဝေဒိတဗ္ဗော။ ။ပါရာဇိကကဏ်အဋ္ဌကထာ၊

(ဃ) ကူဋမာနကူဋကဟာပဏာဒိဟိဘိ အာဒိသဒ္ဒေန တုလာကူဋကံသကူဋဝဉ္စနာဒိံ သင်္ဂဏှာတိ၊ ။သာရတ္ထဒီပနီ၊

ဤအဋ္ဌကထာ,ဋီကာပါဌ်တို့ဖြင့်။ အကြင်ရဟန်းသည်၊ နေ့အခါ၌၎င်း ညဉ့်အခါ၌၎င်း၊ မထင်မရှားသော အသွင်ဖြင့်အိမ်တိုက်နံရံ,စည်းခြံစပ်, လမ်းဆုံ,လမ်းစပ် ဖျိုဖျက် တိုက်ဖောက်၍ ပရပရိဂ္ဂဟိတသဿာမိကဘဏ္ဍာတို့ကိုခိုးယူငြားအံ့၊ ထိုရဟန်းအား၎င်း။ အကြင် ရဟန်းသည်လည်း ဝိသံဝါဒန ဝဉ္စန, မုသာဝါဒကိုရှေ့သွားပြု၍။ ချိန်စဉ်းလဲ ခြင်စဉ်းလဲ အသပြာစဉ်းလဲ၊ ရွှေတုငွေတုစသည်တို့ဖြင့်တစုံတခု ဟုတ်မှန်သော ဝတ္ထုကို ပြ၍လိမ်လည်လှည့်ပြား ခိုးယူငြားအံ့၊ ထိုရဟန်းအား၎င်း (ထေယျာဝဟာရ)ဖြစ်သည်ဟုပြဆိုတော်မူကြသည်၊ ယင်းသို့ဖြစ်၍၊ ဝိနိတကရှင်ဂုဏသည်ရောင်းချစေအပ်သော (ဖျင်) ခေါ်သက်နိုး၏"ကူဋစိဝရ"ဖြစ်-မဖြစ် ကိုစိစစ်ဘွယ်ရာရှိသေး၍ စိစစ်ပြန်လျှင်၊ ဝိနိတကရှင်ဂုဏသည် ရောင်းချစေအပ်သော ခေါ်သက်နိုးများသည်။ဖျင်အဟောင်းကို ချုပ်သည်ဖြစ်စေ၊ အသစ်စက်စက်ကို ချုပ်သည်ဖြစ်စေ၊ သို့မဟုတ်ဖျင်အသစ်ပင်ဖြစ်သော် လည်းအနည်းငယ်ဆွေးမြေ့နေသောဖျင်ကို ချုပ်သည်ဖြစ်စေ၊ ဤအထည်မျိုး၌အရပ်ဒေသ၌တထည်လျှင်-၅ကျပ်-ထိုက်တန်သင့်သည်။ မထိုက်တန်သင့်သည်ကို စိဝရဝါဏိဇ-ဝေါဟာရကုသလ ပုဂ္ဂိုလ်တို့နှင့် ညှိနှိုင်းတိုင်ပင်ရာ။ထိုပုဂ္ဂိုလ်တို့က ဤအထည်မျိုးသည် ဤအခါ ဤအရပ်ဒေသ၌ အ

ဘိုးငွေ-၅ဲူးထိုက်တန်သင့်သည်ဟုပြောဆိုဆုံးဖြတ်ကြသည်၊ အဘိုးဖြတ်ဆိုကြသည့်အတိုင်းစိစစ်၍ ကြည့်ရှုသော် ထိုက်တန် သင့်ရာသော အကြောင်းရှိသည်။ သို့ဖြစ်၍တမတ်တန်သော ဝတ္ထုကိုတမတ်နှင့် ရောင်းချရာ၌ရင်း၊ ငါးမူးတန်သောဝတ္ထုကိုငါးမူးနှင့်ရောင်းချရာ၌ရင်း၊ တကျပ်တန်သောဝတ္ထုကိုတကျပ်နှင့်ရောင်းချရာ၌ရင်း၊ ကိုယ်တိုင်ရောင်းချသောရဟန်းကပ္ပိယကာရကတို့ကိုရောင်းချစေသော ရဟန်းများ၌ လိမ်သည် ကောက်ကျစ်စဉ်းလဲ၍ရောင်းချသည်။ ထေယျာဝဟာရ ခိုးခြင်းဖြစ်သည်ဟု မဆိုထိုက်မဆိုသင့်။ ကောင်းမွန်ဟုတ်မှန်သော အထည်ကောင်းကို ပြ၍ မကောင်းမမှန်အဘိုးမတန်သော အထည်တို့ကိုအဘိုးများများရအောင်ထိုထိုယုံကြည်ဘွယ်ပရိယာယ် အသွယ်သွယ်ဖြင့် လိမ်လည် လှည့်ဖြား၍ရောင်းချလျှင်သော (ထေယျာဝဟာရ) ဖြစ်သည်ဟုဆိုဘွယ်ရာအကြောင်းရှိ၏။စက္ကူနှင့် ထုပ်သည်ဆိုရာမှာလည်း၊ အထည်နှင့်အဘိုး ထိုက်တန်တော်သင့်လျှင်စက္ကူနှင့်ထုပ်သည်ဖြစ်စေ၊ မထုပ်သည်ဖြစ်စေ ပမာဏ မဟုတ်ဟုဆိုဘွယ်ရာရှိ၏။ယင်းသို့ဆိုအပ်ခဲ့ပြီးသောအကြောင်းတို့ကြောင့်။ နှင်းဆိုးဖျင်ခဝါသက်နိုးများကို ရောင်းချစေသောဗုဒ္ဓိတက ရဟန်းတော်ရှင်ဂုဏာ၌။ ထေယျာဝဟာရဖြစ်သည်ဟု မဆုံးဖြတ်သင့်၊ ထိုသို့ပင်ဗုဒ္ဓိတကရှင်ဂုဏကို (ထေယျာဝဟာရ)ဖြင့် မဆုံးဖြတ်သင့်သော်လည်း။

(င) ယောပနဘိက္ခုနာနာပကာရကံ ကယဝိက္ကယံ သမာပဇ္ဇေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ၊

ဟူ၍ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ဖြင့်၊ ရဟန်းကောင်း ရဟန်းမြတ်တို့နှင့် လားလားမျှမလျောက်ပတ် မအပ်စပ်သော ပါပဘိက္ခုအလဇ္ဇီရဟန်းတုတို့၏အကျင့်ဖြစ်သော (ကယဝိက္ကယ) အမှုကိုပြုကျင့်မိများသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်သင့်စေ။ ထိုအမှုဖြင့် ရအပ်သော ရွှေငွေအနာမာသဝတ္ထုတို့ကို ထင်ရှားရှိသေးလျှင်၊ သံဃာဂိုဏ်းပုဂ္ဂိုလ်တို့တွင်တပါးပါးအထံ၌ ဝိနည်းကံဖြင့်စွန့်ပစ်၍ သင့်ရောက်သောအာပတ်ကိုဒေသနာကံဖြင့် ကုစားစေဟုပြဆိုမိန့်မှာတော်မူသောကြောင့်၊ ဗုဒ္ဓိတကရှင်ဂုဏာသည် ရဟန်းကောင်းရဟန်းမြတ်တို့၏အမူအရာအကျင့်မဟုတ်၊ဖျင်ခဝါသက်နိုးများကိုချုပ်၍ နှင်းဆိုးပြီးလျှင် ဒါယကာတို့ကိုရောင်းချစေကြောင်းမိမိနှင့်တကွသက်သေသာခကေတို့ အညီအညွတ်ထွက်ဆိုအစစ်ခံကြသည်ဖြစ်၍၊ ဗုဒ္ဓိတကရှင်ဂုဏာသည် မိမိ၌သင့်ရောက်လျက်

ရှိသော (နိဿဂ္ဂိ) ပါစိတ်အာပတ်တို့ကိုအများသံဃာတော်တို့၏ရှေ့မျက်မှောက်၌ (ဒေသနာ)ကံဖြင့်ကုစား၍ပြီးမိစေ။

ငင်းပြင်-အာဏာစက် ဓမ္မစက် နှစ်ရပ်တို့ဖြင့် ကြပ်တည်းစွာ ဆရာတော်တို့သာသနာတော်မြတ်ကြီးကိုသုတ်သင်ရှင်းလင်းပြုရနေခိုက်အခါ အ. တောအတွင်း၌ပင်။ ရဒိတကရှင်ဂုဏာသည်။ အာဏာစက် ဓမ္မစက် ကိုလည်းမကြောက်။သာသနာတော်ဝန်ထမ်း ဖြစ်သော ဆရာတော် တို့ကိုလည်းမငဲ့မထောက်။ ပညပ်သိက္ခာပုဒ်တော်ကိုကျူးလွန်ရမည်ကိုလည်း မရှက်မကြောက်၊ပြုလုပ်ဝံ့ရက်ရဲသူတယောက်ဖြစ်၍ နောက်နောင်ကာလယခုကဲ့သို့မပြုမလုပ်ဝံ့ရန် အများသံဃာတော်တို့သဘောတူညီပေးသော သုဒဏ်အခေါက်ပေါင်း-၄၀-ခြောက်ဆယ်ကိုလည်းထမ်းဆောင်စေ။ ·

နောက်နောက်ကာလလည်း။ ဤကဲ့သို့အဖြစ်အနာမထင်။ကင်းစင်လေအောင်။သတိကြပ်ကြပ်ဆောင်၍၊ကောင်းမွန်စွာနေထိုင်ရမည်၊

ဤသို့ဆိုဆုံးမသည့်အတိုင်းကောင်းမွန်စွာ နေထိုင်ပေလျှင်။ ရဒိတကရှင်ဂုဏာနှင့်အတူတကွ အများသံဃာတော်တို့သည်။သမ္မောဂ, သံဝါသ-နှစ်ပါး။မကွဲမပြား၊ရှေးအလားသို့၊တသားတည်းညီညွတ်စွာ၊ ပေါင်းဆော်နေထိုင်ကြစေ။

ကောဇာသက္ကရာဇ်-၁၂၃၄-ခုနှစ် တကူးလဆန်း-၁၁-ရက်နေ့တွင် ခုံရင်းဆိပ်ရွာ စံကြံ့ရာမဂိုဏ်းချုပ်ဆရာတော်ကြီး အမှူးရှိသော ဂိုဏ်းချုပ်ဂိုဏ်းထောက်ဂိုဏ်းသားရဟန်းသံဃာများစွာသောပရိသာတ်အစုံအညီအစည်းအဝေးတွင်၊ ခင်မွန်ရွာ-သုံးဂိုဏ်းချုပ် ဆရာတော် ဘုရားကြီးသည်ဝိနည်းကျမ်းဂန်မြွက်နှင့်အညီရေးစီဆုံးဖြတ်စေအပ်သော အဆုံးအဖြတ်၊

ဤဝိနိစ္ဆယ၌ပါသော ယထာက္ကမသာဓကပါဠိတို့၏
အနက်ကား၊

(က) သံဃေ၊သံဃာ၌၊ ဝေါဟာရဇ္ဈေန၊ တရားဆုံးဖြတ်သော။သင်္ဂါမာဝစရေန၊အဓိကရုဏ်းကိုဆုံးဖြတ်အံ့သောငှာ သံဃာ့အစည်းအဝေးသို့ သက်ဝင်လာသော၊ ဘိက္ခုနာ၊ဝိနည်းဓိုရ်ရဟန်းသည်၊ဝတ္တု၊ ပါရာဇိက စသည်တို့၏ဝတ္ထုကို။ ဇာနိတဗ္ဗာ၊သိအပ်၏။ ဝိပတ္တိ၊ဝိပတ္တိလေးပါးကို။ ဇာနိတဗ္ဗာ။ သိအပ်၏။ အာပတ္တိ၊အာပတ်ခုနစ်ဘုံကို။ ဇာနိတဗ္ဗာ၊၏။ နိ

ဒါနံ၊ ပါရာဇိက သိက္ခာပုဒ်စသည်တို့၏နိဒါန်းကို။ ဓာနိတဗ္ဗံ၊၏။ အဒ္ဓကာ ရော၊ အခြင်းအရာကို၊ဝါ၊အကြောင်းအရာကို၊ ဓာနိတဗ္ဗော၊၏။ပုဗ္ဗာပရံ၊ ရှေ့စကားနောက်စကားကို။ ဓာနိတဗ္ဗံ၊သိအပ်၏၊ပ။ ယေနဝေဇ္ဇနံ၊ အကြောင် ပြဟုတ်မှန်သော သဘောဝတ္ထုဖြင့်။ ယေနပိနယေန၊အကြောင်စောဒနာပိနည်း သာရဏာပိနည်းဖြင့်။ ယေနသတ္ထုသာသနေန၊အကြောင် မြတ်စွာဘုရားသ ခင်၏အဆုံးအမတော်တည်းဟူသော ဥတ္တိသမ္ပဒါ အနုသာဝနသမ္ပဒါဖြင့်၊ တံအဓိကရဏံ၊ ထိုအဓိကရဏ်းသည်။ ယထာ၊အကြောင်အခြင်းအရာအား ဖြင့်၊ ဝူပသမ္မတိ၊ ကင်းငြိမ်း၏၊ တထာ၊ထိုအခြင်းအရာအားဖြင့်၊ တံအဓိ ကရဏံ၊ ထိုအဓိကရဏ်းကို။ဝူပသမေတဗ္ဗံ၊ ကင်းငြိမ်းစေအပ်၏။ ။ ပရိဝါပါဠိတော်အနက်ပြီး၏၊

(ခ) အနုဝိဇ္ဇကေန ကထံပတိပဇ္ဇိတဗ္ဗန္တိ၊ ဟူသည်ကား၊ အနုဝိဇ္ဇ ကေန၊မေးစိစစ်သော အနုဝိဇ္ဇကဝိနယဓရပုဂ္ဂိုလ်သည်၊ ယေနဝေဇ္ဇနေ၊ဖြင့်။ ယေနပိနယေန၊ဖြင့်၊ ယေနသတ္ထုသာသနေန၊ဖြင့်၊ တံအဓိကရဏံ၊ သည်၊ ယထာ၊ဖြင့်၊ ဝူပသမ္မတိ၊၏။ တထာ၊ဖြင့်။ တံအဓိကရဏံ၊ကို၊ ဝူသပသမေ တဗ္ဗံ၊ ငြိမ်းစေအပ်၏၊အနုဝိဇ္ဇကေန၊စစ်ဆေးမေးမြန်းသော အနုဝိဇ္ဇက ဝိန ယဓရပုဂ္ဂိုလ်သည်၊ ဧဝံ၊ဤသို့၊ ပတိပဇ္ဇိတဗ္ဗံ၊ကျင့်အပ်၏။

(ဂ) ဟိ-ဝိဇ္ဇာရေမိ၊ ချဲ့ဦးအံ့။ ယောကောစိ၊ အမှတ်မရှိ တစုံတ ယောက်သော ရဟန်းသည်၊ သဿာမိကံ၊ ဥစ္စာရှင်ရှိသော။ ဘဏ္ဍံ၊ ပရ ပရိဂ္ဂဟိတဘဏ္ဍာကို။ ရတ္တိဘာဂေဝါ၊ ညဉ့်အတိုင်းဖြင့်၊ ဒိဝသ ဘာဂေ ဝါ၊ နေ့အတိုင်းဖြင့်၊ သန္ဓိစ္ဆေဒါဒိနိ၊ စည်းခြံစပ် တိုက်အိမ် နံရံစပ်တို့ ကိုဖျက်ဘောက်ခြင်း စသည်တို့ကို။ ကတွာ၊ပြုလုပ်၍။ အဒိဿမာနော၊ ကွယ်ထင်ရှားသောကိုယ်အသွင်ရှိသည်ဖြစ်၍။အဝဟာရတိ၊ ခိုးယူ၏၊ ဝါ၊ တ နည်းကား၊ ကူဋမာနကူဋကဟာပဏာဒိဟိ၊ ချိန်ခွင်စဉ်းလဲ အသပြာ စဉ်းလဲ စသည်တို့ဖြင့်၊ ဝဉ္စေတွာ၊လိမ်လည်လှည့်ဖျား၍၊ ဂဏှတော၊ခိုးယူသော ရဟန်း၏။ အဝဟာရော၊ခိုးခြင်းကို၊ ထေယျာဝဟာရောတိ၊ ထေယျာဝ ဟာရဟူ၍။ ဝေဒိတဗ္ဗော၊သိအပ်၏၊ ၊ပါရာဇိကကဏ် အဋ္ဌကထာ အ နက်။

(ဃ) ကူဋမာနကူဋကဟာပဏာဒိဟိတိ။ကူဋမာန၊ပ၊ဒိဟိဟူသော ပါဠ်၌၊အာဒိသဒ္ဒေန၊အာဒိသဒ္ဒါဖြင့်၊ တုလာကူဋ ကံသကူဋဝဉ္စနာဒိ၊ တု

လဒ္ဓကူဋကံသကူဋတို့ဖြင့် လှည့်ပတ်ခြင်းစသည်ကို၊သင်္ဂဇ္ဈာတိ၊သင်္ဂြိုဟ်၏၊ ။သာရတ္ထဒီပနီအနက်။

(င) ယောဝနဘိက္ခု။သည်။ နာနာပ္ပကာရကံ၊ အထူးထူး အပြားပြားသော၊ ကယဝိက္ကယံ၊ ဝယ်ခြင်းရောင်းခြင်းသို့၊ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ အဿ၊ ထိုရဟန်းအား၊ နိဿဂ္ဂိယံ၊ စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်သည်။ ဟောတိ၊ ဖြစ်၏။ ။ပါတိမောက်အနက်၊

မလဲသာရွာဦးဂုဏ၊ဖျင်ခဝါသင်္ကန်းမှုဖြတ်စာပြီးပြီ၊

---

ဒုတိယဝိနိစ္ဆယ-ဘုရားပွဲတော်မှုဖြတ်စာ၊

၁၂၄၄-ခုနှစ်-ဖြတ်ထုံး-၂။

ခုံရင်းဆိပ်ရွာ-ဝိတြွာရာမဆရာတော်ကြီးအမိန့်ရှိလိုက်သည်၊ ငါ့ရှင်ခင်မွန် ဂိုဏ်းချုပ်။ မလဲသာရွာ တောင်ကျောင်းနေရှင်ဂုဏာ၌ သုတစောဒနာမှုတရပ်၊ စွေစေတီဘုရားပွဲတော်မှု တရပ်၊ မလဲသာရွာအုပ် (ငရေချမ်း) ကတောင်ကျောင်းနေရှင်ဂုဏာအပေါ်၌၊ ပဟာရဒါနသိက္ခာပုဒ်ဖြင့် စွပ်စွဲသော အမှုတရပ်၊ရင်ရွာသားချင်းခိုက်ရန်ဒေါသဖြစ်၍မသင့်မတင့် ကွဲပြားနေကြသော အမှုတရပ်၊ကျောင်းမှုတရပ်၊ ဤ အမှုငါးရပ်တို့ကို ငါ့ရှင်ဂိုဏ်းချုပ်ထံသို့ ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ အစုံအညီပြုလုပ်၍ လွှဲအပ်လိုက်သည်။ ငါ့ရှင်ဤအမှုများကိုဆုံးဖြတ်စေလိုသည်။ငါ့ရှင် မလဲသာရွာသို့မလာမရောက်နိုင်လျှင် စောဒက, စုဒိတက-သက်သေဝင်ပုဂ္ဂိုလ်တို့ကို ရွာအုပ် (ငရေချမ်း) က အရောက်ပို့ပါမည်ဟု တာဝန်ခံသည်၊ ငါ့ရှင်လာရောက်၍ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့နှင့် အစုံအညီပြုလုပ်၍ ဆုံးဖြတ်စီရင်နိုင်လျှင်၊ဤအမှုများတခါတည်း ပြီးပြတ်လိမ့်မည် ထင်သည်၊ ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ဤအမှုများကို မစီရင်နိုင် မစီရင်ဝံ့ကြ၊ ဆုံးဖြတ်ဉာဏ်လည်းမပိုင်၊ ရပ်ရွာကိုလည်းမနိုင်၊ သံဃာချင်းလည်း သမဂ္ဂသမောဓာနမဖြစ်ကြ။ စွေစေတီဘုရားပွဲတော်မှုမှာ။ ရပ်ရွာနေဒါယကာတို့ကလျှောက်ထား၍အများသံဃာတော်တို့ သဘောတူညီချထားသောနေရာ၊ သဘော

တူညီကြပါမည်ဟု ဝန်ခံကြပြီးမှ၊ တဘက်တလမ်းပြုလုပ်ကြသူ ဒါယကာ (ငပိုက်, ငပိန်, ငဖိမ့်, မိကြွယ်,)တို့က တိုက်တွန်းကြ၍။ ရှင်ဂုဏ၏ တပည့်သာမဏေ (ဝိလာသ)ဆိုသူက စာရေးပေးသည်။ ။၎င်းစာသွားကို ပဋိသာဝတ်အလည်၌ဘတ်၍ ဂိုဏ်းထောက်ဆရာရှင် (သြဘာသ)ကို အကာလ,အဋ္ဌာန်-စောဒနာ သဘောမျိုးဖြင့် အရှက်တကွဲ အကျိုးနဲ့အောင် ဆဲးရေပုတ်ခတ်, စွပ်စွဲပြုလုပ်ကြသည်။ သိမ်ဃာတော်များ သဘောတူ ချထားသောနေရာ၌မဟုတ်ဘဲ။ အခြားသောနေရာများ၌ဘုရားပွဲတော်ပြုလုပ်၍ ပင့်ဖိတ်ရာသို့လိုက်ပါသော ရဟန်းများကိုပါတိမောက်ခုင် ဘုန်းကြီးများသို့အပ်၍ ဒဏ်ချုပ်နှင့်ထားသည်။ ၎င်း အကြောင်းအရာများကို စစ်တမ်းစစ်ချက်ပြုလုပ်၍ ပေးပို့လွှဲအပ်လိုက်သည်၊ ငါ့ရှင်လာရောက်၍ကိုယ်တိုင်စစ်ဆေး မေးမြန်းပြီးလျှင် တခါတည်းနှင့် အမှု အချပ်ရပ်ကိုပြီးပြတ်အောင်စီရင်ဆုံးဖြတ်စေလိုသည်။ ငါ့ရှင်ခင်ပွန်းဂိုဏ်းချုပ်၊

ဤသို့ (ခုံရင်းဆိပ်) ရွာစကြာရာမဆရာတော်ကြီးဘုရားအမှူးရှိ ဂိုဏ်းအုပ်ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့က လွှဲအပ်တော်မူကြသောကြောင့်အမှု အချပ်ရပ်တို့ကိုပြီးပြတ်အောင်ဆုံးဖြတ်စီရင်ရမည်ဖြစ်၍၊

(က) သင်္ဂါမာဝစရေနဘိက္ခုနာ သံဃံဥပ သင်္ကမန္တေန နီစစိတ္တေန သံဃော ဥပသင်္ကမိတဗ္ဗော ရဇော ဟရဏသမေန စိတ္တေန။ အာသနကုသလေန ဘဝိတဗ္ဗံ။ နဆန္ဒာဂတိ ဂန္တဗ္ဗံ။ နဒေါသာဂတိ ဂန္တဗ္ဗံ။ နဘယာဂတိဂန္တဗ္ဗံ။ နမောဟာဂတိ ဂန္တဗ္ဗံ၊ မန္တတ္တေန ဘဝိတဗ္ဗံဓမ္မေသုပေက္ခသေသုစ၊ ဥဝဋ္ဌပန အနုဝိဓ္ဓကော အနုဝိဓ္ဓမာနော သတ္ထုစေဝသာသန ကရော ဟောတိ။ ဝိညူနဥ္စသပြဗ္ဗဟ္မစာရီနံ ပိယောစ ဟောတိမနာပေါစ ဂရုစဘာဝနီယောစ။ ဟူ၍မိန့်ဆိုပြသဆုံးမတော်မူအပ်သော(ရုဋ္ဌသင်္ဂါမ)ဩဝါဒ ကထာဒေသနာတော်မြတ်ကို ဦးထိပ်ရွက် ပန်ဆင်ပြီးလျှင်။ ကျေးရွာနေဒါယကာ, ဒါယိကာမ-တို့ကိုရှေးဦးစွာ သရဏဂုံနှင့်တကွ ပဉ္စသီလကိုခံယူဆောက်တည်စေပြီး၍။ စောဒက စုဒိတကသက်သေဝင်ပုဂ္ဂိုလ်တို့ကိုတယောက်ချင်း (သစ္စာ) တော်ကျမ်းကိုထမ်းရွက်စေ၍။ စစ်ဆေး မေးမြန်းသောအခါ။

ဘုရားတပည့်တော် (မလဲသာ)ရွာတောင်ရင်နေ ဒကာ, ဒကာမ-အများတို့နှစ်ပါးသောစက်ဝုံ၊ ကြာပဒုံကို၊ လက်ဝဲချီမိုး။သဏ္ဍာန်ရှိကျိုးလျက်။

ရှိမိုးဝပ်တွား။ ချောက်ထားဝံ့ပါသည်။ ဂိုဏ်းထောက်ဆရာ-ဦးဩဘာသ
အရှင်မြတ်ဘုရား။ ၊တေန ဘိက္ခုနာ ယဏ္ဏဉ္စတ္ထ-တဏ္ဍဒေထာတိ
ဝဏ္ဏမှို့၊ ကျမ်းဂန်အလာ၊ ဒေသနာဖြင့်၊ ဒါယကာတို့၊လိုရာဒေသ၊ ရပ်ဌာန
၌၊စတုပ္ပစ္စယ၊ စသည်များစွာ၊ ဝတ္ထုလျော်ကို၊ သဒ္ဓါကြည်ဖြူ၊ ပေးလှူဒါန်၊
ပူဇော်ကြဟု၊ ညွှန်ပြဆိုအပ်ပါသည်။ ယခုတပည့်တော်တို့ရွာ၊ မလဲသာ
မှာ၊ ဒကာချင်းချင်း၊ ခိုက်ရန်ညင်း၍၊ ပျက်ခြင်း အကြောင်း၊ မကောင်း
ဒေါသ၊ ပဋိဃာမှာ၊ နေဝအဋ္ဌနော နပရေသံ ဟိတံ အဘိရာဓယတိ၊ ငရှိ
မိန့်ဟန်၊ ကျမ်းဂန်အရ၊ အဟိတတရား။ ဒေါသများ၍၊ဖြစ်ပွားသောဘုရား
ပွဲတော်မှုမှာ၊ သုံးလူ့ကြဉ္စန်း၊ မာရဇိန်ဝိပ်ပုန်းတို့၊ ချီးမွမ်းတော် မမူဘိ၊
သို့စင်ရှိလည်း၊ သောဟိ ပုထုန္နံ နာနပ္ပကာရာနံကိလေသာဒိနံ ဇနနာဒိဟိ
ကာရဏေဟိပုထုဇ္ဇနော၊ မိန့်ဟောအရ၊ ဒေါသခိုက်ရန်၊ ပုထုဇန်အစစ်၊
ဖြစ်ကြသည့်အလျောက်၊တရောက်တဦး၊မနူးမနပ်၊ ပဋိဃာတ်ကို၊အမြတ်
ဆို-ကျင့်ကြမှု၊ အရပ်ဆို-သင့်ကြမှု၊လောကစကား၊ ထောက်ထားနာမှတ်၊
သဘောမြတ်ဖြင့်၊ ပယ်ဖြတ်လိုသော ဆန္ဒရှိမူကလျှင်၊မွေ့ကြည်မြေ့၊စိတ်
ပျော်မွေ့လျက်၊ ညဉ့်နေ့မပျက်၊ မေတ္တာဖြိုက်လျှင်၊ရောရှက်တွေ့လာ၊ မရှိ
ရာဘဲ၊ မာတာယထာနိယံပုတ္တံ။ မာယုသာဧကပုတ္တ မနုရက္ခေ၊ မိန့်ဖွဲ့
သည့်စကား၊ မြတ်တရေးကဲ့သို့၊အများတကာ၊ ဒါယကာတို့၊မေတ္တာခမ္မ၊
သက်ဝင်ကြမည်၊ စိတ်ကရည်၍၊ နည်းမှီပြုလျက်၊ ကုသိုလ် တရား၊
ကောင်းသည်များကို၊ ကြိုးစားအားဆင့်၊ပြုကျင့်ကြမည်။ ဘုရားမုခပါဌ်၊
မင်းဝေဿန္တရာတ်၊မဟာနိပါတ်တွင်၊မင်းမြတ်ဝေဿန္တရာ၊သက်မေတ္တာ
ကြောင့်။ ကမ္ဘာရနံ့ဘက်။ ကြွက်နှင့်ကြောင်ဖါး၊ ကျားနှင့်သမင်၊ ခင်ပုတ်
ကျိုးဌက်၊ မေတ္တာသက်၍၊ ရုံမကိနှစ်ထောင်း။ ပေါင်းဖော်ကြည်နူး၊ဖြစ်ဘူး
သည်တဝ။ အကောခနေဖိနေကော၊ ကျမ်းဂန်အပြ၊ မိပ္ပါယမှာ၊ ဇော
ခဏမေတ္တာ၊ အဒေါသစေတနာကြောင့်၊ ရာဇာသနင်း၊ ဥဒိန်(တိန်) မင်း
၏ရန်ခပင်းလေးညွှတ်မှ။ ကင်းလွတ်သည့်-နန်းညာ၊ မဟာသီခေါင်ချာ၊
မယ်ဝတီသာမာသို့၊ ပုံပမာနှံ့း၊ ဝတ္ထုထိုးကို၊ နှလုံးကြပ်ကြပ်၊ သဘော
ကပ်၍၊တောင်ရပ်သား၊ မြောက်ရပ်သား၊ ကျေးရွာနေဒကာများတို့၊ သနား
နှစ်သက်၊ မေတ္တာရှက်၍၊ ပေါင်းဘက်စေလိုလျှင်၊ ချိုချိုသာသာ၊ ပွား
မေတ္တာဖြင့်၊ ဩဇာကောင်းသင့်ပါသည်။ အရှင်မြတ် ဩဇာကို၊ နာယူ
ရှက်ဆင်၍၊ဘောဇဉ်ခဲဘွယ်၊ အသွယ်သွယ်ဝတ္ထုလည်း၊ငြစ်ငြုးပုတ်သိုး၊

ပေါင်းဆိုးနှမ်းကြီး၍၊ ပျက်စီးသည်-များစွာ။ ဗြဟ္မာလူနတ်။ဘုံသုံးရပ်တို့၏။အမြတ်သင်းကျစ်။ဓမ္မရာဇာသည်၊နှစ်သက်ကြီးစွာ၊ ကရုဏာကြောင့်။ဒါယကာအမ္ဗဋ္ဌ။ မာဏဝလုလင်၏လိုအပ်၊ကိုယ်တော်မြတ်၏အင်္ဂါဇာတ်ကို၊တူလတ်အောင်ဘန်ဆင်း၍၊ ပြလင်းသည့်စကားကို၊ မင်းဖျားမိလိန့်။စေ့နရိန်က၊ နာဂသိန်မည်၊ မြတ်မထေရ်ကို။လျှောက်သည်အခါ။ ဘုရား၏ကရုဏာသည်။ သဗ္ဗဝါပုဂ္ဂိုလ်။ ကျွတ်မည်ဆိုလျှင်၊ ကိုယ်တော်မြတ်နှလုံးသားကိုပင်။ ပြပြားတော်မူတန်ဟု။ဖြေပြန်သည့်-ပုံတထွေ။ဗုဒ္ဓနကောသတိဇိဝိတန်မဏ္ဍမ္ပိ ဟဒယမံသံ ဒဿေယျာတိ အဓိပ္ပါယော။ မိန့်ဟောသည့်အရကို။ သဘောက ထောက်ရှု၍၊ နုသေးသောသတ္တဝါ၊ တပည့်တော်-ဒါယကာတို့ကို။ အသာရ သာရနာဖိနေ။မိန့်ထွေအရ။ ဟာဒယံဂစ္ဆတိသုခေန စိတ္တံ ပရိသတိတိ ဟာဒယင်္ဂမာ။ လာရှိအရ။ တမ္ဘပမာ၊ အင်္ဂုလိဝေဌနာကာရ။ သောတပသာဒ၌။သုခဖြစ်ပွား၊ မြတ်တရားကို၊ ဟောကြားပြသ။ဆုံးမတော်မူပါလျက်၊ မေတ္တာပန်းပေါင်း။နေ့စဉ်လောင်း၍။ဖြောင့်မျှသင့်ပါသည်၊ လိုအင်မကျ။ စိတ်လိုဆန္ဒ၊ ငါတော်လျှင်-ကောင်းရေ့ပဟု၊ကြောင်းကျိုးမရှု၊ ကရုဏာကင်းပ၊ နေရာကျမပေးဘဲ။ သဘောတော်ကြီးလှအောင်။ နောင်ကျိုးကိုရှုမြော်၍။ဆုံးမတော်မူပါ၊ဂုဏ်းထောက် ဆရာဦးညွှာဘာသအရှင်မြတ်ဘုရား၊

ဤအထက်ပါ စာလွှာကိုဂုဏ်းထောက်ဆရာရှင်ညွှာဘာသကပရိသတ်အလည်တွင် တင်ပြပြီးလျှင်၊ ဤစာလွှာ၏အဓိပ္ပါယ် သဘောအရကိုဆင်ခြင်တော်မူပါဟု လျှောက်ထားသောကြောင့်၊ ၎င်းစာလွှာ၏ အဓိပ္ပါယ်သဘောအရကိုဆင်ခြင်သော်၊ ပရိဏာတ အရိပ်အရောင်။ဝစီပဂ္ဂ၊ ဘဏ္ဍာဒေယျ၊ဏ္ဍသရိယမာန၊ အနုတ္တဓမ္မဒေသိ၊နိက္ခာရဏိက၊ဖရုသဝါစီ၊ ပေက္ခာ၃ပက္ခန-စသည်ဖြင့်ဂုဏ်းထောက်ဆရာရှင်ညွှာဘာသကိုပရိသတ်အလည်၌ဆဲ့ရေးပုတ်ခတ်လို၍ဆိုသောစကားဟု(နေယျတ္ထ၊ဗျတိရေက) အားဖြင့်သိသာထင်ရှားသောကြောင့်၊စာရေးသူ၊စာဘတ်ရန်နှင့်—စာရေးရန်တိုက်တွန်းစေခိုင်းသူ၊ စာဘတ်သူ၊ စာရေးရန်နည်းပြ သညာပေးသူတို့ကိုအသီး အသီးစစ်မေးလျှင်။

(၁) မလဲသာရွာ တောင်ရပ်နေဒါယကာ (ငပိန့်မိကြွယ်)ဆိုသူတို့က၊၎င်းရပ်နေလူတို့စကားနှင့်တောင်းပန်သောကြောင့် တပည့်တော်စီကုံး

ရေးသားမိပါသည်။ ၎င်းစာ၏အနက်အဓိပ္ပါယ်မှာ–အရှင်ဘုရားတို့ကနေရာမကျမသင့်ဟုဆိုလျှင်၊ တပည့်တော်မှားပါတော့သည်ဘုရား။

စာရေးသူသာမဏေ(ဝိလာသ)ထွက်ချက်။

(၂) တပည့်တော်က ဒါယကာ(ဖေမိ့)ဆိုသူကိုစေခိုင်း၍ စာဘတ်ပါသည်။ တောင်ကျောင်းဆရာဦးဂုဏတပည့်သာမဏေ (ဝိလာသ)တို့ကို စာရေးပေးပါဟုမစေခိုင်းရပါဘုရား။

စာဘတ်စေသူ(ဇဝိုက်)ထွက်ဆိုချက်။

(၃) တောင်ရပ်, မြောက်ရပ်, အကွဲအပြားမရှိရအောင်ဂိုဏ်းချုပ်ဆရာတော်ကို ဘုရားဟောတော်မူပါဟု လျှောက်ထားရန် စာတစောင်ကိုရေးပေးပါဟူ၍သာစေခိုင်းမိပါသည်။ ဂိုဏ်းထောက်ဆရာကို ပုတ်ခတ်သောစာကိုရေးပေးပါဟုမစေခိုင်းရပါဘုရား။

ဒါယကာ (ဖေမိ)ထွက်ဆိုချက်။

(၄) တပည့်တော်မသည်၊ ဥပုသ်စောင့် နေရာ။ ဦးဖိန်ဆိုသူက ကျောင်းသားသူငယ် (ဖေမိုး)ဆိုသူကိုစေလွှတ်၍ခေါ်လာသောကြောင့်လိုက်ပါသွား၍စာဘတ်သံကိုနားထောင်မိပါသည်။ ကိုရင်(ဝိလာသ)ကိုစာရေးပါဟုမစေခိုင်းပါဘုရား။

ဒါယိကာမ(မိကြွယ်)ထွက်ဆိုချက်။

(၅) တပည့်တော်သည် စာရေးသည်ကိုလည်းသိပါ၍၊ စာဘတ်သံကိုလည်းကြားပါ၍။ စာရေးပါဟူ၍လည်းမစေခိုင်း၊ စာဘတ်ပါဟူ၍လည်းမစေခိုင်း၊ မရေးနှင့်,မဘတ်နှင့်ဟူ၍လည်းမတားမြစ်ပါဘုရား။

ရှင်ဂုဏထွက်ဆိုချက်၊

(၆) မလဲသာရွာ တောင်ကျောင်းနေရှင်ဂုဏသည်။ စာဘတ်သူ ဒါယကာ(ဖေမိ့) ကိုပရိသတ်အလည်၌စာဘတ်ရလိမ့်မည်။ မကြောက်ပါနှင့်ဟုပြောဆိုသည်ကို တပည့်တော်ကြားသိရပါသည်ဘုရား၊

မြင်တွင်(ဦးပဒုမ)ထွက်ဆိုချက်။

ဤသို့အသီးအသီးထွက်ဆိုအစစ်ခံကြသည်ဖြစ်၍။ သာမဏေ (ဝိလာသ)ရေးစီသော စာဖြင့်ဂိုဏ်းထောက် ဆရာရှင် ဩဘာသကို ပရိဏတ

သိက္ခာပုဒ်ဖြင့် စွပ်စွဲစောဒနာရောက်၍။ ထိုဂိုဏ်းထောက် ဆရာရှင် ဩဘာသ၌ စွပ်စွဲကြသည့်အတိုင်း ပရိကာတသိက္ခာပုဒ်တော်နှင့်ညီစွမ်းသည် မညီစွမ်းသည်ကိုဆင်ခြင်လျှင်၊

(၇) တပည့်တော်သည် နှစ်စဉ်မပြတ်ကျင်းပပြုလုပ်မြဲဖြစ်သောနေရာ၌သာ သဘောတူပါသည်ဘုရား။

ရှင်ဂုဏထွက်ဆိုချက်။

(၈) ဘုရားပွဲတော်နှင့်ပတ်သက်၍ (မလဲသာ)ရွာတွင်။ တောင်ရပ်, မြောက်ရပ်, ကွဲပြားပြီးလျှင်၊တယောက်နှင့်တယောက်၊ မသင့်မတင့်,ခိုက်ရန်ဒေါသ, ရိုက်နှက်ပုတ်ခတ်ကြသည်ဖြစ်၍၊ ဘုရားတပည့်တော်တို့က (ခုံရင်းဆိပ်)ရွာ မိတြာရာမဂိုဏ်းအုပ်ဆရာတော်ကြီးအမှူးရှိသော အများသံဃာတော်တို့သဘောတူညီချထားသော နေရာတခုရ၍ ဘုရားပွဲတော်ပြုပါမည်၊ညွှန်ကြားတော်မူကြပါဟု လျှောက်ထားရာ၊အများ သံဃာတော်တို့က ဘုရားပွဲပြုလုပ်ရန်နေရာကိုသဘောတူညီချထားကြပါသည်၊ ဒါယကာများကလည်း သံဃာတော်တို့သဘောတူညီချထားသော နေရာကိုသဘောတူညီကြပါမည်ဟုဝန်ခံကြပါသည်၊သံဃာတော်များလည်း အချင်းချင်းသံဃာတော်တို့သဘောတူညီချထားသောနေရာမဟုတ်။ တပါးသောနေရာ၌ ဘုရားပွဲတော်ကိုပြုလုပ်၍ ဒါယကာတို့ပင့်ဖိတ်လာလျှင် မလိုက်ရ၊ လိုက်သောပုဂ္ဂိုလ်များကိုဂိုဏ်းထောက်ဆရာနှင့် ပါတိမောက်အုပ် ဘုန်းတော်ကြီးများကကြပ်မ၍ သဲဒဏ်အခေါက်ပေါင်းခြောက်ဆယ်ကိုထမ်းဆောင်စေရမည်ဟု ကတိကဝတ်ပြုလုပ်ထားကြသည်၊ အချို့ပုဂ္ဂိုလ်များကလည်းကတိကဝတ်ကိုဖျက်၍ လိုက်ကြသောကြောင့် သဲဒဏ် ထမ်းရသည်ဟုကြားသိကြရပါသည်။သံဃာတော်၏ ရှေ့မျက်မှောက်၌ သဘောတူဝန်ခံပြီးမှ။ ဒါယကာ (ငပိုက်,ငပိန့်,ငဖိမ့်) အစရှိသော အချို့လူတစုတို့က။ နှစ်စဉ်ကျင်းပပြုလုပ်မြဲနေရာ၌သာသဘောတူညီ နှစ်သက်ကြောင်းကိုပြောဆိုပြုလုပ်ကြ၍တကွဲတပြား,မသင့်မတင့်ဖြစ်ကြရပါသည်ဘုရား။

ကျေးရွာသားများထွက်ချက်၊

ဤအထက်ပါ အစစ်ခံစကားရပ်နှစ်ရပ်တွင် တောင်ကျောင်းဆရာရှင်ဂုဏ၊ ဒါယကာ(ငပိုက်၊ ငပိန့်၊ငဖိမ့်)တို့ ထွက်ချက် အစစ်ခံ စကားရပ်၌၊ နှစ်စဉ်ပြုလုပ်မြဲနေရာ၌သာ သဘောတူကြောင်းပါရှိသောကြောင့်။

(ခ) စေတိယာသ ပရိဏာတံ အညစေတိယဿဝါ သံဃဿဝါ ပုဂ္ဂလဿဝါ ပရိဏာမေတိ၊ အာပတ္တိဒုက္ကဋဿ၊ ပါရာဇိကကဏ်ပါဠိတော်။

ဤပါဠိတော်ဖြင့်၊ စေတီတော်တည်းဟူသောအား လှူဒါန်းပူဇော်ကြကုန်အံ့ဟူ၍ ရည်ညွှန်းပြီး စိတ်ညွတ်ပြီးဖြစ်သော ဆွမ်းခဲဘွယ်ဘောဇဉ်စသောပစ္စည်းတို့ကို တပါးသော စေတီတော်အားရင်း၊ သံဃာတော်အားရင်း၊ ပုဂ္ဂိုလ်အားရင်း လှူဒါန်းပူဇော်ကြသောဟု ညွှတ်စေ၊ လှူစေသော ရဟန်းအား (ဒုက္ကဋ်) အာပတ် သင့်စေဟူ၍ မိန့်ဆိုတော်မူသည်။ သို့ဖြစ်၍ ယခုအမှုနှိ ဂိုဏ်းထောက်ဆရာ ရှင်ဩဘာသသည် နှစ်စဉ် ပြုလုပ်နေကျ နေရာမှ ပြောင်းရွှေ့၍နေရာချထားသော ပုဂ္ဂိုလ်တို့တွင် အပါအဝင် အကြီးအကဲ ဖြစ်၍၊ ပရိဏာဘသိက္ခာပုဒ်၏အနုလောမပတ်ဖြစ်သော (ဒုက္ကဋ်)အာပတ္တိဒေါသမှ မလွတ်သကဲ့သို့ ထင်ဘာသ်ရာရှိ၏၊ သို့ပင်ထင်ဘွယ်ရာရှိသော်လည်း။

(ဂ) အနာပတ္တိ ကတ္ထဒေမာတိ ပုစ္ဆိယမာနော ယတ္ထ တုမှာကံ ဒေယျဓမ္မော ပရိဘောဂံဝါ လဘေယျ ပဋိသင်္ခါရံဝါလဘေယျ စိရဋ္ဌိတိကောဝါ အဿ၊ ယတ္ထ ဝါပန တုမှာကံ စိတ္တံ ပသီဒတိ၊ တတ္ထဒေထာတိ ဘဏာတိ။

ပါရာဇိကကဏ်ပါဠိတော်၊

(ဃ) သစေပန ဒါယကာ မယံသံဃဿ ဘတ္တံ ဒါတုကာမာ၊ စေတိယဿ ပူဇံ ကာတုကာမာ၊ ဧကဿ ဘိက္ခုနော ပရိက္ခာရံ ဒါတုကာမာ၊ တုမှာကံ ရုစိယာ ဒဿာမ၊ ဘဏထ ကတ္ထ ဒေမာတိ ဝဒန္တိ၊ ဧဝံ ဝတ္တော တေန ဘိက္ခုနာ ယတ္ထ ဣစ္ဆထ တတ္ထဒေထာတိ ဝတ္တဗ္ဗံ။ သစေပန ကတ္ထဒေမာတိ ပုစ္ဆန္တိ။ ပါဠိယံ အာဂတနယေနေဝ ဝတ္တဗ္ဗံ၊ ။

ပါရာဇိကကဏ်အဋ္ဌကထာ၊

(င) ကတ္ထ ဒေမာတိအာဒိနာ ဧကေနာကာရေန ပါဠိယံ အနာပတ္တိ ဒဿိတာ၊ ဧဝံ ပန အပုစ္ဆိတေပိ အပရိဏာတံ ဇာနန္တေနာပိ အတ္တနော ရုစိယာ ယတ္ထ ဣစ္ဆတိ၊ တတ္ထဒါပေတုံ ဝဋ္ဋတီတိ တီသုပိ ဂဏ္ဌိပဒေသုဝုတ္တံ၊ ယတ္ထ ဣစ္ဆထ တတ္ထဒေထာတိ ဧတ္ထာပိ တုမှာကံ ရုစိယာ တိဝုတ္တတ္တာ ယတ္ထ ဣစ္ဆတိ တတ္ထဒါပေတုံ လဘတိ။

တေရသကဏ်ဋီကာ၊

ဤပါဠိတော် အဋ္ဌကထာ ဋီကာပါဌ်တို့ဖြင့် မြို့ရွာနေ ဒါယကာ-ဒါယိကာမတို့က တပည့်တော်တို့သည် သံဃာတော်အား ဆွမ်းကို လှူဒါန်း

လိုက်ကုန်ပါသည်၊ စေတီတော်မြတ်အား ဆီမီးစသည်တို့ဖြင့် ပူဇော်လိုက်ကုန်ပါသည်။ ရဟန်းတပါးအား သက်နိုးစသော ပရိက္ခရာကို လှူဒါန်းလိုပါသည်။အရှင်မြတ်၏ အလိုသဘောဖြင့် အရှင်မြတ်လှူလိုရာကို လှူဒါန်းကြပါမည်။မိန့်တော်မူပါဟူ၍ လျှောက်လာကြလျှင် ထိုရဟန်းသည်၊ သင်တို့အလိုရှိရာ သဒ္ဓါကြည်ဖြူရှိရာ စေတီတော်၊သံဃာတော်၊ဂိုဏ်း၊ပုဂ္ဂိုလ်တို့၌ လှူဒါန်းပူဇော်ကြလေဟု ပြောဆိုညွှန်ကြားရမည်၊ သို့မဟုတ်၊အရှင်မြတ်နှစ်သက်ရာကို လှူပါမည်ဟု ဆိုသောကြောင့်၊ ရဟန်းက မိမိကြည်ညိုနှစ်သက်ရာတခုခုကိုညွှန်ကြားရမည်။သို့မဟုတ် ဒါယကာတို့က အဘယ်အရပ်၌ လှူဒါန်းရပါမည်နည်းဟု မေးလာလျှင်။ အကြင်အရပ်၌ သင်တို့လှူဘွယ်ဝတ္ထုသည် သုံးဆောင်ခြင်းကိုရင်း၊ ပြုပြင်ခြင်းကိုရင်း ရရာ၏။ ရှည်မြင့်စွာသော်လည်း တည်ရာ၏၊ အကြင်အရပ်၌ သင်တို့၏ သဒ္ဓါကြည်ညိုစိတ်သည်ဖြစ်၏၊ထိုအရပ်၌၊ ဝါ၊ထိုထိုစေတီတော် ဂိုဏ်း သံဃာ ပုဂ္ဂိုလ်တို့တွင် တပါးပါး၌ လှူဒါန်းကြလေဟူ၍ ညွှန်ကြားကြရမည်၊ ထိုသို့ဒါယကာ-ဒါယိကာမတို့လာရောက်လျှောက်ထား၍ညွှန်ကြားသော ရဟန်းအား (ပါစိတ်,ဒုက္ကဋ်)အာပတ်တို့တွင် တပုံတရာ အာပတ္တိဒေါသ မရောက်ဟူ၍ ပြဆိုတော်မူကြသည်။ယင်းသို့ဖြစ်၍ ယခုအမှု၌လည်း ဗေဒင်,ပိဋကတ်ကျမ်းဂန်,အရပ်ရပ်တို့၌ လိမ်မာပြောင်းတီး တဘက်ကြီးတတ်တော်မူလှသော (ခုနှရင်းဆိတ်)ရွာ စိတြာရာမဂိုဏ်းအုပ် ဆရာတော်ဘုရား အကြီးအမှူးဦးစီးနာယက ပြုလုပ်သော အလုပ်ဖြစ်သည်၊ ထိုဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ကပင် ကျေးရွာသားများ လျှောက်ထားကြသော ကြောင့်၊ ခိုက်ရန်ဒေါသ မဖြစ်၊ သင့်တင့်ညီညွတ်ကြရန် အများသံဃာတို့ သဘောတူနေရာချထားကြသည်၊ ထီး,တံခွန်,ကုတ်ကား,မုလေး,ကြက်လျှော။ဆွမ်းဘုံဘွယ်ဘောဇဉ်တို့ကို ဒါယကာတို့ သဒ္ဓါကြည်ဖြူရှိရာကို စိတ်ကရည်ရော်၍ လှူဒါန်းပူဇော်ကြရမည်ဟု စေခိုင်းကြောင်းကို မိန့်ဆိုသောကြောင့်ငင်း၊ အများသံဃာတို့နှင့် ကျေးရွာသား သံဃာတော် ချထားသောနေရာကိုသဘောတူသော သွေးသောက်ကြီး ရွာအုပ်သူကြီးအစရှိသော သူများကလည်း ဤအတိုင်းပင် သညီ တညွတ်ထည်း ထွက်ဆိုကြသောကြောင့်ငင်း၊ ပြဆိုအပ်ခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ တို့ဖြင့် ဝိနိတကဂိုဏ်းထောက် ဆရာရှင် (သြဘာသ)၌ ပါစိတ်အာပတ် ဒုက္ကဋ်အာပတ်တို့တွင် တပုံတရာ အာပတ္တိဒေါသ မထင် ကင်းစင်လွတ်မြောက်သည်၊ ။

``ငင်းပြင်သံဃာတော်တို့သဘောတူညီချထားသောနေရာကိုသဘောညီနှစ်သက်ကြပါမည်ဟုဝန်ခံပြီးမှသံဃာတော်၏ အမိန့်အာဏာကိုလွန်ဆန်၍တဘက်တလမ်းပြုလုပ်ကြသူဒါယကာ(ငပိုက်-ငပိန်-ငဖိမ့်-မိကြွယ်) အမှုးရှိသောသူတို့ကတိုက်တွန်းစေခိုင်း၍သာမဏေ(ဝိလာသ)ရေးစီသောစာလွှာ၌။(အရှင်မြတ်ဩဇာကိုနာယူရှက်ဆင်၍။ ဘောဇဉ်-ခဲဘွယ်၊အသွယ်သွယ်-ဝတ္ထုလည်း။ညစ်ညူး-ပုတ်သိုး။ဟောင်းဆိုးနွမ်းကြီး။ပျက်စီးသည်-များစွာ)ဟူသောစကားရပ်ဖြင့်။ ဂိုဏ်းထောက်ဆရာရှင်ဩဘာသကြောင့်များစွာသောဆွမ်းခဲဘွယ်ဘောဇဉ်တို့ ပျက်စီးရသည်ဟု အဓိပ္ပါယ်ရ၍။ ရဒိတကရှင်ဩဘာသကို(ဘဏ္ဍာဒေယျ)ဖြင့်၊ စောဒနာရောက်သည်။ သို့ပင်ဘဏ္ဍာဒေယျဖြင့်စောဒနာသော်လည်း။ ပျက်စီးဆုံးပါးလေသော ဆွမ်းခဲဘွယ်စသည်တို့သည်၊ ရှင်ဩဘာသကြောင့် ပျက်စီးရသည် မဟုတ်၊ သံဃာတော်၏အမိန့်အာဏာကိုလွန်ဆန်သောသူတို့၏၊မလိမ္မာသည့် အတွက်ကြောင့်သာပျက်စီးရခြင်း ဖြစ်သည်၊ ဝိနည်းကျမ်းဂန် တို့၌လည်း၊ ပစ္စည်းရှင်ကြောင့်ပျက်စီးဆုံးပါးသော ပစ္စည်းများကို။ ရဟန်းက ဘဏ္ဍာစားပေးလျော်ရမည်ဟုမလာ-မပါ။ထို့ကြောင့်၊ဂိုဏ်းထောက်ဆရာ ရှင်ဩဘာသ၌(ဘဏ္ဍာဒေယျ)မဖြစ်ဟူ၍သာမှတ်ရမည်၊ ။

ငင်းပြင်တောင်ကျောင်းဆရာရှင်ဂုဏသည်၊၊အများသံဃာတို့ ဘက်သို့မလိုက်။ခိုက်ရန်ဖြစ်ပွားအောင်ဒါယကာများကို အားပေး အားမြှောက်ပြုလုပ်နေသည်ဟုအဆိုရှိ၍၊ ရှင်ဂုဏ၏အစစ်ခံထွက်ဆိုချက် စကားရပ်ရကိုဆင်ခြင်လျှင် တပည့်တော်မှာ၊ ပြုလုပ်နေကြနေရာ၌၊သာသဘောတူပါသည်-ဟူသောစကားတရပ်။ စာရေးသည်ကိုလည်းသိပါ၏။ စာဘတ်သံကိုလည်းကြားပါ၏။စာရေးလည်းမခိုင်း၊စာဘတ်လည်းမခိုင်း၊ စာရေး-စာဘတ်သည်ကိုလည်းမတားမြစ်-ဟူသောစကားတရပ်။ ဤစကားနှစ်ရပ်တို့ဖြင့်။ရှင်ဂုဏသည်။မိမိကရဟန်းတပါးဖြစ်လျက်၊ရဟန်းသံဃာများနှင့် စိတ်နေစိတ်ထားသဘောကွဲပြား၍။ ဂိုဏ်းထောက်ဆရာအား ဆဲရေးပုတ်ခတ်ရန်ဒါယကာများကို အားပေးအားမြှောက် ပြုလုပ်လုပ်ကြောင်း ထင်ရှားသည်၊အကယ်၍အားပေးအားမြှောက်မဟုတ်လျှင်။ မိမိကျောင်း၌ရှိသောတပည့်သာမဏေ(ဝိလာသ) မသင့်မတင့်စာရေးသည်ကို သိမြင်ပါလျက်တားမြစ်ဆုံးမဘို့ရာရှိသည်။ မိမိအလုပ်အကျွေး ဒါယကာများကိုလည်း၊ လိမ္မာယဉ်ကျေးအောင်ဆုံးမဘို့ရာရှိသည်။မြင်တွင်ဘုန်းကြီး (ဦးပဒုမ) က

လည်း၊ရှင်ဂုဏာသည်၊ ဒါယကာများကို အားပေးအားမြှောက် ပြုလုပ်နေကြောင်းကိုထွက်ဆိုသည်၊သာမဏေ(ဝိလာသ)သည်။ စာစီစာရေးအရာ၌ ပညာအရည်အချင်းနှင့်မပြည့်စုံသည်ဖြစ်၍။ဆရာရှင်ဂုဏာ၏ နည်းပေးလမ်းပြပြုလုပ်နေကြောင်းထင်ရှားသည်။ယင်းသို့ဖြစ်၍ စာရေးသူသာမဏေဝိလာသ၊ရှင်း၏အဖဖြစ်သူဒါယကာ(ငပိုက်)စာဖတ်သူဒါယကာ (ငဗိမ့်) စာရေးပေးပါဟုတိုက်တွန်းသူ(ငပိန်-မိကြွယ်)အမှုးရှိသောဆဲရေးပုတ်ခတ်ကြသူ၊ ပရိသာတ် အလည်တည်းဟူသော အကာလ-အဌာန အရပ်၌။ အရှက်တကွဲ အကျိုးနဲ့ဖြစ်ရ‌ေလအောင် စောဒနာကြသူ လူတစုတို့က၊ ဂိုဏ်းထောက်ဆရာရှင်ဩဘာသကို၊ မိမိတို့စိတ်လိုက်မာန်ပါပြစ်မှားမိသော အပြစ်တို့မှကင်းလွတ်ကြစေရန်။ အများသံဃာတော်တို့၏ ရှေ့မျက်မှောက်၌ ပင်သုံးကြိမ်သုံးခါလက်အုပ်ချီမြှောက်၍ ကံတော့ဝန်ချ တောင်းပန်ကြစေ။ ငှင်းပြင်(ခုံရင်းဆိတ်)ရွာ-စိတြာရာမ-ဆရာတော်ကြီးဘုရားအမှူးရှိသော သံဃာတော်မြတ်တို့က၊နောက်နောင်ကာလ။ဤကဲ့သို့အမှုမျိုးကိုမပြုမလုပ်ကြရန်ယဥ်ကျေးလိမ္မာအောင် ပေးအပ်သော (ဿဒဏ်) အခေါက်ပေါင်းခြောက်ဆယ်စီကိုလည်းထမ်းဆောင်ကြစေ။ ၊

ငှင်းပြင်။ ဤမလဲသာရွာသည်အခြားရပ်ရွာနှင့်မတူ၊ သောင်းကျန်းခက်ထန်လှသူပေါများသည်ဖြစ်၍။ အမှုအခင်းပေါ်ပေါက်ဖန်များလှသည်၊ အမှုအခင်းရှိတိုင်းလည်း။ဂိုဏ်းထောက်၊ဂိုဏ်းအုပ်-ပုဂ္ဂိုလ်တို့စီရင်ဝံ့စရာမရှိ။ တရွာထည်း၌ပင်၊တောင်ရပ်၊မြောက်ရပ်၊ကွဲပြား၍ခိုက်ရန် ဒေါသဖြစ်ပွားလျက်ရှိနေကြသည်။ ရဟန်းချင်းလည်း တပါးနှင့်တပါး(စိတ်နေစိတ်ထား)ကွဲပြားသည်များ၏။ရဟန်းတော်များမှာ။ ၊ဇဝံသံဝဆုာဟိတာဿာဘဂဝတောပရိသာ ယဒိဒံအညမညာဝစနေန အညမညဝုဋ္ဌာပနေန၊ ၊ဟူသောဒေသနာကိုနှလုံးပိုက်၍သင့်တင့်ညီညွတ်စွာပေါင်းသင်းနေထိုင်ကြရမည်။ ။

လူဒါယကာတို့မှာကား။ ငါတို့-ယဉ်ကျေး-လိမ္မာ-သင့်တင့်-ညီညွတ်စွာဖြစ်အောင်တရားဓမ္မဟောပြောပြသ၍ဆုံးမအပ်သောဩဝါဒကို လိုက်နာကြ၍၊ရှေးကကဲ့သို့မကွဲမပြား၊ သင့်တင့်-ညီညွတ်စွာ နေထိုင် ကြမည်လော၊သို့မဟုတ်ဆိုင်ရာအစိုးရတရားရုံးတော်သို့လွှဲအပ်တင်ပို့သည်ကို နှစ်သက်ကြသလော-ဟုမေးမြန်းရာ။သွေးသောက်ကြီးရွာသူကြီးငသော၊ကျေးရွာနေလူကြီးများက၊ဂိုဏ်းချုပ်ဆရာတော်၏ဩဝါဒကိုလိုက်နာ၍ ရှေးကကဲ့သို့မကွဲမပြားညီညွတ်စွာ ပေါင်းသင်းနေထိုင်ကြပါမည်ဟု ပဋိညာဏ်-

ဝန်ခံချုပ်ပြုလုပ်ပေးကြသည့်အတိုင်း၊ တောင်ရပ်၊ မြောက်ရပ်၊ **အကွဲအပြား**မရှိ၊ကောင်းမွန်ညီညွတ်စွာ၊ ရှေးကကဲ့သို့ပေါင်းသင်းနေထိုင်ကြရမည်၊ ဂိုဏ်းချုပ်, ဂိုဏ်းထောက်မှစ၍၊ ရဟန်းသံဃာတော်တို့ဆိုဆုံးမသည့် ဩဝါဒ၌၊ကောင်းမွန်စွာတည်နေကြရမည်၊ ရဟန်းသံဃာတို့ကလည်း၊ မယဉ်ကျေး၊မလိမ္မာသေးသောဒါယကာ၊ ဒါယိကာမတို့ကို ယဉ်ကျေး လိမ္မာအောင်။တရား-ပေစာ-ဟောပြောခါဖြင့်၊သာယာညှင်းပျောင်း၊ စိတ်ကောင်းထား၍။ ဆုံးမ-ဩဝါဒ-ပေးကြရမည်၊ ဤကဲ့သို့ဆိုဆုံးမသည့် အတိုင်းကောင်းမွန်သင့်တင့်ညီညွတ်စွာမနေထိုင်ကြ၊ ကွဲပြား မြဲတိုင်းကွဲပြားကြ၍။ မသင့်မတင့်ခိုက်ရန်ဒေါသဖြစ်နေကြသည်ဟုကြားသိရလျှင်၊ ဆိုင်ရာအစိုးရတရားရုံးတော်သို့ လွှဲအပ်ရုံမျှမက၊ ၁၁ဝ ရှင်-တရားမင်းမြတ်၏ ရွှေနားတော်ကြား။မေတ္တာစာရေးသား၍သွင်းရလိမ့်မည်။ ။

ကောဇာသက္ကရာဇ်(၁၂၃၄)ခုနှစ်၊တကူးလဆန်း (၁၁) ရက်နေ့တွင်။ ခုံရင်းဆိပ်ရွာ-စကြာရာမ-ဂိုဏ်းချုပ် ဆရာတော်ကြီး အမှူးရှိသော၊ဂိုဏ်းချုပ်ဂိုဏ်းထောက်-ဂိုဏ်းသား- ရဟန်းသံဃာ- များစွာသောပရိသတ်**အပုံအညီအစည်းအဝေး**၌။ ခင်မွန်ရွာ၊ (သုံးဂိုဏ်းချုပ်) ဆရာတော်ဘုရားကြီးသည်။ ဝိနည်းကျမ်းဂန်ဝိမ္မက်နှင့် အညီရေးစီဆုံးဖြတ်**အပ်**သောအဆုံး**အဖြတ်**၊ ၊

## ဤဝိနိစ္ဆယ၌ပါသော-ယတာက္ကမသာဓကပါဠိတို့၏ အနက်ကား၊

(က) **သံဃံ**၊သံဃာ့အစည်းအဝေးသို့၊ဥပသင်္ကမန္တေန၊ ချဉ်းကပ်လိုသော၊သင်္ဂါမာဝစရေန၊ အဓိကရုဏ်းကိုဆုံးဖြတ်အံ့သော၌။ သံဃာ့အစည်းအဝေးတည်းဟူသောစစ်မြေပြင်သို့သက်ဝင်သော။ ဘိက္ခုနာ၊ သူရဲကောင်းနှင့်တူသောဝိနည်းဓိုရ်ရဟန်းသည်။ နိုင်စိတ္တေန၊ နိမ့်ချသောစိတ်ဖြင့်၊ ရဇောဟရဏသမေန၊ခြေသုတ်ပုဆိုး၊ခြေသုတ်ကြိုးဝန်းနှင့်တူသော။စိတ္တေန၊ စိတ်ဖြင့်။ **သံဃော**၊သံဃာသို့၊ဥပသင်္ကမိတဗ္ဗော၊ချဉ်းကပ်အပ်၏၊ အာသနကုသလေန၊နေရာ၌ လိမ္မာသည်။ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ လ၊ သန္တာဂတိ၊ သန္တဂတိသို့၊ နဂန္တဗ္ဗံမလား**အပ်**၊ဒေါသာဂတိ၊သို့၊နဂန္တဗ္ဗံ၊အပ်၊ဘယာဂတိ၊သို့၊နဂန္တဗ္ဗံ၊အပ်၊ မောဟာဂတိ၊သို့၊နဂန္တဗ္ဗံ၊**အပ်**။ ဓမ္မေသုစ၊ တရားတို့၌၎င်း။ ပုဂ္ဂလေသုစ၊ပုဂ္ဂိုလ်တို့၌၎င်း။မဇ္ဈတ္တေန၊ လျစ်လျူရှုသည်၊ဘဝိတဗ္ဗံ၊ဖြစ်

ရာ၏၊ ဝေဠုပန၊ ဤသို့လျှင်။ အနုဝိဇ္ဇမာနော၊ မေးစိစစ်သော။ ဝါ။ ရှိသော်၊ အနုဝိဇ္ဇကော၊ ဝိနည်းမိုရ်ရှုပ်ဟန်းသည်။ သဗ္ဗညုဖြတ်စွာဘုရားသခင်၏၊ သာသနကရောစေဝ၊ သာသနာတော်ကိုပြုသည်လည်း။ ဟောတိ၊ ဖြစ်၏၊ ဝိညူနံ။ ပညာရှိကုန်သော။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဖော်တို့ သည်လည်း၊ ပိယောစ၊ ချစ်ခင်အပ်သည်လည်း၊ ဟောတိ၏။ မနာပေါစ၊ နှစ်သက်အပ်သည်သည်း။ ဟောတိ၏။ ဂရုစ၊ အလေးအမြတ် ပြုအပ်ပြုရာသည်လည်း။ ဟောတိ၏၊ ဘာဝနီယောစ၊ မေတ္တာဖြင့်ပွားများရာသည်လည်း၊ ဟောတိ၊ ဖြစ်၏၊ ။ပရိဝါပါဠိတော်စူဠသင်္ဂါမအနက်။

(ခ) စေတိယသဿ၊ စေတီတော်တဆူအား၊ ပရိဏတံ၊ လှူအံ့ဟု စိတ်ရည်ညွတ်ပြီးသောဝတ္ထုကို။ အညစေတိယဿဝါ၊ တဆူသောစေတီတော်အားရင်း၊ သံဃဿဝါ၊ သံဃာအားရင်း၊ ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်အားရင်း။ ပရိဏာမေတိ၊ လှူကြလောဟု ညွတ်စေပြောအံ့။ အဿ၊ ထိုရဟန်းအား။ ဒုက္ကဋာပတ္တိ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်။ ။ပါရာဇိကဏ်ပါဠိတော်အနက်၊

(ဂ) ကတ္တ၊ အဘယ်အရပ်၌၊ ဒေမ၊ လှူဒါန်းရပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိယမာနော၊ မေးအပ်သည်ရှိသော်၊ ဝါ၊ မေးအပ်သောရဟန်းသည်။ ယတ္ထ၊ အကြင်အရပ်၌။ တုမှာကံ၊ သင်တို့၏၊ ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုသည်။ ပရိဘောဂံဝါ၊ သုံးဆောင်ခြင်းကိုလည်း။ လဘေယျ၊ ရရာ၏၊ ပဋိသင်္ခါရံဝါ၊ ပြုပြင်ခြင်းကိုလည်း။ လဘေယျ၊ ရ၏။ စိရဋ္ဌိတိကောဝါ၊ ရှည်မြင့်စွာတည်သည်လည်း၊ အဿ၊ ဖြစ်ရာ၏။ ဝါ ပန၊ သို့မဟုတ်–တနည်းကား၊ ယတ္ထ၊ ၌။ တုမှာကံ၊ သင်ဒါယကာတို့၏။ စိတ္တံ၊ စိတ်သည်။ ပသီဒတိ၊ ကြည်ညို၏၊ တတ္ထ၊ ထိုအရပ်၌။ ဒေထ၊ လှူကြကုန်လော၊ ဣတိ၊ ဤသို့။ ဘဏတိ၊ ပြောဆိုအံ့၊ အနာပတ္တိ၊ အာပတ်မသင့်။ ။ပါရာဇိကဏ်ပါဠိတော်အနက်။

(ဃ) ပန၊ အထူးကိုဆိုဦးအံ့။ ဒါယကာ၊ တို့သည်။ မယံ၊ တပည့်တော်တို့သည်၊ သံဃဿ၊ သံဃာတော်အား။ ဘတ္တံ၊ ဆွမ်းကို။ ဒါတုကာမာ၊ လှူဒါန်းလိုပါကုန်၏။ စေတိယဿ၊ စေတီတော်အား။ ပူဇံ၊ ပူဇော်မှုကို။ ကာတုကာမာ၊ ပြုလိုပါကုန်၏။ ဧကဿ၊ တပါးတယောက်သော၊ ဘိက္ခုနော၊ ရဟန်းအား။ ပရိက္ခာရံ၊ သင်္ကန်း,သပိတ်–စသောပရိက္ခရာကို၊ ဒါတုကာမာ၊ လှူဒါန်းလိုပါကုန်၏၊ တုမှာကံ၊ အရှင်ဘုရားတို့၏။ ရုစိယာ၊ အလိုအားဖြင့်၊ ဒဿာမ၊ လှူဒါန်းပါကုန်အံ့။ ဘဏထ၊ မိန့်တော်မူကြပါကုန်။ ကတ္တ၊ အဘယ်

အရပ်၌။ဒေမ၊ လှူဒါန်းရပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ သစေဝဒန္တိ၊ အကယ်၍ လျှောက်ဆိုကုန်အံ့။ ဧဝံဝုတ္တေ၊ ဤသို့လျှောက်ဆိုသည်ရှိသော်၊ တေနဘိက္ခုနာ၊ ထိုရဟန်းသည်၊ ယတ္ထ၊ အကြင်အရပ်၌၊ ဇာနထ၊ လှူဒါန်းလိုကြကုန်၏။ တတ္ထ၊ ထိုသင်တို့လှူဒါန်းလိုသောအရပ်၌။ဒေထ၊ လှူဒါန်းကြကုန်လော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ပြောဆိုလိုက်အပ်၏။ ပန၊ တနည်းအထူး။မိန့်ဆိုဦးအံ့၊ ကတ္ထ၊ အဘယ်အရပ်၌။ ဒေမ၊ လှူဒါန်းရပါကုန်အံ့နည်း၊ ဣတိ၊ ဤသို့။ သစေပုစ္ဆန္တိ၊ အကယ်သာရောက်မေးကုန်အံ့။ ဧဝံသတိ၊ ဤသို့ မေးလျှောက် လာသည် ရှိသော်။ ပါဠိယံ၊ ပါဠိတော်၌၊ အာဂတနယေနေဝ၊ လာသောနည်းဖြင့်သာ လျှင်၊ ဝတ္တဗ္ဗံ၊ ပြောဆိုလိုက်အပ်၏။ ။ပါရာဇိကကဏ်အဋ္ဌကထာအနက်။

(င) ကပ္ပိယံဒေမာတိအာဒိနာ၊ ကပ္ပိယံဒေမ-အစ ရှိသော။ ဧကေနာကာရေန၊ တခုသောအခြင်းအရာဖြင့်။ ပါဠိယံ။ပါဠိတော်၌။အနာပတ္တိ၊ အာပတ်မသင့်သည်ကို၊ ဒဿိတာ၊ ပြဆိုတော်မူအပ်၏။ ဧဝံပန၊ ဤသို့လျှင်၊ အပုစ္ဆိတေပိ၊ မမေးအပ်သော်လည်း၊ ဣဒံ၊ ဤလှူဖွယ်ဝတ္ထုသည်။ အပရိဘောဂံ၊ မရည်မှူး,မညွှတ်အပ်သေးသော ဝတ္ထုတည်း။ ဣတိ၊ ဤသို့၊ ဇာနန္တေန၊ ဟုတ်တိုင်းမှန်စွာ သိသောရဟန်းသည်။ အတ္တနော၊ မိမိတည်းဟူသော ရဟန်း၏။ရုစိယာ၊ အလိုအားဖြင့်။ ယတ္ထ၊အကြင်အရပ်၌၊ဇာနထ၊ လှူဒါန်း လို၏၊တတ္ထ၊ ထိုမိမိလှူဒါန်းလိုသောအရပ်၌။ဒါပေတုံ၊ လှူဒါန်းစေခြင်းငှာ၊ ဝဋ္ဋတိ၊သင့်လျော်လျောက်ပတ်အပ်ပါ၏။ဣတိ၊ဤသို့။ တီသုပိဂဏ္ဌိပဒေသု၊ ဂဏ္ဌိပုဒ်သုံးစောင်တို့၌လည်း၊ဝုတ္တံ၊ဆိုအပ်၏။ ယတ္ထ ဇာနထ တတ္ထဒေထာတိ ဧတ္ထာပိ၊ယတ္ထဇာနထ တတ္ထဒေထ ဟူသောစကားရပ်၌လည်း။ တုမှာကံ ရုစိယာတိ၊တုမှာကံ ရုစိယာ ဟူ၍။ ဝုတ္တံဟောတိ၊ ဆိုအပ်သည်၏ အဖြစ် ကြောင့်၊ယတ္ထ၊အကြင်အရပ်၌။ဇာနတိ၏၊တတ္ထ၌။ဒါပေတုံငှာ၊ လဗ္ဘတိ၊ ရ၏။ ။တေရသကဏ်ဋီကာအနက်။

(စ) ယဒိဒံ-ယေန ဉာဏိနာ အညမညဝစနေန၊ အကြင်အချင်းချင်း ဆိုဆုံးမခြင်းဖြင့်။ ယဒိဒံ-ယေန ဉာဏိနာ အညမည ဝုဋ္ဌာပနေန၊ အကြင် အချင်းချင်း အာပတ်မှထမြောက်စေခြင်းဖြင့်၊သံဝဍ္ဎာ၊ တိုးပွားခြင်းသည်၊ အတ္ထိ၊ ရှိ၏။ဧဝံ ဉာဏိနာ ကာရဏေန၊ ဤသို့အချင်းချင်း ပြောဆိုဆုံးမခြင်း၊ အာပတ်မှထမြောက်စေခြင်း ဟူသော အကြောင်းကြောင့်၊ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားသခင်၏။ ပရိသာ၊ပရိသတ်သည်။ သံဝဍ္ဎာတိ-

သုတေသနစာကြည့်တိုက်
ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
၃-ရိုက်မှုဖြတ်တွာ ဓာတ်အား၊ ရန်ကုန်။ 

သံဝစ္ဆာဧဝ၊ မြင့်မြတ် ကြီးမား။ တိုးပွားသည့်လျှင်တည်း။ ။မာတိကာ အနက်။

ဒုတိယ-မလဲသာရွာ-
ဘုရားပွဲတော်မှုဖြတ်စာပြီးပြီ၊

တတိယဝိနိစ္ဆယ {ရိုက်မှု-ဖြတ်စာ။}
၁၂၃၄ခုနှစ်။ဖြတ်ထုံး-၃။

အလုံမြို့၊ အောက်တိုက်နယ်အဝင်အပါ (မလဲသာ) ရွာ၌၊ ရွာအုပ် (ငရေချမ်း)ဆိုသူက-ဘုရားတပည့်တော်နှင့် နှမဖြစ်သူ(မိတုံ)၎င်း၏သား၊ (ငရွှေရောင်)တို့ကို၊ တောင်ကျောင်းဆရာ (ဦးဂုဏ)ကရိုက်နှက်ပုတ်ခတ် ပြုလုပ်ပါသည်ဟု လျှောက်ထားချက်ရှိသည်ဖြစ်၍၊ တောင်ကျောင်းဆရာ၊ ရှင်ဂုဏကိုစစ်ဆေးမေးမြန်းရာ တောင်ကျောင်းဆရာ (ရှင်ဂုဏ)က-ရွာအုပ် (ငရေချမ်း) လျှောက်ချက်အတိုင်း-ဒေါသအလျောက် စိတ်လိုက်မာန်ပါပြု လုပ်မိသည် မှန်ပါပေသည်ဟုဝန်ခံသောကြောင့်၊နောက်နောင်အခါ ဒေါသ အလျောက် စိတ်လိုက်မာန်ပါ မပြုမလုပ်အောင်အုံးမပြောဆိုသတိပေးဝန်ခံ သူပေးရမည်ဟု တောင်းဆိုလျှင်၊မြင်သာကျောင်း-(ဦးသိရိ) နှစ်ပါးတို့ကို -တာဝန်ခံပါဟု (ရှင်ဂုဏ)က-တောင်းပန်၍။ ၎င်း(ဦးသိရိ) နှစ်ပါးတို့က- တာဝန်ခံသောကြောင့်၊အထက် ရွှေကျင်ဆရာတော်ကြီး၏၊(ဥပဒေ)တော် အရ(သဲဒဏ်)အခေါက်ပေါင်း (၆၀) ခြောက်ဆယ်ကိုထမ်းဆောင်စေ၍။ ၎င်းပြင်။ ။

(က) အနုပသမ္ပန္နဿ ဟုဝိတော အနုတ္တမနော ပဟာရံ ဒေတိ၊ အာပတ္တိ ဒုက္ကဋဿ၊ ။ပါစိတ်ပါဠိတော်၊

(ခ) အနုပသမ္ပန္နဿာတိ ဂဟဋ္ဌဿဝါ ပဗ္ဗဇိတဿဝါ ဣတ္ထိယာဝါ ပုရိသဿဝါ အန္တမသော တိရစ္ဆာနဂတဿာပိ ပဟာရံဒေတိ၊ ဒုက္ကဋံ။ ။ပါစိတျာဒိအဋ္ဌကထာ။

ဤသို့ မိန့်ဆိုတော်မူအပ်သော ပါဠိတော် အဋ္ဌကထာ တို့နှင့် အညီ။ မိမိပဋိညာဉ် ဝန်ခံချက်ပေးသည့် အတိုင်း၊ ရဟန်း (ရှင်ဂုဏ)၌ သင့် ရောက်လျက်ရှိသော၊ ပဟာရသိက္ခာပုဒ်၏အန္တရာပတ်ဖြစ်သော (ဒုက္ကဋ်) အာပတ်ကို။အာယတိ သံဝရ တရား၌တည်၍။ များစွာသော ရဟန်းသံ ဃာတော်တို့၏ရှေ့မျက်မှောက်၌၊ (ဒေသနာ) ကံဖြင့်ကုစား၍ငြိမ်းစေ။ ။

၄၈၉၂ ကမ္ဘာ့အေးစေတီ
စာကြည့်တိုက်

ဝန်ခံချက်အတိုင်း(ဦးသိရိ)နှစ်ပါးတို့ကလည်း၊ရှင်ဂုဏာကိုနောက်နောင်ကာ လ၊ဒေါသ၊အလျောက် စိတ်လိုက်မာန်ပါမပြုမလုပ်ရအောင် ပြောဆိုဆုံးမ ရမည်။ ဤသို့ပြောဆိုဆုံးမသည်ကိုမနာမယူ ပေါက်ကျားကျူးလွန်ရှိလျှင်၊ တာဝန်ခံ ပုဂ္ဂိုလ်တို့က (ပါတိမောက်ခုပ်) ပုဂ္ဂိုလ်တို့ထံ လျှောက်ထား တိုင်တန်းရမည်။ ပါတိမောက်ခုပ် ပုဂ္ဂိုလ်တို့ကလည်း အပြစ်အလျောက် နှစ်ကြိမ်-သုံးကြိမ်-ဒဏ်ပေးဆုံးမရမည်။ နှစ်ကြိမ် သုံးကြိမ်ထက် အလွန် ပေါက်ကျားကျူးလွန်ရှိခဲ့ပြန်လျှင်၊ (အာပတ္တိဗဟုလ)ပုဂ္ဂိုလ်ဖြစ်၍(အာမခံ, ဆရာတပါးထံ မှီခိုဆည်းကပ်နေထိုင်စေ၊ ။ရွာအုပ်(ငရဲချမ်း) နှမ,သွီး, သားတို့လည်းကျောင်း၏အနီးအပါး၌ မကြားကောင်းမနာသာ ဖရုသဝါစာ စကားများကိုပြောဆိုကြောင်းနှင့်၊ရဒိတက(ရှင်ဂုဏ)၏ထွက်ဆို လျှောက် ထားချက်ရှိသောကြောင့်၊ ရွာအုပ်(ငရဲချမ်း)နှင့်တကွ နှမ သွီး သား တရ တို့က၊ ဆရာရှင်ဂုဏာကိုစိတ်ကြေနပ်လောက်အောင် များစွာသောလူပရိ သတ်ရဟန်းပရိသတ်တို့၏ အသည်၌သုံးကြိမ်သုံးခါလက်အုပ်ချီမြှောက် ၍ကံတော့ဝန်ချ တောင်းပန်၍ ပြေငြိမ်းစေ။ ။ငင်းဖြင်သံဃာတော်တို့ သ ဘောတူညီ ပေးသော (သဲဒဏ်-ရေဒဏ်) တို့ကိုလည်း အခေါက်ပေါင်း ခြောက်ဆယ်စီထမ်းဆောင်ကြစေ၊ ။နောက်နောင်ကာ လည်း။ယခုကဲ့သို့ ရဟန်းသံဃာများကိုဆဲရေးပုတ်ခတ် ပြုလုပ်သည်ဟုကြားသိရလျှင်။ ဆရာ တော်တို့ကဆိုင်ရာအမိုးရုံးတော်သို့လွဲအပ်ရလိမ့်မည်။ ရှင်ဂုဏာကလည်း နောက်နောင် မတော်မသင့် ပြုကျင့်သူတစုံတရောက် ပေါ်ပေါက်လာလျှင်၊ သာယာညှင်းပျောင်းတရားသဖြင့်သာပြောဆိုဆုံးမရမည်။

သက္ကရာဇ်(၁၂၃၄)ခုနှစ်-တကူးလွန်း(၁၁)ရက်နေ့တွင်၊ ခံရေးဆိပ်ရွာ စိတြာရော့ ဂိုဏ်းအုပ် ဆရာတော်ကြီး အမှူးရှိသော ဂိုဏ်းအုပ် ဂိုဏ်း ထောက် ဂိုဏ်းသားရဟန်း သံဃာများစွာသော ပရိသတ်တို့ အစုံအညီ အစည်းအဝေးတွင်း၌၊ ခင်ပွန်းရွာ (သုံးဂိုဏ်းချုပ်) ဆရာတော်ဘုရားကြီး သည် ဝိနည်းကျမ်းဂန် ထပ်မှကာနှင့် အညီ-ရေးစီဆုံးဖြတ် အပ်သော အဆုံး အဖြတ်။

ဤဝိနိစ္ဆယ၌ပါသော ယထာဟ္မ သာဓကပါဠိတို့၏

အနက်ကား၊

(က) အနုပသမ္ပန္နဿ၊ပဉ္စင်းမဟုတ်သောသူအား၊ ကုပိတော၊ ဒေါသ အမျက်ထွက်သည်ဖြစ်၍။ အနတ္တမနော၊နှစ်လိုဝမ်းမြောက်ခြင်း မရှိသည်

ဖြစ်၍၊ ဝါ၊နှလုံးနာသည်ဖြစ်၍၊ ပဟာရုံ၊ရိုက်နှက်ပုတ်ခတ်ခြင်းကို၊ ဒေတိ၊ ပေးအံ့။ဒုက္ခဝူသာ၊ဒုက္ခနှ်အာပတ်သို့၊အာပတ္တိ-အာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ။ပါစိတ်ပါဠိတော်အနက်။

(ခ) အနုပသမ္ပန္နဿာတိ၊ အနုပသမ္ပန္နဿ ဟူသည်ကား။ ဂဟဋ္ဌဿဝါ၊ အိမ်ရာတည်ထောင်နေသော လူအားရင်း။ပဗ္ဗဇိတဿဝါ၊ အိမ်ရာမထောင်၊ လူ့ဘောင်ခွာနေ၊သာမဏေပရိပိုဇ် ရသေ့အားရင်း။ ဇာတ္တိယာဝါ၊ မိန်းမအားရင်း၊ ပုရိသဿဝါ၊ ယောကျ်ားအားရင်း။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ တိရစ္ဆာနဂတဿပိ၊ ဆင်,မြင်း,ကျွဲနွား-စသော တိရစ္ဆာန်အားရင်း။ပဟာရံ၊ရိုက်နှက်ပုတ်ခတ်ခြင်းကို။ ဒေတိ၊ ပေးအံ့။တဿ၊ထိုရဟန်းအား။ဒုက္ကဋံ၊ဒုက္ကဋ်အာပတ်သင့်၏။ ။ပါစိတျာဒိအဋ္ဌကထာအနက်။

တတိယ-မလဲသာရွာ-ရိုက်မှုဖြတ်စာပြီးပြီ။

စတုတ္ထဝိနိစ္ဆယ-မေတ္တာစာသွင်းမှုဖြတ်စာ၊

၁၂၃၄-ခုနှစ်၊ဖြတ်ထုံး။ ၄။

ရတနာပုဉ္ဇ၊ နဂရကို။ မဆွတည်ထောင်၊ သမိုက်ဆောင်သည့်။ကုန်းဘောင်ဝံ့သာ၊ စဉ်လာနွယ်ရိုး၊ တန်ခိုးရှိန်စော်၊အာနုဘော်ဖြင့်၊ဘုန်းတော်ရောင်ခမောင်း၊ သောင်းတိုက်ပြောင်း၍။ ထီးဆောင်းရာဇာ၊မင်းတကာတို့။ သွင်းပဏ္ဏာပို့။ စင်းကားကြို့ရသော။ မြို့မန္တလာသခင်။ ပဉ္စမ သင်္ဂါယနာတင်။ ဘုရင်ထွန်းသျှောင်၊ မင်းခေါင်းမင်းဖျား၊ မင်းတရားကြီး၏ လက်ထက်တော်အခါ။ ကောဇာသက္ကရာဇ်။ တွက်စစ် ဖြောင့်တွေး၊ သုံးဆဲ့လေးသာ။ ထောင့်နှစ်ရာတွင်။ ဘုရင်ရာဇာ၊ ခွဲဝေဖြာသည့်။ မဟာမြေပုံ၊ မြို့အရံဝယ်၊ အလုံနယ်ရပ်။သတ်မှတ်ရာပါ။ မြို့မှ ရွာနှ်။ ပုဗ္ဗာရုံကျောင်း၊ ကိန်းအောင်းပျော်မှု၊ နေထိုင်ပြုသည့်၊ ရဒိတက(ရှင်ကေတု)၌။ ယခုဖြစ်ပွားလျက်ရှိနေသော (အဓိကရုဏ်း)ကို။ပြီးဆုံးစဲပြတ်၊ငြိမ်ဝပ်ပိပြားအောင် ဆုံးဖြတ်ရမည်ဖြစ်၍၊

(က) အာပတ္တိ ဒဿနေ သာဟော။နကတ္တဗ္ဗော ကုဒါစနံ။
ပဿိဿာမိ အနာပတ္တိ။မိတိကယိရာထ မာနသံ။ ။

(ခ) နဝ အာမိသံ နိဿာယ၊ နစနိဿာယ ပုဂ္ဂလံ၊
ဥဘောပေတေ ဝိဝဇ္ဇေတွာ၊ ယထာဓမ္မော တထာကရေ။ ။

ဟူသော အဋ္ဌကထာပါဠိတို့ဖြင့်၊ အာပတ်ကိုလည်းမရှု၊ ပုဂ္ဂလ, အာမိသ-နှစ်ပါးကိုလည်းမမှီ၊ ယထာဓမ္မဖြင့်သာဆုံးဖြတ်ရမည်ဟူ၍ မိန့်ဆိုအပ်သောဩဝါဒ,အနုသာသနကထာ-ကို ဦးထိပ်ရွက် ပန်ဆင်ပြီးလျှင်။ ရေးမှာထားလိုက်ရင်း (ဥပဒေ) ရှိသည့်အတိုင်း၊ ၎င်းအလွှာပါအဓိပ္ပါယ်စကားများကိုစဉ်းစားဆင်ခြင်။ မြော်မြင်ရှေ့နောက်။ ထောက်လှမ်း ရုံစမ်းစစ်ဆေးမေးမြန်း၍ ဆုံးဖြတ်ရမည်ဟု အထက်ဆရာတော် ဘုရားကြီးတို့ကလွှဲအပ်တော်မူလိုက်ကြသောကြောင့်၊ ရုံစမ်းထောက်လှမ်းလျှင်။ တရားငါးဆယ်ဗိုလ်မင်း (မဟာမင်းလှရာဇသူ)၏လျှောက်လွှာမှာ၊

သူပုန်ဖြစ်သူ- မုံရွာသူကြီးဟောင်း (မမိကျေး) ၏သား (ငအို) နှင့်၊ လယ်လုပ်သားဖြစ်သူ (ငထွန်း, ငအိုဇာ, ငကြေးနီ)တို့သည်။ အလုံမြို့အောက်တိုက်မုံရွာမြို့ ပုဗ္ဗာရုံ ကျောင်းဂိုဏ်းထောက် ဆရာ (ဦးကေတု) နှင့် ပူးပေါင်း ကြပြီးလျှင်၊ မုံရွာသူကြီး (ငချစ်ပု) ကြောင့် ကျေးရွာမငြိမ်မသက် ဖျက်ပြားရှိနေကြောင်းနှင့် (မေတ္တာစာ) ရေးသွင်းမည် ရှိနေပါသည်ဟူ၍၎င်း။ ။မုံရွာဂိုဏ်းထောက် ဆရာ (ဦးကေတု) က၊ သူပုန်တို့နှင့် ဆွေးမျိုးဉာတကာဆရာဒကာဖြစ်၍။ အမှုကိုမဟုတ်မလျှော(မေတ္တာစာ) ရေးသားသွင်းထားရှိနေပါသည်ဟူ၍၎င်း။ ပါရှိသောကြောင့်၊ မုံရွာဂိုဏ်းထောက်ဆရာ(ဦးကေတု)ကိုစစ်ဆေးမေးမြန်းသောကာလ၊ မကွယ်မဝှက်ဖြစ်ပျက်သမျှအမှုအကုန်အလုံးပုံကို။ ဟုတ်မှန်ကြောင်းနှင့်၊ ဤအလွှာပင်ဖြစ်ပါသည်ဟု( မေတ္တာစာ )ကိုသွင်းပြသည့်ကာလ။ အထက်ဆရာတော်တို့က ပေးအပ်လိုက်သောအလွှာနှင့်- တိုက်ဆိုင်ကြည့်ရှုရာ။ မတိမ်း မစောင်း ( ညီညွတ်သည်ဖြစ်၍။ ၎င်းမေတ္တာ စာလွှာ၏အဓိပ္ပါယ်သဘောအရကိုဆင်ခြင်လျှင်၊

## ရုံရွာသူကြီး(ချေစ်ဗု)ကြောင့်ရင်ရွာပျက်ပြားကြောင်း။

သူကြီး(ချေစ်ဗု) ကိုရာထူးဌာနန္တရမှချထားစေလိုကြောင်းများကို ဆိုသောစကားများမပါမရှိ။ အမှုထမ်းသား,ကြေးပေးကြီးငယ်တရုတ်တို့ ကြံဖက်ညီနှစ်သက် သဘောတူသော (သော်ဦး) ကို နေရာတကျရှိအောင်။ ဒကာတော်အလုံဝန်မင်းကြီး ( မဟာသမိန်ပရမ်း )က သာသနဒါယကာ ဇေကရာဇ်မင်းမြတ်၏ရွှေနားတော်ကြား (သံတော်ဦး)တင်၍၊ ကျေးရွာ နေရာတကျရှိစေချင် ကြောင်းကို အမိန့်ရှိလိုက်ပါသည်။ ဒကာတော်အလုံဝန်မင်းကြီး(မဟာသမိန်ပရမ်း)ဟူ၍သာပါရှိသည်။

အကယ်စင်စစ်၊ မြို့ဝန်,သူကြီး,စစ်ကဲ,နားခံ-စသော တရုံ တယောက်သောသူ၏ရာထူးဌာနန္တရကို လုယက်၍၊ တပါးသောသူအားပေးစေကာမူ၊ တရုသော ဂါမခေတ်၌အစိုးရ (ဋ္ဌသရိယဘာဝ, ဂါမဘောဇကတ္တ) ဖြစ်သော ရာထူးဌာနန္တရသည်။ ကြေးငွေများစွာ(ပဏ္ဏာကာရ)ဖြင့် ခံယူရရှိသော ရာထူးပင်ဖြစ်သော်လည်း။ ပရပရိဂ္ဂဟိတသန္တက မဟုတ်၊ ပရပရိဂ္ဂဟိတသန္တက မဟုတ်ကလည်း ထိုရာထူးဌာနန္တရကိုတရားစဉ်းလဲ၍ ခိုးယူခြင်း။ မင်းပိုးရာဇာတို့သို့ကပ်၍ ချစေခြင်း စသည်တို့ကို ပြုသောသူအား။

(ဂ) ပရပရိဂ္ဂဟိတဥ္စ ဟောတိ၊ ပရပရိဂ္ဂဟိတသညီစ၊ ဂရုကော စ ဟောတိ ပရိက္ခာရော ပဥ္စမာသကော ဝါ၊ အတိရေကပဥ္စမာသကော ဝါ။ ထေယျစိတ္တဥ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ထုလ္လစ္စယဿ။ ဌာနာစာဝေတိ အာပတ္တိ ပါရာဇိကဿ၊

ဟူသောပါဠိတော်မြတ်ဖြင့်-ပြတော်မူအပ်သော (အဒိန္နာဒါန်) သိက္ခာပုဒ်တော်၏အင်္ဂါငါးပါးတို့တွင် ပရပရိဂ္ဂဟိတသညီ, ထေယျစိတ္တ-အင်္ဂါနှစ်ပါး၊ ရာထူးဌာနန္တရ၏(အတိရေကပဥ္စမာသ,ဥ္စ) ဖြစ်စေကာမူ။ ပဥ္စဝိသာဝဟာရတို့တွင် တပါးပါးမျှမဖြစ်သင့်။

၎၊အရာ၌, မြို့ဝန်, သူကြီး, စစ်ကဲ, နားခံ-စသောတရုံတရောက်သောသူ၏ ရာထူးကိုတရားဆင်၍ခိုးယူလုယက်ရာ၌။ ရာထူးဌာနန္တရ ကြောင့် တရားဆင်သော ရဟန်းကိုပါရာဇိကအာပတ်ဖြင့် မဆုံးဖြတ်သင့်သော်လည်း၊ တရားခံ၌ကျကုန်သော ဓရိတ်ကြေးငွေဟူသမျှသည် တရားဆင်

သော ရဟန်းအား (ဘဏ္ဍာစား)ထိုက်၏။ ကြေးငွေမကုန်မကျစေဘဲ။မင်း စိုးရာဇာတို့သိမ်းကပ်၍ ရာထူးဌာနန္တရကို ချစေရာ၌ကား၊ ဘဏ္ဍာဒေယျ ဖြင့်မဆုံးဖြတ်သင့်သော်လည်း။ ဤသို့ပြုလုပ် အပ်သောအပြုအမူအကျင့် သည်ရဟန်းကောင်းရဟန်းမြတ်တို့၏ အပြုအမူ အကျင့်မဟုတ်၊ သမဏ သာရုပ္ပမဖြစ်၊ ဂိဟိသံသဂ္ဂ,အနုလောမိက-ပုဂ္ဂိုလ်တို့၏အပြုအမူအကျင့် သာဖြစ်သည်။

မြို့ဝန်,သူကြီး,စစ်ကဲ,နားခံ-စသောအရာရောက်သော သူ၏ ရာထူး ကိုလုယက်၍တပါးသော သူအားပေးစေခြင်း။ ရာထူးမှ လျှောကျစေခြင်း စသောအမှုကိုပြုသောရဟန်းသည်။ထို ရာထူးဌာနန္တရကိုအမှီပြု၍ရသော (ကာလ)သုံးပါး၌ဖြစ်သော(လာဘသက္ကာရ)တို့တွင် အတိတ်,ပစ္စုပ္ပန်-ကာ လ၌ ဖြစ်သော (လာဘသက္ကာရ) ကိုခိုးယူမလုယက်။ အနာဂတ်ကာ လ၌ ဖြစ်သော (လာဘသက္ကာရ)၏လည်း။ ဌာနန္တရဂတ,ဂါမဘောဇက ပုဂ္ဂိုလ်၏သက္ကာရ အဖြစ်သို့မရောက်သေးသည် ဖြစ်သောကြောင့်၊ အနာ ဂတ်ကာလ၌ဖြစ်ပွားသော (လာဘသက္ကာရ)ကိုလည်းမခိုးယူ, မလုယက်, မဖျက်ဆီးဖြစ်သည်။

(ကြီးမိုးအုပ်ချုပ်ရာနယ်အရပ်ဖြစ်သော ဂါမခေတ်)သည်လည်း၊ ဌာ နန္တရဂတ, ဂါမဘောဇက-ပုဂ္ဂိုလ်၏ပရိဂ္ဂဟိတသက္ကာရ မဟုတ်။ သို့ ဖြစ်၍ ( ဌာနန္တရ ) မှတပါး၊ ဌာနန္တရနှင့်စပ်သော (သက္ကာရ) ကြောင့် လည်း၊ ဌာနန္တရကိုလုယက်ဖျက်ဆီးသောရဟန်းအားအဝဟာရ,ဘဏ္ဍာ ဒေယျ-မဖြစ်သင့်မဖြစ်ထိုက်။ ။ယင်းအကြောင်းအရာတို့ကြောင့်(မဏ္ဍာ တ)ရေးသွင်းသူရဝိဘင်္ဂ(ရှင်ကောတ)ကိုဒုတိယသံဂါယနာတင်ပြည်တွင်း တော်မူအပ်သောပါရာဇိကအာပတ်, ထုလ္လစ္စည်းအာပတ်,ဒုက္ကဋ်အာပတ်, ဘဏ္ဍာဒေယျ တို့တွင်တပါးပါးဖြင့် မဆုံးဖြတ်သာ၊ ။အကယ်၍ (သူ ကြီး) ရာထူးဌာနန္တရသည်၊ ပရိဂ္ဂဟိတသက္ကာ၏ အရာ၌တည်သည် ဖြစ်သောကာမူ၊ ဝိဘင်္ဂ(ရှင်ကောတ) ရေးသား၍သွင်းသောမဏ္ဍာတဖြင့်။ ကျောက်စာခင်းမြတ်ထံ ရွှေနားတော်ကြား (သံတော်ဦး)တင်ရာ၊ ဤမဏ္ဍာ တကိုအကြောင်းပြု၍ (သဘင်း) ကိုနေရာတကျမပြုနှင့်။ရဟန်းတော်တို့၏ ဝိနည်းဒေသနာတော်နှင့်မလျော် ဖြစ်တော်သည်၊ မောင်မင်းတို့၏ အလို အလျှောက်သံတော်ဦးတင်။ ငါတို့ဂ ကော်ဘုရင်မင်းမြတ်က သင့်လျော်

အောင့် အမိန့်တော်မြတ် ပြန်တော်မူမည်ဟုဆို၍၊ မင်းကြောရာဇကာ ရုဒ္ဒိ တက(အရှင်ကေတု)ရေးသွင်းသောမေတ္တာစာကိုပယ်လိုက်ကြောင်း။

သုံးကြိမ်သုံးခေါက်လာရောက်၍ တောင်းလာသူတို့တွင်၊ တတိယ အခ ကြိမ်တောင်းလာသူ(ကြေးနီ)ကိုအားနာလှ၍၊ တော်အောင်ရေးပါလွယ် ဟုဆိုလိုက်ပါသည်ဟူ၍ ရုဒ္ဒိတက(ရှင်ကေတု)၏အစစ်ခံ စကားရပ်ဖြင့် လည်း။မိမိသို့ဆိုက်ရောက်လာမည့်အပြစ်ကိုမိမိကပင်ပယ်ဆိုက်ကြောင်း။

သူကြီး (ချေစ်ရ) ကိုသူကြီးရာထူးမှ လျော့ကျစေလို၍မဟုတ်ပါ။ အား နာလှ၍သာ ကဆုန်လအတွင်း(ဝန်မင်း)တို့၏၊ ဒေါင်းတံဆိပ်လျောက်လွှာ အရမေတ္တာစာရေးသွင်းလိုက်မိပါသည်ဟူ၍၊ ရုဒ္ဒိတက (ရှင်ကေတု) အ စစ်ခံထွက်ဆိုကြောင်း၊

ဦးကေတုက။ ဘဝသျှင်မင်းတရားကြီးထံ(မေတ္တာစာ)ကိုရေးသွင်း ပါ သည်ဘုရား။ ဘဝသျှင်မင်းတရားကြီးက(ဦးကေတု)ရေးသွင်းသော အ လွှာနှင့်မတင်မလျောက်နှင့်။ မောင်မင်းတို့၏အလွှာနှင့်တင်လျောက်ရ မည် ဟုဆိုလိုက်ပါသည်ဘုရားဟူ၍၊လယ်လုပ်သား(ထွန်း,အိုဇာ)တို့အစစ် ခံထွက်ဆိုကြောင်း၊

ရုဒ္ဒိတက(ရှင်ကေတု) ရေးသွင်းသောမေတ္တာစာလွှာ၌သူကြီး(ချေစ်ရ) ကြောင့် ကျေးရွာမငြိမ်မသက်ပျက်ပြားရှိနေသည်။ သူကြီး(ချေစ်ရ)ကိုရာ ထူးဌာနနှင့်ရ ရျာလားရမည်စသည်ဖြင့်သူကြီး (ချေစ်ရ)ကိုရာထူး မှလျော့ ကျစေလိုကြောင်းစကားမျှားမပါမရှိကြောင်း၊

သို့ဖြစ်၍ပြဆို ခဲ့ပြီးသော အကြောင်းအရာတို့ကြောင့် (မေတ္တာစာ)ရေး သွင်းသူရုဒ္ဒိတက(ရှင်ကေတု)ကို၊ ဒုတိယသိက္ခာပုဒ်အရာ၌ ပညတ်တော်မူ အပ်သော ပါရာဇိက အာပတ်, ထုလ္လစ္စည်း အာပတ်, ဒုက္ကဋ်အာပတ်, ဘဏ္ဍာဒေယျ-တို့တွင်တပါးပါးဖြင့် မဆုံးဖြတ်သာ။ ဤသို့ပင်မဆုံးဖြတ် သင့်သောလည်း။

(ဃ) တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတဿ ဘိက္ခုနော အာ ကင်္ခမာနော သံဃော ပဗ္ဗာဇနီယကမ္မံ ကရေယျ။ ဘဏ္ဍနကာ ရကော ဟောတိ ကလဟကာရကော ဝိဝါဒကာရကော ဘဿ ကာရကော သံဃေ အဓိကရဏ ကာရကော။ ဗာလော ဟောတိ အဗျတ္တော အာပတ္တိဗဟုလော အနပဒါနော၊ ဂိဟိသံသဋ္ဌော။

ဝိဟရတိ အနနုလောမိကေဟိ ဂိဟိသံ သဂ္ဂေဟိ။ ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ အင်္ဂေဟိ သမန္နာဂတဿ ဘိက္ခုနော အာကင်္ခမာနော သံဃော တဇ္ဇနီယကမ္မံ ကရေယျ။

ဟူသော စူဠဝါ ကမ္မခန္ဓက ပါဠိတော်ဖြင့်။ မျက်ကွယ်ငြင်းခုံခြင်းကိုပြုခြင်း။ မျက်မှောက်ငြင်းခုံခြင်းကိုပြုခြင်း၊ဆန့်ကျင်သောစကားကိုဆိုခြင်း။ စကားများခြင်းကိုပြုခြင်း။သံဃာတော်အဘင်၌ (**အဓိကရုဏ်း**)ကိုပြုခြင်း **အင်္ဂါတပါး**၊ ဗာလ,အဗျတ္တ,အာပတ္တိဗဟုလ,အနပဒါန-အင်္ဂါတပါး။ဂိဟိသံသဂ္ဂ ဝိဟာရနှ,အနနုလောမိကဂိဟိသံသဂ္ဂ, အင်္ဂါတပါး၊ ဤအင်္ဂါသုံးပါးတို့နှင့် ပြည့်စုံသော ရဟန်းအား သံဃာတော်များ အလိုရှိ လက်သော် (တဇ္ဇနီယ) ကံ ကို ပြုရမည်,ပြုကြလေ,ဟူ၍။ မိန့်ဆို ညွှန်ပြတော်မူသောကြောင့်၊ ဤပါဠိတော်နှင့်လျော်ညီစွာ(မုံရွာ)ဂိုဏ်းထောက် ဆရာဝါဒီတက(ရှင်ကေတု)၌လည်း။ရဟန်းကောင်းရဟန်းမြတ်တို့နှင့် မလျော်မလျော်ပတ်,မပြုမကျင့်အပ်သော (သောဦး,ငဒို) တို့နှင့် သဟာသောကံ, သဟာနန္ဒ ခိုမှီးပျော်ဘက်၊ တသက်သက်နှင့်၊ ယောရက်ခြင်း (အနနုလောမိက,ဂိဟိသံသဂ္ဂ)ဖြစ်ရှိလျက်နေသည်ဖြစ်၍၊

(င) အဒန္တံ ဒမနတ္ထမေဝ ဟိ တဇ္ဇနီယာဒိကမ္မာနိ အနုညာတာနိ၊

ဟူ၍မိန့်ဆို**အပ်သည်**နှင့်လျော်ညီစွာ။ နောင်**အခါ**ကာလ၌ ယခုကဲ့သို့ ရဟန်းကောင်းရဟန်းမြတ်တို့နှင့်မလျော်သော (အနနုလောမိက, ဂိဟိသံသဂ္ဂ) အမှုကိုမပြုမကျင့်ခံ့စေခြင်းငှာ(တဇ္ဇနီယ)စသောကံဖြင့်ယဉ်ကျေးလိမ်မာအောင်ဆုံးမ၍။ သီတင်းသုံးတော်သံဃာတော်တို့ဝေမတိက, သံသယ-ကင်းရှင်းရအောင်။သူကြီးသစ်ဖြစ်ကြသူ (သောဦး,ငဒို,) တို့အထံမှအသစ်ထပ်၍ ရရှိသော ပစ္စည်းများကိုစွန့်ပယ်၍၊ကပ္ပိယဝစနကို အသစ်ဘိတ်ကြားလျှောက်ထားရရှိမှသာခံဟူ သုံးဆောင်ရမည်။

ဤသို့ဆုံးမသည့်အတိုင်းကျင့်ကြံနေထိုင်ပေလျှင်၊ဝါဒီတက(ရှင်ကေတု) နှင့် သီတင်းသုံးဘော်သံဃာတော်တို့သည်(အာမိသသမ္ဘောဂ,ဓမ္မသမ္ဘောဂ )နှစ်ပါးဖြင့်မကွဲမပြား။ရေးအလားသို့။တသားတည်းညီညွတ်စွာ ပေါင်းဘော်နေထိုင်ကြစေ၊

ကောဇာသက္ကရာဇ်-၁၂၃၄-ခုနှစ်။ တဆောင်မုန်းလဆန်း-၁၅-ရက် တဆဲ့ငါးရက်နေ့တွင်။ မုံရွာမြို့ (ဆုတောင်းပြည့်)ဘုရားကြီး၏ရှေ့၊ယင်

ဖြင်တော်၌၊ မုံရွာမြို့ရှိ သံဃာ ဇေတကုန်းရွာရှိသံဃာတော်တို့ကို စည်းဝေး စေ၍။ တရော်တော ဂိုဏ်းချုပ်ဆရာတော်၊ကန္ဒီဂိုဏ်းချုပ် ဆရာတော်၊ ဘုန်းတော်ကြီးဦးစန္ဒိမာ။ ဦးမေဓာ အမှူးရှိသော အများသံဃာတော်တို့ နှင့်သဘောတူညီနိုင်းတိုင်ပင်ပြီးလျှင်၊ ခင်ပွန်းရွာ (သုံးဂိုဏ်းချုပ်) ဆရာ တော်ဘုရားရေးသားဆုံးဖြတ်အပ်သောအဆုံးအဖြတ်။

## ဤဝိနိစ္ဆယ၌ ယထာက္ကမသာကေပါဠိတို့၏ အနက်ကား။

(က) အာပတ္တိဒေသနာ သာပေဟာ၊ အာပတ်သင့်ခြင်းကိုရှုခြင်း၌အား ထုတ်ခြင်းကို၊ ကုဒါစနုံ၊ တရံတခါမှ။ နကတ္တာဗွာ၊ မပြုမလုပ်အပ်၊ အနာ ပတ္တိံ၊အာပတ်မသင့်သည်ကိုသာ။ ပဿိဿာမိ၊ ကြည့်ရှုပါအံ့။ ဣတိ၊ ဤ သို့၊မာနသံ၊စိတ်ထားကို။ကာယိရာထ၊ပြုကျင့်ရာ၏။

(ခ) ဝိနယဝဓော၊ဝိနည်းဖြတ်ထုံး လက်သုံးစွဲသို့၊ဝိနည်းချုပ်ရပုဂ္ဂိုလ် သည်။အာမိသံ၊ရဒိတာက၊ စောဒကတွင်။အညာရေ၊နိုင်ရသွင်းပြု၊ စတုပစ္စ ယ၊အာမိသကို၊ နိဿာယ၊သိမ်းပိုက်ခံမှု။ အမိုပြု၍၊ နကရေ၊လောဘ ဘိ စီး၊ဒေါသကြီးနှင့်၊ စီးနင်း ထောင့်ဖြတ်၊ အာဘက်သတ်ဖြင့်။ ဆုံးဖြတ် မပြု ရာ၊ ပုဂ္ဂလံ၊ရဒိတာက၊ စောဒကနှင့်။ ပက္ခသွင်းဆို၊ ပုဂ္ဂိုလ်ကိုလည်း၊ နိဿာယ၊ ဥပဏ္ဍာယ်နှင့်၊ တသွယ် ဆရာ၊ ဉာတကာဟု၊ ငဲ့ညှာသမှု၊ အမိုပြု၍၊ နကရေ၊ သေးဖြာ အဂတိ၊ လိုက်သွားဘိ၍၊ ရွှမ်းငြိစွဲကပ်၊ ဆုံး ဖြတ်သမှု၊ မပြုရာ၊ဧတေ၊ထို-အာမိသ, ပုဂ္ဂလ-နှစ်ပါးတို့ကို၊ ဝိဝဇ္ဇေတွာ၊ ဝေးစွာခွါဘဲ၊ ရှောင်ကြဉ်လွဲ၍၊ယထာဓမ္မော၊သဘောအလျောက်သဘော အားလျော်စွာ။ ၊တနည်း၊ ၊ယထာ၊ အကြောင်းအခြင်း အရာအားဖြင့်၊ ဓမ္မော၊ဟုတ်မှန်တိုင်းသော သဘောသည်၊ဖြစ်တော၊ တည်၏။ တထာ၊ ထို ဟုတ်မှန်းတိုင်းသော အခြင်းအရာအားဖြင့်။ကရေ၊ဆုံးဖြတ်သမှု၊ ပြုလုပ်ရာ ၏၊ ၊ပရိဝါပါဠိတော်အနက်၊

(ဂ) ပရပရိဂ္ဂဟိတဥ္စ၊သူတပါးတို့သိမ်းဆည်းအပ်သော ဥစ္စာသည် လည်း။ ဟောတိ၊၏၊ ပရပရိဂ္ဂဟိတသညီစ၊ သူတပါးတို့ စောင့်ရှောက် သိမ်းဆည်းအပ်သောဥစ္စာဟု အမှတ်ရှိသည်လည်း။ဟောတိ၊၏၊ ဂရုကော၊ လေးသော။ ဝါ၊ ဂရုကအာပတ်ကို ဖြစ်စေတတ်သော။ ပဥ္စမာသကော

ဝါ။ငါးပဲထိုက်သည်လည်းဖြစ်သော။ အဝတ်ရေကပဋ္ဌမာသကော ဝါ။ ငါးပဲ ထက် အလွန်ထိုက်သည်လည်းဖြစ်သော ပရိက္ခာရ၊ ပရိက္ခာရ သည် လည်း။ ဟောဘိ၏၊ ထေယျစိတ္တုပ္ပါဒ်ယူလိုသောစိတ်သည်လည်း၊ ပဋ္ဌပမှ တံ၊ ရှေးရှုထင်သည်။ ဟောဘိ၏၊ အာမသဘိ သုံးသပ်ကိုင်ခြင်းနှံ့။ အသေ၊ ထိုသုံးသပ်ကိုင်တွယ်သော ရဟန်းအား။ ဒုက္ကဋံ အာပတ္တိ၊ ဒုက္ကဋ် အာပတ် သင့်၏။ ဖန္ဒာပေတိ၊ တုန့်လှုပ်စေခြင်းနှံ့၊ အသေ၊ အား၊ ထုလ္လစ္စယံ အာ ပတ္တိ၊ ထုလ္လစ္စည်းအာပတ်သင့်၏။ ဌာနာ၊ တည်ရာအရပ်မှ၊ စာဝေတိ၊ ရွေ့ လျောစေခြင်းအံ့၊ အသေ၊ အား၊ ပါရာဇိကာ အာပတ္တိ၊ ပါရာဇိက အာပတ် သင့်၏။ ပါရာဇိကဒုတိယပါဠိတော်အနက်။

(ဃ) ဘိက္ခုဝေ၊ ရဟန်းတို့၊ တိတိ သုံးပါးကုန်သော၊ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်၊ သမန္နာဂတော၊ ပြည့်စုံသော၊ ဘိက္ခုနော၊ ရ ဟန်းအား။ သံဃော၊ သံဃာသည်၊ အာကင်္ခမာနော၊ အလိုရှိသော်။ တဇ္ဇ နီယကမ္မံ၊ တဇ္ဇနီယကံကို။ ကရေယျ၊ ပြုရာ၏။ ပြုလော၊ ဘဏ္ဍနကာရကော၊ မျက်ကွယ်ငြင်းခုံခြင်းကို ပြုလုပ်တတ်သည်။ ကလဟကာရကော၊ မျက် မှောက် ငြင်းခုံခြင်းကို ပြုလုပ်တတ်သည်။ ဝိဝါဒကာရကော၊ ဆန့်ကျင် သောစကားဆိုခြင်းကို ပြုလုပ်တတ်သည်၊ ဘဿကာရကော၊ စကားများ ခြင်းကိုပြုလုပ်တတ်သည်။ သံဃေ၊ သံဃာ၌ အဓိကရဏကာရကော၊ အဓိကရုဏ်းကိုပြုလုပ်တတ်သည်၊ ဟောတိ၏။ ဗာလော၊ မိုက်သည် အဗျတ္တော၊ မလိမ္မာသည်။ အာပတ္တိဗဟုလော၊ အာပတ်သင့်ခြင်း များ သည်၊ အနပဒါနော၊ သင့်သော အာပတ်အပိုင်းအခြားမရှိသည်၊ ဟော တိ၏၊ အနနုလောမိကေဟိ၊ ရဟန်းတော်တို့နှင့် မလျော်မလျောက်ပတ် ကုန်သော၊ ဂိဟိသံသဂ္ဂေဟိ၊ ရှာနေ့လူတို့နှင့်ရောနှောခြင်းတို့ဖြင့်၊ ဂိဟိသံ သဋ္ဌော၊ လူတို့နှင့်ရောရှက်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခုဝေ၊ တို့။ တိ ဟိ၊ ကုန်သော။ ဣမေဟိ၊ ဤအင်္ဂေဟိ၊ ၍အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂ တသော၊ ပြည့်စုံသော၊ ဘိက္ခုနော၊ အား။ သံဃော၊ သည်။ အာကင်္ခမာနော၊ သော်၊ တဇ္ဇနီယကမ္မံ၊ တဇ္ဇနီယကံကို၊ ကရေယျ၊ ပြုလုပ်ရာ၏။ ပြုလုပ်လော။ ။ ရုဠ္ဌဝါပါဠိတော်အနက်။

(င) ဟိ-သစ္စံ၊ မှန်၏။ အဒ္ဓ၊ မပယဉ်ကျေးသော ရဟန်းကို၊ ဒမနတ္ထမေဝ၊ ယဉ်ကျေးလိမ္မာစေ နာအောင်ဆုံးမရန်အကျိုးငှာသာလျှင်၊ ဘာဂဝတာ၊ မြတ် စွာဘုရား သခင်သည်။ တဇ္ဇနီယာဒိကမ္မာနိ၊ တဇ္ဇနီယာအစရှိသောကံတို့

ကို၊အနည်းတာနီ၊ အခွင့်ပြုတော်မူအပ်ကုန်၏။ ။ ဝိမတိဝိနောဒနီဋီကာ
အနက်။

မှ^ံရွာဂိုဏ်းထောက်ဦးကေတု(မေဓာဝ)သွင်းမှု
ဖြတ်စာပြီး၏။

---

၍အဆုံးအဖြတ်တွင် ကန္ဒဂိုဏ်းချုပ် ဆရာတော်မှာ-ရွှေစာရေး အထက်တာဘက်ကမ်းရှိ မင်းအိုရွာ၌-သီတင်းသုံးနေတော် မူသော မင်းအိုဆရာတော်ကြီးဖြစ်၏။

ဘုန်းတော်ကြီး-ဦးစန္ဒိမာ ဆိုသည်မှာ။ ဗန့်ကျီတိုက်ဆားလင်းကြီးမြို့တောင်ကြားတောရဆရာတော်ဘုရားတည်း။

ဘုန်းတော်ကြီး ဦးမေဓာဆိုသည်မှာပုခန်းကြီးနယ်၊ ရေစကြိုမြို့-ဂူမြို့တောရ-ဝိနယဓရ-ပုခန်းဆရာတော်ကြီးဖြစ်၏။

---

ပဋ္ဌမဝိနိစ္ဆယ-ဗဲကစားမှုဖြတ်စာ။
၁၂၃၅-ခုနှစ်။ဖြတ်ထုံး-၅။

မြန်မာပြည်အောက်ပိုင်း။ ရာမညတိုင်း ရန်ကုန်မြို့ ပုဇွန်တောင်ရပ်၌ ရဟန်းတပါးသည်။ ဗဲပိုင်းတခုသို့ ဝင်ရောက် ကစားမှုကို ပြုမိမှားသောကြောင့်၊ သီတင်းသုံးတော် သံဃာတော်တို့က သံသယ, ကုက္ကုစ္စကင်းယုံမှားခြင်းဖြစ်ရှိနေကြသည့်အတွက် စောဒနာချက်အရ။ ဗုဒ္ဓိတက ရဟန်းသည်၊ ရန်ကုန်မြို့-ပုဇွန်တောင် ဘုန်းတော်ကြီး။ ဦးလက်ာအထံမှအဆုံးအဖြတ်ကို တောင်းယူရရှိသော်လည်း၊ ဝိနိစ္ဆယ ပေးသောဘုန်းတော်ကြီးက ဗုဒ္ဓိတကရဟန်း၌ဝိမိနှင့်တကွ အများသံဃာတော်တို့ သံသယကင်းသည်ထက် ကင်းရှင်းကြရန် ယုံကြည်လောက်သော ဝိနည်းမိုရ်ပုဂ္ဂိုလ်တဦးထံမှ ဝိနိစ္ဆယ တစောင်ကို ထပ်မံရရှိပါလျှင် သာလွန်ကောင်းမြတ်လှသည်ဖြစ်၍၊ မြန်မာပြည်အထက်ပိုင်း-အသုံမြို့အောက်တိုက် ခင်မွန်ရွာ သုံးဂိုဏ်းချုပ် ဆရာတော်ထံသို့ သွားရောက်၍ ဝိနိစ္ဆယ ခံယူချေဦးဟု အလွှတ်လိုက်သောကြောင့်။ ဗုဒ္ဓိတကရဟန်းသည် ရာမညတိုင်းရန်ကုန်မြို့

မှ-ဆန်တက်လာရာ။ အလုံမြို့အောက်တိုက်နယ် အဝင်အပါ။ မုံရွေးရွာ ချမ်းသာကြီးကျောင်းတိုက်သို့ရောက်လာ၍။ ချမ်းသာကြီးတိုက်ဘုန်းတော်ကြီး(                )နှင့်တကွ၊ ဗုဒ္ဓိတက ရဟန်းကိုယ်တိုင် လာရောက်လျှောက်ထား တောင်းပန်သောကြောင့်။ ထိုဗုဒ္ဓိတကရဟန်းကိုအဘန့်တလဲလဲစစ်ဆေး မေးမြန်းပြီး၍ရင်း။ ရန်ကုန်မြို့-ပုဇွန်တောင် ကျောင်းဘုန်းတော်ကြီး-ဦးလက်ဘ၏ အဆုံးအဖြတ်ကိုလည်း သေချာစွာ ကြည့်ရှုပြီး၍ရင်း၊ ဗုဒ္ဓိတဘရဟန်း၌ အပြစ်အနာအဆာထင်လျှင်လည်း ထင်သည့်အပြစ်အလျောက်၊ အပြစ်ကင်းလျှင်လည်း ကင်းသည်အလျောက်၊ ထိုထိုပါဠိ,အဋ္ဌကထာ, ဋီကာ,တို့မှ။ ရွေးကောက်ဖော်ရှာ၍ သာဓကပါဠိတို့ဖြင့် ယထာဘူတ, ယထာဓမ္မ,ဝိနယဝိနိစ္ဆယ ကို ပြုပေအံ့၊

(က) ဝိသံဝါဒေန္တိ ဧတေနာတိ ဝိသံဝါဒနံ၊ ဝဉ္စနာဓိပ္ပါယ ဝသပ္ပဝတ္တံ ဝိတ္တံ၊ ။တေရသကဏ္ဍဋီကာ။

(ခ) ဝဉ္စနာဓိပ္ပါယတော မုသာ ဝိလပိ၊ ။ကင်္ခါအဋ္ဌကထာ။

(ဂ) မုသာဝါဒေတိ ဂုဏ္ဏပိ ဇာနိတွာ ဝစနက္ခဏောပိ ဇာနန္တဿ ဝေ မုသာဘာဏနေ၊ ဘဏာနဉ္စနာမ ဣဓ အဘူတဿ ဝါ ဘူတတ္တံ ဘူတဿ ဝါ အဘူတတ္တံ ကတွာ ကာယေန ဝါ ဝါစာယ ဝါ ဝိညာပနပယောဂေါ။ ။ကင်္ခါအဋ္ဌကထာ၊

ဤအဋ္ဌကထာ,ဋီကာ-ပါဠိတို့ဖြင့် မဟုတ်မမှန်သည်ကို ဟုတ်မှန်သောအားဖြင့်။ ဟုတ်မှန်သည်ကိုလည်း မဟုတ်မမှန်သော အားဖြင့် သိစေတတ် ချွတ်ယွင်းစေတတ် လှည့်ပတ်ဘတ်သောစိတ်နှင့်တကွ၊ ကာယပယောဂ, ဝစီပယောဂနှစ်ပါးကို၊ ဝိသံဝါဒနဟူ၍ရင်း၊ ဝဉ္စနဟူ၍ရင်း၊ မုသာဝါဒဟူ၍ရင်း ပညာတ် ဝေါဟာရ တင်ပြတော်မူကြသည်၊ ထိုဝိသံဝါဒန, ဝဉ္စန,မုသာဝါဒဖြင့်လှည့်ဖြား၍သူတပါးတို့၏ ဘဏ္ဍာကိုခိုးယူရာ၌၊

(ဃ) ကူဋတုလာကူဋမာနကူဋကဟာပနာဒီဟိဝါဝဉ္စေတွာဂဏှာတိ၊ တဿေဝံ ဂဏှတော အဝဟာရော ထေယျာဝဟာရောတိ ဝေဒိတဗ္ဗော၊

ဟူသောအဋ္ဌကထာပါဠိဖြင့်(ထေယျာဝဟာရ) ဖြစ်ကြောင်းကိုပြတော်မူသည်၊ ဤထေယျာဝဟာရခိုးယူခြင်း၌၊ဝိသံဝါဒန ဝဉ္စန မုသာဝါဒ ဖြစ်

သော ကာယပယောဂ, ဝစီပယောဂ ဖြင့် လှည့်ဖြား၍, ဘဏ္ဍာရှင်က မပေးဘဲယူလျှင် "ပရိစတ္တဘဏ္ဍာ" မဟုတ်။ ပရပရိဂ္ဂဟိတ ဘဏ္ဍာသာ ဖြစ်သောကြောင့် (ထေယျာဝဟာရ) ခိုးယူခြင်းဖြစ်၏၊ ဘဏ္ဍာရှင်က ပေးမှ သာယူပါလျှင် "ပရပရိဂ္ဂဟိတဘဏ္ဍာ" မဟုတ်။ ပရိစ္စတ္တဘဏ္ဍာသာဖြစ် သောကြောင့် (ထေယျာဝဟာရ)ခိုးယူခြင်းမဖြစ်၊ ဤသို့-ထေယျာဝဟာရ ခိုးယူခြင်းမဖြစ်သောကြောင့်။

(င) တေနခေါပနသမယေန အညတရော ဘိက္ခု သံဃဿ ဩဒနေ ဘာဇိယမာနေ အပရဿ ဘာဂံ ဒေဟီတိ အမူလကံ အဂ္ဂဟေသိ၊ တဿ ကုက္ကုစ္စံ အဟောသိ။ လ။ အနာပတ္တိ ဘိက္ခု ပါရာဇိကဿ၊ အာပတ္တိ သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယဿ။

ပါရာဇိကဏ်ပါဠိတော်၊

(စ) အပရဿ ဘာဂံ ဒေဟီတိ အသန္တံ ပုဂ္ဂလံ အာဟ၊ အမူလကံ အဂ္ဂဟေသီတိ သာမိကေသု ဒေန္တေသု ဇေံ အဂ္ဂဟေသိ၊ အနာပတ္တိ ဘိက္ခု ပါရာဇိကဿာတိ သာမိကေဟိ ဒိန္နံ အဂ္ဂဟေသိ၊ တေနဿ အနာပတ္တိ ဝုတ္တာ၊ အာပတ္တိ သမ္ပဇာန မုသာဝါဒေ ပါစိတ္တိယဿာတိ ယောပနာ နေန သမ္ပဇာန မုသာဝါဒေါ ဝုတ္တော၊ တသ္မိံ ပါစိတ္တိယံ အာဟ ပရတော တေကခုလ ယာဂု ဝတ္ထုမ္ဗိ ဧဝံ၊

ပါရာဇိကဏ်အဋ္ဌကထာ၊

ဤပါဠိတော်,အဋ္ဌကထာ,ပါဌ်ဖြင့်။ ဝိသံဝါဒန, ဝဉ္စန, မုသာဝါဒ, ဖြင့် လှည့်ဖြား၍။ ဘဏ္ဍာရှင်ကပေးသည်ကိုယူရာ၌ (ပါရာဇိက) အာပတ်ဖြင့် "အနာပတ္တိ" ဖြစ်ကြောင်း၊ မုသာဝါဒ-အတွက်ကြောင့်သာ (ပါစိတ်) အာပတ်သင့်ကြောင်းကို ပြဆိုတော်မူသောကြောင့်ရင်း၊ ဝိသံဝါဒန,ဝဉ္စန မုသာဝါဒ-ဖြင့်လှည့်စား၍ရရှိသောပစ္စည်း၏လည်း။

(ဆ) ဂိဟီနံ ဥဇ္ဇု သန္တကံ သာမိကေနဝါ အာဏာတ္တေန ဝါ ဒိယမာနံ အပရဿ ဘာဂံ ဒေဟီတိ ဝတွာ ဂဏှာတော ဘဏ္ဍာဒေယျံ။

ပါရာဇိကဏ်အဋ္ဌကထာ။

(ဇ) အပရဿ ဘာဂံ ဒေဟီတိ အသန္တံ ပုဂ္ဂလံ ဒဿေတွာ ဂဟိ
တတ္တာ ဘဏ္ဍာဒေယျံ၊
တေရသကဏ္ဍဋီကာ၊

ဤအဋ္ဌကထာ,ဋီကာ, ပါဠိတို့ဖြင့် ဘဏ္ဍာဒေယျ၏အဖြစ်ကို ပြတော်မူသောကြောင့်ရင်း။

(ဈ) တဒ္ဓေဝံ ဝိနိစ္ဆယ ကုသလံ ဘိက္ခုံ ကောစိ ကတ သိက္ခာပဒ ဝီတိက္ကမော ကုက္ကုစ္စံ ပုစ္ဆေယျ။လ။ အထဿ ပါရာဇိကစ္ဆာယာ ဒိဿတိ၊ ပါရာဇိကာပတ္တီတိ နာစာဝ ဝတ္တဗ္ဗံ။ သစဿ အာစရိယော ဓရတိ။တတော တေန သော ဘိက္ခု အမှာကံ အာစရိယံ ပုစ္ဆာဟီတိ ပေသေတဗ္ဗော။ သစေ ပုန အာဂန္တွာ တုမှာကံ အာစရိယော သုတ္တတော နယတော ဩလောကေတွာ သတေကိစ္ဆောတိ မံ အာဟာတိ ဝဒတိ၊ တတော တေန သော သာဓုသုဋ္ဌု ယံ အာစရိယော ဘဏတိ၊ တံ ကရောဟီတိ ဝတ္တဗ္ဗော။

ဟူသော,ပါရာဇိကဏ်အဋ္ဌကထာပါဠိဖြင့်၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ်တပါး၏ ဉာဏ်အမြင်ဝယ် ဓုဒိတက ပုဂ္ဂိုလ်၌ပါရာဇိကာ အာပတ် အရိပ်အရောင် ထင်သော်လည်း၊ အာစရိယ၊သဒ္ဓိ ဥဂ္ဂဟိတ ထေရ်,ပဏ္ဍိတ အန္တေဝါသိက ထေရ်-စသောဝိနည်းဓိုရ်ပုဂ္ဂိုလ်တပါး၏ဉာဏ်အမြင်ဝယ်(သတေကိစ္ဆ) အဖြစ် ထင်လျှင် (သတေကိစ္ဆ) အဖြစ်၌သာ တည်စေသင့်ကြောင်းကို မိန့်ဆိုတော်မူသောကြောင့်ရင်း။

(ည) အာပတ္တိ ဒဿနုဿာဟော၊ နကတ္တဗ္ဗော ကုဒါစနံ။
ပဿိဿာမိ အနာပတ္တိ၊ ဣတိ ကယိရာထ မာနသံ။

ဟူသောအဋ္ဌကထာပါဠိဖြင့်။ အာပတ်သင့်ခြင်းကို ရှုခြင်း၌ အားထုတ်ခြင်းကိုဘယ်တခါမျှ မပြုမလုပ်ရ။ အာပတ်မသင့်သည်ကိုသာ ရှုပါအံ့ဟု စိတ်ထားရှိစေရမည်ဟူ၍ ဆုံးမတော်မူသောကြောင့်ရင်း။ ရန်ကုန်မြို့ ပုဇွန်တောင်ဘုန်းတော်ကြီး (ဦးလင်္ကာ) အရှင်မြတ် ဆုံးဖြတ်တော်မူအပ်သော (သာဝသေသဘဏ္ဍာဒေယျ) ဝိနိစ္ဆယသည် သင့်မြတ် လျောက်ပတ်လှပေသည်ဟု ထင်ပါကြောင်းကို၊ အလုံမြို့အောက်တိုက်နယ်အပါ၊ ခင်ပွန်းရွာ

သုံးဂိုဏ်းချုပ်ဆရာတော် လျှောက်ကြားသိစေလိုက်ပါသည်။ ရာမည တိုင်း၌ သတင်းသုံး နေထိုင်တော်မူကြသော သဖြဟ္မာစာရီ လဇ္ဇီသခင် အရှင်မြတ်တို့၊

ဝိနိစ္ဆယ တနည်းမှာလည်း၊ဝိသံဝါဒန,ဝဉ္စန-ဟုဆိုအပ်သော မုသာဝါဒဖြင့်၊တယောက်နှင့်တယောက်,လိမ်လည်ကောက်ကျစ်စဉ်းလဲ,လှည့်ဖြားခြင်းအမှုမျိုးကို မပြုမလုပ်ကြကုန်မူ၍၊ ရိုးသားဖြောင့်မတ်သော စိတ်လေးဖြင့်။ သင်တို့ကနိုင်လျှင်လည်း (ငါ၏) ကြေးငွေအသပြာတို့ကို တချမကျန် အကုန်သိမ်းယူကြတော့။ ယူကြပါ။ ငါက အနိုင်ရလျှင်လည်း သင်တို့၏ ကြေးငွေ,အသပြာတို့ကိုတချမကျန်အကုန်သိမ်းယူလိမ့်မည်၊ သိမ်းယူပါအံ့ ဟူ၍ သဘောတူ ပြောဆို တိုင်ပင်ပေးအပ်ကြပြီးလျှင်၊ ကစားအပ်သော (ဖဲဘဲဆဲ့ငါး)စသောကစားမှုအတတ်မျိုးသည်လည်း (နာနာဝိဓအနာစာရ) အမှုမျိုးပင်ဖြစ်၍၊ထိုအမှုမျိုးကိုကျူးလွန်ကျင့်မိမှားသောရဟန်းတို့အား။

(၄) တေနခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဧဝရူပံ အနာစာရံ အာစရန္တိ။မာလာဝစ္ဆံ ရောပေန္တိပိ၊ ရောပါပေန္တိပိ၊လ။ အဋ္ဌပဒေပိ ကီဠန္တိ၊ ဒသပဒေပိ ကီဠန္တိ၊ အာကာသေပိ ကီဠန္တိ၊ လ။ ဝိဝိဓံပိ အနာစာရံ အာစရန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊လ။န ဘိက္ခဝေ ဝိဝိဓံ အနာစာရံ အာစရိတဗ္ဗံ၊ယော အာစရေယျ ယထာဓမ္မော ကာရေတဗ္ဗော။

စူဠဝါပါဠိတော်။

(၅) ယထာဓမ္မော ကာရေတဗ္ဗောတိ ဒုက္ကဋ ဝတ္ထုမှိ ဒုက္ကဋေန၊ ပါစိတ္တိယ ဝတ္ထုမှိ ပါစိတ္တိယေန ကာရေတဗ္ဗော။

စူဠဝါအဋ္ဌကထာ။

ဤပါဠိတော်,အဋ္ဌကထာ-ပါဌ်တို့ဖြင့် ဒုက္ကဋ်ဝတ္ထု ဖြစ်လျှင်ဒုက္ကဋ်အာပတ်သင့်ကြောင်း။ ပါစိတ်ဝတ္ထုဖြစ်လျှင် ပါစိတ်အာပတ် သင့်ကြောင်းကိုပြဆိုတော်မူသောကြောင့်၊ နေ့ရှည်ရက်များပယောဂအများတို့ကို ဖြစ်စေ၍ (ဖဲတဆဲ့ငါး, ဒုလိမ်, ကြိုးလိမ်) စသောရဟန်းတို့နှင့် မလျောက်ပတ်မအပ်စပ်သော (နာနာဝိဓအနာစာရ) ကစားမှုအတတ်မျိုးတို့ကိုပြုလုပ်၍

နေခြင်းကြောင့်။ မရေမတွက်နိုင် လောက်သော ဒုက္ခနှင့်အာပတ်တို့ သင့်ရောက်သည်ဖြစ်၍။

(၃) ကုသော ယထာ ဒုဂ္ဂဟိတော၊ ဟတ္ထမေဝါနုကန္တတိ။
သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာယုပ ကဍ္ဎတိ။ ။

ဟူ၍ဓမ္မပဒပါဠိတော်၌ ဟောတော်မူအပ်သော (ဒုဗ္ဗစဘိက္ခု)ဝတ္ထု၌ လာသောဒေသနာတော်နှင့်အညီ။ ဖဲ၊တာ၊ဆဲ့ငါး, စသော ကစားမှု အတတ်မျိုးတို့ကိုကစားသောရဟန်း၌ (ဒုက္ခနှင့်)အာပတ် အများဖြင့် ပေါက်ကျား ကျိုးပျက်သော သီလရှိသည် ဖြစ်သောကြောင့်၊ မြတ်စွာဘုရား သခင်၏ ရွှေဉာဏ်တော်ဖြင့်မရေတွက်မပိုင်းခြားနိုင်လောက်အောင်ပင် ဒုက္ခကြီးစွာ (ငရဲ)ရွာ၌ ရှည်ကြာနေရက် ခံရမည့်တွက်တာကြောင့်၊ ငရဲဘေးမှ ကင်းဝေးလွတ်ငြိမ်းစေခြင်းအကျိုးငှာရင်း၊နောက်နောင်အခါကာလ၊ ယခုကဲ့သို့ အလဇ္ဇီဒုဿီလ ပါပဘိက္ခုတို့၏ အမူအရာဖြစ်သော (ဖဲ၊တာ၊ဆဲ့ငါး) စသော ကစားမှုအတတ်မျိုးတို့ကို မပြုမကျင့်ပံ့ စေခြင်း အကျိုးငှာရင်း။ အာယတိံ သံဝရတရားနှင့်တည်စေ၍၊ ဘဏ္ဍနိယ အစရှိသော ကံတို့ဖြင့်ယဉ်ကျေးလိမ္မာအောင်ဆိုဆုံးမခြင်းကိုစူဠဝါပါဠိတော်ကမ္မက္ခန္ဓက၌,မြတ်စွာဘုရားအခွင့်ပြုတော် မူသောကြောင့်။ ဒဏ္ဍကမ္မနိဂ္ဂဟဖြင့် ဆိုဆုံးမခြင်း သည်လည်း သင့်လျော် လျောက်ပတ် ကောင်းမြတ်လှ ပေတော့သည်။ သဗြဟ္မစာရီ လဇ္ဇီသခင်အရှင်မြတ်တို့။

ကောဇာသက္ကရာဇ်-၁၂၃၁-ခုနှစ်၊ နယုန်လအတွင်း၊ ရန်ကုန်မြို့-ပုဇွန်တောင် ဘုန်းတော်ကြီး ဦးလက်ာအထံမှ တဆင့် စေလွှတ် လိုက်သော ကြောင့်။ အမှုသည် ရဒိတကရဟန်းကိုယ်တိုင်(မုံရွေးရွာ) ချမ်းသာကြီး ကျောင်းဘုန်းတော်ကြီးနှင့်အတူတကွလာရောက်၍ လျှောက်ထားတောင်းပန်(ဝိနိစ္ဆယ)ခံသောကြောင့်။ ခင်မွန်ရွာ သုံးဂိုဏ်းချုပ်ဆရာတော် ဘုရား ရေးသားဆုံးဖြတ်ပေးပို့လိုက်အပ်သော(ဖဲ၊တာ၊ဆဲ့ငါး)လောင်းစား, သိမ်မိုက်မှု-ဝိနိစ္ဆယ။

ဤဝိနိစ္ဆယ၌ ယထာက္ကမ သာဓက ပါဠိတို့၏
အနက်ကား၊

(က) ဇူတေန၊ ထိုပိတ်ဖြင့်၊ ဝိသံဝါဒေန္တိ၊ ချွတ်ယွင်းလွဲမှား။ ပြောကြားတတ်ကုန်၏၊ ဇူတိ-တည္တ၊ ထိုသို့ပြောကြားကြောင်းဖြစ်သောကြောင့်၊

တံ၊ထိုစိတ်သည်။ ဝိသံဝါဒနံ၊ ဝိသံဝါဒနမည်၏။ ဝဥ္စနာဓိပ္ပါယ ဝသပ္ပဝတ္တံ၊ လှည့်ဖြားလိုသည်၏အစွမ်းအားဖြင့်ဖြစ်သော၊စိတ္တံ၊စိတ်ကိုရ၏။

(ခ) ဝဥ္စနာဓိပ္ပါယတော၊ လိမ်လည်လှည့်စားလိုသောကြောင့်၊ ဝါ၊ အားဖြင့်၊မုသာ၊ချွတ်ယွင်းသောစကားကို၊ဝိလပိ၊ပြောဆို၏။

·(ဂ) မုသာဝါဒေတိ၊ မုသာဝါဒေ ဟူသည်ကား။ ပုဗ္ဗေပိ၊ မုသား မဆိုမိရှေးအခါ၌လည်း၊ဇာနိတွာ၊သိ၍၊ဝါ၊လျက်။ ဝစနက္ခဏေပိ၊ပြောဆို ဆဲခဏ၌လည်း။ဇာနန္တဿ၀၊ ငါသည် ချွတ်ယွင်းလွဲမှား။ မုသားစကား ကို၊ ပြောကြား၏ဟု သိသောရဟန်း၏သာလျှင်၊ မုသာ၊ မုသားစကားကို၊ ဘဏနေ၊ပြောဆိုချင်း၌၊စ။ဆက်၍ဆိုဦးအံ့။ ဣဓ၊ ဤမုသာ ဘဏနေ ဟူသော ပါဠိ၌။ဘဏန်နာမ၊ဘဏန မည်သည်ကား။ အဘူတဿဝါ၊ မဟုတ်မမှန် သောဝတ္ထု၏လည်း။ဘူတဏ္ဏံ၊ဟုတ်မှန်သောဝတ္ထု၏အဖြစ်ကို။ဘူတဿဝါ၊ ဟုတ်မှန်သောဝတ္ထု၏လည်း၊ အဘူတဏ္ဏံ၊မဟုတ်မမှန်သောဝတ္ထု၏ အဖြစ် ကို၊ကတွာ၊ပြုလုပ်၍၊ကာယေနဝါ၊ကိုယ်ဖြင့်ရင်း။ဝါစာယဝါ၊နှုတ်ဖြင့်ရင်း၊ ဝိညာပနပယောဂေါ၊ သူတပါးတို့ကိုသိစေတတ်သော ကာယပယောဂ ဝစီပယောဂတည်း။

(ဃ) ဝါ၊တနည်းကား၊ ကုသလာကုသလမာနကုသလကဟာပဏာဒိဟိ၊ ချိန်စဉ်းလဲ,ချင့်စဉ်းလဲ, အသပြာစဉ်းလဲစသည်တို့ဖြင့်၊ ဝဥ္စေတွာ၊ လှည့် ပတ်၍။ဂဏှာတိ၊ ခိုးယူ၏,ခိုးယူအံ့၊ ဣတိ၊ဤသို့။ ဂဏှတော၊ ခိုးယူသော၊ တဿ၊ထိုရဟန်း၏၊ အဝဟာရော၊ခိုးယူခြင်းကို၊ ထေယျာဝဟာရောတိ၊ ထေယျာဝဟာရ ခိုးခြင်းဟူ၍၊ဝေဒိတဗ္ဗော၊သိအပ်၏။

(င) တေနခေါ ပန သမယေန၊ထိုအခါ၌။အညတရော၊တပါးသော။ ဘိက္ခု၊ရဟန်းသည်၊သံဃဿ၊သံဃာ၏၊သန္တကေ၊ဥစ္စာဖြစ်သော။ ဩဒနေ၊ ဆွမ်းကို၊ဘာဇိယမာနေ၊ ဝေဘန်အပ်သည်ရှိသော်။ အပရဿ၊ အမှတ် မထား၊ တပါးသောရဟန်း၏၊ ဘာဂံ၊ အဘို့အစုကို။ ဒေဟိ၊ပေးဦးလော၊ ဣတိ၊ဤသို့။အမူလကံ၊ ဥစ္စာရှင်ရဟန်း အရှင်မရှိသောဆွမ်းကို၊ အဂ္ဂဟေ သိ၊တောင်းယူ၏။တဿ၊ထိုရဟန်းအား၊ကုက္ကုစ္စံ၊ကုက္ကုစ္စသည်။ အဟောသိ၊ဖြစ်လေ၏၊ လ၊ဘိက္ခု၊ ရဟန်း။ ပါရာဇိကဿ၊ ပါရာဇိကအာပတ်သို့။ အနာပတ္တိ၊ မရောက်။ သမ္ပဇာနမုသာဝါဒေ၊ သိလျက် ချွတ်ယွင်းသော စကားကိုပြောကြားခြင်းကြောင့်၊ ပါစိတ္တိယဿ၊ ပါစိတ်အာပတ်သို့၊ အာ ပတ္တိ ရောက်ခြင်းသည်၊ဟောတိ၊ဖြစ်၏။

(စ) အပရဿ ဘာဂံ ဒေဟီတိ၊ ဟူသည်ကား။ အသန္တံ၊ ထင်ရှား
မရှိသော၊ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို၊အာဟ၊ ဆို၏။ အမူလကံအဂ္ဂဟေသီတိ၊ ဟူ
သည်ကား၊ သာမိကေသု၊ ဥစ္စာရှင်တို့သည်၊ ဒေန္တေသု၊ ပေးကုန်သည်ရှိ
သော်။ဧဝံ၊ဤသို့၊ အဂ္ဂဟေသိ၊ တောင်းယူ၏။ အနာပတ္တိ ဘိက္ခု ပါရာဇိ
ကဿာတိ၊ ဟူသည်ကား။ သာမိကေဟိ၊ဥစ္စာရှင်တို့သည်၊ဒိန္နံ၊ ပေးအပ်
သောဝတ္ထုကို၊ အဂ္ဂဟေသိ၊ယူ၏၊တနည်း၊ ထိုဥစ္စာရှင်တို့ ပေးသည်ကိုသာ
ယူသောကြောင့်၊အဿ၊ထိုတောင်းယူသောရဟန်း၏၊ဝါ၊အား၊အနာပတ္တိ၊
ပါရာဇိကအာပတ်သို့မရောက်ခြင်းကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏၊ အာ
ပတ္တိ သမ္ပဇာန မုသာ ဝါဒေ ပါစိတ္တိ ယဿာတိ၊ ဟူသည်ကား။ အနေန၊
ဤရဟန်းသည်၊ယော သမ္ပဇာန မုသာ ဝါဒေါ၊ အကြင်သိလျက်ချွတ်ယွင်း
သောစကားပြောကြားသည်ကို။ ဝုတ္တော၊ဆိုအပ်၏၊တသ္မိံ၊ ထိုမုသာဝါဒ
ကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်ကို။ ပရတော၊နောက်၌။ တေကနဝုတိ
ယာဒိဝဏ္ဏနာ၌ဝိယ၊ တေကနဝုတိ ယာဒိ ဝဏ္ဏနာ၌ကဲ့သို့။ အာဟ၊ဟောတော်
မူ၏။

(ဆ) စ၊ဆက်၍ဆိုဦးအံ့၊ဂိဟီနံ၊ လူတို့၏။ သန္တကံ၊ဥစ္စာကို။ သာမိ
ကေနဝါ၊ ဥစ္စာရှင်သည်၎င်း၊ အာဏာတ္တေနဝါ၊ တဆင့်စေခိုင်း အပ်သော
သူသည်၎င်း။ ဒိယျမာနံ၊ ပေးအပ်သည်ရှိသော်၊ အပရဿ၊ တပါးသော
ရဟန်း၏၊ ဘာဂံ၊အဘို့အစုကို။ ဒေဟိ၊ ပေးဦးလော။ ဣတိ၊ ဤသို့၊ဝတွာ၊
ပြောဆို၍။ဂဏှတော၊ ယူသောရဟန်းအား။ဘဏ္ဍဒေယျံ၊ ဘဏ္ဍာစားပေး
လျော်ထိုက်သည်၊ဟောတိ၊ဖြစ်၏။

(ဇ) အပရဿ ဘာဂံ ဒေဟီတိ၊ဟူသည်ကား၊ အသန္တံ၊ ထင်ရှား
မရှိသော၊ပုဂ္ဂလံ၊ပုဂ္ဂိုလ်ကို၊ဒဿေတွာ၊ပြ၍။ဂဟိတတ္တာ၊ ယူအပ်သည်၏
အဖြစ်ကြောင့် ဘဏ္ဍဒေယျံ၊ဘဏ္ဍာစားပေးလျော်ထိုက်၏။

(ဈ) ဧဝံ၊ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ဝိနိစ္ဆယကုသလံ၊ တရား
ဆုံးဖြတ်ခြင်း၌ လိမ္မာသော၊ ဘိက္ခုံ၊ဝိနည်းဓိုရ်ရဟန်းသို့။ ကောစိ၊ တစုံ
တယောက်သော။ ကာကဝိက္ကာပဒေဝိတိက္ကမော၊ ပြုအပ်ပြီးသော သိက္ခာပုဒ်
တော်၌ လွန်ကျူးခြင်းရှိသော။ ဘိက္ခု၊ အမှုသည် ရဟန်းသည်။
ဥပသင်္ကမိတွာ၊ချဉ်းကပ်၍။အတ္တနော၊မိမိ၏။ကုက္ကုစ္စံ၊ကုက္ကုစ္စကို၊ပုစ္ဆေယျ၊
မေးလျှောက်လာငြားအံ့။ လ။ အဿ၊ ထိုဝိနည်းဓိုရ်ရဟန်းအား။ ပါရာဇိ

ကစ္ဆာယာ၊ ပါရာဇိကအာပတ် အရိပ်အရောင်သည်။ အတဒိသာတိ၊ ဥဿက်အမြင်ဝယ်၊ အကယ်၍ထင်ကြားအံ့။ ဧဝံသာတိ၊ ဤသို့ပင် ထင်မြင်ကြားသော်လည်း၊ ပါရာဇိကာပတ္တိ၊ ပါရာဇိကအာပတ်သင့်၏။ ဣတိ၊ ဤသို့၊ တာဝ၊ ရှေးဦးစွာ။ နဝတ္တဗ္ဗံ၊ မဆိုအပ်၊ မဆိုသင့်၊ မဆိုထိုက်၊ မဆိုနှင့်ဦး။ အသာ၊ တိုဝိနည်းဓရိရပုဂ္ဂိုလ်၏၊ အာစရိယော၊ ဆရာသည်။ သစေ ဓရတိ၊ အကယ်၍အသက်ထင်ရှား။ တည်ရှိကြားအံ့၊ တဿော၊ ထိုသို့ အသက်ထင်ရှားရှိသောကြောင့်။ တေန၊ ထိုဝိနည်းဓရိရပုဂ္ဂိုလ်သည်။ သောဘိက္ခု၊ ထိုအမှုသည်ပုဒိတကရဟန်းကို။ အမှာကံ၊ ငါတို့၏။ အာစရိယံ၊ ဆရာကို။ ပုစ္ဆာဟိ၊ မေးလျှောက်ချေဦးလော့။ ဣတိ၊ ဤသို့။ ပေသေတဗ္ဗော၊ စေလွှတ်လိုက်အပ်၏။ ပုန၊ နောက်တဖန်။ အာဂန္တွာ၊ ပြန်လာ၍၊ တုမှာကံ၊ အရှင်ဘုရားတို့၏၊ အာစရိယော၊ ဆရာတော်သည်။ သုတ္တတော၊ သုတ်အားဖြင့်။ နယတော၊ နည်းအားဖြင့်။ သြလောကေတွာ၊ သေချာစွာ ကောင်းစွာရှု၍။ သတေကိစ္ဆော၊ ကုစား၍ရကောင်း၏။ ဝါ၊ ကုစားခြင်းနှင့်တကွဖြစ်၏။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်ကို။ အာဟ၊ မိန့်ဆိုလိုက်ပါ၏။ ဣတိ၊ ဤသို့။ သစေဝဒတိ၊ အကယ်၍ ပြောဆိုလျှောက်ကြားအံ့။ တတော၊ ထိုသို့လျှောက်သော အခါ၌၊ တေန၊ ထိုဝိနည်းဓရိရပုဂ္ဂိုလ်သည်။ သောဘိက္ခု၊ ထိုအမှုသည် ရဒိတကရဟန်းကို။ သာဓုသုဋ္ဌု၊ ကောင်းမွန်စွာ။ အာစရိယော၊ ဆရာသည်။ ယံ၊ အကြင်စကားကို၊ ဘဏတိ၊ မိန့်ဆိုလိုက်၏။ တံ၊ ထိုဆရာမိန့်ဆိုလိုက်သော စကားကို။ ကရောဟိ၊ လိုက်နာပြုကျင့်ပါလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ပြောဆိုလိုက်အပ်၏။

(ည) အာပတ္တိ ဒဿ နုဿာဝေါ၊ အာပတ်သင့်ခြင်းကို ရှုခြင်းနှ အားထုတ်ခြင်းကို၊ ကုဒါစနံ၊ တရံတခါမျှ၊ နဇဟိတဗ္ဗော၊ မပြုမလုပ်အပ်။ အနာပတ္တိံ၊ အာပတ်မသင့်သည်ကိုသာ၊ ပဿိဿာမိ၊ ကြည့်ရှုပါအံ့။ ဣတိ၊ ဤသို့မာနသံ၊ စိတ်ထားကို။ ကာယိရာထ၊ ပြုကျင့်အားထုတ်ရာ၏။

(ဠ) တေနခေါပနသမယေန၊ ထိုအခါ၌၊ သမ္ဗဂ္ဂိယာ၊ သဗ္ဗဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဧဝရူပံ၊ ဤသို့သဘောရှိသော။ အနာစာရံ၊ မပြုမကျင့်ကောင်းသောအကျင့်မျိုးကို။ အာစရန္တိ၊ ပြုကျင့်ကြကုန်၏။ မာလာဝစ္ဆံ၊ ပန်းပင်ငယ်ကို။ ရောပေန္တိပိ၊ ကိုယ်တိုင်လည်း စိုက်ပျိုးကြကုန်၏။ ရောပါပေန္တိပိ၊ သူတပါးကိုလည်း စိုက်ပျိုးကြစေကုန်၏။ လ၊ အဒ္ဓ ပဒေဒပိ၊ ရှစ်ကွက်ရေးသည့် ဘကျစ်၌လည်း။ ဝါ၊ ရှစ်ကွက် ကျား၌လည်း။

ဇုတ်၊ အနိစ္စကို။ကိုဋ္ဌနှိ၊ကစားကြကုန်၏။ ဒသပဒေပိ၊ ဆယ်ကွက်ရေးချစ် ကောကျစ်၌လည်း။ ဝါ၊ဆယ်ကွက်ကျား၌လည်း၊ ဇုတ်၊ကို၊ကိဋ္ဌန္တိ၊ ကုန်၏။ အာကာသေပိ၊ဟင်းလင်းအပြင်။လွင်ကောင်းကင်၌လည်း၊ကိဋ္ဌန္တိ၊ ကုန်၏။ လ၊ဝိဝိဓံ၊ အထူးထူးအပြားပြား များစွာသော။ အနာစာရံပိ၊ ရဟန်းတို့နှင့်။ မသင့်မတော်။ မလျော်မလျောက်ပတ်၊ ကစား အတတ်မျိုး၊ အကျင့်ဆိုး ကိုလည်း၊ အာစရန္တိ၊ ကာမဘောဂီ၊ရွာမှီနေသူ။ လူတို့ကဲ့သို့ ပြုကျင့်ကြ ကုန်၏၊ဘာဂဝတော၊မြတ်စွာဘုရားသခင်အား။ ဧတမတ္ထံ၊ဤဆိုပြီးအကုန်၊ ကြောင်းမျိုးပုံကို။ အာရောစေသုံ၊ နားတော်လျှောက်ကြ လေကုန်၏။ လ၊ ဘိက္ခဝေ၊ရဟန်းတို့၊ဝိဝိဓံ၊အထူးထူးအပြားပြား။များစွာသော။ အနာစာရံ၊ ရဟန်းတို့နှင့်မလျောက်ပတ်။ ကစားအတတ်မျိုး။အကျင့်ဆိုးကို။နအာစရိ တဗ္ဗံ၊မပြုမကျင့်အပ်၊ယော၊အကြင်ရဟန်းသည်၊ ဝိဝိဓံ၊သော၊ အနာစာရံ၊ ကို။အာစရေယျ၊ ပြုကျင့်ငြားအံ့၊သော၊ထိုအာဏာမခံ၊ ဝိဆန်သမှု ပြုကျင့် သောရဟန်းကို၊ ယထာဓမ္မော၊ ဒုက္ကဋ်, ပါစိတ်–အာပတ် တည်းဟူသော သဘောအလျောက်၊ သဘောအား လျော်စွာ။ ကာရေတဗ္ဗော၊ ဆုံးဖြတ် အပ်၏။

(၅) ယထာဓမ္မော ကာရေတဗ္ဗောတိ၊ဟူသည်ကား။ဒုက္ကဋ ဝတ္ထုမှို၊ ဒုက္ကဋ်ဝတ္ထု၌၊ဒုက္ကဋေန၊ဒုက္ကဋ်အာပတ်ဖြင့်။ ပါစိတ္တိယဝတ္ထုမှို၊ပါစိတ်ဝတ္ထု ၌။ပါစိတ္တိယေန၊ပါစိတ်အာပတ်ဖြင့်၊ကာရေတဗ္ဗော၊ဆုံးဖြတ်အပ်၏။

(၃) ဒုဂ္ဂဟိတော၊မကောင်းသဖြင့်ကိုင်ယူ အပ်သော။ ကုသော၊သ မန်းမြက်သည်။ ဟတ္ထမေဝ၊ကိုင်ယူသူလူ၏လက်ကိုသာလျှင်၊အနုကန္တတိ ယထာ၊ ရှူးရှဖေါက်ခွဲသကဲ့သို့၊ တထာ၊ထိုအဖျားမြထက်။ သမန်းမြက်အ တူ၊ဒုပ္ပရာမဋ္ဌံ၊ပြောက်,ကျား,ကျိုးပျက်၊ ခေါင်းသက်,အုန္နာ၊အဆာမကောင်း၊ သီလရှိခြင်း စသည်ဖြင့်၊ မကောင်းစွာသုံးသပ်အပ်သော၊သာမညံ၊ ရဟန်း အကျင့်တရားသည်။ သမဏာမေဝ၊ စောင့်ရှောက်မဘမ်း၊ ကျင့်ဟော့ချမ်း သည့်၊ရဟန်းကိုသာလျှင်။ အနုကန္တတိ၊ရှူးရှဖေါက်ခွဲလေ၏။ နိရယာယ၊ အပါယ်ငရဲ၌ဖြစ်ခြေခြင်းငှာ။ဥပကဍ္ဎတိ၊ ဆွဲငင်တတ်၏။တနည်းကား။ ။ နိရယာယုပကဍ္ဎတိ၊ ငရဲကျရောက်စေတတ်၏။ ။ဓမ္မပဒ ပါဠိတော် အ နက်၊ငင်းပါဠိတော်၏အနက်ကိုလည်း။

တဏ္ဍကုသောတိ ယံကိဉ္စိတိခိဏဓာရံ တိဏံပိ၊ အန္တမသော တာလ ပဏ္ဏံပိ၊ ယထာသော ကုသော ယေနဒုဂ္ဂဟိတော၊ တဿဟတ္ထံ အနုကန္တ

တိဟာလေတိ၊ ဧဝမေဝ သမဏဓမ္မသင်္ခါတံ သာမညံပိ "ခဏ္ဍသီလတာ ဒိတာယ" ဒုပ္ပရာမဋ္ဌံ၊ နိရယာယုပကဍ္ဎတီတိနိရယေ နိဗ္ဗတ္တာပေတီတိ အတ္ထော။ ။ဟုဖွင့်ဆိုအပ်သော ဓမ္မပဒအဋ္ဌကထာနှင့် အညီယောဇနာ သည်၊

တစ္ဆ၊ထိုဂါထာ၌။ ကုသောတိ၊ ကုသောဟူသည်ကား။ ယံကိဉ္စိ၊တစုံ တခုသော၊ တိခိဏဓာရံ၊ ထက်သောအသွားရှိသော။ တိဏံပိ၊မြက်သည် ၎င်း၊ အန္တမသော၊ ယုတ်သော အပိုင်းအခြား အားဖြင့်၊ တာလပဏ္ဏမ္ပိ၊ ထန်းရွက်သည်၎င်း၊ ကုသော၊ ကုသမည်၏၊ သောကုသော၊ ထိုသမန်း မြက်ကို။ ယေန၊ အကြင်သူသည်။ ဒုဂ္ဂဟိတော၊မကောင်းသဖြင့်ကိုင်ယူအပ် ၏။တဿ၊ထိုမကောင်းသဖြင့် ကိုင်ယူသောသူ၏၊ ဟတ္ထံ၊ လက်ကို၊ အနု ကန္တတိယထာ၊ အစဉ်ဖြတ်သကဲ့သို့၊ ဝါ၊ ရှသကဲ့သို့၊ ဖာလေတိယထာ၊ ခွဲသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ခဏ္ဍသီလတာဒိတာယ၊သီလ ကျိုးသည်၏အဖြစ်အစရှိသည်ဖြင့်။ ဒုပ္ပရာမဋ္ဌံ၊ မကောင်းသဖြင့် သုံးသပ် အပ်သော။ သမဏဓမ္မသင်္ခါတံ၊ ရဟန်းတို့၏ အကျင့်တရားဟု ဆိုအပ် သော။ သာမညံပိ၊ရဟန်း၏အဖြစ်သည်လည်း။ နိရယာယ ပကဍ္ဎတိ၊ နိ ရယာယုပကဍ္ဎတိဟူသည်ကား၊ နိရယေ၊ ငရဲ၌၊နိဗ္ဗတ္တာပေတိ၊ဖြစ်စေ၏။ ဓမ္မပဒအဋ္ဌကထာအနက်၊

ပဲကစားမှုဖြတ်စာပြီးပြီ။

## ဆဋ္ဌမဝိနိစ္ဆယ။ ငွေးကြီးရွာ-ပထမမှုဖြတ်စာ၊
## ၁၂၃၆-ခုနှစ်၊ဖြတ်ထုံး-၆၊

ရတနာပုဏ္ဏ၊ မန္တလာ။နာမ ထူးလည်း။ မြို့နန်းတည်၍၊ အပြည်ပြည် ထောင်၊ ဘုန်းရောင်တန်းခိုး၊ အာဏာမိုး၍။ မိုးချုပ်စိုးနင်း။ ထီးဆောင်း မင်းတို့နှင့်မတူ၊ ကြည်ဖြူရွှင်လန်း၊ သန့်စွမ်းလျှင်မြန်၊ ထက်သန်လှစွာ၊ သဒ္ဓါသတိ၊ ဝီရိယပညာ၊ စွာရုံခြောင်း။ဂုဏ်အပေါင်းတို့နှင့်ပြည့်စုံသော (သိရိပဝရ ဝိဇယာနန္တယသ ပဏ္ဍိတမဟာဓမ္မရာဇာ)ဟူသောဘွဲ့တံဆိပ် ဖြင့်။ အဘိသိက်သွန်းခံသော ပဉ္စမသံဂါယနာ တင်၊ ဘုရင်ဧကရာဇ်မင်း မြတ်၏လက်ထက်အခါတွင်၊ လဇ္ဇီပေသလ,သိက္ခာကာမ,စသောဂုဏ်ထူး

တို့နှင့်ပြည့်စုံတော်မူသည်ဖြစ်၍။ ထင်ရှားကျော်စောတော်မူသော(ရွှေကျင်ဆရာတော်ဘုရား၏အခုပ်ရပ်သော "ဥပဒေသ" တို့ဖြင့်။ သာသနာတော်မြတ်ကြီး၏၊ အငြိမ်အကြေး၊ တေးရန်တို့ကို တွေးအန် သုတ်သင်ရှင်းလင်းရာသို့အပါအဝင်။ နယ်ရပ်ခွင်တို့တွင်၊ အလုံနယ်ရှင်။ သတ်မှတ်ရာပါ။ ရွှေကြီးရွာကျောင်းတိုက်၌။ အခိုက်အတန့်၊ အခါဂန္တုကအဖြစ်ဖြင့်လာရောက်နေထိုင်ရာမှ တဖန်မုံရွာ(ရွှေစည်းခုံ) ကျောင်းတိုက်သို့ ခေတ္တလာရောက်နေထိုင်သောဝိနယကာ(ရှင်မေဓာ)၌ဖြစ်ပွားလျက်ရှိနေသော(အဓိကရုဏ်း) ကို၊ ပြီးဆုံးပြတ်စဲအောင်ဆုံးဖြတ်ရမည်ဟု။ အထက်ရွှေကျင် ဆရာတော်ဘုရားမိန့်ကြားတော်မူလိုက်သောကြောင့်။ ၎င်း အဓိကရုဏ်းကို ပြီးဆုံးပြတ်စဲငြိမ်ဝပ်ပိပြားအောင်ဆုံးဖြတ်ရမည့်နှစ်၍။

(က) သန္တာ ဒေါသာ ဘယာ မောဟာ။ ယောဝေမှံ အတိဝတ္တတိ၊
နိဟီယတိ တဿ ယသော၊ ကာလ ပက္ခေ ဝ စန္ဒိမာ။ ၊

(ခ) ဆန္ဒာ ဒေါသာ ဘယာ မောဟာ။ ယောဓမ္မံ နာတိ ဝတ္တတိ။
အာပူရတိ တဿ ယသော၊ သုက္ကပက္ခေ ဝ စန္ဒိမာ၊ ၊

ဟူသော ပရိဝါပါဠိတော်လာ ဒေသနာတော်မြတ်ကိုဦးထိပ်ရွက် ပန်ဆင်ပြီးလျှင်။ မြတ်စွာဘုရားသျှင်၏၊ သာသနာတော်မြတ်ကြီး ကိုလည်း၊ (အလဇ္ဇီ)ပုဂ္ဂိုလ်ပါးရှား၍၊ လဇ္ဇီပုဂ္ဂိုလ်များပြားသဖြင့်၊ တနေ့တခြား ပြန့်ပွားစီပင်စေ၊ အမှုသည်ဝိနယကပုဂ္ဂိုလ်သည်လည်း ယထာဓမ္မ- ဝိနယဝိနိစ္ဆယကိုရစေ၊ သတင်းသုံးတော် သံဃာတော်တို့ကိုလည်းယထာဓမ္မ ယထာဘူတ-ဝိနယဝိနိစ္ဆယကိုတွေ့မြင်ရသဖြင့် သံသယကုက္ကုစ္စ ကင်းရှင်း၍ချမ်းသာစွာနေထိုင်ကြစေ၊ အထွေထွေသော စိတ်ထားဖြင့်၊ ဝိနယကရဟန်းတော်ရှင်(မေဓာ)စသောသူတို့ကိုအဘန်ဘန်စစ်ဆေး မေးမြန်းပြီး၍၊ စောဒက စောဒကပက္ခ၊ ဝိနယက ဝိနယကပက္ခ၊ ဝတ္ထုသည်မှ သာဓက ပုဂ္ဂိုလ်တို့အစစ်ခံထွက်ဆိုချက် စကားရပ်များကို။ ရှေ့နောက်,အောက်ထက်၊ ညှက်ဖြင့်သက်၍ မှတ်ဖျက်သုတ်သင်၊ ရှုဆင်ခြင်သော်၊ ဝိခဝါမာတုဂါမ(မိရောဘီ)၏နေ့အိမ်၌၊ ဝိနယကရှင် (မေဓာ) ၏ခြေရာများစွာပင်နေ့ညဥ့်အိပ်နေခြင်းကိုအရင်းမူ၍၊ စွပ်စွဲထွက်ဆိုအစစ်ခံစကားရပ်တို့တွင်၊

(၁) ညနေသုံးချက်တီးအချိန်လောက်တွင်ဒါယိကာမ(မိဝန်း,မိအိမ်သိမ်း)တို့က။ ယောက်ျားကလေးပြီပြီသွားတဲ့၍ ကြည့်ရှုချေဟု စေခိုင်းသောကြောင့်သွား၍ကြည့်ရှုသောအခါ။ခြင်းထောင်တွင်းက(မိရေသီ)ထွက်လာသည်ကိုတွေ့မြင်ခဲ့ရပါသည်ဘုရား။

ငမှုံးဆိုသူပထမအစစ်ခံထွက်ဆိုချက်။

(၂) ဒါယိကာမ(မိဝန်း,မိအိမ်သိမ်း)တို့က။ စေခိုင်း၍တပည့်တော်(ငမှုံး)သွားရောက်ကြည့်ရှုရာ၊ အိမ်ဖော့ခါးပေါ်သို့တက်မိလျှင်တက်မိခြင်း ဦးပဉ္စင်း တော်တော်ရှိပါပလားဟု မေးလိုက်လျှင်၊ ဒါယိကာမ (မိရေသီ) သည်ခြင်ထောင်ကိုပင့်မ၍ပကတိဝတ်စားမြဲအတိုင်းအမူအပျက်ပဲ၊ ထွက်လာသည်ကိုမြင်ခဲ့ရပါသည်ဘုရား။

ငမှုံးဆိုသူဒုတိယအစစ်ခံထွက်ဆိုချက်။

(၃) ဒါယိကာမ(မိရေသီ)၏လက်ကိုဆွဲကိုင်၍။ဦးပဉ္စင်း(ဦးမေခ)ကလက္ခဏာကြည့်ရှုနေသည်ကို။ ညနေသုံးချက်တီး အချိန်လောက်တွင် တွေ့မြင်ခဲ့ရပါသည်ဘုရား။

ဒါယိကာမ (မိအိမ်သိမ်း) ပထမအစစ်ခံ
ထွက်ဆိုချက်။

(၄) ဘုရားတပည့်တော် (ငနေဒွန်း) နှင်းနှိပ်သည့်ကာလ။ ဦးပဉ္စင်း (ဦးမေခ) သည် အဖြင်းအထန်မဖျားပါ။နွေးနွေးသာဖျားပါသည်ဘုရား။

အနှိပ်သည်(ငနေဒွန်း) အစစ်ခံထွက်ဆိုချက်။

(၅) နံနက်ချောင်း ကွမ်းကပ်,ရေကပ်,ထွက်ခြည့်, ဝင်ခြည်ပြုလုပ်နေသည်ကိုမြင်မိပါသည်။ခြင်ထောင်ကိုပင့်မ၍ထားပါသည်ဘုရား။

ဒါယိကာမ (မိဝန်း) အစစ်ခံထွက်ဆိုချက်။

(၆) ကျောင်းပေါ်၌ တိုက်သားရဟန်းသာမဏေတို့တပါးမျှ မရှိကြပါ။ တပည့်တော်(လူကလေး)သည်ရဟန်းတော်(ဦးမေခ)၏အနီးအပါး မြောက်နားနှစ်တောင်ကွာလောက်အရပ်၌အိပ်ရပါသည် ဒါယိကာမ(မိရေသီ ) သည်လည်းရဟန်းတော် ( ဦးမေခ )၏ခြေရင်း၊ လေးထောင်ကွာလောက်က အရပ်၌အိပ်ပါသည်ဘုရား၊

ကျောင်းသား(လူကလေး)အစစ်ခံထွက်ဆိုချက်၊

(၇) ဂိုဏ်းထောက်ဆရာတော်ကျောင်းသို့လာရောက်၊ခေါင်းချတချိန်နှစ်တင်းဝင်ခံတောင်းတလုံးကိုကျောင်းကြမ်းပြင်၌ တွေ့မြင်၍၊ ဦးပဥ္စင်း(ဥူးမေဓာ)ကိုခေါ်ပါသည်၊မထူးဘဲနေသောကြောင့်၊ကျောင်းခန်း ထဲတွင်ရှိမရှိကိုသိရအောင် (ကဲလား) ခါးပန်းကြားကရ ၍ကြည့်လိုက်ရာ၊ဂိုဏ်းထောက်ဆရာတော်၏ ကျောင်းခန်းထဲ၌ ဒါယိကာမ(မိရာသီ)နှင့် ရဟန်းတော်(ဥူးမေဓာ)တို့အတူတကွထိုင်နေသည်ကိုမြင်ရပါသည်ဘုရား။

ရဟန်းတော်ရှင် (ရေဝတ) အစစ်ခံထွက်ဆိုချက်။

(၈) ပေါက်ပေါက်စားသောက်လို၍၊ဒါယိကာမ (မိရာသီ) ကိုခေါ်ပေးပါဟုရဟန်းတော် (ဥူးမေဓာ)ကစေခိုင်း၍ ခေါ်ပေးရပါသည်၊ ညနေအချိန်တွင်ပါဘုရား၊ ၎င်းနေ့ဂိုဏ်းထောက်ဆရာတော် ကျောင်းခန်းထဲ၌၊ရဟန်းတော်(ဥူးမေဓာ)၏ခြေရင်း၊လေးထောင့်ကွက်လောက်အရပ်၌၊ ဒါယိကာမ(မိရာသီ)ဒိုင်ပါသည်ဘုရား၊

ကျောင်းသား(လူကလေး)အစစ်ခံထွက်ဆိုချက်။

(၉) ရဟန်းတော်(ဥူးမေဓာ)နှင့်၊ဒါယိကာမ(မိရာသီ)တို့၏ အချင်းချင်းနှစ်ကိုယ်ကြားတိုင်ပင်ပြောဆိုကြသောစကား(တီးတိုး) သံကို ကြားရ၍။ မယုံမနာသင်္ကာမကင်းရှိသောကြောင့်အိမ်အောက်က ချောင်းမြောင်း၍နားထောင်ရာ၊ စကား(တီးတိုး)သံတိတ်၍၊ ကြမ်း(ကြိတ်သံ)ကိုကြားခဲ့ရပါသည်ဘုရား၊

ဒါယိကာမ (မိထုံ) အစစ်ခံထွက်ဆိုချက်၊

(၁၀) ရွာထောင်ရွာ ဟင်းခွပ်ကုန်း တောစပ်ချုံရိပ်ဝမှာ။ ရဟန်းတော်ဥူးမေဓာနှင့်၊ဒါယိကာမမိရာသီတို့နှစ်ယောက်ချင်းအတူထိုင်နေကြသည်ကိုမြင်ဘူးပါသည်ဘုရား။

ဒါယိကာမ(မိသော်,မိအိမ်မြ)တို့အစစ်ခံထွက်ဆိုချက်၊

(၁၁) ဘုရားတပည့်တော်၌မကျန်းမမာ အဖျားရောဂါကပ်ရောက်နေသည်ဖြစ်၍။ ကောင်းမွန်ချမ်းသာစွာပြုစုမည့်သူဒါယိကာမ (မိရာသီ)၏အိမ်၌၊ ငါးညဉ့်ခြောက်ညဉ့်တို့ပတ်လုံးနေ့ညဉ့်အိပ်၍၊ နေထိုင်မိသည်မှာအမှန်ပင်ဖြစ်ပါသည်ဘုရား။

(၁၂) ဒါယိကာမ (မိရာသီ)၏နေ့အိမ်၌။နေ့ညဥ့်များစွာ နေထိုင်ပါသော်လည်း။ တပည့်တော်သည်ဒါယိကာမ (မိရာသီ)နှင့်၊ကာမရာဂ, ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ-အမှုမျိုးကိုတခါတရံမျှမလွန်ကျူး၊ မပြောမဆိုမိပါ့ဘုရား။

(၁၃) ဒါယိကာမ(မိရာသီ)၏လက်ကိုဆွဲကိုင်၍(လက္ခဏာ)ကြည့်သည်။ ခံထိုးကိုကိုင်၍ (မန္တာန်) မန်းမှုတ်သည်ဟုအစစ်ခံထွက်ချက် စကားများသည်အလျှင်းပင်မဟုတ်မမှန်ပါဘုရား၊

ရဒိတကရှင်(မေဓာ)အစစ်ခံထွက်ဆိုချက်။

၍သို့စောဒကပုဂ္ဂိုလ်,ရဒိတကပုဂ္ဂိုလ်တို့ထွက်ဆိုအပ်သော အစစ်ခံစကားရပ်တို့ဖြင့်။

(ဂ) ပဉ္စဟာဂေဟိ သမန္နာဂတော ဘိက္ခု ဥဿက်ိတ ပရိဿက်ိတောဟောတိ ပါပဘိက္ခုဝိ အကုပ္ပဓမ္မောပိ။ ဝေသိယာ ဂေါစရောဝါဟောတိ။ ဝိဓဝါဂေါစရောဝါ ဟောတိ။ ထုလ္လကုမာရိဂေါစ ရောဝါဟောတိ။ ပဏ္ဍက ဂေါစရောဝါ ဟောတိ၊ ဘိက္ခုနိဂေါစရောဝါ ဟောတိ၊

ဟူ၍ဟောတော်မူအပ်သော ပရိဝါပါဠိတော်နှင့်လျော်ညီစွာ။ ရဒိတကရှင်(မေဓာ)၌၊ အနိ္တမဝတ္ထုသို့တိုင်ရောက်သောက်အောင်ပင် သတင်းသုံးတော်သံဃာတော်တို့က၊ ရှုမြော်တွေးသ။ သံသယ,ကုက္ကုစ္စ-တရားများများကြီးဖြစ်ပွားသင့်ကြပေသည်။ သို့ပင်ဖြစ်သင့်ငြားသော်လည်း၊

(ဃ) ယောပနဘိက္ခု မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယရဟော ပဋိစ္ဆန္နေအာသနေ အလံကမ္မနိယေနိသဇ္ဇံ ကပ္ပေယျ။ တမေနံ သဒ္ဓေယျဝစသာ ဥပါသိကာ ဒိသွာ၊တိဏ္ဏံ ဓမ္မာနံ အညတရေန ဝဒေယျပါရာဇိကေနဝါ သံဃာဒိသေသေနဝါ ပါစိတ္တိယေနဝါ၊ နိသဇ္ဇံဘိက္ခုပဋိဇာနမာနော တိဏ္ဏံ ဓမ္မာနံအည တရေန ကာရေတဗ္ဗောပါရာဇိကေနဝါ သံဃာဒိသေသေနဝါ ပါစိတ္တိယေနဝါ။ ယေနဝါသာ သဒ္ဓေယျဝစသာဥပါသိကာဝ ဒေယျ။ တေန သောဘိက္ခုကာရေတဗ္ဗော၊ အယံဓမ္မော အနိယတော။

မှာတိကာပါဠိတော်၊

(ဂ) နိသဂ္ဂိယံ ဘိက္ခု ပဋိစ္ဆာဒနမာနေ့ာတိ ကိဥ္စာပိ ဝေရူပါဥပါသိကာ ဒိသွာ ဝဒတိ၊ အထခေါ ဘိက္ခု နိသဂ္ဂံ ပဋိစ္ဆာဒနမာနော ယေဝ တိဏ္ဏံ ဓမ္မာနံ အညတရေန ကာရေတဗ္ဗော။ နအပ္ပဋိစ္ဆာဒနမာနော တိ အဓိပ္ပာယော။ ယေန ဝါ သာ တိ နိသဇ္ဇာဒိသု အာကာရေသု ယေန ဝါ အာကာရေန သဒ္ဓိံ မေထုနာဒီနိ အာရောစေ ပေတွာ သာ ဥပါသိကာ ဝဒေယျ၊ ပဋိစ္ဆာဒန မာနေ ဝ တေန သော ဘိက္ခု ကာရေတဗ္ဗော၊ ဝေရူပါယပိပိ ဥပါသိကာယ ဝစနမတ္တေန အာကာရေန ကာရေတဗ္ဗောတိ အဓိပ္ပာယော၊ ကသ္မာ၊ ယသ္မာ ဒိဋ္ဌံ နာမ တထာပိ ဟောတိ အညထာပိတိ။ ။ကင်္ခါ အဋ္ဌကထာ။

ဤပါဠိတော် အဋ္ဌကထာတို့နှင့်သျှော်ညီစွာ။ ယုံကြည်အပ်သော စကားရှိသူ အရိယာဖြစ်သော ဥပါသိကာမသည်ပင် ပါရာဇိကဝတ္ထု သံဃာဒိသိသ်ဝတ္ထု ပါစိတ်ဝတ္ထုတို့ဖြင့်စွပ်စွဲပြောဆို စောဒနာ သော်လည်း၊ စွဲဆိုသူစောဒကပုဂ္ဂိုလ်၏စကားဖြင့် မဆုံးဖြတ်သာ၊ အကယ်၍စင်စစ် စောဒက,စောဒကပက္ခအပါအဝင်လူရှင်ရဟန်းတို့၏စကားဖြင့် ဆုံးဖြတ်ရမည်ရှိစေကာမူ၊ စောဒကပုဂ္ဂိုလ်တို့စွဲဆိုသော စကားရပ်များ၌လည်း။ စုဒိတကရှင်(မေခ)ကိုပါရာဇိက ဝတ္ထုဖြင့် မစွဲဆိုသောကြောင့် ပါရာဇိက အာပတ်ဖြင့် မဆုံးဖြတ်သာ။ စုဒိတကပုဂ္ဂိုလ်သည်ထွက်ဆိုပဋိညာဏ် ပေးအပ်သောပါရာဇိကအာပတ်, သံဃာဒိသိသ်အာပတ်, ပါစိတ်အာပတ်တို့တွင်တပါးပါးဖြင့်သာဆုံးဖြတ်ရမည်ဟူ၍ ဟောတော်မူသည်။ ထိုသို့ပင် ဟောတော်မူသော်လည်း။

(စ) ပဋိညာ လဇ္ဇိသု ကတာ၊ အလဇ္ဇိသွေတံ နဝိဇ္ဇတိ။
ဗဟုမ္ပိ အလဇ္ဇီဘာသေယျ၊ ဝုတ္တာနုသန္ဓိတေနကာရယေ။
ပရိဝါပါဠိတော်၊ ။

(ဆ) အလဇ္ဇိ ကီဒိသော ဟောတိ။ ပဋိညာ ယာသနုရူပာတိ။
ပရိဝါပါဠိတော်၊ ။

(ဇ) လဇ္ဇိံ ပဋိညာယကာရယေ၊ အလဇ္ဇိံ ဝုတ္တာနုသန္ဓိနာ ဘိအာဒ္ဓိ၊
ပါစိတျာဒိအဋ္ဌကထာ၊

ဤပါဠိတော် အဋ္ဌကထာပါဠိ၏စကားရပ်တို့ဖြင့်။ လဇ္ဇီဟုသိလ,သိက္ခာကာမ-ရဟန်းကိုသာ မိမိပေးအပ်သော (လဇ္ဇီ) ပဋိညာဏ်ဖြင့်သာ ဆုံးဖြတ်ရမည်ဟုမိန့်ဆိုတော်မူသည်၊ ယင်းသို့ ဖြစ်သောကြောင့်၊ စုဒိတကရှင်

(မေဓာ)၏ လဇ္ဇီဘော, အလဇ္ဇီဘော ကိုဆင်ခြင်လျှင်၊ ဒါယိကာမ (မိရာ သိ)၏ နေအိမ်၌ ငါးညဥ့်ခြောက်ညဥ့် တိုပတ်လုံး(ဖျား)၍ နေထိုင်သည် မှာ အမှန်ပင်ဖြစ်ပါသည်ဟု ထွက်ဆိုပဋိညာဉ်ပြုအပ်သော ရဟန်း ရှင်(မေဓာ)၏အစစ်ခံစကားရပ်ဖြင့်၊

(ဈ) သင်္ဃာဒိသေသ အာပတ္တိ အာပဇ္ဇတိ၊ အာပတ္တိ ပဋိဂ္ဂဟာတိ။
အဂတိ ဂမနဉ္စပေါတိ။ ဇေဒိသော ဝုတ္တော အလဇ္ဇိပုဂ္ဂလော။

ဟူသောပရိဝါပါဠိတော်နှင့်အညီ၊ ဝိဓဝါမာတုဂါမ (မိရာသိ)နှင့် တ မိုးတရံထည်းသောအိမ်၌ အတူတကွအိပ်နေမှုကို ပြုခြင်းကြောင့်၊ သဟ သေယျ အဖြစ်သို့ရောက်များစွာရောက်ရှိသဖြင့်၊ ရဟန်းရှင်(မေဓာ) ၏ လဇ္ဇီဘော,မရှိသည်၏အဖြစ်သည်လွန်စွာ ထင်ရှား၏။ သို့ဖြစ်သောကြောင့် ရဟန်းရှင်(မေဓာ)၏ဒါယိကာမ (မိရာသိ)၏အိမ်၌နေထိုင်စဉ်။ ဝိဓဝါမာ တုဂါမ (မိရာသိ)နှင့်ကာမရာဂ, ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ အမှုမျိုးတို့ ကိုတရံတခါမျှမလွန်ကျူးမပြောမဆိုမိပါဟူသော ပဋိညာဉ် စကားရပ် ဖြင့်လည်း၊ ရဟန်း(ရှင်မေဓာ)ကိုသုဒ္ဓဟူ၍လည်းမဆုံးဖြတ်သာ။

ဝိဓဝါမာတုဂါမ (မိရာသိ)နှင့် အတူတကွ၊ တမိုးတရံတည်းသော အိမ်၌ ငါးညဥ့် ခြောက်ညဥ့် တိုပတ်လုံးနေထိုင်သည်ကို ပဋိညာဉ်ပေး သည်ဖြစ်သောကြောင့်၊

ဗဟုမ္ပိအလဇ္ဇိဘာသေယျ။ ဝုတ္တာနုသန္ဓိတေန ကာရယေ။ ။
ဟူသောပါဠိတော်နှင့်လျော်ညီစွာ၊မိမိ၏ အမူအရာနှင့်စပ်ညီသော ပဋိညာဉ်ရှိသည်ဖြစ်၍ရင်း၊

(ည) ယောပနဘိက္ခုမာတုဂါမေန သဟသေယျ ကပ္ပေယျပါစိတ္တိ ယံ၊ ။ဟူ၍ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကြီး အထင်အရှား ရှိသည်ဖြစ်၍ရင်း။ များစွာသော ပါစိတ်အာပတ်တို့ဖြင့် ဆုံးဖြတ်သင့်သည်၊ ယင်းသို့ဖြစ်၍ မိမိ၌သင့်ရောက်လျက်ရှိနေသော များစွာသော ပါစိတ်အာ ပတ်တို့ကို၊ နောက်နောင်အခါ၌ကဲ့သို့မလွန်မကျူးပံ့ ပါပြီဟူ၍ (အာယ တိံသံဝရ)တရားဥ္ဓကောင်းမွန်စွာတည်၍(ဒေသနာ)ကိုဖြင့်ကုစားစေ။ ။
ဒါယိကာမ (မိရာသိ)၏လက်ကိုဆွဲကိုင်၍ လက္ခဏာကြည့်သည်ဆိုံ ထုံးကိုကိုင်၍မနှံ့နှိမ်းမှတ်သည်ဟုစောဒကပုဂ္ဂိုလ်တို့ စွဲဆိုချက်ရှိသည့်

အဧတိုင်းမှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ။ သိတင်းသုံးတော်၊ သံဃာတော်တို့။ ရှုမြော်တွေးဆ၊ သံသယ,ကင်းရှင်း၊ မြတ်နိုးခြင်းငှါဖြစ်စေခြင်း အခကျိုးဌာရင်း၊ မိမိ၏သန္တာန်၌တည်ရှိသော သီလ၏ လည်း ဖွေးဖွေးလွလွ၊ ဆွဆွဖြူစင်၊ အရောင်လွှင်စေခြင်းအကျိုးဌာရင်း။ သိတင်းသုံးတော်၊ သံဃာတော်တို့။ ကော်ရော်မြတ်နိုးခြင်းကိုအရင်းမူ၍ (ပရိဝါသ်,မာနတ်) ကျင့်သုံးသောက်ဘည်ခြင်းစသည်ဖြင့်၊ မိမိ၌သင့်ရောက်ရှိနေသောသံဃာဒိသိသ်အာပတ်တို့ကိုလည်း အာယတိံ သံဝရတရား၌တည်၍ကုစားစေ။

နောက်နောင်အခါကာလ၌လည်း၊ လဇ္ဇီပေသလ, သိက္ခာကာမ,ရဟန်းကောင်း, ရဟန်းမြတ်တို့ကဲ့သို့၊ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တော်တို့ကို မကျော်မနင်း,မလွန်မကျူး။ ပုထုဇန်ဂတိ။ မှားယွင်းရှိလည်း၊ ဖုံးဖိမပြု၊ ကြည့်ရှုကုစား၍ ကောင်းမွန်စွာရှေးကကဲ့သို့နေထိုင်ပေလျှင်၊ ဗုဒ္ဓတကာရှင် (မေခဲ)နှင့်အတူတကွ သံဃာတော်တို့သည်၊ ဥပုသ်, ပဝါရဏာ-စသောသံဃာကံဖြင့် (သမ္ဘောဂ,သံဝါသ)မကွဲမပြား၊ ရှေးအလားသို့။ တသားတည်း ညီညွတ်စွာ ပေါင်းဘော်နေထိုင်ကြစေ။

ကောဇာသက္ကရာဇ် ၁၂၃၆-ခုနှစ်။ တဆောင်မုန်းလဆုတ် (၁၂) ရက်နေ့တွင်။ မုံရွာ,လှေကူး,(ရွှေစည်းခုံ) ဘုရားပရိဝုဏ်အတွင်း အနောက်ဘက်စောင်းတန်း(စရပ်)တည်းကျောင်း၌၊ ယွန်းကျောင်းတိုက်ဘုန်းတော်ကြီးဦးပညာသာမိ။ ၎င်းတို့ဟ်ဦးမာလာ။ စေတီယတိုက် ဘုန်းတော်ကြီးဦးနန္ဒမေဓာ၊ ပေပင်တိုက်ဘုန်းတော်ကြီးဦးနေမိန္ဒရ။ ရွှေစည်းခုံကျောင်းတိုက်ဂိုဏ်းထောက် ဆရာတော် ဦးပညာဇောတ-ပုဗ္ဗာရုံတိုက် ဂိုဏ်းထောက်ဆရာတော်ဦးကေတု၊ လောကမှန်ကင်းတိုက်ဥပုသ်ခေါင်းဘုန်းတော်ကြီး ဦးနန္ဒမာလာရွာသစ်ရွာဥပုသ်ခေါင်းဘုန်းတော်ကြီးဦးဇောဟ, အစရှိသော-မုံရွာ, လှေကူး, ညောင်ပင်စောက်ရွာ, ရွာသစ်ရွာ, သံဃာတော်တို့အပုံအညီ အစည်းအဝေးတွင်၊ ခင်မွန်ရွာ (သုံးဂိုဏ်းချုပ်) ဆရာတော်ဘုရားရေးသား ဆုံးဖြတ်အပ်သောအဆုံးအဖြတ်။

ဤဝိနိစ္ဆယ၌ ယထက္ကာမသာကေပါဠိတို့၏

အနက်ကား။

(က) ယောဘိက္ခု၊ အကြင်ရဟန်းသည်၊ ဆန္ဒာ၊ ချစ်ခင်သဖြင့်ရင်း။ ဒေါသာ၊ မုန်းသဖြင့်ရင်း။ ဘယာ၊ ကြောက်ရွံ့သဖြင့်ရင်း၊ မောဟာ၊ တွေဝေ

သဖြင့်ရင်း၊ မွေ့၊တရားတော်ကို၊ အတိဝတ္တတိ။လွန်ကျူး၍ကျင့်၏။တသသ၊ ထိုရဟန်း၏၊ ယသော၊ခြွေရံကျေးဇူး၊ဂုဏ်ထူးသတင်း။ ကျော်စောခြင်းသည်။ကာလပက္ခေ၊လဆုတ်ပက္ခ၌၊ စန္ဒိမာ၊လ-မင်းသည်။ နိဟီယတိဏ္ဍဝ၊ တနေ့တခြားဆုတ်ယုတ်သကဲ့သို့၊ နိဟီယတိဏ္ဍဝ၊ တနေ့တခြား။ လျော့ပါးဆုတ်ယုတ်၏။

(ခ) ယောဘိက္ခု၊သည်။ ဆန္ဒာ၊ဖြင့်ရင်း၊ ဒေါသာ၊ဖြင့်ရင်း၊ ဘယာ၊ဖြင့်ရင်း။မောဟာ၊ဖြင့်ရင်း၊ဓမ္မံ၊ကို။နာတိဝတ္တတိ။လွန်ကျူး၍မကျင့်။ တသသ၏၊ယသော၊သည်။သုက္ကပက္ခေ၊လဆန်းပက္ခ၌။စန္ဒိမာ၊လ-မင်းသည်၊အာပူရတိဏ္ဍဝ၊တနေ့တခြား၊ တိုးပွားပြည့်ဖြိုးသကဲ့သို့။အာပူရတိ၊ တနေ့တခြား၊ တိုးပွားပြည့်ဖြိုး၏၊

(ဂ) ဝေသိယာဝေါစရောဝါ၊ပြည့်တန်းဆာမတည်းဟူသော-ကျက်စားရာအရပ်၊ ကျက်စားအပ်သောအရပ်ရှိသည်လည်း။ ဟောတိ၊ဖြစ်၏၊ဝိဓဝါဂေါစရောဝါ၊မုဆိုးမတည်းဟူသော ကျက်စားရာအရပ်, ကျက်စားအပ်သော အရပ်ရှိသည်လည်း။ဟောတိ၏၊ ထုလ္လကုမာရိဂေါစရောဝါ။ အပျိုကြီး, အပျိုဟိုင်းတည်းဟူသောကျက်စားရာအရပ် ကျက်စားအပ်သောအရပ်ရှိသည်လည်း။ဟောတိ၏။ပဏ္ဍကဂေါစရောဝါ။ နပုံးပဏ္ဍုက်တည်းဟူသောကျက်စားရာအရပ်ကျက်စားအပ်သောအရပ်ရှိသည်လည်း။ဟောတိ၏။ ဘိက္ခုနီဂေါစရောဝါ။ ရဟန်းမတည်းဟူသောကျက်စားရာအရပ်ကျက်စားအပ်သောအရပ်ရှိသည်လည်း။ ဟောတိ၏။ ပဉ္စဟိ၊ ငါးပါးကုန်သော။အင်္ဂေဟိ၊အင်္ဂါတို့နှင့်။ သမန္နာဂတော၊ပြည့်စုံသည် ရှိသော်။ဝါ၊ပြည့်စုံသောရဟန်းသည်၊ပါပဘိက္ခုပိ၊ယုတ်မာသော ရဟန်းသော်လည်းဖြစ်စေ။ အကုပ္ပဓမ္မောပိ၊မပျက်စီးနိုင်သော၊သဘောရှိသောရဟန္တာပင်သော်လည်း ဖြစ်စေ ဥဿင်္ကိတပရိသင်္ကိတော၊မြင်သဖြင့် ရွံရှာအပ်သည်။ ဟောတိ၏၊ ပရိဝါဠိတော်၊ကေဋ္ဌရိကနယ၊ပဋ္ဌက။

(ဃ) ယောပနဘိက္ခု၊အကြင်ရဟန်းသည်၊မာတုဂါမေန၊ မာတုဂါမနှင့်၊ သဒ္ဓိံ၊အတူတကွ၊ ကောကောယ၊တယောက်ချင်းချင်း။ရဟော၊နားမျက်စိ, ဆိတ်ကွယ်ရာဖြစ်သော။ အလံကမ္မနိယေ၊ မေထုန်အမှုကိုပြုခြင်းငှာခန့်သော ပဋိစ္ဆန္နေ၊တိုက်နံရံစသည်တို့ဖြင့်ဖုံးလွှမ်းအပ်သော။အာသနေ၊နေရာ၌၊နိသဇ္ဇံ၊ထိုင်နေမှုကို၊ ကပ္ပေယျ၊ပြုလုပ်ငြားအံ၊ တမေန်၊ ထိုရဟန်းကို၊သဒ္ဓေယျဝစသာ၊ယုံကြည်အပ်သော စကားရှိသော။ ဥပါသိကာ၊ အရိ

ယာ၊ဖြစ်သော ဒါယိကာမသည်၊ ဗိသွာ၊မြင်၍။တိဏ္ဏံ၊ သုံးပါးကုန်သော၊ ဓမ္မာနံ၊ အာပတ်တို့တွင်၊အညတရေန၊တပါးပါးသော။ပါရာဇိကေနဝါ၊ပါရာဇိကအာပတ်ဖြင့်၎င်း၊ သံဃာဒိသေသေနဝါ၊သံဃာဒိသိသ်အာပတ်ဖြင့်၎င်း၊ ပါစိတ္တိယေနဝါ၊ ပါစိတ်အာပတ်ဖြင့်၎င်း၊ ဝဒေယျ၊ပြောဆိုငြားအံ့၊ နိသဇ္ဇံ၊ ထိုင်နေမှုကို၊ပဋိဇာနမာနော၊ဝန်ခံသော။ဘိက္ခု၊ရဟန်းကို၊တိဏ္ဏံ၊ ကုန်သော၊ ဓမ္မာနံ၊တို့တွင်၊အညတရေန၊တပါးပါးသော၊ ပါရာဇိကေနဝါ၊ ဖြင့်၎င်း၊ သံဃာဒိသေသေနဝါ၊ဖြင့်၎င်း၊ ပါစိတ္တိယေနဝါ၊ဖြင့်၎င်း၊ကာရေတဗ္ဗော၊ဆုံးဖြတ်အပ်၏။ယေနဝါ၊အကြင်တခုံတခုသောအခြင်းအရာအားဖြင့်လည်း၊ သဒ္ဓေယျဝစသာ၊ ယုံကြည်အပ်သောစကားရှိသော၊ သာဥပါသိကာ၊ထိုအရိယာ ဖြစ်သော ဒါယိကာမ သည်၊ ဝဒေယျ၊ပြောဆိုငြားအံ့၊ တေန၊ထိုအရိယာဥပါသိကာမ ပြောဆိုသောအခြင်းအရာဖြင့်၊ ဝါ၊အာပတ်ဖြင့်၊ သောဘိက္ခု၊ထိုထိုင်နေမှုကို၊ရှိသော ရဟန်းကို၊ကာရေတဗ္ဗော၊အပ်၏။ အယံဓမ္မော၊သည်။ အနိယတော၊မမြဲ။

(င) နိသဇ္ဇံပဋိဇာနမာနောဘိ၊ဟူသည်ကား။ဝေဠုပါ၊ဤသို့သဘောရှိသော၊ ဥပါသိကာ။ အရိယာဖြစ်သော ဒါယိကာမ သည်၊ ဗိသွာ၊မြင်၍။ ကိဥ္စာပိဝဒတိ၊အကယ်၍ကားဆို၏။ အသဝေ၊ထိုသို့ပင် ဆိုသော်လည်း၊ ဘိက္ခု၊ရဟန်းကို၊ နိသဇ္ဇံ၊ ထိုင်နေမှုကို၊ ပဋိဇာန မာနေသယေဝ၊ ဝန်ခံသော်မှသာလျှင်။ တိဏ္ဏံ၊ ကုန်သော၊ ဓမ္မာနံ၊တို့တွင်။အညတရေန၊ဖြင့်၊ ကာရေတဗ္ဗော၊ဆုံးဖြတ်အပ်၏၊ အပ္ပဋိဇာနမာနော၊ဝန်မခံမူကား၊နကာရေတဗ္ဗော၊ မဆုံးဖြတ်အပ်၊ဣတိ-အဓိပ္ပာယော၊ ဤကားအနက်။ ယေနဝါ သာတိ၊ ဟူသည်ကား။ နိသဇ္ဇာဒီသု၊ ထိုင်နေခြင်းအစရှိကုန်သော၊ အာကာရေသု၊ အခြင်းအရာတို့တွင်၊ ယေနဝါအာကာရေန၊အကြင်တခုံတခုသော အခြင်းအရာနှင့်လည်း၊ သဒ္ဓိံ၊တကွ၊ မေထုနဓမ္မံဝါ၊ မေထုန်အစရှိသည်တို့ကို၊အာရောပေတွာ၊ တင်၍၊ သာဥပါသိကာ၊ ထိုအရိယာဖြစ်သော ဒါယိကာမ သည်၊ ဝဒေယျ၊ဆိုငြားအံ့။ ပဋိဇာနမာနောဝ၊ ဝန်ခံသော်သာလျှင်၊ တေန ထိုဥပါသိကာမ သည်ဆိုအပ်သော အခြင်းအရာဖြင့်။ သောဘိက္ခု၊ ထိုရဟန်းကို၊ ကာရေတဗ္ဗော၊ဆုံးဖြတ်အပ်၏။ဟိ-သစ္စံ၊ ထိုစကားမှန်၏၊ဝေဠုပါယာ၊ ဤသို့သဘောရှိသော။ ဥပါသိကာယပိ၊ ဒါယိကာမ၏လည်း။ ဝစန မတ္တေန၊ပြောဆိုကာမျှဖြစ်သော၊ အာကာရေန၊အခြင်းအရာဖြင့်။ နကာရေတဗ္ဗော၊ မဆုံးဖြတ်အပ်။ ဣတိ-အယံ၊ဤသည်ကား။ အဓိပ္ပာယော၊တည်း။ က

သွာ၊အဘာယ့်ကြောင့်၊ဝေရူပါယာ၊ သော၊ ဥပါသိကာယပိ၊၏လည်း။ ဝစန မတ္တေန၊သော။အာကာရေန၊ဖြင့်၊ နကာရေတဗ္ဗော၊မဆုံးဖြတ်အပ်၊ဇာတိ၊ဤ သို့၊ဉာယတိ၊ သိအပ်သနည်း။ ဇာတိ-အယံ ဤသည်ကား။ ပုစ္ဆာ၊အမေး တည်း၊ဟိ-ယသ္မာ၊အကြင်အကြောင်းကြောင့်၊ဒိဋ္ဌနာမ၊မြင်ခြင်းမည်သည်၊ တထာပိ၊ ဟုတ်မှန်သည်လည်း၊ဟောတိ၊ ဖြစ်၏၊အညထာပိ၊ လွဲမှားသည် လည်း၊ ဟောတိ၊ဖြစ်၏၊ဇာတိ-တသ္မာ၊ ယိုသို့မျက်စိဖြင့်မြင်ခြင်းမည်သည် အမှန်,အမှား-နှစ်ပါးဖြစ်နိုင်သောအကြောင်းကြောင့်။ ဝေရူပါယာ၊သော။ ဥ ပါသိကာယပိ၊၏လည်း၊ ဝစနမတ္တေန၊သော၊ အာကာရေန၊ဖြင့်။ နကာရေ တဗ္ဗော၊မဆုံးဖြတ်အပ်။ ဇာတိ၊ ဤသို့၊ဉာယတိ၊သိအပ်၏။ ဇာတိအယံ၊ ဤ သည်ကား။ ဝိသဇ္ဇနာ၊အဖြေတည်း။

(စ) လဇ္ဇီသု၊လဇ္ဇီပုဂ္ဂိုလ်တို့၌။ ပဋိညာ-ပဋိညာယ၊ ဝန်ခံခြင်းဖြင့်၊က တာ၊ ဆုံးဖြတ်ပြုလုပ်အပ်၏၊ အလဇ္ဇီသု၊ အလဇ္ဇီပုဂ္ဂိုလ်တို့၌၊ ဇေတံ၊ ဤပဋိ ညာဏ်ဖြင့်ဆုံးဖြတ်ခြင်းသည်။နဝိဋ္ဌတိ၊မရှိ၊အလဇ္ဇီ၊အလဇ္ဇီပုဂ္ဂိုလ်သည်၊ဗ ဟုမ္ပိ၊များစွာသောစကားကိုလည်း၊ ဘာသေယျ၊ပြောဆိုရာ၏။တသ္မာ၊ ထို သို့စကားများစွာ။ပွေချာရစ်ပတ်ပြောဆိုတတ်သောကြောင့်၊တံ၊ထိုအလဇ္ဇီ ပုဂ္ဂိုလ်ကို၊ ဝတ္တာနုသန္ဓိတေန၊ မိမိအကျင့်အမူအရာနှင့်စပ်သော မိမိပေး အပ်သော ပဋိညာဏ်ဖြင့်၊ တနည်း။ဝတ္တာနုသန္ဓိတေန၊မိမိကျင့်ဝတ်နှင့်စပ် သောပဋိညာဏ်ဖြင့်၊ ကာရယေ၊ ဆုံးဖြတ်ရာ၏။

(ဤဂါထာ၌,အလဇ္ဇီသေ့ပတံ အလဇ္ဇီသေ့ဝံ အလဇ္ဇီသုဇေဝံနဝိဋ္ဌတိ ဟူ၍ ပေစာမူ ဘုတ်အုပ်မူ၌ အမျိုးမျိုးရှိကြသည်။ ရေးပေမူအတိုင်းရေးထည့် လိုက်သည်၊ ၊ဝတ္တာနုသန္ဓိတေန ဝတ္တာနုသန္ဓိတေန ဟူ၍လည်း ပေမူ ဘုတ်အုပ်မူတို့၌တွဲပြားလျက်, ပါဌ်နှစ်ချက်ရှိသည်။ အဋ္ဌကထာအဘွင့်ကို ထောက်လျှင်ဝတ္တာနု သန္ဓိတေန ဟူ၍သာပါဌ်ရှိလို၏။

(ဆ) ယသ္မ၊အကြင်အလဇ္ဇီပုဂ္ဂိုလ်၏၊ပဋိညာ။ဝန်ခံခြင်းသည်။နရူ ဟတိ။ မရောက်၊ အလဇ္ဇီ၊အလဇ္ဇီပုဂ္ဂိုလ်သည်။ ကိဒိသော၊ အဘယ်သို့သ ဘောရှိသည်။ ဟောတိ၊ဖြစ်ပါသနည်း။

(ဇ) လဇ္ဇီ၊လဇ္ဇီပုဂ္ဂိုလ်ကို၊ ပဋိညာယ၊ဝန်ခံခြင်းဖြင့်၊ ကာရယေ၊ ဆုံးဖြတ်ရာ၏၊အလဇ္ဇီ၊အလဇ္ဇီပုဂ္ဂိုလ်ကို၊ ဝတ္တာနုသန္ဓိနာ၊ဖြင့်၊ကာရယေ၊ ရာ၏။ ဇာတိ-အယံ၊ဤသည်ကား၊အဖြော၊အနက်တည်း။

(ဈ) ယော၊ အကြွင်ပုဂ္ဂိုလ်သည်၊ သဒ္ဓိဝိဟာရိကလွန်ကျူးလိုသော စေတနာနှင့်တကွစေ့ဆော်၍၊ဝါသိလျက်။ သိသည်ဖြစ်၍၊အာပတ္တိ၊အာပတ်သို့။ အာပတ်ိ၊ရောက်၏သင့်၏။ သဒ္ဓိဝိဟာရိက၍၊အပတ္တိ၊သင့်ရောက်ပြီးသော အာပတ်ကို၊ ပရိ(ပဋိ)ဂူဟတိ၊ ဖုံး၊ဖုံးကွယ်လျှို့ဝှက်၏၊သဒ္ဓိဝိဟာရိက၍၊ အာဂတိဂမနဥ္စ၊ အဂတိ, လေးပါးသို့လိုက်ခြင်း,လာခြင်းသို့သည်း။ ဂစ္ဆတိ၊ရောက်၏၊ ဧဒိသော၊ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို၊ အလဇ္ဇီပုဂ္ဂလော၊အလဇ္ဇီပုဂ္ဂိုလ်ဟူ၍၊ဝုစ္စတိ၊ ဆိုအပ်၏။

(ည) ယောပနဘိက္ခု၊သည်။ မာတုဂါမေန၊မာတုဂါမနှင့်။ သဟသေယျံ၊ အတူတကွတမိုးတရံတည်းသောနေရာ၌အိပ်ခြင်းကို။ ကပ္ပေယျ၊ ပြုလုပ်ငြားအံ့။ အသ္သ၊ထိုရဟန်းအား၊ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သည်၊ ဟောတိ၊ဖြစ်၏။

ငွေးကြီးရှာဦးမေဓာ, ပထမမှုဖြတ်စာပြီး၏၊

---

သတ္တုခပိန်ဆွယကောင်းရှာ၊ရွှေကျောင်းဦးစန္ဒ(ပထမ)မှုဖြတ်စာ၊

၁၂၃၇-ခုနှစ်၊ဖြတ်သုံး-၇၊

မဟာသကာရာဇ်က၊ လောကနာထ၊ဓမ္မရာဇာ၊သမ္မာသမ္ဗုဒ္ဓ။ အနုတ္တရ၊ဝိမောက္ခဂုဏ်၊ ပေါင်းတုံမျှားဖျင်။ တန်းဆာဆင်အပ်သော၊ သခင်ထွန်ဖျား၊ မြတ်ဘုရားသည်။ ရာဂ-ဒေါသ- မောဟ-စသည်၊ တဆဲ့တသီးသောမီးကြီးတို့ဖြင့်၊ တညီးညီး တပြောင်ပြောင်။ တထိန်ထိန် ဘိစီးတောက်လောင်အပ်သည်ဖြစ်၍။ တခဏမျှ-ချမ်းသာရာ ချမ်းသာခွင့်။သက်သာရာ-သက်သာခွင့်ကိုမရကြ။ဒုက္ခကြီးစွာ၊ ဘေးဇရာနှင့်၊ မကွာ ငြောက်ကြုံ၊ ပေါင်းဆုံ၍နေကြရသော(ဘေဘူမက) သတ္တဝါအများတို့ကို သနားတော်မူသဖြင့်။သားတော် (ရာဟု)ပမာပြု၍၊ မဟာကရုဏာရှေးရှု၊ ထားတော်မူအပ်သော(သာသနာ)နှစ်ပေါင်း။ဘသောင်းဝက်ပြု၊နှစ်အရတွင်။ ဝသုမဟိ၊ သိဒ္ဓိပက္ခ၊ (၂၄၁၁)၊ ဝဿကောဇာ၊ လူ့ဝေါဟာမူ၊ ရသာဟုတ၊ ပက္ခမဟိ။(၁၂၃၆)။ ကြိုက်ညီအကြုံ၊ ရောက်ဆိုက်တုံတွင်၊ (အလုံ)နယ်ရပ်၊ သတ်မှတ်ရာပါ၊(ကောင်း)ရှာ၏။ ဒိသာတောင်စောင်း၊ တိုက်-ရွှေကျောင်း၌၊ ကိန်းအောင်းပျော်မူ၊ နေ့ထိုင်ပြုသည့်၊ဗုဒ္ဓိတက၊ ရှင် (စန္ဒ)၌၊ ယခုဖြစ်ပွား

လျက်ရှိနေသော (အနုဝါဒါဓိကရုဏ်း)ကို၊ ငြိမ်းအေးပြတ်စဲ-ငြိမ်ဝင် ငိပျားအောင်-ဆုံးဖြတ်တော်မူပါဟု၊ ဂိုဏ်းအုပ်.ဂိုဏ်းခေါင်-ဖြစ်သော ပုဂ္ဂိုလ်တို့သည်။ လာရောက် လျှောက်ထား ဘောင်းပန် အသနား ခံကြသော ကြောင့်၊ ။

(က) ဆန္ဒဒေါသာဘယာမောဟာ၊ ယောဓမ္မံ အတိဝတ္တတိ၊
နိဟီယတိ တဿ ယသော၊ ကာဠပက္ခေဝ စန္ဒိမာ။ ။

(ခ) ဆန္ဒာဒေါသာဘယာမောဟာ၊ ယော ဓမ္မံ နာတိဝတ္တတိ၊
အာပူရတိ တဿ ယသော၊ သုက္ကပက္ခေဝ စန္ဒိမာ။ ။

ဟူ၍ဟောတော်မူအပ်သော (ပရိဝါပါဠိတော်) လာ၊ သြဝါဒအနုသာသနကထာ၊ ဒေသနာတော်မြတ်ကိုရင်း။

(ဂ) အနုဝိဇ္ဇကေန ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ၊ အနုဝိဇ္ဇကေန ယေန ဓမ္မေန ယေန ဝိနယေန ယေနသတ္ထုသာသနေန တံအဓိကရဏံ ဝူပသမ္မတိ၊ တထာ တံ အဓိကရဏံ ဝူပသမေတဗ္ဗံ၊ အနုဝိဇ္ဇကေန ဧဝံ ပဋိပဇ္ဇိတဗ္ဗံ၊ ။

ဟူသောပရိဝါပါဠိတော်ဖြင့်၊ မိန့်ဆိုညွှန်ပြ၊ ဆုံးမတော်မူအပ်သော (ဝိနယဓရ-အနုဝိဇ္ဇက)ပုဂ္ဂိုလ်တို့လိုက်နာကျင့်ကြံသော(နည်း-ဥပဒေ)တော်မြတ်ကိုရင်း၊ ငြိမ်းငြိမ်းချမ်းချမ်း ငြိမ်းချမ်းသို့-ရဟိတာ ရှင်(ခန္ဓ)၌၊ ဖြစ်ပွားလျက်နေသော (အနုဝါဒါဓိကရုဏ်း)ကို၊ ငြိမ်းအေးပြတ်စဲအောင် ဆုံးဖြတ်ရမည်ဖြစ်၍၊ (ပုနပ္ပုနံ-အနုဝဋ္ဋိတဗ္ဗံ)ဟူသည်နှင့် အညီ၊ စောဒက-စောဒကပက္ခ၊ စုဒိတက- စုဒိတကပက္ခ- ပုဂ္ဂိုလ်တို့ကို၊ ဝိနည်း (ဥပဒေ) တော်နှင့်အညီ၊ အဘန်ဘန် အထပ်ထပ် စစ်ဆေးမေးမြန်း ပြီးသည်၊ (ဝေဒကာ စုဒိတကဿ ပဋိဉ္ဉာကာ ဝေဒကာ ပဋိဉ္ဉာကာ တိ ဓာနိဘဒ္ဒေ)ဟူသည်နှင့်အညီ၊ ချင်းတို့ထွက်ဆိုအပ်သောအစစ်ခံစကားရပ်တို့ကိုရင်း၊ ချင်းတို့၏ (ဓမ္မာဓမ္မ)၌ အဖြစ်ကိုရင်း၊ ချင်းတို့၏ (အသန္တိဘောဘ, လန္တိဘောဘ) ကိုရင်း၊ အမှုနေ-အမှုသွားကိုရင်း၊ သေချာ စေ့ငု ချေနောက်ရှု၍၊ စောဒက, စောဒက ပက္ခ၊ စုဒိတက,စုဒိတကပက္ခ- ပုဂ္ဂိုလ်တို့ ထွက်ဆို အပ်သော အစစ်ခံစကားရပ်တို့ကို၊ မိမိ၏ အသိဉာဏ်-ပဋိဘာန်ဖြင့်၊ အဘန်ဘန်အထပ်ထပ်၊ စေ့စေ့ငုငု ဝေဖန်ရှုဆင်ခြင်လျှင်၊ ။

(ဃ) ကျွန်ုပ်တော်(ဘိုးဆင်)ကို၊ ဆရာဘုန်းတော်ကြီးဦး(ခန္ဓ)က၊ သူ၏အပေါ်၌ (ဥစ္စာနသေယျ) ကိုပြုလုပ်ခဲ့၍၊ ကျွန်ုပ်တော်၏ (ဗြဲ)ကိုလည်း၊

(ဗိခါကရဏ)ထားပြီးလျှင်။ကျွန်တော်၏(ဝဏ္ဏမဂ္ဂ)၌၊ သူ၏(ပရိသနိမိတ္တ)ကို (ပဝေသန)ပြုသောကြောင့်၊(ဒွိဂုလမဂ္ဂပဝိဋ္ဌ)ဖြစ်၍၊ကျွန်တော်၏ (ဝဏ္ဏမဂ္ဂ) ၌ ရ၌။(အာတုရ)ဖြစ်ရှိနေပါသည်။ ။

ဒါယကာ(ညွှံ)ဆိုသူစစ်ဆေးချက်။ဒုသိတ (ဘိုးဆင်) ပထမ
ထွက်ဆိုအစစ်ခံချက်၊ ၊

(၂) ၎င်း(ပထမ) ထွက်ဆိုချက်အတိုင်းပင် အဟုတ်အမှန် ဖြစ်သလောဟူ၍။ ဘုန်းတော်ကြီး(ဦးဒေဝိန္ဒ)(ဦးခန္တီ) (ဦးသုမန) (ဦးသြဘာသ)တို့ကမေးသောအခါ၌၊ ဒါယကာကြီး (ဦးညွံ)ဆိုသူကိုထွက်ဆိုလိုက်သည့်အတိုင်း၊အဟုတ်အမှန်ပင်ဖြစ်ကြောင်းကို။ ဒုသိတသာမဏေ (ဘိုးဆင်)ကတဘန်ထွက်ဆိုအစစ်ခံသည်၊ ။

(ဒုတိယအစစ်ခံချက်)။

(၃) ဒါယကာ(ညွှံ)ဆိုသူက။ ယခုတင်ဘုန်းတော်ကြီးများ စစ်မေးသောကာလ။(မင်း)အဘယ့်ကြောင့်မပြောမလျှောက်ပဲနေရပါတုန်းဟု မေးသောအခါ၊ကြောက်ရွံ့၍ မပြောမလျှောက်ပါသည်ဟု ဆိုသည်၊ ဘုန်းတော်ကြီး(ဦးခန္တီ)(ဦးသြဘာသ)တို့မမေးမစစ်မီးဒါယကာ(ညွှံ)ဆိုသူကမေးသောအခါ၌။ဟုတ်မှန်ကြောင်းကိုတကြိမ်ထွက်ဆိုပြန်သည်၊

(တတိယအစစ်ခံချက်)။

(၄) တပေါင်းလဆုတ် (၁၂)ရက်နေ့၊သံဃာ စည်းဝေး မေးမြန်းပြီးနောက်။ညနေအချိန်တွင်(ဒုသိတ) သာမဏေ (ဘိုးဆင်)ကို တယောက်တည်းခေါ်သွားပြီးလျှင်။တရား ဓမ္မပြ၍ ကျိုး-ပြ၍။ ဆုံးမ ရှေ့ပြေး၊ စစ်ဆေးမေးမြန်းရာ။ အများသံဃာတော်တို့၏ ရှေ့မျက်မှောက်၌။ ထွက်ဆိုသည့်အတိုင်းပင်ဟုတ်မှန်ကြောင်းကိုထွက်ဆိုပြန်သည်။ ၊

(စတုတ္ထ-အစစ်ခံချက်)၊

(၅) တပေါင်းလဆုတ် (၁၄) ရက်နေ့(ည)အချိန်တွင်။ စစ်ဆေးမေးမြန်းသည့်ကာလ၌လည်း။ဟုတ်မှန်ကြောင်းကိုထွက်ဆိုပြန်သည်၊

(ပဉ္စမ-အစစ်ချက်)

(၆) တပေါင်းလကွယ်နေ့(လ)အချိန်တွင်။ဒုသိတ-သာမဏေ (ဘိုးဆင်)ကိုတယောက်တည်းခေါ်သွား၍၊တရား ဓမ္မပြ၍ ကျိုး ပြ၍၊ ဆုံးမ

ရှေ့ပြေး၊ စစ်မေးမြန်းသောအခါ၌လည်း။ ရှေးက အတိုင်းပင် ဟုတ်မှန် ကြောင်းကိုသာထွက်ဆိုပြန်သည်၊ ။

(သတ္တမအစစ်ခံထွက်ချက်)။

(၇) ၎င်းနောက်ဘုန်းတော်ကြီး(ဉူးဝိမလ)စစ်မေးသောအခါ၌။ ဘုန်းတော်ကြီး (ဉူးဝိလာသ) မေးသောအခါကပြောဆိုသောစကားသည်၊ရှက်၍သာပြောဆိုအပ်သောစကားဖြစ်ပါသည်။ ဒါယကာ(ဉူးညို)ကို။ ပြောဆိုသည့်အတိုင်းသာအမှန်ဖြစ်ပါသည်ဟုထွက်ဆိုပြန်သည်။

(သတ္တမ-အစစ်ခံထွက်ချက်)၊

(ဂ) ၎င်းနောက်ဘုန်းတော်ကြီး[ဉူးဝိမလ]ကိုယ်တော်သည်ပင်၊ တဘန်ထပ်၍-ဟုတ်-မဟုတ်-မှန်-မမှန်-ကိုသိရလေအောင် မေးမြန်းစစ်ဆေးပြန်သော်၊နှသိတ-သာမဏေ [ငတိုးဆင်]က၊ [ဉူးညို]ကိုပြောဆို လိုက်သည့်အတိုင်းသာအမှန်ဖြစ်ပါသည်ဟု။တဘန်အစစ်ခံထွက်ဆို ပြန်သည်၊

(အဋ္ဌမ-အစစ်ခံထွက်ချက်)။

ဤသို့ထွက်ဆိုသော(နှသိတ) သာမဏေ (ငတိုးဆင်)၏ စစ်တန်းစစ်ချက်စကားရပ်ရတို့ဖြင့်၊ရဒိတကရဟန်းတော်ရှင်(စန္ဒ)ကို။ ၊

(ဃ) ယော ပန ဘိက္ခု ဘိက္ခုံ သိက္ခာ သာဇီဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ မေထုနံ ဓမ္မံ ပဋိသေဝေယျ၊အန္တမသော တိရစ္ဆာနဂတာယပိ ပါရာဇိကော ဟောတိ အသံဝါသော။ ၊

ဟူသော(မာတိကာ)ပါဠိတော်၊ ။

(င) မနုဿပုရိသဿ ဒွေမဂ္ဂေ မေထုနံ ဓမ္မံ ပဋိသေဝန္တဿ အာပတ္တိ ပါရာဇိကဿ ဝစ္စမဂ္ဂေ မုခေ။ ။ဟူသော (ဝိဘင်း) ပါဠိတော်။ ။

ဤပါဠိတော်ပါဠိတို့နှင့် ချော်ညှိ၍။ အဘောကိစ္စ သိန္နမူလ ဝိနာသသီလ(ပါရာဇိက) အာပတ်ဖြင့်ဆုံးဖြတ်သင့်သော်လည်း၊ နှသိတသာမဏေ (ငတိုးဆင်)၏ထွက်ဆိုအစစ်ခံချက်(အနိမ္မဝတ္တုဝိတိက္ကမ) စကားကိုခြားနားအောင်ထပ်မံဆင်ခြင်ပြန်လျှင်၊ကောဇာသက္ကရာဇ်(၁၂၃၇)ခုနှစ်။ တန်ကူးလဆုတ်(၉)ရက်နေ့တွင်။ခင်မွန်ရွာ။(သုံးဂိုဏ်းချုပ်)ဆရာတော် ဘုရား

စေခိုင်း၍။[တိုးထင်]သည်၊ဒုသိတသာမဏေ[တိုးဆင်]ကိုစစ်ဆေးမေးမြန်းသောအခါ၌၊ ။

(၉) ဘုန်းတော်ကြီး[ဦးစန္ဒ]က၊ ကျွန်တော်ကို [မေထုနပဋိသေဝန] အမှုကိုပြုကျင့်သည်မှာအမှန်ပင်ဖြစ်ပါသည်။သို့သော်လည်း၊ [ဆုပနမတ္တ] မျှသာ(ပဝိဋ္ဌ)မဖြစ်ပါဟုအစစ်ခံထွက်သည်၊ ၊

သို့ဖြစ်လျှင်[မင်း]ဘယ်အတွက်ကြောင့်ဘုန်းတော်ကြီးများနှင့်၊[ဦးညို] ဆိုသူတို့စစ်ဆေးစဉ်အခါက။[ဒွင်္ဂုလပဝိဋ္ဌ]ဖြစ်၍၊ ကျွန်တော်၏ [ဝစ္စမဂ္ဂ] ဒွါရမှာ[အာဝုရ]ဖြစ်ရှိနေပါသည်ဟူ၍အစစ်ခံထွက်ဆိုရသနည်းဟု မေးမြန်သောအခါ၊ ။

(၁၀) ဦးပဉ္စင်းကလေး [ဦးဝါယာမ]က။ အနေပြောခိုင်း၍ပြောဆိုရပါသည်ဟုအစစ်ခံထွက်ဆိုမြန်သည်။ ၊

ဆရာဘုန်းတော်ကြီး[ဦးစန္ဒ]ကပြုကျင့်သောအခါ။ [ဥဇ္ဈာန] လော၊ [အဝကုဇ္ဇ]လောဟုထင်မံ၍စစ်မေးမြန်သော်။ ။

(၁၁) ပြုကျင့်သောအခါ[ဥဇ္ဈာန]ပြုကျင့်ပါသည်။[အဝကုဇ္ဇ] မဟုတ်ပါ။အကြိမ်[ဝါရ] ပေါင်းမည်မျှဟူ၍ မမှတ်မိပါ။[ပါဒပသာရဏ-ယုဂဠ] ပြု၍ပါဟုအစစ်ခံထွက်ဆိုမြန်သည်၊ ။

ရင်းနှေး၌ပင်၊ခင်မှုန်[ဂိုဏ်း]ချုပ်ဆရာတော်ကိုယ်တိုင်၊ဒုသိတသာမဏေ(တိုးဆင်)ကိုစစ်ဆေးမေးမြန်းသောအခါကာလ။

(၁၂) ပြုကျင့်သောအခါ၊ [ဦရုဇ္ဇုရ]ကိုသာ ပြုကျင့်ပါသည်။ ပြုကျင့်သောအခါ၌လည်း၊ [သကဝိလောဘိက]ကိုသွင်းခံထားပါသည်၊ [ဥက္ကမလခရဝ] ဖြင့်၊သုတ်ပစ်ရပါသည်ဟူသောစကားတရပ်။ ။

(၁၃) မောင်မင်းကို[ဥဇ္ဈာန]ထား၍ပြုကျင့်သောကာလ။ ဒွါရဆိဋ္ဌ[ဝစ္စမဂ္ဂ]သို့ ဝိရောက်သလော၊မရောက်သလောဟုမေးမြန်းရာ။ တည့်တော်၏ဒွါရဆိဋ္ဌ(ဝစ္စမဂ္ဂ)ကို(ကေဝါရ)မျှမပြုမကျင့်ဘူးပါဟူသောစကားတရပ်။ ။

(၁၄) မောင်မင်း၏(ဝစ္စမဂ္ဂ)ကို(ကေဝါရ) မျှမပြုမကျင့်ဘူးပါဘဲလျက်၊ ဘယ့်အတွက်ကြောင့်(ဒွင်္ဂုလပဝိဋ္ဌ)ဖြစ်၍။ကျွန်တော်၏ဒွါရဆိဋ္ဌ (ဝစ္စမဂ္ဂ) မှာ(အာဝုရ)ဖြစ်ရှိနေပါသည်ဟူ၍အစစ်ခံထွက်ဆိုရသနည်း၊ မောင်မင်း

ဘာသာပြန်တိုင်းမှန်စွာပြောဆိုရသလော၊သို့မဟုတ်သူတပါးတို့က သင်ကြားစေခိုင်း၍ပြောဆိုရသလောဟူ၍ မေးစစ်ပြန်သောအခါ၊ ဦးပဥ္စင်းက လေးဦး(ဝါယာမ)က၊(ငါ)သင်ကြားထားသည့်အတိုင်း ပြောလျှင်ပြော။မပြောဘဲနေလျှင်(နင့်)ကို(ငါ)က(ခေါ်)နှင့်ရုတ်မည်ဆို၍ပြောဆိုရပါသည်ဟူသောစကားတရပ်။ ။၎င်းဒူသိတာသာမဏေ(ဘိုးဆင်)၏။ နောက်ထပ်အစစ်ခံစကားရပ်တို့နှင့်၊ ရှေးအစစ်ခံ စကားရပ်ရသည်၊ မညီမညွတ်ဖြစ်သည်။ ။ရှေးအစစ်ခံစကားရပ်ရကား (အတောကိစ္စ)၊ နောက်အစစ်ခံစကားရပ်ရကား (သတောကိစ္စ) ဖြစ်သည်။ ။

ဤသို့သတောကိစ္စ-အတောကိစ္စ-နှစ်ပါး။စကားကွဲပြား၊မညီညွတ်အချက်ယွင်းယွင်း ထွက်ဆိုခြင်းသည်လည်း၊(အတောကိစ္စ)အရာ၌(သညာ)ပေးသောရဟန်းငယ်ရှင် (ဝါယာမ) ကြောင့်သာ မညီမညွတ်- ချွတ်ယွင်းလွဲမှား(အတောကိစ္စ)စကားကိုဒူသိတာသာမဏေ (ဘိုးဆင်) ထွက်ဆိုရသည်ဟုထင်မြင်ချက်ရရှိသည်။သို့ဖြစ်၍။ရဟန်းငယ်ရှင် (ဝါယာမ)၏။ အတောကိစ္စအရာ၌ (သညာ)ပေးဟုတ်သင့်-မဟုတ်သင့်ကိုဆင်ခြင်စဉ်းစားလျှင်၊ ။

(၁၅) ဘုရားတပည့်တော်ရှင်{ဝါယာမ}သည်။ ဝါဆိုလပြည့်ကျော်{၁၀}ရက်နေ့။သာမဏေ{ဘိုးဆင်}နှင့်ထွက်ပြေး တိမ်းရှောင်၍ နေရာ-ဟူသောစကားတရပ်။ ။

(၁၆) ကောင်း-တောင်ရွာ-မသာ-အသုဘရှု လိုက်ရန်၊ တပည့်တော်ရှင်{ဝါယာမ}၏ကိုယ်စား၊ကိုရင်{ထွေး}ကို ထည့်လိုက်ရပါသည်။ တပည့်တော်မှာ၊ကိုရင်(ဘိုးဆင်)ကို [ဘူး]ပိတ်၍နေရစ်ရပါသည်၊ ဟူသောစကားတရပ်၊ ၊

(၁၇) ဘုန်းတော်ကြီး(ဦးဥတ္တမ)စစ်ဆေးမေးမြန်းရာ။ ဆရာ(ဦးစန္ဒ)နှင့် တပည့်တော် ရှင်(ဝါယာမ)နှစ်ဦးတို့သည် အမှုမဖြစ်ပွားမီ ရှေးအဘို့ကာလက လက်ရှိပစ္စည်း ဝတ္ထု ဘဏ္ဍာများကို နှစ်ပါးဆိုင် (ဒွိသန္တက) ပြုလုပ်ထားကြပါသည်။ (ဒွိသန္တက)မြောက် မမြောက်ကို ဆင်ခြင်တော်မူကြပါဘုရား။ (ဒွိသန္တက) အဖြစ် မြောက်ပါလျှင်။ ပစ္စည်း ဝတ္ထုများကို တောင်းယူလိုပါသည်၊ ၎င်း(ဒွိသန္တက)အကြောင်းနှင့် ပတ်သက်စပ်လျဉ်း၍၊ ဆရာ-(ဦးစန္ဒ)က ပုတ်ခတ်စကားမပြောမကြားပါလျှင် တပည့်တော်

ကလည်း ဤအမှုကို ကျယ်ပွားအောင် ပုတ်ခတ်စကား မပြောမကြားပါ ဟူသောစကားတရပ်။ ။

(၁၉) မေထုနသေဝန အမှုကို ပြုကျင့်ကြောင်းကို 'ဒုဿီတ' သာမဏေ(ဘိုးဆင်)က၊ ရှင်(ဝါယာမ)အား မည်သည့် နှစ်, လ, နေ့,ရက် က လျှောက်ထား ပြောကြားသနည်းဟု မေးမြန်းရာ၊ ရဟန်းဖြစ်၍ [အထင်] ကိုမျှမလျှောက်ဝံ့ပါ ဟူသော စကားတရပ်။ ။

(၁၉) ဒါယိကာမ (မိပျော့)၏သွီးနှင့်ပတ်သက်စပ်လျဉ်း၍ ပြောဆိုပေးပါဟု တိုက်တွန်းသောစကားကို အသေအချာ နှစ်,လ,နေ့,ရက်နှင့်တကွ မမှတ်မိပါ ဟူသောစကားတရပ်။ ။

(၂၀) တပည့်တော်ရှင် (ဝါယာမ)နှင့် သာမဏေ(ဘိုးဆင်)တို့ကို မင်းတို့ နှစ်ယောက် ထွက်ပြေးကြပါ ဆို၍၊ ဆရာ-(ဦးစန္ဒ)က ဒင်္ဂါးအိပ်ထည်းက (ဒင်္ဂါး)ပြားရေ(၁၅)ကို (သကဟတ္ထ) ဖြင့်ထုတ်ကိုင်ရေတွက်ပေးပါသည်။တပည့်တော်ကလည်း (သကဟတ္ထ)ဖြင့် ကိုင်ခံယူပါသည်၊ ထွက်ပြေးရန်[စရိတ်] ပါဘုရား ဟူသောစကားတရပ်။ ။

(၂၁) ဘုရားတပည့်တော် ရှင်(ဝါယာမ) လျှောက်ပါသည်ဆရာတော်တို့ဘုရား၊ (ဘိုးဆင်)သည် "သာမဏေ" အဖြစ်သို့ ရောက်ခါစကပင်၊ ဆရာဘုန်းကြီး-(ဦးစန္ဒ)က (မေထုန ပဋိသေဝန) အမှုကို ပြုကျင့်ကြောင်းကို ပြောဆိုလျှောက်ထားသည်မှာ အမှန်ပင် ဖြစ်ပါသည်၊ သာမဏေ (ဘိုးဆင်)၏(ဦရုဋ္ဌယ)ကိုဆရာ (ဦးစန္ဒ) က မိမိ၏ (ဦရု)ပေါ်သို့ ဆွဲတင်၍၊ပုရိသနိမိတ္တဖြင့် (ဝဋ္ဋမဂ္ဂ)ကို ပြုကျင့်ပါကြောင်း။ဘုန်းကြီး-(ဦးသြဘာသ)၏ ကျောင်းသို့ရောက်ပြီးနောက်၊ [ဘိုးဆင်]၏ အစစ်ခံထွက်ဆိုစကားကို ဘုရားတပည့်တော် ရှင်(ဝါယာမ)က ဖျက်ဆီးလိုသောကြောင့် ဂိုဏ်းထောက်ဆရာတော်ထံ တောင်းပန်၍(ဘိုးဆင်)ကို သာယာညွှန်းပျောင်း တဲကျောင်းကြီးအတွင်း မေးမြန်းစစ်ဆေးရာ။ ဒါယကာကြီးဦး(ညို)ကို ပြောဆိုလိုက်သည့် အတိုင်းသာ အမှန်ဖြစ်ကြောင်းကို ထွက်ဆိုအစစ်ခံပါသည်၊ ၎င်းအတိုင်း မှန်ကြောင်း မမှန်ကြောင်းကို (မယုံသင်္ကာ)ရှိတော်မူခဲ့ကြပါလျှင် တပည့်တော်ရှင်(ဝါယာမ)ကမြတ်စွာဘုရားသခင်၏ ရွှေယင်ပြင်တော်မှာ (သစ္စာ)ပြု၍(ကျိန်စာ)ထမ်းရွက်ပါမည် ဆရာတော်အရှင်မြတ်တို့ဘုရား-ဟူသော စကားတရပ်၊ ။

ဤသို့ထွက်ဆိုအစစ်ခံသောရဟန်းငယ်ရှင် (ဝါယာမ)၏အစစ်ခံစကား ရပ်ရဖြင့်ရှင်း လျှောက်လွှာပါ စကားရပ်ရဖြင့်ရှင်း။ ရဟန်းငယ်ရှင်(ဝါယာမ) ၏မသူတော်တို့၏ အမူအရာ (ဒုဋ္ဌနာကာရ) (အလဇ္ဇာကာရ) အလွန်လော်မာ ကောက်ကျစ်စဉ်းလဲသော (ကုဋိလာကာရ)တို့ကို ကြားသိမြင်ရသဲဖြင့်၊ ။

(စ) သုကရံ သာဓုနာ သာဓု ၊ သာဓု ပါပေန ဒုက္ကရံ၊
ပါပံ ပါပေန သုကရံ၊ ပါပ မ ရိယေဟိ ဒုက္ကရံ။ ။

ဟူသော "ဒေသနာ"တော်နှင့်လျော်ညီစွာ၊ ရဟန်းငယ်ရှင်(ဝါယာမ) ၏ [သညာ]ပေးသောသူ ဟုတ်သင့်သည်၏ အဖြစ်သည် အလွန်ထင်ရှားလှသောကြောင့်၊ ထိုစောဒက-ရှင်(ဝါယာမ)၏ ကိုယ်တိုင် ထွက်ဆိုချက်အစစ်ခံစကား လျှောက်လွှာပါ စကားရပ်ရတို့ဖြင့် ရှင်း၊ ထိုစောဒက-ရှင်(ဝါယာမ)သည် သွန်သင်ရွှေပြေး(သညာ)ပေးအပ်သော "နုသိတ" သာမဏေ (ဘိုးဆင်)၏ 'ပဌမ' အစစ်ခံထွက်ဆိုချက် (အတေကိစ္စ)စကားရပ်ရတို့ဖြင့်ရှင်း။ရဒိတက,နုသက,ရဟန်းတော်ရှင်(စန္ဒ)ကိုပြဆိုခဲ့ပြီးသော (ပါဠိ)ရပ်တို့ဖြင့် (ပါဇိကာပတ္တိဒေါသ)ကို ထုတ်ဘော်ပြ၍ (အသုဒ္ဓ)ဟူ၍လည်း မဆုံးဖြတ်သာ။ ။

နုသက-ရဒိတက-ရှင်(စန္ဒ)၏အစစ်ခံထွက်ဆိုချက်စကားများကိုဆင်ခြင်ပြန်လည်း။ ။

(၂၂) သာမဏေ(ဘိုးဆင်)က အိမ်ဖြစ်သူနှင့် အတူတကွ [ငွေးရင်း]ရွာသို့ လိုက်ပါသွားလိုကြောင်းကို အကြိမ်များစွာ လျှောက်ထားပါသည်။ အခွင့်ပေးမိသည့်အခါလည်း ပေးမိပါသည်။ အခွင့်မပေးမိသည့် အခါလည်း မပေးမိပါ။ပွဲမှုနှင့်လျှောက်၍ အခွင့်မပေးသောကြောင့် ရဟန်းငယ်ရှင်(ဝါယာမ)အထံသို့ အသောင်းအကျန်းပြောဆို၍ ငိုယိုလျက် သွားပါသည်၊ ဤကဲ့သို့ပြုကျင့်ကျူးလွန်ကြောင်းကို ပြော-မပြောကို မသိရပါ။သာမဏေ [ဘိုးဆင်]ကို ပြုကျင့် ကျူးလွန်မိသည်မှာ အမှန်ပင်ဖြစ်ပါသည်ဘုရား-ဟူသောစကား တရပ်။ ။

(၂၃) မြောင်ရွာသို့ သွားသည့်နေ့ညတွင် ပြုကျင့်မိပါသည်။ ပြုကျင့်မိသည်မှာလည်း သာမဏေ (ဘိုးဆင်)ကို "ဥက္ကာနနိသိဒန"ကို ပြုစေ၍ [ဦရုဒွယ]ကို တပည့်တော်၏ [ဦရု]ပေါ်သို့ (ဧကေနာကာရေပန) အမှု

ကိုပြုပြီးလျှင် (ဓာတုဒ္ဒသ)ကိုဆွဲကိုင်၍ (မနဂ္ဂနမဂ္ဂပဋိသေဝန)ပြုသည်ဆိုသော စကားသည်အလျှင်းပင်မဟုတ်မမှန်ပါ၊ တပည့်တော် ပြုမိသည်မှာ (ဘိုးဆင်) ကို(ဥဇ္ဈာနသေယျ)ကိုပြုလုပ်စေ၍အောက်က (ပိလောတိက) ကိုသွင်းခံထားပြီးလျှင် (ဦရုန္တရ)ဌာန,၌သာ (အနေကဝါရ) ပြုကျင့်မိပါသည်။ ကေဝါရမှာလည်း (ဘိုးဆင်)ကို (ပဿသေယျ)ကို ပြုလုပ်စေ၍ (ဦရုပ္ပသာရဏ) ကိုလည်းပြုစေ၍။ အစေ့အစပ်ဖြစ်အောင်ပြုပြီးမှသာလျှင် တပည့်တော်သည်လည်း(ပဿသေယျ) ကိုပြုပြီးလျှင်။ နောက်က (ဦရုန္တရ)ဌာန၌သာ သွားလာပြုကျင့်မိပါသည်။(သုက္ကမလ) ကိုရှေ့က (ဦရုန္တရ) ဌာန ဗိဇဂ္ဂ၌သုတ်သင်ရပါသည်။ ကတကတကာလတိုင်း၌ပင်လျှင်မဂ်ဖြင့် မဂ်သို့(အသမ္ဘိန္န)ဖြစ်ရအောင်သတိထား၍ ပြုကျင့်ပါသည်ဟူသောစကား တရပ်။

(၂၄) ရဟန်းတော်(ဦးဝါယာမ)နှင့် သာမဏေ(ဘိုးဆင်)တို့လျှောက် ထားသည့်အတိုင်းတပည့်တော်ပြုကျင့်မိပါပေသည်၊ (ဝါရ)ပေါင်းမည်မျှ လောက်ဟုမမှတ်မိပါ။ ထုလ္လစ္စည်း-ဒုက္ကဋ် အာပတ်ဖြင့်ပိုရ၍ မလွန်မကျူး ပါဘုရားဟူသောစကားတရပ်၊

ဤသို့ထွက်ဆိုအစစ်ခံသော 'ဗုဒ္ဓိတက,နူသက' ပုဂ္ဂိုလ်ရှင် (စန္ဒ)၏ အစစ်ခံစကားရပ် အရတို့ဖြင့်၊ ထိုဗုဒ္ဓိတကရှင်(စန္ဒ)ကိုသတေကိစ္စ,အဝိနာသသိလ,အဗ္ဗိန္နမူလ-၏အဖြစ်ဖြင့် (သုဒ္ဓ)ဟူ၍ဆုံးဖြတ်သင့်သော်လည်း စောဒက-ရှင်(ဝါယာမ)နှင့်ဒါယကာ(ညိုအုပ်)တို့ကို။ နူသက-ဗုဒ္ဓိတက ရှင်(စန္ဒ)နှင့်တိုက်ဆိုင်စေ၍၊ (ကောင်း) မြောက်ရွာသံဃာ၊ (ခွက်ခွင်း)ရွာ သံဃာ။(ကောင်း) တောင်ရွာ၊ (ကန်သုံးခင့်) ရွာ ဒါယကာတို့၏ ရှေ့မျက်မှောက်၌အဝံအညီပြုလုပ်၍မေးမြန်းရာ။ရဟန်းတော်(ဦးဝါယာမ)နှင့်ဒါယကာ(ညိုအုပ်) တို့လျှောက်လွှာပါစကားအတိုင်း အမှန်ပင် ပြုကျင့်မိပါသည်ဟူ၍။အစစ်ခံထွက်ဆိုသောကြောင့်ရင်း။ ဤမှတပါး အလဇ္ဇီ ပုဂ္ဂိုလ်တို့၏အလဇ္ဇီအမှုအရာ(အလဇ္ဇာကာရ) တို့ကိုကြားသိခြင်းမြင်ခြင်းကြောင့်ရင်း။

(က) သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီ ပုဂ္ဂလော။

(ခ) အလဇ္ဇိကိဒိသော ဟောတိ၊ ပဋိညာ ယဿ နရုဟတိ။

(ဈ) ပဋိညာ လဒ္ဓိသု ကတာ၊အလဒ္ဓိသွေတံ နဝိဇ္ဇတိ။
ဗဟုမ္ပိ အလဒ္ဓိ ဘာသေယျ၊ဝုတ္တာနုသန္ဓိတေန ကာရယေ၊

ဟူသော-ပါဠိ ပါဌ်တော်နှင့် လျော် ညီစွာ။ ဧဒိတက-ရှင် (စန္ဒ) ၏ အလဒ္ဓိလက္ခဏာလွန်စွာထင်ရှားသောကြောင့်ရင်း၊ အကြိမ်(ဝါရ) ပေါင်း မည်မျှလောက်ဟုမမှတ်မိအောင်ပင် ပြုကျင့်မိကြောင်းကို ပဋိညာဉ်ပြုသော ကြောင့်ရင်း၊ ဧဒိတကရှင်(စန္ဒ)ကိုမိမိ၏ တုလ္လဝိသည်း,ဒုက္ကဋ် အာပတ်ပြင် ပိုမို၍မလွန်ကျူးပါ ဟူသောပဋိညာဉ် ဖြင့်လည်း။ သတောကိစ္စ, (သုဒ္ဓ) ဟူ၍လည်းမဆုံးဖြတ်သာ။

(၂၅) ဤမှတပါးလည်း၊ သက်နိုး, ဝတ်ပြီးဘုန်းကြီး၏ (ပါဒမူလ) မှာအိပ်ရပါသည်။ (မေထုနပဋိသေဝန) အမှုကိုပြုသည်မှာလည်း (ကဒါစိ) သာပြုကျင့်ပါသည်·(ရတ္တိ)တိုင်းမပြုမကျင့်ပါဟူသောစကားတရပ်။

(၂၆) ဤကဲ့သို့ ပြုကျင့်သောအကြိမ် (ဝါရ)ပေါင်းကို မမှတ်မိပါ။ (သမဏဒ္ဓေသ)ဖြစ်စကပင်ပြုကျင့်ပါသည်။(ဒါရကဘာဝ)၌မှုကား (ဗုဒ္ဓန်) အမှုမျှကိုသာပြုကျင့်ပါသည်ဟူသောစကားတရပ်။

(၂၇) (မေထုနဓမ္မကတ) ကာလ၌လည်း၊ (ဥဇ္ဈာန)ပြု၍ (ဣရိယာပထ) ကိုသာပြုကျင့်ပါသည်။ [အဝကုဋ္ဌ] မဟုတ်ပါ။(အနွောပဝိဋ္ဌ) ဖြစ်,မဖြစ် ကိုလည်းတပည့်တော်မသိပါဟူသောစကားတရပ်။

(၂၈) တပည့်တော်ကို-ဤကဲ့သို့ချည်း ဆရာဘုန်းကြီး [ဦးစန္ဒ]က ပြုကျင့်နေပါသည်။ ဤကဲ့သို့မပြုမကျင့်ရန် လွတ်လပ်ခွင့် ရရှိ လေအောင် ဘုန်းကြီးကို လျှောက်ပေးပါဟု ရဟန်းတော် [ဦးဝါယာမ]ကို လျှောက် ကြားတိုင်တန်းပါသည်ဟူသောစကားတရပ်။

ဤသို့ပြဆိုအပ်သော နူသိတ သာမဏေ(ဘိုးဆင်)၏ အစစ်ခံ ထွက် ဆိုချက်-စစ်တန်းစကားရပ်ရတို့ဖြင့်။ ဧဒိတက-နူသကရှင်(စန္ဒ)၏ 'အနိဋ္ဌ မူလ-အဝိနာသသီလ-သတောကိစ္စ-သုဒ္ဓ, အဖြစ်ထင်သော်လည်း။နူသိတ သာမဏေ[ဘိုးဆင်]၏ ထွက်ချက်စကား ရှေ့နောက်ကွဲပြား မညီ လွဲမှား သောကြောင့်၊ နူသိတ,သာမဏေ [ဘိုးဆင်]၏ တဘန် ထွက်ဆိုသော အစစ်ခံစကားရပ်ရတို့ဖြင့်လည်း ဧဒိတက နူသက-ရဟန်းတော်ရှင်(စန္ဒ)

ကို 'အန္တိမဝတ္ထုအဇ္ဈာပန္န-အဝိနာသသိလ-သတေကိစ္ဆ(သုဒ္ဓ) ဟူ၍လည်း မဆုံးဖြတ်သော၊

ဤသို့သောအကြောင်းအရာတို့ကြောင့်။ ။

(ည) ယဒါ ပန ပါရာဇိကေ ကနဝါ ပါရာဇိက သာမန္တေနဝါ စောဒိယမာနသ အညေနည္ စ္ဆ ပဋိစရဏာတော ပါပုဿန္နတာယ ပါပိယသ ပုဂ္ဂလဿ သစာယံ အန္တိမ ဝတ္ထု မူလော ဘာဝိဿတိ၊ တသ္မာ ဝတ္တဗ္ဗာ ဒြဩသာရဏာ လဘိဿတိ၊ သစေ ဆိန္နမူလော၊ သယမေဝ နာသနာ ဘာဝိဿတိတိ မညမာနော သံဃော ဥက္ခေပနီယ ကမ္မေန တဿ ပါပိယသိကံ ကရောတိ။ ၊

ဟူရာ၌ကဲ့သို့ ပါရာဇိကအာပတ်ဖြင့်(စောဒနာ)အပ်သည်ဖြစ်၍ ရဟန်းတို့၏ (ဝတ္ထု)၌ အန္တိမဝတ္ထု,အတေကိစ္ဆ,အဖြစ်သည်ထင်ရှားအံ့၊ ယင်းသို့ဖြစ်သော်။ ရဟန်း(ဝတ္ထု)သည်(ဝိပ္ပဋိသာရ)မီးလောင်မြိုက်မှုဒိုက်ခြင်းသို့ရောက်သည်ဖြစ်၍ အမှုအလျှောက်မရှိသော၊ ထောက်တည်ရာမရဘဲ သာသနာတော်မှ ရှောင်လျော ဘေးတက်ပျက်စီးခြင်းသို့ ရောက်လတ္တံ့။ အကယ်၍ မိ-ရဟန်း ရှင် [ဝတ္ထု]၌ 'အန္တိမဝတ္ထု-အဝိနာသသိလသတေကိစ္ဆ,အဖြစ်ထင်ရှားအံ့။ ယင်းသို့ဖြစ်၍ (သတေကိစ္ဆ) အဖြစ်ထင်လျှင်လည်း၊ သိက္ခာ သုံးတော်-သံဃာတော်တို့။ ကောင်းရော လေးမြတ်၊ နှစ်သက်အပ်သော သူ၏အဖြစ်သို့ရောက်ရှိလေအောင်။ ပုထုဇန်အလျောက်၊ လူ့ငါးပေါက်လာ(ဆင်း)။ သော်ကင်း၍။ ကျောင်နင်းကျူးလွန်မိသည့်၊ အာပတ်ဒေါသများကို(ဒေသနာ)တော်။ ပြုခြင်းကို၊ နှစ်ပါးကုစား၍၊ မိမိ၏(သီလ)ကို။ ဖွေးဖွေး,လွှလွှ။ ရွှေ,ရွှေ,ပြောင်၊ အရောင်တင်၍၊ သုတ်သင်ရှင်းလင်းပြီးလျှင်၊ နောက်နောင်အခါကာလ၌ ဤကဲ့သို့သောအမှုမျိုးကို မပြုမကျင့် မကြံ့ လေအောင် (သံဃာ) တော်တို့သည်သာတူကြိုက်ညီစွာ ပေးအပ်သော၊ လဒ္ဓက-ဒေဒေဏ်,တို့ကို အခေါက်ပေါင်းများစွာ ထမ်းဆောင်စေ။ ။သိက္ခာကင်းရှုံးသော်,သံဃာတော်နှစ်သက်၍ သံသယ၂ကင်းသည်ထက်,ကင်းကြရလေအောင်,(ဉတ္တိ သာကာ)သောဘာဝနာဂမ္မ ဖြင့်(အရည်ဝိဟာရ)လည်းနေထိုင်စေ။ ။ဤသို့နေထိုင်ရာတွင်၊တစ်ုံတခုရာ ဖြစ်ခြောင်းမရှိ၊ မစွန်းညိဘဲ၊ ကောင်းမှုသည်သာအတိုင်းဖြင့်သာ နေထိုင်ပါက၊ နောက်နောင်အခါကာလ၌ ဤကဲ့သို့အမှုမျိုးကိုမပြုမကျင့်မကြံစိပါအံ့ ။ဟူသော ပဋိညာဉ်

ဝန်ခံချုပ်. (အာယတိံသံဝရ) ၌ကောင်းမွန်စွာတည်၍။ မိမိ၏ (သီလ)ကို သုတ်သင်ရှင်းလင်းကာ နေထိုင်ပေလျှင်။ ဧဒိတက,ရဟန်းတော်-ရှင်(စန္ဒ) နှင့်အတူတကွ သိတင်းသုံးတော်သံဃာတော်တို့သည် ဥပုသ်ပဝါရဏာ ဝသော (သံဃာ)ကံ ဖြင့်၊ (သင်္ဂြောဂ-သံဝါသ)နှစ်ပါး။ မကွဲမပြား ရှေးအ လားသို့၊တသားတည်း ညီညွတ်စွာ ပေါင်းဘော်နေထိုင်ကြစေ၊

သာသနာတော်သက္ကရာဇ်[၂၄၁၉]ခုနှစ်၊ကောဇာသက္ကရာဇ်(၁၂၃၇) ခုနှစ်၊တန်းကူးလဆုတ် (၁၁) ရက်နေ့တွင်။ မင်းရွာ ဝိတောက်ပင် တောရ ကျောင်းတိုက် အတွင်း၌၊ မင်းရွာ,ကောင်းရွာ, ထိန်ကန်ရွာ, ခွက်ခွင်းရွာရှိ သံဃာ့တော် အစည်းအဝေး။ များစွာသောလူပရိသာတ် အစည်းအဝေး အပုံအညီတွင်။ ခင်မွန်ရွာ [ဇေတဝန်] တောရတိုက်-ရှင် [သုံးဂိုဏ်းချုပ်] ဆရာတော်ဘုရားသည်-ဝိနည်းဒေသနာတော်နှင့်အညီ, ရေးစီ၍ ဆုံးဖြတ် အမိန့်သောအဆုံးအဖြတ်။

ဤဝိနိစ္ဆယတွင် ပါဝင်လျက်ရှိကုန်သော ပါဠိအာဂုံတို့၏ အနက်ကို ညွှန်ပြဆိုသည် ရှိသော်-က-ခ-ဂ-အမှတ်၊ ပါဠိ-ဂါထာတို့၏-အဋ္ဌ ကို၊ ပထမ-ဖြတ်ထုံးအဆုံးတွင်ရှု။ဃ-င-အမှတ်၊ပါဠိတို့၏အဋ္ဌကထာရှင်းရှား၏။ ဆ-ဇ-အမှတ်၊ပါဠိတို့၏အနက်ကို-သဗ္ဗမ-ဖြတ်ထုံးအဆုံးတွင်ရှု။

၁၊ မလဲသာရွာ တောင်ကျောင်း-ရှင်ဂုဏအပေါ်တွင်-စွဲတင်သော ခဝါသက်နှုံးမှုဖြတ်စာ၊ ။

၂၊ မလဲသာရွာ တောင်ကျောင်း- ရှင်ဂုဏအပေါ်တွင်-စွဲတင်သော ဘုရားပွဲတော်မှုဖြတ်စာ။ ။

၃။ မလဲသာရွာတောင်ကျောင်းနေ-ရှင်ဂုဏအပေါ်တွင် စွဲတင်သော ရိုက်နှက်မှုဖြတ်စာ။ ။

၄၊ ရုံရွာမြို့-ပုဗ္ဗာရုံကျောင်း။ ဂိုဏ်းထောက်ဆရာတော်-ဦးကေတု အပေါ်တွင် စွဲတင်သော-မေတ္တာစာ သွင်းမှုကို ဖြတ်ဆိုသော-မေတ္တာစာ သွင်းမှုဖြတ်စာ။ ။

၅၊ ရန်ကုန်မြို့-ပုဇွန်တောင်-ရပ်ကွက်တွင်-ပျော်ရွှင် လိုက်စား။ ဖဲ ကစားသော-ဦးပဥ္စင်းအမှုကိုဖြတ်ဆိုသော-ဖဲကစားမှုဖြတ်စာ။ ။

၆။ မုံရွာမြို့-ဒွေးကြီးရွာ-ရှင်မေဓါ, အပေါ်တွင်စွဲတင်သော၊ ပထမမှုကိုဖြတ်ဆိုသော-ဒွေးကြီးရွာ-ပထမ,ဖြတ်စာ။ ၊

၇။ အလုံနယ်တွင်-ငကင်းရွာ, ရွှေကျောင်းနေ-ဦးစန္ဒ,အပေါ်တွင်စွဲတင်သော-ပထမမှုဖြတ်စာ။ ။

၈၊ အလုံမြို့အရှဲကျောင်းနေ-ဦးသုမန,အပေါ်တွင်,စွဲတင်သော-ဒုတိယ,သိက္ခာ ပုဒ်မှုဖြတ်စာ၊ ၊

၉၊ အလုံမြို့-ကဲပါရွာ-ဦးဟုည,ဦးဥတ္တမ,တို့အပေါ်တွင်စွဲတင်သော၊ ဒုတိယမှုဖြတ်စာ၊ ၊

၁၀။ ကျောက်ကာရွာ-ရွှေဂူကျောင်းတိုက်နေ-ရှင်သောဘိတ အပေါ်တွင် ရွှေဂူနိဘုရားရွှေဆိုင်းခိုးမှုဒုတိယသိက္ခာပုဒ်ဖြတ်စာ။ ။

၁၁၊ ၎င်း-ရွှေဆိုင်းခိုးမှုဖြတ်စာအတွက် ပေါက်ချက် သုံးဂိုဏ်းချုပ်ဆရာတော်ဘုရား၊ ၊

၁၂။ အလုံမြို့ တောင်မတောရွာ နေ-ရှင်ကေတု အပေါ်တွင် စွဲတင်ပြုသော-ပထမ မှုဖြတ်စာ၊ ၊

၁၃။ လယ်စဉ်ရွာ ရိုးသီးကောင်းတိုက်-ရှင်ဝဏ္ဏ အပေါ်တွင် စွဲတင်သောပထမမှုဖြတ်စာ။

၁၄၊ အကပ္ပိယ ပစ္စယ ဝိနိစ္ဆယ။

၁၅။ မတာသန္တက ဟိရညာဒိ ဝိနိစ္ဆယ၊

၁၆။ သင်္ကရာသီးမှုဖြတ်စာ။

၁၇၊ မုံရွာသိမ်တော်တိုက် ဆရာတော် ဦးသီလဝံသ အပေါ်တွင် စွဲတင်သော ပထမ မှုဖြတ်စာ၊ ။

၁၈။ ခုံရင်းဆိပ်ရွာ-ရှင်မတိမာ အပေါ်တွင် စွဲတင်လျှက် ရှိသော ဒုတိယ,သိက္ခာပုဒ်ဖြတ်စာ။ ၊

၁၉၊ ခင်မွန်ရွာ-ရှင်သာဂရ အပေါ်တွင်စွဲတင်သော-ဒုတိယ သိက္ခာပုဒ်ဖြတ်စာ။ ။

အဋ္ဌဝိနိစ္ဆယ။

အလုံမြို့-ဦးသုမန(ဒုတိယ,သိက္ခာပုဒ်)မှဖြတ်စာ၊

၁၂၇၉-ခုနှစ်၊ဖြတ်ထုံး-၈။

(က) သိက္ခာပဒံ သမံ တေန၊ အညံ ကိဉ္စိ နဝိဇ္ဇတိ၊
အနေက နယဝေါကိဏ္ဏံ၊ ဂမ္ဘီရတ္ထ ဝိနိစ္ဆယံ။ ။

(ခ) တသ္မာ ဝဏ္ဏနံ ဩတိဏ္ဏာ၊ ဘိက္ခုနော ဝိနယညုနော။
ဝိနယာနုဂ္ဂဟောနေတ္ထ၊ ကရောန္တော ဝိနိစ္ဆယံ။ ။

(ဂ) ပါဠိံ အဋ္ဌကထဉ္စေဝ၊ သာဓိပ္ပါယ မသေသတော၊
ဩဂယှ အပ္ပမတ္တေန၊ ကရဏီယော ဝိနိစ္ဆယော။ ။

(ဃ) အာပတ္တိဒဿနုဿာဟော၊ နကတ္တဗ္ဗော ကုဒါစနံ။
ပဿိဿာမိ အနာပတ္တိ မိတိ ကယိရာထ မာနသံ။ ။

(င) ပဿိတွာပိစ အာပတ္တိံ၊ အဝတွာဝ ပုနပ္ပုနံ၊
ဝိမံသိတွာဝ ဝိညူဟိ သံသန္ဒိတွာ ဝ တံ ဝဒေ၊ ။

ဟူ၍ (ဗုဒ္ဓဒတ္တ) အရှင်ဖြစ်တော်မူသော သင်္ဂဟကာရ အဋ္ဌကထာ ဆရာသခင်အရှင်မြတ်သည်၊ မိန့်ဆိုအပ်သော ဩဝါဒအနုသာသနတော် မြတ်ကိုဦးထိပ်ထက်၌ပန်ဆင်ရွက်ပြီးလျှင်။

(စ) နစ အတ္တမိ သံနိဿာယ၊ နစနိဿာယ ပုဂ္ဂလံ။
ဥဘော ပေတေ ဝိဝဇ္ဇေတွာ၊ ယထာ ဓမ္မော တထာ ကရေ။ ။

ဟူ၍မိန့်တော်မူအပ်သော ပါဠိ ပါဌ်တော်သာ။ ဝေဒနာကလျာဒေသ နဲ့၊ ဩဝါဒ အနုသာသန ကထာကိုလည်း စိတ်နှလုံးသည်း၌ အမြဲစွဲ ပိုက်ထားသည်ကိုပြု၍၊ ယခုအခါ (အလုံမြို့ ၌-ခုအာကျောင်းတိုက်နေရှင် (ဝိသုဒ္ဓ) သည်။ ဝေဒကပုဂ္ဂိုလ်၏အရာ၌တည်သည်ဖြစ်၍။ ကပည့်ဖြစ်သူ ရဟိတကရှင် (သုမန)၌ ဖြစ်ပွားလျက် ရှိနေသော (အနုဝါဒါဓိ ကရုဏ်း) သည်။ ဝိတြာရာမ ဆရာတော်။ တောင်တော်ဆရာတော်၊ သောဘိတာ ရာမ ဆရာတော်၊ ရမည်းသင်းဆရာတော်၊ ရွှေကျင်တိုက်အုပ် ဆရာတော်။ သုဓမ္မာတိုက်တော်ဆရာတော်။ အလုံမြို့-ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်း

ထောက်စသော သံဃာတော်အပေါင်း သို့သက်ဝင်လာရောက် ရှိနေသော ကြောင့်။ ၎င်း(အဓိကရုဏ်း)ကို ငြိမ်းဆုံး ပြတ်စဲအောင် စီရင်ရမည်ဟူ၍။ စိတ်ကြွာရေမှ ဆရာတော်ကြီးဘုရား အမှူးရှိသောဆရာတော်ဘုရား ခြောက် ပါးတို့က။ ခင်မွန်ရွာ (သုံးဂိုဏ်းချုပ်)ဆရာတော် အမှူးရှိသော တောင်ဘီ လာဂိုဏ်းချုပ်ဆီးပင်သယ်ဂိုဏ်းထောက်မင်းရွာ ဗီးတောက်ပင် တောရ တိုက်ဂိုဏ်းထောက်ဆရာတော် (၄)ပါးတို့အား လွှဲအပ်တော် မူကြသည် ဖြစ်၍၊၎င်း(အနုဝါဒါဓိကရုဏ်း)ကိုငြိမ်းဆုံးပြတ်စဲ,ငြိမ်ဝပ်,ပိပျားအောင်ဆုံး ဖြတ်ရမည်ဖြစ်သောကြောင့်၊ စောဒက, စောဒကပက္ခ, စုဒိတက, စုဒိတ ပက္ခဖြစ်သူ၊ လူ,ရှင်,ရဟန်းတို့ကို(အနုဝိဇ္ဇက) အင်္ဂါနှင့် အညီ-စစ်ဆေး မေးမြန်းခြင်းကို။ကောင်းမွန်စွာသေချာစွာ ပြုလုပ်ပြီး၍။ ၎င်းတို့ ထွက်ဆို အပ်သောအစစ်ခံစကားရပ်တို့ကို(မွေဒိနို့ ဝ္ဟယ ဝိနို ဝ္ဟယ ညူ ဝိနယညူ) တံ ခွန်ထူကြသော ပညာရှိဆရာတော်ကြီးဘုရားတို့နှင့် အကြိမ်ကြိမ် နှီးနှော တိုင်ပင်ပြီးလျှင်။ မိမိတို့၏ဉာဏ်အား ဖြင့်ဖြင့်သက်ဝင်ဆင် ခြင်လျှင်။

(၁) တပည့်ရှင်(သုမန)၏ ပစ္စည်းနှင့် တပည့်တော် ရှင် (ဝိသုဒ္ဓ)၏ ပစ္စည်းကိုရောယှက်ခြင်း မရှိမေမူ၍။ တပည့်တော်၏ ပစ္စည်းသက်သက် ကိုသာ။ သာမဏေ (ဝိလာသ) ကို မြောက်ကျောင်း(လည်သီး) ပေါ်သို့တင် ထားစေရ၊ ရှင်(သုမန) ပစ္စည်းဖြစ်သော ဒေါင်းပေါင်,အုပ်ဆောင်း,ဇလုံ ၁၀-တခုယ်စီ အသီး အခြား ထားကြောင်းကိုနောက်မှ သိရပါသည်။ တပည့်ရှင်(သုမန)၏ပစ္စည်းအလုံးရုံ အကုန်ပင်ရှိ။ ဘုန်းကြီး၏ ပစ္စည်း သာအနည်းငယ်မျှကြွင်းကျန်ရစ်ပါတော့သည်ဟုသာမဏေ (ဝိလာသ) က လျှောက်ထားသည်ဖြစ်၍၊တပည့်ရှင်(သုမန)အား။တပည့်တော်(ဝိသုဒ္ဓ)က မြောက်ကျောင်းပေါ် (လည်သီး) ထည်း၌ သွင်သွင်းသိမ်းဆည်း၍ ထားသော ပစ္စည်းတို့တွင်၊ တပည့်တော်၏ ဒေါင်းပေါင်,ဇလုံ, အုပ်ဆောင်း,အနည်း ငယ်မျှသာ ကျန်တော့သည်။ကိုယ်တော်၏ပစ္စည်း ဒေါင်းပေါင်, ဇလုံ,အုပ် ဆောင်းများတခုမကျန်အကုန်ပျောက်ဆုံးပါသည်ဟုပြောကြားသောအခါ တပည့် ရှင် (သုမန)က၊ ဘယ်မှာပျောက်ဆုံးနိုင်စရာ ရှိလိမ့်မတုန်းဟု ဆို ပါသည်၊ တပည့်တော်က၊မယုံလျှင် လည်သီး ပေါ်သို့တက်၍ ကြည့်ရှုဦး ဟုဆိုပြန်ပါသော်လည်း၊ တပည့်-ရှင်(သုမန)က။စကားမျှမပြော် အမှတ်မဲ့ သာ နေပါသည်၊ ကိုးရက်ကျော် ဆယ်ရက်ခန့် လောက် ကြာရှိမှ တ ပည့်တော် (ဝိသုဒ္ဓ)ကိုယ်တိုင်မြောက်ကျောင်း လည်သီး ပေါ်သို့တက်၍

ကြည့်ရှုရာ၊ တပည့်-ရှင် (သုမန)၏ပစ္စည်း ဒေါင်းပေါင်,ဇလုံ,အုပ်ဆောင်း များအလုံးစုံအကုန်တခုမျှမရှိပါ၊ တပည့်တော် (ဝိသုဒ္ဓ)၏ ပစ္စည်းဇလုံ, ၄၅-လေးဆယ့်ငါးလုံးထားသည့်အနက်က။ ၁၈-လုံးသာကြွင်းကျန်ရစ်ပါ တော့သည်၊ ဒေါင်းပေါင် ၄၀-ထားသည့်အနက်ကလည်း ၁၂ချပ်သာ ကြွင်းကျန်ရစ်ပါတော့သည်၊ သံဖြူအုပ်ဆောင်းကိုတော့-အရေ အတွက် နှင့်မထားပါ၊ အတွင်ကြီးကြီးတခုသာ ကျန်ရစ်ပါတော့သည်။

(၂) ၎င်းနောက် တပည့်-ရှင်(သုမန)တက်၍လည်း မကြည့် မရှု။ ပျောက်သည် မပျောက်သည်ကိုစကားမပြောဘဲနေသောကြောင့်၊ တပည့် တော်က-ထောက်လှမ်းစုံစမ်းသောအခါ၊ မြောက်ကျောင်း အနောက်ဘို လည်သီး ပေါ်မှ-အရှေ့ဘိုလည်သီးပေါ်သို့ဒေါင်းပေါင်,ဇလုံ,အုပ်ဆောင်း တို့ကို၊ တပည့်ရှင်( သုမန )ပြောင်းရွှေ့ ထားကြောင်းကို သာမညစကား သန့်သန့်-ကြားသိရပါသည် ဟူသော စကားတရပ်။

(၃) ၎င်းမှနောက်ကျောင်းသားသာမဏေငယ်တို့စာအံ၍ နေကြစဉ် ညဉ့်အခါ-ကွယ်ရာမြောက်ကဲသား တံခါးကိုဖွင့်လှစ်၍။ ဒေါင်းပေါင် သံ ဖြူအုပ်ဆောင်း ဇလုံတို့ကိုတပည့်ရှင်(သုမန)ကပေးလိုက်သည်ဟုကြားသိ ရပါ၍၊ သူတစကားဖြင့် (သံသယ)မကင်းဖြစ်သော်လည်း။ သူ တပါးတို့ ဖြစ်တင်ကဲ့ရဲ့ခြင်း (ပရူပဝါဒ)ကိုငဲ့၍။ ပစ္စယသားရွာကိုမျှမပြုဘဲ အမှတ် မဲ့ရှောင်ကြဉ်နေပါသည် ဟူသောစကားတရပ်၊

(၄) ၎င်းမှနောက် တောင်ကျောင်း ပေါ်တွင် အရှေ့ခမ်း (ခဍင်) အောက်၌ ထားသော ဇလုံကို (ပါတွင်း)က-တပည့်ရှင်(သုမန)သည်။ မိမိ အိပ်နေသော (ခဍင်)ခေါင်းရင်းအောက်၌ပြောင်းရွှေ့၍သိုမှီးထားပါသည်။ ထားကြောင်းကိုလည်းတပည့်တော်အား-ရှင်(သုမန)ကပင်ပျောက်၍သိရ ပါသည်ဟူသောစကားတရပ်၊

(၅) ထိုအခါ၌လည်းတပည့်တော်က(သံသယ)မကင်း-ယုံမှားခြင်း (ဝေမတိကာ) ဖြစ်၍။ တပည့်ရှင် (သုမန) မရှိသည့်အခိုက်၊ သူ၏နေရာသို့ သွားရောက်၍အမှတ်တမဲ့ ရေတွက်ရာ။ဇလုံလုံးရေ ၁၈-လုံးရှိပါသည်။၎င်း ကျောင်းတိုက်တာမှ တပည့်ရှင်( သုမန) သည်ထွက်ခွါသွားသော အခါ။ တပည့်တော်ကိုယ်တိုင် ရေတွက်ကြည့်ရှုသော် ပထမရေတွက် ထားရင်း ၁၈-လုံးအနက်က၊ ဇလုံအကောင်း ၂-လုံး။ အကွဲ ၂လုံး၊ပေါင်း၄-လုံးသာ

ကျန်ရစ်သည်ကိုတွေ့မြင်ရပါသည်။ ထိုအခါ၌တဖန်ထင်၍။ (သံသယ) မကင်း ဖြစ်ပြန်ပါသေးသည်။ ပစ္စုပ္ပန်ဒါကိုပဲ့ သည်သည်းတကြောင်း၊ အရပ်တပါးသို့ ပြောင်းသွားမည့်ဆဲဆဲ ဖြစ်သည်လည်း တကြောင်း၊ ဤအကြောင်းတို့ကိုငဲ့၍ အမှတ်တမဲ့ပင် အခြေပျက်နေပါသည်၊ ဤမျှလောက်ပင် သို့ဖက်၍ထားပါလျက်နှင့် တပည့်ရှင် (သုမန)သည် မိမိ ပြောင်းရွှေ့သွားရောက်နေထိုင်ရာ ကျိုက္ကနိုးရွာ ကျောင်းမှတပည့်တော် အထံသို့လာရောက်၍။တပည့်တော်(သုမန) အပေါ်၌ မတော်လောဘ အဖြစ်ရှိသမျှကို (တစ်တစ်ခွခွ)ပြောပြစမ်းပါဟု လျှောက်ပါသည်။ ထိုအခါ၌လည်း မခန့်ကျင်အောင် တိန်းရှောင်စကားကိုသာ ပြောကြားလိုက်ပါသည် ဟူသောစကားတရပ်၊

ဝေဒကာ–ရှင်(ဝိသုဒ္ဓ)အစစ်ခံတွက်ဆိုချက်၊

(၆) ကျောင်းသားသူငယ်တို့ညဉ့်အခါစာအံ့ရျဲနေကြစဉ်။ ရဟန်းတော် (ဦးသုမန) သည် ဇလုံလုံးရေ–၁၀၊ခေါင်းပေါင်ချပ်ရေ–၁၀။သိမ္ပြုအုပ်ဆောင်း ချပ်ရေ–၁၁တို့ကို မြောက်ကျောင်းပေါ်၌ မြောက်ဘက်ကဲလား ကိုဖွင့်လှစ်၍ အောက်သို့ ယူသည်ကိုမြင်လိုက်ရသည်မှာအမှန်ပင်ဖြစ်ပါသည်ဘုရားဟူသောစကားတရပ်၊

(၇) ငင်းနောက်မကြာမီပင်–ငွေ(၁၁)ကို၊ဒါယကာ'လွှား' ဆိုသူက လာရောက်၍။ ရဟန်းတော် (ဦးသုမန) အား ပေးသွားပါသည်၊ ရဟန်းတော် (ဦးသုမန)က၊ တပည့်ငယ်'ဘိုးစ'ဆိုသူကို 'သင်တာ'ထည်းသို့ ထည့်၍ထားပါဟု 'ငွေ'အထား–နေခိုင်းသည်ကို၊တပည့်တော်ကိုယ်တိုင်မြင်ရပါသည်ဘုရား။ ဇလုံ,အုပ်ဆောင်း,အဘိုးဟူ၍ အသေအချာ မသိပါဘုရား၊ ဟူသောစကားတရပ်၊ ၊

(၈) ငင်းမှနောက် ဝိတ်ငမ်း'အင်္ကျီ'လေးထည်စာကို၊ ရဟန်းတော် (ဦးသုမန)က၊ဆွမ်းခံသွားချိန်တွင် တောင်ကျောင်းပေါ်၌၊ အမည်မသိလူတယောက်အားပေးလိုက်သည်ကိုလည်း မြင်လိုက်ပါသည်၊ငင်းပစ္စည်းကိုကား၊ မည်သူ၏ပစ္စည်းဖြစ်သည်ဟူ၍ အသေအချာ အတတ်မသိပါဘုရား ဟူသောစကားတရပ်၊ ၊

(၉) ငင်းနောက် မကြာမီပင်၊ ကျောင်းအရှေ့ဘုံပေါက၊အောက်သို့ ချယူ၍ 'လွှား' 'ဘိုးဆင်' တို့နှင့်၊ ငင်းပြင်– အမည်မသိ လူတယောက်

အား၊ဇလုံ(၁၀) ဒေါင်းပေါင်း(၁၀) သံပြုအုပ်ဆောင်း(၁၀)တို့ကို၊ရဟန်းတော် (ဥူးသုမန)ကပေးအပ်လိုက်သည်ကို တပည့်တော်ကိုယ်တိုင် မြင့်ပါ၏၊ ၎င်းပစ္စည်းတို့ကို ဆရာတုန်းကြီး၏ပစ္စည်း၊ရဟန်းတော်(ဥူးသုမန)၏ပစ္စည်းဖြစ်သည်ဟူ၍၊အသေအချာအတတ်မသိပါဘုရား၊ ဤအကြောင်းကို ဆရာဘုန်းကြီးအား မလျှောက်နှင့်ဟု တပည့်တော်ကိုနုတ်ပိတ်စကား ပြောကြားပါသည်ဘုရား-ဟူသောစကားတရပ်။ ။

စာဒကပက္ခ(လေယ်)အစစ်ခံချက်၊

(၁၀) ဇလုံ(၂) ဒေါင်းပေါင်(၂) သံပြုအုပ်ဆောင်း(၂) ပေါင်းခြောက်ခုတို့ကို၊ရဟန်းတော် (ဥူးအဂ္ဂ)နှင့် သူငယ်‘ဇေ’တို့သည်၊ တောင်ကျောင်းအနောက်လှေခါး အဆင်းမှာ ယူသွားကြသည်ကို သိမြင်လိုက်ရပါသည်ဘုရား-ဟူသောစကားတရပ်။ ။

(၁၁) ၎င်းမှ နောက်၌လည်း၊ဆရာဘုန်းကြီးပစ္စည်း၊ တပည့်(ဥူးသုမန)ပစ္စည်းဟူ၍ အသေအချာမသိပါ၊ဖျင်သင်းပိုင်(၁)ထည်၊ပိတ်စိမ်းသင်းပိုင်(၁)ထည်။ပေါင်း(၂)ထည် တို့ကို၊ ရဟန်းတော်(ဥူးသုမန)က စေခိုင်းသောကြောင့်၊ တပည့်တော်သည် ‘တောင်ပြင်’ရပ်နေ ‘ငရွှေသောင်’ အားပေးအပ်လိုက်ရပါသည်ဘုရား-ဟူသောစကားတရပ်။ ။

(၁၂) ၎င်းမှနောက်-ဆရာဘုန်းတော်ကြီး၏ ထွေးခံ(၁) လုံးကို ရဟန်းတော်(ဥူးသုမန)က ဘုန်းကြီးမသိအောင်ယူခဲ့ပါဟု ‘ကျိကုန်း’ရွာသို့ ပြောင်းရွှေ့သွားသောအခါက ‘ဘိုးစ’ ကိုစေခိုင်းပါသည်၊သူငယ် ‘ဘိုးစ’က ဘုန်းကြီးရိပ်မိမှာကိုကြောက်ပါသည်ဟုပြောဆိုနေ၍၊ တပည့်တော်နှင့်အတူတကွ‘ဘိုးစ’တို့သည်ရဟန်းတော် ဥူး(သုမန)၏အထံသို့‘ထွေးခံ’ပို့သွားရပါသည်ဘုရား-ဟူသောစကားတရပ်၊ ။

စာဒကပက္ခ ရှင်(စန္ဒ) အစစ်ခံထွက်ဆိုချက်။

(၁၃) တောင်ပြင်ရပ်နေ ဒါယကာ ‘မောင်ရွှေသောင်’က ပေးအပ်သောဇင်္ဂါး(၃)ကိုသိမ်းယူလိုက်ရပါသည်။ ၎င်းနောက် ‘ပေကုန်း’ရွာသားတယောက် ပေးအပ် လာသော ဒင်္ဂါး (၃) ကိုလည်း သိမ်းယူ လိုက်ရပါသည်ဘုရား-ဟူသောစကားတရပ်။ ။

(၁၄) ၎င်းနောက် ရဟန်းတော် ဦး(သုမန)ကစေခိုင်းသောကြောင့် နှစ်ပါးပိုင်ပစ္စည်း၊ ကန်စွန်းနွယ်ပုဂံ (၅) လုံး တို့ကို 'ချေး' မြောက်ဘက်က ဒါယိကာမ 'မိရှမ်း' ကိုပေးလိုက်ရပါသည်ဘုရား-ဟူသောစကားတရပ်၊

စောဒကပက္ခ သူငယ် 'ငဘိုးစ' အစစ်ခံထွက်ဆိုချက်။

၁၅ တပည့်တော် ရှင်(ဇာဂရ)အား၊ ရဟန်းတော် ဦး(သုမန) က၊ ဒါယကာ 'ငလွှား' သို့ စာတိုးလက်ခံမကျေသည်ဖြစ်၍၊ ဇလုံ(၁၀)ပေးလိုက်ရကြောင်းကို ကျောင်းပေါ်အနောက်ခမ်းထည်း၌ ပြောကြားပါသည်ဘုရား၊

၁၆ ရဟန်းတော် (ဦးသုမန) ကျုံကုန်းရွာသို့ ပြောင်းသွား ပြီးသည့်နောက်။ ဆရာဘုန်းကြီးပစ္စည်းတို့ကို၊ တပါးသောသူတို့ယူ၍ သုံးသည် မသုံးသည်ကိုမသိပါဘုရား၊ ၎င်းအစစ်ခံစကားများကို တပည့်တော် 'သစ္စာ' ပြု၍ မပြော မလျှောက်ဝံ့ပါဘုရား-ဟူသောစကားတရပ်။ ၊

စောဒကပက္ခ ရှင်(ဇာဂရ) အစစ်ခံထွက်ဆိုချက်၊

ဤသို့ထွက်ဆိုအစစ်ခံကြသော စောဒက,စောဒကပက္ခ,ပုဂ္ဂိုလ်တို့၏ အစစ်ခံ စကားရပ်ရပ်တို့ဖြင့်။ 'စုဒိတက'ဖြစ်သူ-ရှင် (သုမန) သည်။ မိမိပိုင် ပစ္စည်း ဒေါင်းပေါင်,ဇလုံ,သင်ဖြူးအုပ်ဆောင်း,များတို့ကို၊ ဆရာ ရှင်(ဝိသုဒ္ဓ) ၏ ပစ္စည်း အနီးအပါး၌ တိတ်တဆိတ် သိုမှီးထားခြင်း၊ မိမိပစ္စည်းဘဏ္ဍာ ပျောက်ပျက်ကြောင်းကို ပြောဆို ပါသော်လည်း။ ဘယ်မှာ ပျောက်စရာရှိ လိမ့်မတုံးဟု ဆို၍ဆရာနှင့်စကားများပင်သည့်ပြင်၊ မကြည့်မရှု အမှတ်မဲ့ ပြုနေခြင်း။ ဇလုံ,အုပ်ဆောင်း,ဒေါင်းပေါင် တို့ကို ညှဉ့်အခါကွယ်ရာ 'ကဲလား' ကိုဖွင့်လှစ်ယူ၍တိတ်တဆိတ်ပေးလိုက်ခြင်း၊ ကျုံကုန်းရွာသို့ ပြောင်းရွှေ့သွားပြီးနေသည့်မှ၊ ဆရာ့ပစ္စည်းဖြစ်သော 'ဖွေးခံ' ကို၊ ဆရာဘုန်းကြီးမသိ အောင် 'ငဘိုးစ' ကိုယူခဲ့ဟူ၍ စေခိုင်းခြင်း၊ ဤသို့စသောအမှုတို့ကို ပြုလုပ် သည့်အတွက်ကြောင့်၊ စုဒိတက ရှင်(သုမန)အပေါ်၌ များစွာပင်သိတင်း သုံးတော် သံဃာတော်တို့သည်၊ 'ဒုတိယသိက္ခာပုဒ်' တော်ဖြင့်၊ အလိုလို ဖြစ်ခြင်း၊ ကုက္ကုစ္စ,သံသယ, မကင်း၊ ယုံမှားခြင်း,ဝေခဲတိကာတရား ဖြစ်ပွါး သင့်ကြပေကုန်သည်၊ ထိုသို့ပင် ဖြစ်သင့်ပေကုန် သော်လည်း။ စောဒက- ရှင်(ဝိသုဒ္ဓ) ၏ ဓမ္မာဓမ္မစောဒကအဖြစ်ကို၎င်း၊ မေတ္တာစိတ္တ အတ္ထသံဟိတ

စောဒနာ, နောမေတ္တာစိတ္တ, ဒေါသန္တရစောဒနာ,၏ အဖြစ်ကိုရင်း။ ဆင်ခြင်လျှင်၊ ၊

(၈) စောဒကေန ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ။ စောဒကေန ပဥ္စသု ဓမ္မေသု ပတိဋ္ဌာယ ပရော စောဒေတဗ္ဗော၊ ကာလေန ဝက္ခာမိ နော အကာလေန။ဘူတေန ဝက္ခာမိ နော အဘူတေန၊ သဏှေန ဝက္ခာမိ နော ဖရုသေန။ အတ္ထသံဟိတေ ဝက္ခာမိ နော အနတ္ထသံဟိတေန။ မေတ္တာစိတ္တော ဝက္ခာမိ နော ဒေါသန္တရော တိ။ စောဒကေန ဧဝံ ပဋိပဇ္ဇိတဗ္ဗံ၊ ။

ဟူသော ပရိဝါပါဠိတော်နှင့်လျော်ညီစွာ၊ စောဒကဆရာရှင် 'ဝိသုဒ္ဓ' သည်၊မိမိ၏တပည့်ဖြစ်သူ-ရဒိကာ ရှင်'သုမန'နှင့်၊ဘပည့်မှတ်မှတ် ဆရာမှတ်မှတ်၊ မပြတ်မေတ္တာ ပေါင်းသင်းကာဖြင့်။ ရှည်စွာကာလ၊ နေထိုင်ကြသည့်ပြင်။ ရဒိတာက ရှင်'သုမန'သည်၊ဆရာအားကိုး၍၊ ချစ်မြတ်နိုးသူ တယောက် အမှန်ပင်ဖြစ်သောကြောင့်၊ ကိုယ်တိုင်ပင် မိမိပစ္စည်းကိုရင်း။ ဆရာ့ပစ္စည်းကိုရင်း၊ကြည့်ရှုစောင့်ရှောက်သိမ်းဆည်းရသူ'ဘဏ္ဍာ'စိုးဖြစ်ပေသည်။ ။ဤသို့ဆရာကလည်း မေတ္တာမပျက်၊ တပည့်ကလည်းမေတ္တာမပျက်။ နေ့ရက်ရှည်စွာ နေထိုင်ကြငြ်။ ကျောင်းသား-သူငယ်, သာမဏေ ရှင်ငယ်,တို့က ကြွားဝင်၍ အချစ်ပျက်အောင် 'ချောပစ်ဂုံးတိုက်' စကားပြောကြားကြသောကြောင့်၊ဆရာနှင့်တပည့် အချစ်မေတ္တာပျက်၍ စိတ်ဝမ်းကွဲကြသည့်ပြင်၊ ဆရာက တပည့်ကို'ပစ္စည်း'နှင့် ပတ်သက်၍၊ သိက္ခာပုဒ်တော်ဖြင့် 'သံသယ' မကင်း၊ ယုံမှားခြင်း, ဝေမတိက, ကုက္ကုစ္စ, ဖြစ်သောကြောင့်။ 'ပစ္စယသန္နောဂ' ကိုမျှ ပြုလုပ်ဘဲ။ စောဒနာစကား ပြောကြားခြင်းကိုပြု၏၊ တပည့်ဖြစ်သူကလည်း ဆရာသည် ရှေးအခါကာလ၌ 'ငါ' ကို၊ချစ်ကြည်မြတ်နိုးလှ၍၊ပစ္စည်းဘဏ္ဍာတို့ကိုလွှဲအပ်သိမ်းဆည်းစေသည်ယခုမူကား-တပါးသော သူငယ်, ရှင်ငယ်တို့၏ မဘွယ်သော 'ဂုံး'စကားကို အယုံမှား၍ ဆရာ့ပစ္စည်းနှင့် ငါ၏ပစ္စည်း မရောမယှက်စေလို၍ တခြားခွဲ၍ ထားပေစေဟု စေခိုင်းခြင်း။ ပျောက်ရှသောပစ္စည်းများကိုလည်း 'ငါ' ခိုးယူသည်ဟု ထင်နေခြင်း စသည်ဖြင့်၊ မျက်မာန် စိတ်ဆိုး, ရန်ငြိုး ထားသည်၊ ပျောက်ဆုံးပါးသော ပစ္စည်းများကို မခိုးမယူကြောင်းကို အကြိမ်ကြိမ်ပင် လျှောက်ပါသော်လည်း မယုံသည့်အပြင်၊ ငါ၏သာသနာတော်မှ

ရွေ့လျော့စေလိုသောစိတ်ထားဖြင့် 'အာဃာတ' မျက်မာန်ပွား၍၊ တဖြင့်တပါး 'စောဒနာ' စကားကိုသာလျှင် 'တီးတိုး' ပြောကြားလျက်နေသည်။ ကြာရှည် ဆရာနှင့်အတူနေလျှင် 'ငါ'၌ အခက်ရောက်တော့မည်ဟု နှစ်လုံးမိုက်၍ 'ကျိုကုန်း'ရွာသို့ ပြောင်းရွှေ့နေသည်။ ထိုသို့ပြောင်းရွှေ့နေရာမှ တဖန်၊ ဆရာ၌ဖြစ်ပွားသောအမျက်ဒေါသ မပျောက်မကင်း၍၊ ဆရာသည်'ငါ့'ကို တပည့် ဖြစ်ပါလျက် သူတပါးတို့၏ 'ဂုံး' စကား အတွက်ကြောင့်၊ ဤမျှလောက်နှိပ်စက်စကား ပြောကြားရာသလောဟု 'ဒေါသ'မီးလုံး၊ ဟုန်းဟုန်းထ၍ မိမိနေရပ်မှ အလုံမြို့ ဒုတ်ကျောင်းတိုက်သို့ လာရောက်၍၊ ဆရာကိုနာကျင်လှစွာ'ဒုသ်'ဖြင့် ရိုက်နှက်ပုတ်ခတ်ခြင်းကို ပြုလေသည်။ ထိုအခါ- ဆရာသည် 'ငါ့'ကိုနာကျင်လှစွာ ဆရာဖြစ်ပါလျက်။ 'ဒုသ်'ဖြင့် ရိုက်နှက်ရာသလောဟု အမျက်ဒေါသဖြစ်ပွား၍၊ ရှေးကဖြစ်နှင့်ရင်း အမျက်မီးစနှင့်ဆက်ပြီးလျှင်၊ တပည့်ရှင်(သုမန)ကို ဒုတိယ သိက္ခာပုဒ်တော်ဖြင့်၊ စွပ်စွဲ 'စောဒနာ' လေသောကြောင့်၊ 'အဓိကရုဏ်း' အုံးအုံး ကျက်ကျက် သူပွက်ဖြစ်ပွား အနှံ့အပြား ဖြစ်သည်။ သို့ဖြစ် သောကြောင့် စောဒက ရှင်'ဝိသုဒ္ဓ'ကို၊ ။

(ဿ) အကာလေန စောဒေတိ အဘူတေန၊
ဖရုသေန အနတ္ထသံဟိတေန။
ဒေါသန္တရော စောဒေတိ နော မေတ္တာစိတ္တော၊
ဧဝံသော ပုဂ္ဂလော အဓမ္မစောဒကော၊ ။

ဟူသော ပရိဝါပါဠိတော်နှင့် လျော်ညီစွာ 'အဓမ္မ' စောဒက ဟူ၍သာ ခေါ်ဆိုထိုက်ပေသည်။ စောဒနာ'ကိုလည်း "နောမေတ္တာစိတ္တ,, အနတ္ထသံဟိတ, ဒေါသန္တရစောဒနာ" ဟူ၍သာဆိုထိုက်သည်။ ဤသို့သော စောဒနာဖြင့် စောဒနာခြင်းသည်လည်း။ ။

(ဿ) ကောဓနော ဥပနာဟီစ။ စဏ္ဍောစ ပရိဘာသကော။
အနာပတ္တိယာ အာပတ္တိတိ ရောပေတိ၊
တာဒိသော စောဒကော ဗျာပေတိ အတ္တာနံ။ ။

(ဇ) ဥပကဏ္ဍကံ ဇပ္ပတိဇိမှံ ပေက္ခတိ၊
ဝီတိဟရတိ ကုမဂ္ဂံပဋိသေဝတိ၊

အနာပတ္တိယာ အာပတ္တိတိ ရောပေတိ၊
တာဒိသော စောဒကော ဗျာပေတိ အတ္တာနံ။ ။

(ဈ) အကာလေန စောဒေတိ၊ အဘူတေန ဖရုသေန အနတ္ထသံဟိတေ
န၊ ဒေါသန္တရော စောဒေတိ နော မေတ္တာစိတ္တော၊
အနာပတ္တိယာ အာပတ္တိတိ ရောပေတိ၊
တာဒိသော စောဒကော ဗျာပေတိ အတ္တာနံ။ ။

ဟူသော ပရိဝါပါဠိတော်နှင့်အညီ၊ ပဒုဋ္ဌစိတ္တ၊ အာဃာတ ပစ္စာဃာတ အနတ္တမန၊ ကောဓဉပနာဟ၊ အနတ္ထသံဟိတ၊ နောမေတ္တာစိတ္တ။ ဒေါသန္တ ရ စိတ်ထားဖြင့် စောဒနာခြင်းကြောင့်၊ စောဒကအာစရာ-ရှင်(ဝိသုဒ္ဓ)သည်မိမိ ကိုယ်ကိုမိမိသည်ပင်၊ ရဲရဲညီးသော မီးဖြင့် ရှို့မြှိုက်သည်မည်၏၊

ထိုရှင်(ဝိသုဒ္ဓ)၏စောဒနာသည်လည်း၊ ဒိဋ္ဌ, သုတ, မုတ, စောဒနာတို့ တွင် မိမိကိုယ်တိုင် မမြင်,မသိ ကျောင်းသားသူငယ်ရှင်ငယ် ရဟန်းငယ် တို့ထံမှ တဆင့်ကြားသိရသော သုတ-စကားဖြင့်သာ စောဒနာခြင်း ဖြစ် သောကြောင့် သုတ-စောဒနာ သာတည်း။ သုတစောဒနာ ဖြစ်ပြန်ပါက လည်း။

(ည) သုတံ သုတေန သမေတိ၊ သုတေန သံသန္ဒတေ သုတံ၊
သုတံ ပဋိစ္စ နုဉပေတိ၊ အသုဒ္ဓပရိသင်္ကိတော၊
သော ပုဂ္ဂလော ပဋိညာယ၊ ကာရေတဗ္ဗော တေနုပေါသထော။ ။

ဟူသောပရိဝါပါဠိတော်နှင့် လျော်ညီစွာ။ သုတ,ချင်းချင်းညီညွတ်မှ သာလျှင် ယုံကြည်ရာသည်၊ အညီအညွတ်ဖြစ်ပြန်ကလည်း။ စုဒိတက ပုဂ္ဂိုလ်သည်ပေးအပ်သော ပဋိညာဏ်ဖြင့်သာ ဆုံးဖြတ်ရမည်။ သို့ဖြစ်၍ သုတ, ချင်ချင်း ညီညွတ်သည် မညီညွတ်သည်၏အဖြစ်ကို၊ စုဒိတကရှင် သုမန,၏အစစ်ခံစကားရပ်တို့ဖြင့်ဆင်ခြင်ညှိနှိုင်းတိုင်းထွာလျှင်။

(၁၇) ဘုရားတပည့်တော် သုမန,၏ အပိုင်ပစ္စည်း ဖလုံ-၅လုံး၊ ဒေါင်းပေါင် ၅-ချပ်၊ သံဖြူခုပ်ဆောင်း ၅-ချပ်၊ ရင်းတို့ကိုဒါယကာ လွှား သို့ ညည့်အခါပေးအပ်လိုက်သည်မှာ ဂိုဏ်းထောက်ဆရာတော်ကျောင်း က ရဟန်းတော်များသည် ရှာနေသူ လူတို့နှင့် ကာယဝိက္ကယ အမှုကိုပြုကြ

သည်ဟု သူတပါးတို့ကဲ့ရဲ့ဖြစ်တင်ခြင်း ပရူပဝါဒ မှ ကင်းလွတ်စေခြင်း ဩဝါဒပေးလိုက်ခြင်းဖြစ်ပါသည်ဘုရား၊ ၎င်းပစ္စည်းတို့၏ အဘိုးငွေ ၄ လေးကျပ်ကိုပေးအပ် ချေခဲ့ပါသည်ဘုရားဟူသော စကားတရပ်၊

(၁၈) ဇလုံ-၁၀လုံး၊ဒေါင်းပေါင်-၁၀ တို့ကို အနောက်ဆောင်မှ အရှေ့ဆောင်သို့ပြောင်းရွှေ့ထားသည်ဆိုရာ၌။ ၎င်းပစ္စည်းများသည် တပည့်တော်၏အပိုင်ပစ္စည်းအမှန်ဖြစ်ပါသည်ဘုရားဟူသောစကားတရပ်။

(၁၉) တောင်ကျောင်းပေါ်၌၊အရှေ့ခန်းက ဇလုံလုံးရေ-၁၈လုံးကို ပြောင်းရွှေ့ထားသည်ဆိုရာ၌၊ ၎င်းတို့ကိုပြောင်းမိသည်။ မပြောင်းမိသည်ကိုအသေအချာမမှတ်မိပါ။ ဆရာဘုန်းကြီးက စေခိုင်းထားသောကြောင့် ဆရာ့ပစ္စည်းကို သိမ်းဆည်းရသူဖြစ်ပါ၍။ ဆရာ့ပစ္စည်း အနေအထား မတော်လျှင်တပည့်တော်က နေရာတကျ ထားနေကျဖြစ်ပါသည်။ ဇလုံ၁၈ လုံးတို့ကို အကုန်မပြောင်းမိသည်မှာ မှန်ပါ၏ဘုရားဟူသောစကား တရပ်။

(၂၀) ဇလုံ-၁၀လုံးကို။စာရေးလက်ခံမနေကျ၍။ဒါယကာ ငလွှားသို့ ပေးအပ်လိုက်ရကြောင်းကို၊ မည်သူ့အားမျှမပြောဘူးပါဘုရားဟူသောစကားတရပ်။

(၂၁) ဇလုံ၁၀လုံး။ ဒေါင်းပေါင်၁၀-အုပ်ဆောင်း-၁၀ တို့ကိုဆရာဘုန်းကြီးကကိုရင် (ဝိလာသ) ကိုစေလွှတ်၍၊မောင်သုမန ပစ္စည်းတို့ကို တခြားတခွဲထားပစေ၊ သွား၍ပြောချေဟု စေခိုင်းသောကြောင့် (ဝိလာသ) လာရောက်ပြောဆိုပါသည်၊ ထို့အတွက်ကြောင့် တပည့်တော်သည် အနောက်ဘုံပေါ်မှ အရှေ့ဘုံပေါ်သို့တင်၍။ ပြောင်းရွှေ့ထားပါသည်။ ၎င်းပစ္စည်းများမှာ တပည့်တော်အပိုင်ပစ္စည်း အမှန်ပါဘုရားဟူသော စကားတရပ်၊

(၂၂) ဈေးမြောက်ဘက်နေဒါယိကာမ မိရှမ်းအားပေးလိုက်သော ကံ့ကွန်းနွယ် ပုဂံ-၅လုံးမှာ တပည့်တော်တို့ဆရာတပည့်-နှစ်ပါးပိုင်ဆိုင်သောဝိသန္တက, ပစ္စည်းဖြစ်ပါသည်ဘုရားဟူသောစကားတရပ်။

(၂၃) ဘုရားတပည့်တော်သည် ကျိုက္ကနီးရွာသို့ပြောင်းရွှေ့ နေထိုင်စဉ်၊ဆရာဘုန်းကြီးက ငလယ် ဆိုသူကိုစေလွှတ်၍ ကျန်ရစ်သော ပစ္စည်းများကိုလာ၍ယူလှည့်ပါဟုခိုင်းသောကြောင့် တပည့်တော်ကိုယ်တိုင်လာ

ရောက်၍။ ဇလုံ, ဒေါင်းပေါင်, ခုပ်ဆောင်း,တို့ကို၊ အရှေ့ဘုံ လည်သီး ပေါ်မှ အောက်သို့ချ၍။ သူငယ်-တိုး၀ ကိုတပည့်တော်ကိုယ်တိုင် ပေးပါသည် ၎င်းပစ္စည်းတို့ကိုတပည့်တော်ယူပြီးသည့် နောက်မှ ဒါယကာ ဦးချင်းတီး၏ဒါယိကာမကြီးကိစ္စ အသုဘရှုရာက ဇလုံ၁လုံး၊ ဒေါင်းပေါင် ၁၊ခုပ်ဆောင်း-၁-ခုတို့ကိုရရှိပါ၍၊ ၎င်းပစ္စည်းတို့ကို၊ အဘွားအေ,အမယ် ကံအားချီးမြှောက်လိုက်ပါသည်ဘုရားဟူသောစကားတရပ်။

(၂၄) ဒါယကာ-လွှား ဆိုသူကပေးသောငွေ-၆တရပ်၊ ၆-တရပ် ၎င်းတို့ကို တိုးစ သို့ပေးအပ်ခဲ့ပါသည်၊ ၎င်းငွေ ၁၆ကျပ်အနက်က၊ ငွေ ၆-မှာ ဇလုံ,ဒေါင်းပေါင်, ခုပ်ဆောင်း-၅ရုံတို့၏အတိုးငွေ ဖြစ်ပါသည်၊ ကျန်ငွေ ၇မှာစာထုင်ဒါယကာလွှား ၏ပစ္စည်းဖြစ်ပါသည်ဟူသော စကားတရပ်။

(၂၅) စာတိုးလက်ခပေးရန်ငွေ-၆တရပ်၊ငွေ၆တရပ်။၎င်းငွေနှစ်ရပ် တွင် ၆အနက်က ငွေ ၅ ကို။ တိုးစ သွား၍စာတိုးလက်ခချေပါသည်၊ကျန် ငွေ-၅မှာ ကျီကုန်း ရွာသို့ပါပါသည်။နောက်တဖန်စာတိုးလက်ခချေသည့် ငွေ ၅မှာ တပည့်တော်၏ (၈)အတိုး။ကျန်ငွေ ၆-ကို တပည့်တော်က တိုးစ ကိုစေခိုင်း၍၊ တိုးစ ကတဖန်။ဒါယကာလွှား ထံသို့သွားရောက်၍ပေးပါသည်ဘုရားဟူသော စကားတရပ်၊

(၂၆) တပည့်တော်သည်၊ဆရာပစ္စည်းနှင့်ပတ်သက်စပ်လျှင်း၍။ဆရာ၏ပစ္စည်းတပည့်တော်၏ ပစ္စည်း မကွဲမပြား။နှစ်ပါးဆိုင် ဒွိသန္တက ပြုလုပ်၍ထားသောပစ္စည်းအပေါင်းအရတို့တွင် တလုံးသောဇလုံဖြင့် ခါး ပန်းကြီးထိုးရက်ရန် ရှန်ချည်ကိုကပ္ပိ ဘူးသည်မှ တပါး။ ဆရာ့ပစ္စည်း ဆိုတရုံတခုမျှ မသုံးစွဲဘူးသည်မှာ အမှန်ပင်ဖြစ်ပါသည် ဘုရား ဟူသော စကားတရပ်။

(၂၇) ထွေးခံကို အယူခိုင်းသည်ဟုဆိုရာ၌လည်း၊ တပည့်တော် သွားသော အခါကျန်ရစ်သော တပည့်တော် အပိုင်ပစ္စည်းထွေးခံ ဖြစ်ပါ ပြောင်းရွှေ့သည်ဘုရားဟူသောစကားတရပ်၊

၎င်းအစစ်ခံထွက်ဆိုချက်စကားများကို အဟုတ်အမှန် အတိုင်းသာ ဖြစ်ကြောင်းနှင့် သစ္စာ တော်ကျမ်းကိုယမ်းရွက်၍ ပြောဆိုလျှောက်ထား ပါမည်ဘုရား။

,, ဤသို့ထွက်ဆိုအစစ်ခံသော ရဗိတာကရှင်-သုမန၏အစစ်ခံစကားရပ်ရှိ၏။ မိမိပိုင်ဆိုင်အစိုးရသော သင်္ကန်းက ပစ္စည်းကိုသာ တနေရာမှ တနေရာသို့ ပြောင်းရွှေ့ထားခြင်း။ သူတပါးတို့အားရောင်းချခြင်း၊ ပေးကမ်းချီးမြှောက်ခြင်း စသည်တို့ကိုပြုလုပ်ကြောင်းကိုသာလျှင် ငရိုညာဏ်ဝန်ခံစကားပါရှိသည်။ ။စောဒက ရှင်(ဝိသုဒ္ဓ)၏သုတစောဒနာအစစ်ခံ စကားရပ်၌ကား၊ ရှင်(ဝိသုဒ္ဓ)၏ ပစ္စည်းများစွာ တို့ကိုရှင် (သုမန) ခိုးယူကြောင်းစကားပါရှိသည်။ ။စောဒကဆရာရှင် (ဝိသုဒ္ဓ)၏သုတ စောဒနာစကားသည်၊ ရဗိတာက-ရှင်(သုမန)၏အစစ်ခံစကားရပ်နှင့်မညီညွတ်။ ။ ထို့ဖြစ်၍ စောဒက ဆရာ-ရှင်(ဝိသုဒ္ဓ)၏ သုတစောဒနာသည်(သုတ)ချင်းချင်းမညီညွတ်သည်၏အဖြစ်သို့သော ရောက်၏။ ။ယင်းသို့ မညီမညွတ်သော်လည်း ရဗိတာကရှင် (သုမန)၏ငရိုညာဉ်ဖြင့်ဆုံးဖြတ်ရမည် ဖြစ်သောကြောင့်။ ရဗိတာက ရှင်(သုမန)၏ ပါရာဇိကမှုကိုပြုမပြုကို။ ထိုရဗိတာက၏ပြုမှုပုံအမှုအရာဖြင့်ဆင်ခြင်လျှင်။

မိမိမှတပါးအခြားသော သူတို့ကိုမသိစေဘဲ။ ဇလုံ, ဒေါင်းပေါင်, အုပ်ဆောင်း,တို့ကိုပြောင်းရွှေ့ယူသည်မဟုတ်။ လူငယ်ရှင်ငယ် အများတို့ကိုသိစေ၍သာ ပြောင်းရွှေ့ခြင်းဖြစ်သည်။ ထွေးခံကိုလည်း ကျောင်းသားသူငယ်တိုးစ ကိုသိစေ၍ ယူခြင်းသာဖြစ်သည်။ ပြောင်းရွှေ့ပြီးသော ဇလုံကိုလည်းသိုဝှက်ခြင်းကိုမပြုမူ၍၊ သူတပါးတို့မြင်လောက်ရာ ခတင်အောက်၌ ထားခြင်းကိုပြုလုပ်သည်။

အကယ်၍ရဗိတာကရှင် သုမန ခိုးယူတတ်သူဖြစ်လျှင် မိမိခိုးယူထားသောပစ္စည်းများကို၊ ဤကဲ့သို့သူတပါးတို့ကိုမြင်စေ, သိစေ၍မထားသည့်ပြင်၊ အဘိုးမတန်ထွေးခံ,ဇလုံ,အုပ်ဆောင်း,ဒေါင်းပေါင်တို့ကိုသာမက၊အဘိုးထိုက်တန်သော ဖျင်စင်းများကိုရင်း၊ စာထုပ်ချားကိုသော်ရင်း။ ကျောင်း၌ရှိသောငွေကိုသော်ရင်းခိုးယူသင့်သည်။ ဤသို့လည်းမခိုးမယူဘူးကြောင်း စာထုပ်,ဖျင်စင်းများလည်း-တကြိမ်တခါမျှပျောက်ပျက်ရိုယွင်းဘူးသည်မရှိကြောင်းကိုလည်း စောဒကဆရာ-ရှင်ဝိသုဒ္ဓက အစစ်ခံထွက်ဆိုသည်။ ဤသို့သောပြုမှုပုံအခြင်းအရာအကာရကိုထောက်ဆသဖြင့် ရဗိတာက ရှင်သုမန သည်၊ ပါရာဇိကမှုကိုမပြုပဘူ၍သာဆိုထိုက်၏။

ဤသို့ ဆိုခဲ့ပြီးသော အခြင်းအရာ အာကာရ တို့ကို၊ ဉာဏ်အမြင် ဖြင့် ဒယာက်ဆနိုင်းညှို ပိုင်းထွာဆင်ခြင်၍၊ ရဗိတာက ရှင်(သုမန)ကို စောဒ

ကဆရာ (ရှင်ဝိသုဒ္ဓ)စွပ်စွဲသည့်အတိုင်း၊ "စောရကမ္မ"ကိုမပြုဟူ၍သာဆို ထိုက်သောကြောင့်ရင်း။ တပည့်တော်သည် ဆရာ့ပစ္စည်းနှင့်ပတ်သက်စပ် လျဉ်း၍၊ ဆရာ၏ပစ္စည်း; တပည့်တော်၏ပစ္စည်း မကွဲမပြား နှစ်ပါးဆိုင် "ဝိသဇ္ဇိတ"ပြုလုပ်ထားသော 'ပစ္စည်း,အပေါင်းအစုတို့တွင်၊ တလုံးသော ဇလုံဖြင့် "ခါးပန်းကြိုး"ထိုးယက်ရန်၊ ရှန်ချည်ကို"ကပ္ပိ"ဘူးသည်မှတပါး၊ ဆရာ့ပစ္စည်းကို တရံတခါမျှ မသုံးစွဲ ဘူးသည်မှာ အမှန်ပင် ဖြစ်ပါသည်၊ ဘုရားဟူ၍ "အနာပတ္တိက, ဒေါသာပဂမ,သဂေတကိစ္စ,အဝိနာသသီလ" "သုဒ္ဓ"ပဋိညာဉ်ကိုပေးသောကြောင့်ရင်း၊ မိမိသည်လည်း ဈေးပည်း ရှေး ကံထောက်မ၍၊ အပိုင်သုံးစွဲရန် ဇလုံ, ဒေါင်းပေါင်, အုပ်ဆောင်း, စသည့် "ပစ္စည်း"များစွာရှိသူတယောက်ပင်ဖြစ်သောကြောင့်ရင်။ စောဒက ဆရာ (ရှင်ဝိသုဒ္ဓ)၏လည်း၊ မိမိကိုယ်တိုင် သုံးစွဲမိသမျှသော ပစ္စည်းတို့ကို။ ဤမျှ ဤလောက်ဟု "သတိ" ပြုမိရှိရသောကြောင့်ရင်း၊ စောရကမ္မ,ကို ပြုလုပ် တတ်သူ လူငယ်,ရှင်ငယ်တို့သည်၊ ကျောင်း၌ရှိရသောကြောင့်ရင်း။ စော ဒကဆရာ(ရှင်ဝိသုဒ္ဓ)၏ ပျောက်ပျက်ဆုံးပါးသော ဇလုံ,ဒေါင်းပေါင်,အုတ် ဆောင်း,တို့ကို၊ ရဒိတက(ရှင်သုမန)ခိုးယူသည်ဟု မဆိုသင့်ပေ။ ။သို့ ဖြစ်သောကြောင့်၊ ။

(၃) ယောပန ဘိက္ခုဂါမာဝါ အရညာဝါ အဒိန္နံထေယျသင်္ခါတံ အာဒိယေယျ၊ ယထာရူပေ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတွာ ဟနေယျုံဝါ ဗန္ဓေယျုံဝါ ပဗ္ဗာဇေယျုံဝါ စောရောသိ ဗာလောသိ မူဠှောသိ ထေနောသိ တိ၊ တထာရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော အယမ္ပိ ပါရာဇိကော ဟောတိ အသံ ဝါသော။ ။

ဟူသော မာတိကာ ပါဠိတော်ဖြင့်၊ ရဒိတက (ရှင်သုမန) ကို ဒုတိယ သိက္ခာပုဒ်အရာ၌ ပညတ်တော်မူအပ်သော၊ ပါရာဇိကအာပတ်,ထုလ္လစ္စည်း အာပတ်,ဒုက္ကဋ်အာပတ်, ဘဏ္ဍာဒေယျ တို့တွင်၊ တပါးပါးဖြင့် မဆုံးဖြတ် သာ။ ။

ယင်းသို့ပင်-ရဒိတက (ရှင်သုမန)ကို ပါရာဇိက လိင်္ဂနာသန အမှုဖြင့် မဆုံးဖြတ်သင့်သော်လည်း။ အစိုးရမင်းတို့၏ ရုံးတော်သို့ရောက်၍ ရင်းအမှု များကိုရှင်းလင်းလိုသဖြင့်၊ဆရာဖြစ်သူစောဒက(ရှင်ဝိသုဒ္ဓ)ကိုအတင်း"အ

ဓမ္မ''နာကျင်လှစွာ ''ဒုသ်''ဖြင့်ရိုက်နှက်ပုတ်ခတ်ခြင်းကိုပြုမိပါပေသည်ဟူ၍၊ ပန်ညာဉ်ပေးသောကြောင့်။ ။

(၅) ဝုဒိတ ကေန ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ။ ဝုဒိတကေနဝိသု ဓမ္မေသု ပဋိပဇ္ဇိတဗ္ဗံ သင်္ဂဟ အကုပ္ပေ။ ဝုဒိတကေန ဧဝံ ပဋိပဇ္ဇိတဗ္ဗံ။ ။ ပရိဝါပါဠိတော်။ ။

(၃) သင်္ဂဟ အကုပ္ပေစာတိ သင်္ဂဟ ပတိဋ္ဌာဘဗ္ဗံ အကုပ္ပေစ၊ ယံ ကတံဝါ၊နကတံဝါ။ တဒေဝ ဝတ္တဗ္ဗံ၊ နစ ဝေါဒကေဝါ အနုဝိဇ္ဇကေဝါသံဃေဝါ ကောပေ ဥပ္ပါဒေတဗ္ဗော။ ။
ရင်းအဋ္ဌကထာ။

(၈) သင်္ဂဟ အကုပ္ပေစာတိ ပစ္စိသင်္ဂဟ အကုပ္ပနတာယစ။ ဝုဒိတ ကေန ဟိ သင်္ဂဟ ဝတ္တဗ္ဗံ၊ ကောပေါစ နကာတဗ္ဗော၊ နေဝ တက္ကနာ ကုဇ္ဈိတဗ္ဗော။ န ပရော ဃာဋေတဗ္ဗောတိ အတ္ထော။ ။ဝုဋ္ဌဝါ အဋ္ဌကထာ။ ။

ဤသို့ပြဆိုအပ်သော ပါဠိတော် အဋ္ဌကထာတို့ဖြင့် ပြအပ်သော၊ ဝုဒိတ က ပုဂ္ဂိုလ်တို့ ကျင့်ရာသော ''အင်္ဂါနှစ်ပါးတို့တွင်၊ ''သစ္စာ'' ကော်ကျမ်း ကို ထမ်းရွက်၍ အမှန်အကန်ကိုသာဆိုခြင်းကြောင့်။ ''ဝစီသစ္စာ'' အင်္ဂါ ၌ကား တည်ပေ၏၊ အမျက်မထွက်ခြင်း ''အကုပ္ပ'' သဘောအင်္ဂါ၌ကား။ ဝုဒိတက (ရှင်သုမန)သည် မတည်၊ အကုပ္ပသဘောပျက်စီး၍၊ ဒေါသအ လျောက် ဆရာကိုပြစ်မှားခြင်းသည်။ ။

(ဆ) ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ သာဝကာ အဂ္ဂသာဝကာ၊
မာတာ ပိတာ ဂရုသဒ္ဓေါ။ ဒါယကာ ဓမ္မဒေသကော။
လောကာ ကလျာဏမိတ္တာတိ၊ ဧတေဒသပဝုစ္စရေ၊

ဟူသည်နှင့်အညီ မပြစ်မှားကောင်းသော ကလျာဏမိတ္တ,ပုဂ္ဂိုလ်ဆယ် ပါးတို့တွင် အဝင်အပါ ဂရုဋ္ဌာနီယဖြစ်သော ''ဆရာ ''ကို ရိုက်နှက်ပုတ် ခတ်ခြင်းကြောင့်၊ ဝုဒိတက ရှင်(သုမန)သည်၊ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ဖြစ်သည်၊ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည် ကာယဒဏ်, ဝစီဒဏ်,တို့ဖြင့် မပြစ်မှား အပ်သော၊ ကလျာဏမိတ္တ, အပ္ပဒုဋ္ဌ, ပုဂ္ဂိုလ်တို့၌ ပြစ်မှားမိသည်ရှိသော်။ ဆယ်ပါး သော''ဒဏ်''တို့တွင်၊ တပါးပါးသော ''ဒဏ်'' သို့ လျှင်မြန်စွာရောက်ရ၏ ဟူ၍၊ မြတ်စွာဘုရားသခင်သည် ''ဓမ္မပဒ''ပါဠိတော်၌၊ ။

(တ) ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ၊
ဒသန္န မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။
(ထ) ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ၊
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။ ။
(ဒ) ရာဇတော ဝါ ဥပသဂ္ဂ။ အဗ္ဘက္ခာနဉ္စ ဒါရုဏံ၊
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုနံ။ ။
(ဓ) အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍယှတိ ပါဝကော။ ။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပ ပဇ္ဇတိ။ ။

ဟူ၍ ဟောတော်မူသည်၊ ဤပါဠိတော်တဖြင့်ပြအပ်သော "ဒဏ်" ဆယ်ပါးတို့တွင်၊ သူတပါးတို့၏ ကြမ်းကြုတ်သောစွပ်စွဲခြင်း "ဒါရုဏ အဗ္ဘက္ခာန ဒဏ်" သည်၊ ဗုဒိတက ရှင်(သုမန)အပေါ် ၌။ ယခုအခါ ကျရောက်လျက်ရှိနေသည်၊ သို့ဖြစ်၍ 'မိတ္တဒုဗ္ဘိ' ပုဂ္ဂိုလ်၏အဖြစ်မှ ကင်းလွတ်စေခြင်းအကျိုးငှာရင်း။ မိမိကိုယ်၌ 'ဒဏ်' ဆယ်ပါးတို့တွင် တပါးပါးမျှ မကျ မရောက်စေခြင်းအကျိုးငှာရင်း၊ တမလွန်ဘဝတို့၌ ခံစားအပ်လတ့်သောအကုသိုလ်အကျိုးဝိပါက်မှ ကင်းလွတ်စေခြင်းအကျိုးငှာရင်း။ မိမိ၏ဆရာဖြစ်သူ ဗောဓက ရှင်(ဝိသုဒ္ဓ)ကို စိတ်ကြေနပ်လောက်အောင် ကံတော့ ဝန်ချ တောင်းပန်စေ၊ ရင်းမြင်မှာလည်း။ ။

(န) ယောပန ဘိက္ခု ဘိက္ခုဿ ကုပိတော အနတ္တမနော ပဟာရံ ဒဒေယျ ပါစိတ္တိယံ၊ ။မာတိကာ ပါဠိတော်၊ ။
(ပ) ပဟာရံ ဒေတိ အာပတ္တိ ပါစိတ္တိယဿာတိ ဧတ္တ ပဟာရိတု ကာမတာယ ပဟာရေ ဒိန္နေ သစေပိ မရတိ ပါစိတ္တိယမေဝ၊ ပဟာရေန ဟတ္ထော ဝါ ပါဒေါ ဝါ ဘိဇ္ဇတိ၊ သီသံ ဝါ ဘိန္နံ ဟောတိ။ ပါစိတ္တိယမေဝ။ ။

ဘိက္ခုပါစိတျ၂၁ဒ အဋ္ဌကထာ။

ဤသို့မိန့်ဆိုအပ်သော ပါဠိတော် အဋ္ဌကထာတို့နှင့် လျော်ညီစွာ ဗုဒိတက ရှင်(သုမန)သည်၊ မိမိ၏ဆရာကို 'ကုပိတ အနတ္တမန' စိတ်ထားဖြင့် ရိုက်နှက်ပုတ်ခတ်ခြင်းကြောင့်၊ မိမိ၌သင့်ရောက်လျက်ရှိသော 'ပါစိတ်အာပတ်' ကိုလည်း 'ဒေသနာ' ကံဖြင့် ကုစားစေ။ ။

နေခက်နေခင်အခါကာလ၌လည်း၊ဤကဲ့သို့ တပုံတရာဖြစ်သောမရှိ။မစွန်းညိအောင် ကောင်းမွန်စွာ 'ဝိဝိ'၌ တည်ရှိသော 'စတုပါရိသုဒ္ဓိ'သီလတော်မြတ်ကို လုံခြုံစောင့်ရှောက် နေထိုင်ရမည်။ ။

ဤသို့ဆိုအပ်ခဲ့သောလမ်းစဉ်အတိုင်းလိုက်နာ ကျင့်ကြံနေထိုင်ပေလျှင် ဗုဒ္ဓသာသနာ ငါးထောင် (သုမန)နှင့်တကွ၊ သံဃာတော်တို့သည် 'ဥပုသ်ပဝါရဏာ' စသော သံဃကံဖြင့်၊ သမ္မောဂ,သံဝါသ နှစ်ပါး မကွဲမပြား ရွှေအလားသို၊ တသားတည်း ညီညွတ်စွာ ပေါင်းဘော်နေထိုင်ကြစေ။ ။

ကောဇာသက္ကရာဇ်- ၁၂၃၉-ခုနှစ်၊ တပေါင်းလအတွင်း၊ ရတနာပုံနေပြည်တော် ကြီးမှ အလုံမြို့သို့၊ သာသနာပြု ကြွရောက်တော် မူလာကြသော။ စိုက်တိုက်ရာမ ဆရာတော်, တောင်တော် ဆရာတော်, သောဘိတာရာမ ဆရာတော်, ခမည်းသင်း ဆရာတော်,ရွှေကျင်တိုက်အုပ်ဆရာတော်, သုဓမ္မာတိုက်တော်ဆရာတော်,ဆရာတော်ကြီး(၆) ပါးတို့နှင့်၊ တိုင်ပင်ညှိနှိုင်း တိုင်းထွာသဘောတူပြုလုပ်ပြီးလျှင်၊ ဂိုဏ်းအုပ် ဂိုဏ်းထောက်စသောများစွာသောသံဃာတော်တို့၏ အစည်းအဝေးတွင်'သစ္စာ'တော်ကျမ်းကိုထမ်းရွက်စေ၍ 'ခင်မွန်း' ရွာ 'သုံးဂိုဏ်းချုပ်' ဆရာတော်ဘုရားသည် ရေးသားဆုံးဖြတ်အပ်သော အဆုံးအဖြတ်။ ။

နဝမဝိနိစ္ဆယ–ကဲပါရွာ ဖြတ်စာ၊

၁၂၄၀-ပြည့်နှစ်ဖြတ်ထုံး-၉။

သုံးတိုက်အလုံး၊တွက်ယူကျုံးလည်း၊ အဆုံးမထင်၊ထက်ခွင်အောက်ပါ။ အဓိဋ္ဌာန်နှင့်၊ ဝက္ကဝါမဟိ၊နှစ်လီသဟာယ်။ ရံပတ်ကျွန်းငယ်၊လေးသွယ်ကျွန်းကြီး။ရေယဉ်စီးသည့်။မြစ်ကြီးငါးသွယ်။မြစ်ငယ်ငါးရာ။ အဏ္ဏဝါစတုလေ,ရေ,ထုပါ။ မေရု,ပဗ္ဗတံ၊ သတ္တဘဏ်သီဒါ၊ အစဖြာ၍၊ ပမာခိုင်းဟံနှိုင်းစံသမှု။ အတူပြုသည်း။ အလျှမြို့မျှ၊ ပမာဏသို့၊ ဖြစ်ကြဘွယ်ရာ၊ ပမာပုံရှိ၊ လွန်ကြီးဘိသည့်။ အဓိကတရာ၊ ပစ္စေကာနှင့်၊ သံဃာရိယာ။ သာဝကတို့။ မမျှမတန်၊ မဆက်ဆံ●ဲ။သာမန်တို့လူ။အောက်မူနရက်၊အထက်တည့်ရှိ၊ ဘဝဂ်ထိအောင်။ ဝေးဘိလွန်စွာ၊ မယှဉ်သာခဲ့၊ မဟာကာရုဏ်၊ ကျော

ဖိမ့်ထုံသည့်။ ရွှေဂုဏ်သခင်။ချစ်ရှင်ထွဋ်ဖျား၊ စောဘုရား၏၊ ဟောထားခဲ့ရာ။ သာသနာတော်။ တည်ပျော်ဝသ။ နှစ်အကျကား။ နေကြွစမ္ဗဒ်။ အဋ္ဌာဝါအကွ်ဲ။ ရောက်အဝိတည်း၊ ချဂ်ိကောဇာ။ လူ့ဝေါဟာရ။သူညာဗေဒ၊ နေကြွမေရှ။ ပေါင်းရတွက်ဖြောင့်။ တဆောင့်နှစ်ရာ။ လေးဆယ်သာ်တွင်၊တေဇာဂုဏ်မောက်။ဘုန်းတော်တောက်၍။မြင့်မြောက်သမ္မာ၊ပါရမီချင့်။ကံအသင့်ဖြင့်။ နောက်ဆင့်ဆက်ခံ၊သတိုးမှန်သည့်၊စိုးစံရာဇဥ်း။ဘုမိဿရ၊ လူဒိဗ္ဗနတ်မင်း၏၊ လက်ဝင်းတောက်ပြောင်၊လ,နေ,ရောင်သို့။ကြီးခေါင်ထိန်ညီး။ အရှိန်ကြီးသည့်၊စက်မီးအာဏာ။ ရောင်အဝါဖြင့်၊တေဇာတောက်ဖြိုး၊ဘုန်းတော်ရိုးယ်းရွာဆဲအခါတွင်၊ထိက္ခာကာမ။ ပေသလလန္တိစသည်များဖြင်၊ ဂုဏ်ရောင်လွှင်သည့်၊ ရွှေကျင်ဆရာတော်။ပုဂ္ဂိုလ်ကျော်သည်၊နှိုးဆော်ဦးစီး။အကြီးဦးကိုင်၊ စိုးပိုင်အုပ်ချုပ်၊မင်းပြုလုပ်၍၊အဗ္ဗုဒ်သူခိုး၊အမြုပ်ဆိုးကို၊ဖျက်ချိုး-နုတ်ထွင်။သုတ်သင်ရှင်းလင်းရာ။အပါအဝင်၊နယ်ရပ်ဌင်တို့တွင်အလုံနယ်ရပ်၊သတ်မှတ်ရာပါ၊ကဲပါ,ရွာ၌။လွှန်ခဲ့ပြီးသော သက္ကရာဇ် ၁၂၃၉-ခုနှစ်။ တပေါင်းလအတွင်းဩသာင်းကျန်းထကြွ၊ ခေါးပြတိုက်ခိုက်မှုနှင့်ပတ်သက်စပ်လျှင်း၍၊ရဟန်းတော်ရှင် (ပုညာ)ရှင် (ဥတ္တမ) တို့၏ အပေါ်၌ ဖြစ်ပွားလျက်ရှိသော အဓိ ...ရဏ်း ကိုပြီးဆုံး ပြတ်စဲလေအောင်အုံးဖြတ်ဘို့ရန်ဂိုဏ်းထောက်,ဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့ကလျှောက်ထားတောင်းပန်သောကြောင့်ရှင်း။

လျှောက်လွှာဆက်ကပ်ပါသည်၊ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ကြီးဘုရား၊ သက္ကရာဇ်-၁၂၃၉-ခုနှစ်တပေါင်းလ အတွင်းခေါးပြ တိုက်ခိုက်လုယက်မှုဖြစ်ပွားကြရာ၊ အခြားသူတို့မဟုတ်။ ဘုရားတပည့်တော် ဒါယကာ-ငအောင်မင်း, ငစံရိမ်း,ငထွန်းဝင်းတို့ဖြစ်ကြကြောင်းကိုရွှေကျောင်းဆရာ(ဦးဥတ္တမ)ကဆရာဘုန်းကြီးဦး(ပုညာ)အား လျှောက်ထားပါသည်၊ ဆရာဘုန်းကြီး (ဦးပုညာ)ကြားသိလေလျှင် အရေင်ထည်း၌ခေါင်း ပြုလုပ်သူလူကြီးမင်းတို့ကို ကျောင်းသို့ခေါ်၍ စာချုပ်နှင့် စည်းရုန်းပြီးလျှင် တပည့်တော် ဆင်းရဲသားတို့ကို ကောန်ခေါးပြ ဖြစ်ကြောင်းနှင့် တပေး စွဲဆိုသောကြောင့်၊ တပည့်တော်တို့မှာ ရာဇဝတ်, ပြစ်မှုမ...င်း၊ ထောင်တန်း အကျဉ်း၊ထိပ်,ခြေကျဉ်းသွင်းခတ်။ အကြပ်အတည်းခံနေရရုံမှုမက၊ ကြေးငွေများစွာအကုန်အကျဖြင့်ရှိနေကြရပါသည်ဘုရား။သို့ဖြစ်၍တပည့်တော်တို့လည်းဤသို့သောဆင်းရဲဒုက္ခမှကင်းလွတ်၍ချမ်းသာစွာ နေထိုင်ကြရန်။

ရဟန်းတော်(ဦးပုည) (ဦးဥတ္တမ) တို့ဖြစ်ပွားသော အဓိကရုဏ်း ကို
,လည်းငြိမ်းစေရန်၊ သနားသော အားဖြစ်ကယ်မ,စောင့်ရှောက်တော်မူပါ
မည့်အကြောင်းကို ရိုသေစွာလျှောက်လွှာ ဆက်ကပ်ပါသည်၊ ခင်မွန်သုံး
ဂိုဏ်းချုပ်ဆရာတော်ကြီးဘုရားဟူ၍၊ ဒါယကာ-ငအောင်မင်း, ငစံရိပ်,
ငထွန်းဝင်းတို့၏ကိုယ်စားလည်အဖြစ်ဖြင့် ကဲပါ,ရွာနေဒါယကာ-ငပန်းဖူး,
ငရွှေခို, ငရာဘူးတို့သည်။လာရောက်လျှောက်ထားသောကြောင့်ရှင်း၊ ဤ
အဓိကရုဏ်းကိုငြိမ်းအေးပြေပြတ်သေဝပ် ငြိမ်းစေအောင် ဆုံးဖြတ်ရမည်ဖြစ်
သောကြောင့်၊

(က) သံဃေန အနုမတေန ပုဂ္ဂလေန အနုဝိဇ္ဇကေန အနုဝိဇ္ဇိတုကာ
မေန သံဃံ ဂရုကေန ဘဝိတဗ္ဗံ နော ပုဂ္ဂလ ဂရုကေန၊ သင်္ဃမွဂ
ရုကေန ဘဝိတဗ္ဗံနော အာမိသ ဂရုကေန။ အတ္ထဝသေန ဘဝိ
တဗ္ဗံ နောပရိသကပ္ပိကေန။ ကာလေနအနု ဝိဇ္ဇိတဗ္ဗံနောအကာ
လေန၊ဘူတေန အနုဝိဇ္ဇိတဗ္ဗံ နောအဘူ တေန။ သဏှေန အနု
ဝိဇ္ဇိတဗ္ဗံ၊နောဖရုသေန၊ အတ္ထသံဟိတေနအနုဝိဇ္ဇိတဗ္ဗံ၊ နောအ
နတ္ထသံဟိတေန၊ မေတ္တာစိတ္တေနအနုဝိဇ္ဇိတဗ္ဗံနောဒေါသန္တရေ
န၊နဥပကဏ္ဏကဇပ္ပိနာဘဝိတဗ္ဗံနဇိမှံ ပေက္ခိတဗ္ဗံ၊နအက္ခိနိခဏိ
တဗ္ဗံ၊နဘမုကံ ဥက္ခိပိတဗ္ဗံ။ နသီသံဥက္ခိပိတဗ္ဗံ၊ နဟတ္ထဝိကာ
ရောကာတဗ္ဗော။နဟတ္ထမုဒ္ဒါဒဿေတဗ္ဗော။အာသနကုသလေန
ဘဝိတဗ္ဗံ။နိသဇ္ဇကုသလေနယုဂမတ္တံပေက္ခန္တေနအတ္ထံအနုဝိ
ဓိယန္တေနသကေအာသနေနိသီဒိတဗ္ဗံ။နစအာသနာဝုဋ္ဌာတဗ္ဗံ။
နဝိတိဟာတဗ္ဗံ။နကုမဂ္ဂေါသေဝိတဗ္ဗော၊နဗာဟာဝိက္ခေပကံဘ
ဏိတဗ္ဗံ၊အတုရိတေနဘဝိတဗ္ဗံအသာဟသိကေန၊ အစဏ္ဍိက
တေနဘဝိတဗ္ဗံဝစနက္ခမေန၊ မေတ္တာစိတ္တေန ဘဝိတဗ္ဗံဟိတာနု
ကမ္ပိနာ၊ကာရုဏိကေန ဘဝိတဗ္ဗံဟိတပရိသက္ကိနာ၊ အသမ္ဖပ္ပ
လာပိနာဘဝိတဗ္ဗံပရိယန္တဘာဏိနာ။ အဝေရဝသိကေနဘဝိ
တဗ္ဗံအနသုရုတ္တေန၊ အတ္တာပရိဂ္ဂဟေတဗ္ဗော။ ပရောပရိဂ္ဂဟေ
တဗ္ဗော၊ စောဒကောပရိဂ္ဂဟေတဗ္ဗော။ စုဒိတကောပရိဂ္ဂဟေ
တဗ္ဗော။အဓမ္မစောဒကောပရိဂ္ဂဟေတဗ္ဗော၊ အဓမ္မစုဒိတကော
ပရိဂ္ဂဟေတဗ္ဗော၊ ဓမ္မစောဒကောပရိဂ္ဂဟေတဗ္ဗော၊ဓမ္မစုဒိတ
ကောပရိဂ္ဂဟေတဗ္ဗော။ ဝုတ္တံအဟာပေန္တေနအဝုတ္တံအပကာ

သေနှံန ပြတိဏ္ဏာနိ ပဒဗျဉ္ဇနာနိ သာရကံ ပရိဂ္ဂဟေတွာ ပရော ပုစ္ဆိတွာ ယထာပဋိညာယ ကာရေတဗ္ဗော၊ မန္ဒော ဟာသေတဗ္ဗော၊ ဘီရု အဿာသေတဗ္ဗော၊ စဏ္ဍော နိဿာရေတဗ္ဗော၊ အသုစိ ဝိဘာဝေတဗ္ဗော ဥဇုမဒ္ဒဝေန၊ န ဆန္ဒာဂတိံ ဂန္တဗ္ဗံ၊ န ဒေါသာ ဂတိံ ဂန္တဗ္ဗံ။ န မောဟာဂတိံ ဂန္တဗ္ဗံ။ န ဘယာဂတိံ ဂန္တဗ္ဗံ။ မဇ္ဈတ္တေန ဘဝိတဗ္ဗံ ဓမ္မေသု စ ပုဂ္ဂလေသု စ။ ဧဝဉ္စပန အနုဝိဇ္ဇကော အနုဝိဇ္ဇမာနော သတ္ထုသာသနကာရကော ဟောတိ၊ ဝိညူနဉ္စ သမ္ဘာဝနီယော ပိယော စ ဟောတိ မနာပေါ စ ဂရု စ ဘာဝနီယော စ။

ဟူ၍မိန့်ဆိုဟောကြားအပ်သော ပရိဝါပါဠိတော်လာ။ ဩဝါဒအနုသာသနကထာဒေသနာတော်မြတ်ကို စိတ်နှလုံးထည်း၌ အမြဲစွဲမိုက်၍။ အနုဝိဇ္ဇကအင်္ဂါ လက္ခဏာတို့နှင့်-ညီညွတ်စွာပြည့်စုံကြသောဂိုဏ်းထောက်, ဂိုဏ်းအုပ်, ပုဂ္ဂိုလ်တို့ကို မေးမြန်း စစ်ဆေးစေ၍။ မိမိကိုယ်တိုင်လည်း မေးမြန်းစစ်ဆေးပြီး၍၊ ဓမ္မာဓမ္မဝါဒကကိုရင်း။ ဓမ္မာဓမ္မပုဒိတကကိုရင်း ချင်းတို့ထွက်ဆိုအစစ်ခံစကားကိုရင်း။ အမှုသွားကိုရင်း၊ အဘန်ဘန်အထပ်ထပ် ဥာဏ်ဖြင့်စဉ်းစား၍။ ဤ'အဓိကရဏ်း' ကိုပြီးဆုံးပြတ်စဲ ငြိမ်ဝပ် ပိပြားအောင် ယထာဓမ္မ ဝိနိစ္ဆယကိုပြုရမည်ဖြစ်၍၊

(၁) သင်္ဂါမာဝစရေန ဘိက္ခုနာ သံဃေ ဝေါဟရန္တေန ဝတ္ထု ဇာနိတဗ္ဗံ၊ ဝိပတ္တိ ဇာနိတဗ္ဗာ။ အာပတ္တိ ဇာနိတဗ္ဗာ၊ နိဒါနံ ဇာနိတဗ္ဗံ၊ အာကာရော ဇာနိတဗ္ဗော၊ ပုဗ္ဗာပရံ ဇာနိတဗ္ဗံ။ ကတာကတံ ဇာနိတဗ္ဗံ။ ကမ္မံ ဇာနိတဗ္ဗံ။ အဓိကရဏံ ဇာနိတဗ္ဗံ၊ သမထော ဇာနိတဗ္ဗော၊ န ဆန္ဒာဂတိံ ဂန္တဗ္ဗံ။ န ဒေါသာဂတိံ ဂန္တဗ္ဗံ။ န မောဟာဂတိံ ဂန္တဗ္ဗံ၊ န ဘယာဂတိံ ဂန္တဗ္ဗံ၊ သညာပနီယေ ဌာနေ သညာပေတဗ္ဗံ။ နိဇ္ဈာပနီယေ ဌာနေ နိဇ္ဈာပေတဗ္ဗံ။ ပေက္ခနီယေ ဌာနေ ပေက္ခိတဗ္ဗံ။ ပသာဒနီယေ ဌာနေ ပသာဒေတဗ္ဗံ။ လဒ္ဓပက္ခောမှီတိ အပက္ခော နာဝဇာနိတဗ္ဗော။ ဗဟုဿုတောမှီတိ အပ္ပဿုတော နာဝဇာနိတဗ္ဗော။ ထေရတရောမှီတိ နဝကတရော နာဝဇာနိတဗ္ဗော။ အသမ္ပတ္တံ န ဗျာဟာတဗ္ဗံ။ သမ္ပတ္တံ

ဓမ္မတော ဝိနယတော နပရိဟာပေတဗ္ဗံ၊ယေန ဓမ္မေန ယေနဝိနယေန ယေနသတ္ထုသာသနေန တံအဓိကရဏံ ဝူပသမ္မတိ၊ တထာတံ အဓိကရဏံဝူပသမေတဗ္ဗံ။

ဟူ၍ဟောတော်မူအပ်သော ပရိဝါပါဠိတော်လာ။ ဩဝါဒ အနုသာသန ကထာ ဒေသနာတော်မြတ်ကိုဦးထိပ်ရွက် ပန်ဆင်ပြီး၍၊ စောဒက စောဒကပက္ခ စုဒိတက စုဒိတကပက္ခ ဝတ္ထုသာမဏေပုဂ္ဂိုလ်တို့ ထွက်ဆိုသော အစစ်ခံစကားရပ်တို့ကို၊ မိမိ၏အသိဉာဏ်။ ပဋိဘာန်ဖြင့်၊ အဘန်ဘန်အထပ်ထပ်။ စေ့စပ်ကြည့်ရှုဆင်ခြင်ပြီးလျှင်။

(၁) ကောဇာသက္ကရာဇ်-၁၂၃၉-ခုနှစ်တပေါင်းလအတွင်းသောင်းကျန်းထကြွမားပြတိုက်ခိုက်ကြရာ။ အခြားသူတို့မဟုတ်၊ ဘုရားတပည့်တော်တို့ဖြစ်ကြကြောင်းကို၊ မြို့ကျောင်းဘုန်းကြီး(ဦးဥတ္တမ)ကဆရာဘုန်းကြီး(ဦးပုည)အား ပြောဆို လျှောက်ထားသောကြောင့် ဆရာဘုန်းကြီး(ဦးပုည) ကြားသိလျှင် ကျောင်းတွင်းသို့အရပ် ခေါင်းလူကြီးတို့ကို ခေါ်၍။ နောက်သို့မဆုတ်ကြစတန်းဟု စာချုပ်နှင့်အစည်းအရုန်းပြုလုပ်တိုင်ပင်ပြီးလျှင် တပည့်တော်တို့ကို၊ ဓားပြ, ဧကန်ဖြစ်ကြောင်းနှင့်။ တရားစွဲဆိုသောကြောင့်။ တပည့်တော်တို့မှာ ရာဇဝတ်ပြစ်မှုမကင်းထောင်တန်းအကျဉ်း၊ ထိပ်ခြေကျဉ်းသွင်းခတ်၍ အကျပ်အတည်းခံနေရရုံသာမက။ ငွေငါးရာကျော် ခြောက်ရာခန့်အကုန်အကျဖြစ်ရှိနေကြပါသည်ဘုရား။

စောဒကဒါယကာ-ငအောင်မင်း, ငစံရိမ်း,ငထွန်းဝင်းတို့
ထွက်ဆိုအစစ်ခံချက်။

(၂) ကောဇာသက္ကရာဇ်-၁၂၃၉-ခုနှစ်တပေါင်းလအတွင်း ဓားပြ, တိုက်ခိုက်ကြရာ။ အခြားသူတို့မဟုတ်။ ဒါယကာ-ငအောင်မင်း,ငစံရိမ်,ငထွန်းဝင်းတို့ဧကန်ဖြစ်ကြောင်းကို ဘုန်းတော်ကြီး(ဦးပုည) (ဦးဥတ္တမ)တို့က ဆယ်အိမ်,ခြောက်ခေါင်း, ငယ်သား, တပုတ်တို့နှင့်တကွ ပြောဆိုကြပါသည်။ ၊တန်ခူးလ ကဆုန်လ နယုန်လအတွင်း၌။(ဦးဥက္ကံသ)ကလည်း ကိုရင် ( ဥက္ကံသ ) နေသော ကျောင်းတိုက်ထည်းမှာပင် ပြောကြားပါသည်၊ လမ်းခရီးအတူသွားလာရာ၌လည်းပြောဆိုပါသည်။ကြေးငွေငါးရာကျော်ခြောက်ရာခန့်လောက်ကုန်ကျသည်ဆိုရာမှာ-စာရင်း ကို ကြည့်ရှုရ

မှသာ အသေအချာသိနိုင်ပါမည်ဘုရား။ ။စောဒကပက္ခဖြစ်သူ ကဲပါရွာ နေ ဒါယကာ ငပန်းဖူးအစစ်ခံထွက်ဆိုချက်၊

(၃) ကောဇာသက္ကရာဇ်-၁၂၃၉-ခုနှစ်။ တပေါင်းလအတွင်း ခါးပြ တိုက်ခိုက်ပြီးသည်နောက်၊ နှစ်ရက်မြောက်နေ့၌ ရွှေကျောင်းဘုန်းကြီး (ဦးဥတ္တမ) ကိုယ်တော်တိုင် လာရောက်၍၊ တပည့်တော် ရှင်(ပုည)အား လျှောက်ထားပြောဆိုရာ၊ တပည့်တော်က 'မင်း'တို့ဟာကို ရွာထည်းက 'ဒါယကာ'များကြားသိကုန်ပြီလား၊ မကြားမသိစေနှင့် 'တိတ်တိတ်'သာနေ။ သည်လို အမှုမျိုးနှင့်ဘဲ 'ငရဟိုး'ရွာက ဘုန်းကြီး (ဦးဥတ္တမ) လျော်ရလို့ 'ခွက်ချင်းလုံ'နေပြီဟု ဆိုလိုက်ပါသည်ဘုရား၊ ။

(၄) ငင်းအမှုနှင့်ပတ်သက်စပ်လျဉ်း၍၊ 'ခါးပြ' တိုက်ခိုက်သူတို့ကို တရားစွဲဆိုရန်၊ အရပ်'ခေါင်း'လူကြီးတစုတို့ လာရောက်လျှောက်ထားကြရာ။ တပည့်တော် ရှင်(ပုည)က မင်းတို့တရားမစွဲကြပါနှင့်။ အကယ်၍ မင်းတို့လုပါက တရားစွဲဆို ကြပါလျှင် 'ငါ'နှင့် (ဦးအော)က ဖြန်ဆို ရမည်။ (ဦးအော)ကော စာချုပ်တည်းဝင်မလားမဝင်ပါနှင့်'စပ်ကြား'ကနေရသာလျှင် ကောင်းပါသည်၊ မင်းတို့ အရပ်ခေါင်း လူကြီးတစုတို့ကလဲ 'ခါးပြ' တိုက်ခိုက်သူတို့ကိုတရားမစွဲမဆိုကြပါနှင့်ဟူ၍၊ တရားမစွဲအောင်အကြံမ ကြံပင် တားမြစ်လိုက်ပါသေးသည်ဘုရား၊ ။

ဝဒိတက ရှင်(ပုည)အစစ်ခံထွက်ဆိုချက်။

(၅) ခါးပြတို့တိုက်ခိုက်ကြပြီးသည့်နောက်၊ နှစ်ရက်မြောက် သော နေ့၌၊ရွှေကျောင်းဘုန်းကြီး(ဦးဥတ္တမ)သည် ဆရာဘုန်းတော်ကြီး(ဦးပုည) ထံသို့သွား၍ 'ခါးပြ' တိုက်ကြောင်းကိုလျှောက်ထားရာ။ ဆရာဘုန်းကြီး (ဦးပုည)က 'မင်း'တို့ဟာကို ရွာထည်းက ဒါယကာများ သိကုန်ပြီလား။ မသိသေးလျှင်'တိတ်တိတ်'သာနေမကြားမသိစေနှင့်၊ သည်လိုအမှုမျိုးနှင့်ဘဲ 'င-ရဟိုး,ရွာက ဘုန်းကြီး (ဦးဥတ္တမ)လျော်ရလို့ 'ခွက်ချင်းလုံ'နေပြီဟုမိန့် ဆိုလိုက်ပါသည်ဘုရား၊ ။

(၆) ခါးပြ တိုက်ခိုက်သူတို့ကိုတရားစွဲဆိုရန်လာရောက်၍လျှောက် ထားကြသော အရပ်သား'ခေါင်း'လူကြီးများတို့ကိုလည်း၊ မင်းတို့က'ခါး ပြ'တို့ကိုတရားမစွဲကြပါနှင့်၊ အကယ်၍မင်းတို့က တရားစွဲဆိုကြလျှင်'ငါ'

နှင့်(ဦးအော)က ဖြန်ဆိုရမည်၊ (ဦးအော)ကော ‘စာချုပ်’ ထည်းသို့ပါ မလား။ မဝင်မပါနှင့် စပ်ကြားကနေရသောလျှင် ကောင်းပါသည်။ မင်းတို့ ကလည်း ‘ခေးပြ’ တိုက်ခိုက်သူတို့ကို တရားမစွဲကြပါနှင့် ဟူ၍၊ တရားမစွဲ မဆိုအောင်တားမြစ်သည်ကို တခါနှစ်ခါပင် တပည့်တော်(ဥက္ကံသ)ကိုယ် တိုင် နားဆတ်ဆတ်ကြားသိရသည်မှာ အမှန်ပင်ဖြစ်ပါသည်ဘုရား။ ၊

ရဒိတကပက္ခ ရှင်(ဥက္ကံသ) ပထမ အစစ်ခံထွက်ချက်၊

(၇) တပည့်တော်(ဥက္ကံသ)ဆွမ်းခံရွာမှအပြန်တွင်၊ ဆရာဖြစ်၍ ရှိခိုး ဝပ်ချလိုသောကြောင့်၊ (ဦးပုည)အထံသို့ဝင်ရောက်၍ရှိခိုးဝပ်ချသောအခါ။ ဆရာဘုန်းတော်ကြီး (ဦးပုည)က မောင်(ဥတ္တမ) ပြောဆိုလျှောက် ထားသောကြောင့်။ ‘ထွန်းဝင်း’ ခေးပြတိုက်ခိုက်မှုဖြစ်ပွား၍ ရုံးသို့ရောက် ရှိနေကြောင်းကို ပြောလိုက်ပါသည်ဘုရား။ ၊

ရှင်းရှင်(ဥက္ကံသ) ဒုတိယအစစ်ခံထွက်ဆိုချက်။

(၈) ဆေးသမား ‘ငအုန်းညို’ ကိုလည်း ဝန်လေးမည်မထင် ‘စာချုပ်’ ထည်းသို့ပါဝင်ရမည်ဟု ဆရာဘုန်းကြီး (ဦးပုည)ကပြောဆိုကြောင်းကို ‘ငဘိုးစိ’ က မိမိနေအိမ်၌ပြော၍သိရပါသည်၊ ။

(၉) ရှင်းပြင်မှာလည်း ဆရာဘုန်းကြီး (ဦးပုည)က ‘ခေးပြ’ ရှိသော အရပ် ‘ခေါင်း’ များနှင့်။ ‘ခေးပြ’ မရှိသောအရပ်‘ခေါင်း’ များတို့သည် သိသာ ထင်ရှားအောင် တရုဘက်စီ-တခြားခွဲ၍ထိုင်ကြပါဟုဆိုသောအခါ၊ မြေခံ ရပ် ‘ခေါင်း’ များတို့သည်‘ထ’ သွားကြပါသည်၊ ‘ငရွှေခိုင်’ ဆိုသူသည်လည်း နောက်ထပ် ထက်ကြပ်လိုက်ပါ ‘ထ’ သွားရာ၊ ဆရာဘုန်းတော်ကြီး(ဦး ပုည)က မော်ကြည့်ပြီးလျှင် ‘ဟဲဟဲ’ ဘယ်ရောက်ကုန်ကြ ပတုန်း-ဟုဆို လိုက်ကြောင်းကို ‘ငရွှေခိုင်’ ကပင် သူ၏ ‘တလင်း’ ထည်းမှာ အသေအချာ ပြောဆို၍ သိရပါသည်ဘုရား။ ၊

ရှင်း ရှင်(ဥက္ကံသ)တတိယ အစစ်ခံထွက်ဆိုချက်။

(၁၀) ဘုန်းကြီး (ဦးပုည)ပုရပိုက်ထည်း၌ ‘နောက်မဆုတ်ကြစ တမ်း’ ဟူသောစာချုပ်ကိုတွေ့မြင်သိရပါသောကြောင့် ဤအမှုကို ‘ဖွဲ’ ယူ ကြောင်းကိုသိရပါသည်။ ၊

(၁၁) အရပ်'ခေါင်း'လူကြီးများကတရားမဖွဲ့မဆိုငံ့ရှိနေကြ၍၊ ရွာသူ ရွာသားတို့၏ အစွဲဖြစ်ရလေအောင်ကြံဆောင်၍၊ ဒါယကာ'ငွေကျော့ ငွေညို'တို့ကိုလည်းစာချုပ်ထည်းသို့ဝင်ကြပါ၊ ဝန်လေးမည့်အရာမဟုတ်ပါဟု ဒါယကာ'ငွေကျော့,ငွေညို'တို့အား ဆရာဘုန်းကြီး (ဦးပုည)က ပြောဆိုသည်ကို တပည့်တော်'ဘိုးစိ'ကြားသိရပါသည်ဘုရား၊ ။

ဗောဒကပက္ခ 'ဘိုးစိ' အစစ်ခံထွက်ဆိုချက်၊

(၁၂) ကော ဇာ သက္ကရာဇ်-၁၂၃၉-ခုနှစ်၊ တပေါင်းလဆုတ်-၃ ရက်နေ့တွင်။ တည်းခိုဆိုက်ရောက်လာသော၊ ဧည့်သည်တို့ကို 'ငစံရိမ်း, ငအောင်မင်း'တို့သည် စည်းစောင်းကြည့်သာကြသည်။ 'ခေးပြ'တိုက်သူ တို့ အခြားသူတို့မဟုတ်၊ သင်းတို့ အတတ် ဧကန်ဖြစ်သည်ဟု ထိုသူတို့၏ အပေါ်၌ မယုံမနာ သင်္ကာမကင်းရှိနေခြင်းကြောင့်။ တပည့်(ဥက္ကံသ)နှင့် ဆရာဘုန်းကြီး (ဦးပုည)တို့အား ပြောကြား လျှောက်ထားမိပါသည်။ အခြားသောလူတို့နှင့် မင်းချင်းယောက်ျား အစိုးရများတို့အား၊ မတိုင်တန်းမပြောကြားပါ။ ဆရာဘုန်းကြီးနှင့် တပည့်(ဥက္ကံသ)တို့အား ပြောကြားခြင်းသည် လည်း 'ခေးပြ'တိုက်သူတို့ကို အမှုဖြစ်ပွားအောင်၊ ငွေကုန်ကြေးကျ ဖြစ်အောင် ပြောကြားလျှောက်ထားခြင်းမဟုတ်ပါ။ ထိုသူတို့၏အပေါ်၌၊ မယုံမနာ သင်္ကာမကင်းသောကြောင့် ပြောကြားလျှောက်ထားခြင်းသာ ဖြစ်ပါသည်၊ ဤစကားကို နံနက်ချောကပြောလျှင် ညနေအချိန်တွင် ရွာထည်း၌ အနှံ့အပြား စကားကျယ်ပွား၍ အများကြားသိကြပါသည်ဘုရား။ ။

ရဒိတက ရှင် (ဥတ္တမ) အစစ်ခံထွက်ဆိုချက်။

(၁၃) ရွှေကျောင်းဆရာ(ဦးဥတ္တမ)က'ခေးပြ'တိုက်ခိုက်ကြသူတို့မှာ အခြားမဟုတ်၊ 'ငစံရိမ်း,ငအောင်မင်း' တို့ အတတ်ဖြစ်သည်။ ။ကောဇာသက္ကရာဇ်-၁၂၃၉-ခုနှစ်၊ တပေါင်းလဆုတ်-၃-ရက်နေ့တွင်တည်းခိုလာသော'ဧည့်သည်'များကို၊သင်းတို့နှစ်ယောက်လာရောက်၍စည်းစောင်းကြည့်ကြသည်။ သို့ဖြစ်၍'ငစံရိမ်း,ငအောင်မင်း'တို့၏ အတတ်ဖြစ်သည်။ ဧကန်မလွဲဖြစ်ကြောင်းကိုတပည့်တော်(ဥက္ကံသ)အားပြောပါသည်ဘုရား။

(၁၄) ဤစကားကို နံနက်အချိန်တွင် ပြောဆိုပါသည်။ ၎င်းစကားသည် တဆင့်တဆင့်ကျယ်ပွား၍ 'အကဲ'ခတ်တတ်ကြသူ ရိပ်မိကြသူတို့

သိရှိကြလေသောကြောင့်။ 'ညနေ'အချိန် ကြရောက်သောအခါ တရွာလုံး အံ့အားသင့်အပြားဖြစ်ပွားသွားပါသည်ဘုရား။ ။

(၁၅) တပည့်တော် ရှင်(ဥက္ကံသ)ကပင် ရွှေကျောင်းဆရာ (ဦးဥတ္တမ) ကို စွပ်စွဲမည့်အကြံကို ပြုမိပါသေးသည်။ သို့သော်လည်း ဆရာဘုန်းကြီး (ဦးပုည)နှင့် တပည့်တော်(ဥက္ကံသ)တို့အားသာ ပြောကြားသည်၊မင်းချင်းယောက်ျားတို့အားမပြောမကြားသောကြောင့်၊ မစွပ်စွဲဘဲနေရပါသည်ဘုရား။ ။

ဝုဒိတကပက္ခ ရှင်(ဥက္ကံသ) အစစ်ခံ ထွက်ဆိုချက်၊

ဤသို့ စောဒက, စောဒကပက္ခ, ဝုဒိတက, ဝုဒိတကပက္ခ, ပုဂ္ဂိုလ်တို့ ထွက်ဆိုအပ်သော အစစ်ခံစကား (၁၅)တဆဲ့ငါးရပ်တို့တွင်။ စောဒက, စောဒကပက္ခ ပုဂ္ဂိုလ်တို့ထွက်ဆိုအစစ်ခံစကားရပ်တို့ဖြင့်။ ။

(၈) တဿ အတီတံ အာရဗ္ဘ အတ္ထိ ဩဒိဿ အာဝဇ္ဇနာ၊ အတ္ထိ အနောဒိဿ အာဝဇ္ဇနာ။ အနာဂတံ အာရဗ္ဘာပိ အတ္ထိ ဩဒိဿ အာဝဇ္ဇနာ၊ အတ္ထိ အနောဒိဿ အာဝဇ္ဇနာ၊ ကထံ အတီတံ အာရဗ္ဘ ဩဒိဿ အာဝဇ္ဇနာ ဟောတီတိ၊ 'ဘိက္ခုနုပဿယေ, ဂါမဒါရကာ ရဇ္ဇာဒယောဝါ ယေနကေစိ အနာစာရံဝါ အာစရန္တိ၊ ရုက္ခံဝါ ဆိန္ဒန္တိ။ ဖလာဖလံဝါ ဟရန္တိ။ ပရိက္ခာရေဝါ အစ္ဆိန္ဒန္တိ။ ဘိက္ခုနီ ဝေါဟာရိကေ ဥပသင်္ကမိတွာ အမှာကံ ဥပဿယေ ဣဒံ နာမ ကတန္တိ ဝဒတိ၊ ကေနာတိ ဝုတ္တေ အသုကေန စ အသုကေန စာတိ အာဝိက္ခတိ၊ ဧဝံ အတီတံ အာရဗ္ဘ ဩဒိဿ အာဝဇ္ဇနာ ဟောတိ။ သာ န ဝဋ္ဋတိ၊ တမ္ပ သုတွာ တေ ဝေါဟာရိကာ တေသံ ဒဏ္ဍံ ကရောန္တိ။ သဗ္ဗံ ဘိက္ခုနိယာ ဂီဝါ ဟောတိ။ ဒဏ္ဍံ ဂဏှိဿန္တီတိ အဓိပ္ပါယေပိ သတိ ဂီဝါယေဝ ဟောတိ၊ ပေ၊ ပရိက္ခာရံ ဟရန္တေ ဒိသွာ တေသံ အနတ္ထကာမတာယ စောရော,စောရောတိ ဝဒတိ နဝဋ္ဋတိ။ ဧဝံ ဝုတ္တေပိ ဟိ ယံ တေသံ ဒဏ္ဍံ ကရောန္တိ၊ သဗ္ဗမ္ပိ ဘိက္ခုနိယာ ဂီဝါ ဟောတိ၊ ပေ၊ ယောစာယံ ဘိက္ခုနီနံ ဝုတ္တော ဘိက္ခူနမ္ပိ ဧသေဝနယော၊ ဘိက္ခုနောပိ, ဟိ ဩဒိဿ အာ

စိက္ခံနာ နုဝဋ္ဋတိ၊ ယံတထာ အာစိက္ခိတော ဒဏ္ဍံ ကာရေန္တိ၊
သဗ္ဗံ ဂိဝါ ဟောတိ၊ ။

ဟူ၍-ဆိုအပ်သော ‘အဋ္ဌကထာ,ပကားနှင့်အညီ။ ‘ကဲပါ’ ရွာနေ ဒုတိယ ‘ဦးပုသိ်ခေါင်း’ ရဒိတာက ရှင်(ပုည)အပေါ်၌ ‘ဘဏ္ဍာဒေယျ’ အမှုဖြင့်ယုံမှားခြင်း ‘ဝေမတိက,သံသယ’ အရိပ်နိမိတ်အရောင်ထင်သင့်သော်လည်း။ ။ ဓမ္မစောဒကော ပရိဂ္ဂဟေတဗ္ဗော ဟူ၍ရင်း၊ အဓမ္မစောဒကော ပရိဂ္ဂဟေတဗ္ဗော ဟူ၍ရင်း။ ပရိဝါပါဠိ ဒေသနာ့ခြတ် လာရှိသည်နှင့်အညီ၊ ထို ‘စောဒက’ ပုဂ္ဂိုလ်တို့၏ ‘ဓမ္မာဓမ္မစောဒက’ အဖြစ်ကို ဉာဏ်ဖြင့်စိစစ်ရှုဆင်ခြင်လျှင်။သက္ကရာဇ်-၁၂၃၉-ခုနှစ်။ တပေါင်းလအတွင်း။သောင်းကျန်းထကြွ ခေးဖြတိုက်ခိုက်ကြရာ၊ အခြားသူတို့မဟုတ်။ တပည့်တော် ‘ငအောင်မင်း, ငစံရိမ်း,ငထွန်းဝင်း’ တို့ဖြစ်ကြကြောင်းကို၊ရွှေကျောင်းဘုန်းကြီး (ဦးဥတ္တမ) က ဆရာဘုန်းကြီး (ဦးပုည)အား ပြောဆိုလျှောက်ထားသောကြောင့် ဆရာဘုန်းကြီး (ဦးပုည) ကြားသိလေလျှင်၊ ကျောင်းတွင်း သို့ အရပ် ‘ခေါင်း’ လူကြီးတို့ကိုခေါ်၍ ‘‘နောက်သို့မရောက်ကြစေတမ်း’’ဟု ‘ပါချုပ်’ နှင့် အစည်းအရုန်းပြုလုပ်တိုင်ပင်ပြီးလျှင်၊ တပည့်တော်တို့ကို ‘ခေးဖြ’ ကေန် ဖြစ်ကြောင်းနှင့် တရားစွဲဆိုသောကြောင့်။ တပည့်တော်တို့မှာ ရာဇဝတ်ဖြစ်မှုနှင့်မကင်း၊ထောင်တန်းအကျဉ်း ထိပ်ခြေကျဉ်းသွင်းခတ်၍၊ အကြပ်အတည်းခံနေရရုံသာမက၊ ငွေ-ငါးရာကျော် ခြောက်ရာခန့် အကုန်အကျ ဖြစ်ရှိနေပါသည်ဘုရား ဟူ၍ ထိုသူတို့ပေးသောပဋိညာဉ်ဖြင့်ပင်။ ‘အဓမ္မ စောဒနာ, အဓမ္မစောဒက’ ၏ အဖြစ်သည်၊ အလွန်ထင်ရှား၏။ အဘယ့် ကြောင့်ဆိုသော်။ ထိုသူတို့သည် မိမိတို့ပြုလုပ်အပ်သော ‘ခေးဖြ’ တိုက်ခိုက် မှုဖြင့်ပင် အထင်အရှားဖြစ်ပွားရုံသာမက၊ ထောင်တန်းအကျဉ်း ထိပ်ခြေကျဉ်းသွင်းခတ်၍ အကြပ်အတည်းခံနေရသည့်ပြင်၊ ကြေးငွေငါးရာကျော် ခြောက်ရာခန့်လောက် အကုန်အကျ ဖြစ်ရှိနေကြသူတို့ဖြစ်၍၊ ငါတို့၌ ဤသို့ ဒုက္ခကြီးစွာဖြစ်ရခြင်းသည် အခြားမဟုတ်၊ ဘုန်းကြီး (ဦးပုည) ကြောင့် သာ ဖြစ်ရသည်ဟုနှစ်သုံးပိုက်၍။ ထိုသူအမှုသည်တို့သည် မိမိတို့ကို တရားစွဲဆိုသောပုဂ္ဂိုလ် ရုံးမင်းတို့အပေါ်၌ ဘာရတရားအဖြစ်အနာ မရှာမပြုလုပ်ဘဲ၊ မိမိတို့ကို တရားမစွဲမဆိုအောင်၊ အကြံမကြံမ ဖြစ်တားသော ဘုန်းကြီး (ဦးပုည)အပေါ်၌သာလျှင် ‘နိဂ္ဂဟ, နိဂ္ဂဟာ, အယသ, တရား

ဖြစ်ပွားလေအောင် ကြံဆောင်၍၊ အာယာတ,ပဋိဃာတ, အနတ္တမန,ပဒုဋ္ဌစိတ္တ,ဒေါသန္တရ ဖြင့်၊'စောဒနာ'ခြင်း၊၊ ဇောက်နဲ့ဖြစ်သည်ဟု'ဗိဇ္ဇေ'ဂိုဏ်းချုပ်ဆရာတော် ခံရင်းဆိပ်ရွာဂိုဏ်းချုပ်ကြီး (ဓိတြာရာမ)ဆရာတော် **အစရှိ**သော၊ရဟန်းပညာရှိ၊ လူပညာရှိပုဂ္ဂိုလ်တို့ ဉာဏ်အမြင်ဖြင့်ဆင်ခြင်ထွက်ဆိုကြသည်ဖြစ်၍။ ။

(ဃ) အကာလေန စောဒေတိ အဘူတေန၊
ဖရုသေန အနတ္ထသံဟိတေန။
ဒေါသန္တရော စောဒေတိ နော မေတ္တာစိတ္တော၊
ဧဒိသော ဝုစ္စတိ အဓမ္မ စောဒကော၊ ။

ဟူ၍-မိန့်ဆိုအပ်သော 'ပရိဝါပါဠိတော်'နှင့်အညီ၊ ဖရုသ,အနတ္ထသံဟိတ, ဒေါသန္တရ,နောမေတ္တာစိတ္တ, ဖြင့်သာ၊ 'စောဒနာ'ခြင်းဖြစ်သည်ဟု ပညာရှိကဝိသခင်တို့ဉာဏ်အမြင်တွင်ထင်ဘွယ်ရာရှိသောကြောင့်တည်း။ ထိုသို့ 'အဓမ္မစောဒနာ, အဓမ္မစောဒက'ဖြစ်သင့်သည်ဟူ၍သာ ပညာရှိတို့ဉာဏ်**အ**မြင်ဝယ် ထင်ဘွယ်ရာဖြစ်လေသောကြောင့်ရင်း၊ ။ဓမ္မ ဝုဒိတကော ပဋိဂ္ဂဟေတဗ္ဗော-ဟူ၍ရင်း။ အဓမ္မဝုဒိတကော ပဋိဂ္ဂဟေတဗ္ဗော ဟူ၍ရင်း ဟောတော်မူအပ်သော ပရိဝါပါဠိတော်နှင့်အညီ၊ ဝုဒိတက,ဝုဒိတကပက္ခပုဂ္ဂိုလ်တို့၏သည်း ဓမ္မာဓမ္မ ဝုဒိတက ၏ အဖြစ်ကိုစဉ်းစားဆင်ခြင်လျှင်၊ ।

ကောဇာသက္ကရာဇ်-၁၂၃၆-ခုနှစ်၊တပေါင်းလအတွင်း၌'ခေးပြ'တိုက်နိုက်ပြီးသည့်နောက်။ နှစ်ရက်မြောက်နေ့၌ ရွှေကျောင်းဘုန်းကြီး (ဥုးဥတ္တမ) ကိုယ်တော်တိုင်လာရောက်၍ တပည့်တော် ရှင်(ပုည)အား ကျောက်ထားပြောဆိုရာ၊ တပည့်တော်က'မင်း'တို့ဟာကို ရွာတည်းက ဒါယကာများ ကြားသိကုန်ကြပြီလား။မကြားမသိစေနှင့်'တိတ်တိတ်'သာနေ။ သည်လိုအမှုမျိုးနှင့်ဘဲ 'င-ရဟိုး'ရွာကဘုန်းကြီး (ဥုးဥတ္တမ) လျော်ရလို့ 'ခွက်ချင်းလံ'နေပြီဟု ဝိတ်ပင်မြစ်တားစကား ပြောကြားလိုက်ပါသည် ဘုရားဟူ၍၊ ထွက်ဆိုသောစကားတရပ်၊ ။

ရင်းအမှုနှင့်ပတ်သက်စပ်လျဉ်း၍ 'ခေးပြ'တိုက်နိုက်သူတို့ကို တရားစွဲဆိုရန်၊ အရပ်'ခေါင်း'လူကြီးတရတို့ လာရောက်ကျောက်ထားကြရာ၊ တ

ပည့်တော် ရှင်(ပုည)ကမင်းတို့တရားမစွဲကြပါနှင့်။အကယ်၍မင်းတို့လူရ
တရားစွဲဆိုကြပါလျှင်၊ ငါနှင့် (ဥုးအော)က ဖြန်ဆိုရမည်၊(ဥုးအော)ကော
'စာချုပ်'ထည်း ဝင်မလား။ မပါမဝင်ပါနှင့်။ 'စပ်ကြား'က နေရသာလျှင်
ကောင်းပါသည်။ မင်းတို့အရပ်ခေါင်းလူကြီးတရကလဲ'ခားပြ' တိုက်ခိုက်
သူတို့ကိုတရားမစွဲခဲ့ဆိုကြပါနှင့်-ဟူ၍၊တရားမစွဲအောင် အကြိမ်ကြိမ်ပင်
တားမြစ်လိုက်ပါသေးသည်ဘုရား-ဟု။ ရဒိတက ရှင်(ပုည)အစစ်ခံထွက်
ဆိုချက် စကားတရပ်။ ။

မင်းတို့ကလဲ'ခားပြ'တိုက်ခိုက်သူတို့ကိုတရားမစွဲကြပါနှင့်ဟူ၍တရား
မစွဲဆိုအောင်တားမြစ်သည်ကိုတခါနှစ်ခါပင် တပည့်တော်(ဥဂ္ဂသ)ကိုယ်
တိုင် နားဆတ်ဆတ်ကြားသိရပါသည်ဘုရား-ဟူ၍ ထွက်ဆိုသော ရဒိတ
ပက္ခရှင်(ဥဂ္ဂသ)၏အစစ်ခံစကားတရပ်။ ။ဤနည်းအတူအစစ်ခံသောရှင်
(ဥတ္တမ)ထွက်ဆိုချက်စကားတရပ်။ ။ဤစကားသုံးရပ်တို့သည်၊ မကွဲမ
ပြားတသားတည်း ညီညွတ်စေ့စပ်ကြ၍၊ 'သစ္စဓမ္မ,အကုပ္ပဓမ္မ' တို့၌တည်
သောကြောင့်၊ ထိုရဒိတက ရှင်(ပုည)ကို။ ။

(င) ရဒိတကော အာကာရတော ဇာနိတဗ္ဗောတိ ကင်္ခနေ့ခေါ် အယ
မာယသ္မာ ဒိဋ္ဌိသုဓမ္မေသု ပဋ္ဌိတော သစ္စေစ အကုပ္ပေစ, ဥဒါဟု
နောတိ ဧဝံ ရဒိတကော အာကာရတော ဇာနိတဗ္ဗော။ ။

ဟူ၍-ဟောတော်မူအပ်သော ပရိဝါပါဠိတော်နှင့်အညီ 'ဓမ္မရဒိတက'
ဟူ၍သာဆိုသင့်ပေသည်။ ။ဤသို့-ရဒိတကရှင်(ပုည)ကို'ဓမ္မရဒိတက,
ပုဂ္ဂိုလ်ဟူ၍ သာလျှင်၊ ပညာရှိတို့ဆိုဘွယ်ရာရှိသောကြောင့်ရင်း။ စာချုပ်
ထည်းကိုမပါမဝင် သည့်ပြင် တရားစွဲမည့်သူကို တားမြစ်သော အခြင်း
အရာ၊ ပြောဆိုလျှောက်ထားလာသူ ရှင်(ဥတ္တမ)၏စကားကို အနှံ့အပြား
အများမသိကြရအောင်။ပိတ်ပင်သောအခြင်းအရာ'အာကာရ'ကိုထောက်
ဆသောကြောင့်ရင်း။ ဘဏ္ဍာဒေယျ,သာဝဇ္ဇ,အရာ၌ 'သတိ'လစ်လပ် အ
မှတ်မဲ့ ပြုမိသည့်အရာ၊ စေတနာနှင့် တကွပင် ကျူးလွန်ကျော်နင်း၍ ပြုမိ
သည့်အရာရှိလိမ့်ဦးမည်ဟု တရံတယောက်သော ပုဂ္ဂိုလ်၏စိတ်၌ထင်မြင်
တွေးတောခြင်းငှာ မသင့်သောကြောင့်ရင်း၊ ရဒိတက ရှင်(ပုည)ကလည်း
မိမိတရားစွဲဆိုကြောင်း မင်းချင်းသောကျား တို့ကိုတိုင်တန်းကြောင်း။ စာ

ချုပ်ထည်းသို့ ပါဝင်ကြောင်းတို့ကို ပန္နညာဘတ် မပြုသော ကြောင့်ရင်း၊ အောက်၌ပြဆိုအပ်ခဲ့ပြီးသော 'တိက္ခနိဝိဘင်းအဋ္ဌကထာ' နှင့်အညီ၊ ဒုတိယ သိက္ခာပုဒ်အရာ၌ ပညတ်တော်မူအပ်သော 'ပါရာဇိကအာပတ်' ဒုလ္လစ္စယ အာနတ်, ဒုက္ကဋ်အာပတ်, ဘာဏ္ဍာဒေယျ,တို့ဖြင့် ရဇိတက ရှင်(ပုည)ကို မဆုံးဖြတ်သော။

## ရဇိတက ရှင်(ပုည)အတွက် ဆုံးဖြတ်ချက်။

ရဇိတက ပုဂ္ဂိုလ် ဖြစ်ကျောင်းဆရာ ရှင် (ဥတ္တမ)ကိုလည်း။ မိမိကိုယ်တိုင်ထွက်ဆိုသော အစစ်ခံစကားရပ်ရသည်၊ ရဇိတက, ရဇိတပက္ခ-နှစ်ပါးရသူ ရှင်(ပုည)ထွက်ဆိုချက် အစစ်ခံစကားရပ်နှင့်လည်းကောင်း။ ရဇိတက ပက္ခ ရှင်(ဥက္ကံသ) ထွက်ဆိုချက်၊ အစစ်ခံချက် စကားရပ်နှင့်လည်းကောင်း။ ညီညွတ် မှန်ကန်သည် ဖြစ်၍၊ 'သစ္စ,အကုပ္ပ' တို့၌ တည်သောကြောင့်။ ဆိုခဲ့ပြီးသော ပါဠိတော်နှင့်အညီ 'ဓမ္မဝါဒိတက' ဟူ၍သာ ဆိုထိုက်ပေသည်။

အကယ်၍-ရဇိတက ရှင်(ဥတ္တမ)သည်။ စောဒက ပုဂ္ဂိုလ်ဖြစ်သူ 'ငအောင်မင်း,ငစံရှိန်,ငယွန်းဝင်း' တို့သည်၎င်း၊ စောဒကပက္ခဖြစ်သူ 'ကဲပါ' ရွာနေ ဒါယကာ 'ငပန်းဖူး' သည်၎င်း၊ ပန္နညာတ်မူအပ်သော အစစ်ခံထွက်ဆိုချက်အတိုင်း၊ မင်းဒါးဟ် ပြုခြင်းငှာမစွမ်းနိုင်ကြသော၊ ဆယ်အိမ်ခေါင်းကြီးတို့အား၎င်း။ ရွာသူရပ်သားတို့အား၎င်း။ သိစေလိုသော စိတ်ထားဖြင့်၊ 'ဓားပြ' တို့၏အမည်နာမကို ထုတ်ဖော်၍ ပြောကြားသည်ဖြစ်စေကာမူ ရဇိတက ရှင်(ပုည) ရှင်(ဥတ္တမ) တို့အပေါ်၌ တရုတ်အပြစ်မဆိုသာ။ အဘယ့်ကြောင့် ဆိုသော်-ဒဏ်တပ်ခြင်းငှာ စွမ်းနိုင်ကြသော မင်းချင်းယောကျ်ားတို့အား ပြောကြားသည်မဟုတ်သောကြောင့်တည်း။ မင်းချင်းယောကျ်ားတို့ကို ပြောကြား တိုင်တန်းရာ၌လည်း၊ အတိတ်,အနာဂတ် ကာလနှစ်ပါးကိုရည်မှတ်၍ ပြောကြားခြင်း၊ 'ဩဒိဿအာစိက္ခန' သည်သာလျှင်၊ ရဟန်းယောကျ်ားရဟန်းမိန်းမတို့အားမအပ်ဖြစ်သည်၊ အနောဒိဿ စိက္ခနကား အပ်၏။

မိမိပရိက္ခရာ ဘဏ္ဍာတို့ကို ခိုးယူသွား၍။ တဖန်ပြန်ရစေလိုသော စိတ်ထားဖြင့်။ 'ခိုးသူ-သူခိုး' ဟူ၍ ဟစ်အော်သံကိုမင်းချင်းကြားသိကြ၍။ ထိုခိုးသူတို့ကို 'ဘမ်း' ယူပြီးလျှင်။ ကြေးငွေ 'ဒဏ်' တတ်ရိုက်သော်လည်း၊ မိမိ

ပရိက္ခရာ ဘဏ္ဍာတို့ကို တဖန်ပြန်ရစေလို၍သော စိတ်ထားဖြင့်။ ဟာစ်အောင့် သောကြောင့်၊ ထိုရဟန်း၌ တရံတခါ အဖြစ်မရှိ၊ ခိုးသူတို့ကိုသေစေလို၍ ၎င်း။ မင်းဒဏ် သင့်စေလို၍၎င်း။ ဟာစ်အောင်ရာ၌သာ အဖြစ်ရှိသည်။ ။ အကယ်၍ ရဒိတက ရှင်(ဥတ္တမ)က၊ ဆရာ ရှင်(ပုည)နှင့် တပည့် ရှင်(ဥဂ္ဂံသ) တို့အား ပြောကြားသော စကားအရိပ်နိမိတ်ကို အစွဲအမှတ်ပြုလုပ်၍ 'အရပ်ခေါင်း' လူကြီးတို့က တိုင်ပင်ကြ၍ တရားစွဲဆိုကြသောကြောင့်။ 'စောဒက' ပုဂ္ဂိုလ်တို့၌ ကြေးငွေ အကုန်အကျများစွာ ဖြစ်စေကာမူ၊ ရဒိတက ပုဂ္ဂိုလ် ရှင်(ဥတ္တမ)၌ တရံတခါ အဖြစ်မရှိ။ ။

၍စကားကို နံနက်အချိန်တွင် ပြောဆိုပါသည်။ ၎င်းစကားသည် တဆင့်တဆင့် ကျယ်ပွား၍ 'အကဲ' ခတ်တတ်ကြသူ။ ရိပ်မိကြသူတို့သိရှိကြလေသောကြောင့်။ 'ညနေ' အချိန်ကျရောက်သောအခါ။ တရွာလုံး အနှံ့အပြား ဖြစ်ပွားသွားပါသည်ဘုရား-ဟူသောစကားတရပ်။

အပည့်တော်(ရှင်ဥဂ္ဂံသ) ကပင် ရွှေကျောင်းဆရာ(ဦး:ဥတ္တမ)ကိုစွပ်စွဲမည့်အကြံကိုပြုမိပါသေးသည်၊ သို့သော်လည်းဆရာဘုန်းကြီး (ဦး:ပုည) နှင့်တပည့်တော် (ဥဂ္ဂံသ)အားသာပြောကြားပါသည်၊မင်းချင်းယောက်ျားတို့အား။ မပြော မကြားသောကြောင့်။ မစွပ်စွဲဘဲနေရပါသည် ဘုရားဟူသောစကားတရပ်၊ ၊၍သို့သော ရဒိတက (ရှင်ဥဂ္ဂံသ) အစစ်ခံထွက်ဆိုချက်စကားရပ်တို့ကိုထောက်ဆသာဖြင့်။ အမှုသည်စောဒကဖြစ်သူလူတို့သည်၊ အမိုးရရုံးတော်သို့ရောက်ကြ၍၊ ကြေးငွေများစွာ-ငါးရာကျော်ခြောက်ရာခန့်လောက်အကုန်အကျဖြစ်ကြရခြင်းသည်။ ရဒိတကရှင်(ဥတ္တမ) ကဆရာရှင်(ပုည)နှင့် တပည့်(ဥဂ္ဂံသ)တို့အားပြောကြားသော စကားအနှံ့အပြားကျယ်ပွားသောကြောင့်သာ၊ ထိုရှင်(ဥတ္တမ)၏ပြောကြားရင်းစွဲဖြစ်သော စကားအရိပ်နိမိတ်ကိုစွဲမြောင်မှီတွယ်၍သာဖြစ်ကြရသည်ဟူ၍များစွာသော ပုဂ္ဂိုလ်တို့၏ဉာဏ်အမြင်ဝယ်ထင်ဘွယ်ရာ ဖြစ်ပေသည်၊

ထိုသို့ပင်ဖြစ်သင့်သော်လည်း။ရဒိတက ရွှေကျောင်းဆရာရှင် (ဥတ္တမ) သည်၊ ဆရာဖြစ်သူ (ဦး:ပုည) နှင့်တပည့်(ဥဂ္ဂံသ)တို့အားသာပြောကြားပါသည်။ မင်းချင်းယောက်ျားအမိုးရများတို့အားမတိုင်တန်းမပြောကြားပါဟူ၍သာထွက်ဆိုဝန်ခံ,ပဋိညာဉ်ပေးသောကြောင့်၎င်း၊ ၊ရဒိတကပက္ခရှင်ပုည။ တပည့်ရှင်(ဥဂ္ဂံသ)တို့သည်လည်းထိုနည်း အတူထွက်ဆိုအစစ်ခံသောကြောင့်၎င်း။ရဒိတကရွှေကျောင်းဆရာရှင်(ဥတ္တမ)ကိုလည်း။

(၈) ရာဇပုရိသာ နဦစောရော အယန္တိ ဥဒ္ဒိဿ ကထနေဝေဂိဝါ၊ ဘိက္ခူနံပန အာရာမိကာဒီနံဝါ သမ္မုခါ အသုကော စောရော ဝေဓကာသိဘိကေနစိ ဝုတ္တဝစနံ နိဿာယအာရာမိကာဒီသု ရာဇပုရိသာနံ ဝတ္ထာဒတ္တွာ ပဟိဏ္ဍာသု ဝိဘိက္ခုသာန ဂိဝါ၊ ရာဇပုရိသာနံအဝုတ္တတ္တာ။

ဟူ၍မိန့်ဆိုအပ်သော ဝိမတိဝိနောဒနီဋီကာနှင့် လျော်ညီစွာ ဒုတိယ သိက္ခာပုဒ်တော်အရာ၌ ပညတ်အပ်သော။ ပါရာဇိက အာပတ် ထုလ္လစ္စည်းအာပတ်ဒုက္ကဋ်အာပတ် ဘဏ္ဍာဒေယျတို့တွင်တစုံတခုသော အာပတ် ဘဏ္ဍာဒေယျတို့ဖြင့်မသုံးဖြတ်သော။ ။သို့ဖြစ်၍ ရဒိတကဖြစ်ကြသူ ရှင်(ပုည) ရွှေကျောင်းဆရာရှင်(ဥတ္တမ)တို့နှင့် အတူတကွ သတင်းသုံးတော် သံဃာတော်တို့သည် (ဥပုသ်-ပဝါရဏာ) စသော သံဃာ ကံဖြင့်။ (သမ္ဘောဂ-သံဝါသ) နှစ်ပါး။ မကွဲမပြား။ ရွှေအလားသို့။တသားတည်း ညီညွတ်စွာပေါင်းဘော်နေထိုင်ကြစေ။

ကောဇာသက္ကရာဇ်-၁၂၄၀-ပြည့်နှစ်တန်ခူးလဆုတ်၃-ရက်နေ့တွင် ခုံရင်းဆိပ်ရွာ ဗိကြာရာမ,ဆရာတော်။ ဗိဋ္ဋွရွာ, ဂိုဏ်းချုပ် ဆရာတော် အမှူးရှိသော ဂိုဏ်းချုပ်ဂိုဏ်းထောက်တို့ အစုံအညီ သံဃာ အစည်းအဝေး၌ ခင်မွန်ရွာ သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားသည်ရေးသား ဆုံးဖြတ်အပ်သောအဆုံးအဖြတ်။

---

ဒသမ-ဝိနိစ္ဆယ။

ရွှေဆိုင်းခိုးမှုဖြတ်စာ။၁၂၄၀-ပြည့်နှစ်၊

ဖြတ်ထုံး--၁၀။

ရတနာပုံ။ဧယျပုရ၊ မန္တလဗ္ဗာနီ၊ နေပြည်တော်ကြီး၊ နန်းထီးဘုံဆောင်၊စိုက်တည်ထောင်သည့်။ ကုန်ဘောင်နွယ်ဖွား၊ စဉ်လာစံသ။ နရပတိ။သိရိပဝရဝိဇယာနန္တယသပဏ္ဍိတမဟာဓမ္မရာဇာ၊ သညာဂုဏ်ဟိတ်၊ ဘွဲ့တံဆိပ်ဖြင့်၊ဘိသိက်ခံယူ၊ မင်းပြုတော်မူသော။သာသနဒါယကာ“ပဉ္စမ သင်္ဂါယနာတင်” ဘုရင်ဧကရာဇ်-တရား မင်းမြတ်၏ သည်းချာရင်နှစ်

သားရင်းဖြစ်တော်မူသော (သုဿိရိမဟာဓမ္မရာဇာ)ဟူသော ဘွဲ့တံဆိပ်ဖြင့်၊ဘိသိက်သွင်းခံ၊ ဝိုးစံထီးနန်း။ သိမ်းမြန်းပိုက်ယူ၊မင်း ပြုတော်မူ၍၊သ ယ နှု၊မြတ်စွာ၊သာသနာကို၊အဝေါရောင်ခြည်၊တောက်ကြည်ပဝင်း၊ ထွန်းလင်းစေမှု။ မြော်ကြည့်ရှုသည့်။ ယခုသာသနဒါယကာ၊ မဟာဓမ္မရာဇ်။ တရားမင်းမြတ်၏။ရွှေလက်ထက်တော်အခါဝယ်။တုဘက်မရှိ၊ မုနိပုဂ်ဝ၊ လောကနာထ၊ သဗ္ဗညုသခင်၊ ချစ်ရှင်သုံးလူ့၊ သဗ္ဗညုဖျား။ မြတ်ဘုရား၏ တည်ထားခဲ့ရာ၊ သာသနာဝသ။ နှစ်အကျကား။ နေဗြဲစမ္မာ။ အဏ္ဏဝါ အဂ္ဂိ၊ ဆုရှိကောဇာ၊ လူ့ဝေါဟာမူ။ သုညာဗေဒ၊စမ္မမေရု၊ပေါင်းရှု တွက်ဖြောင့်။ တထောင့်နှစ်ရာ၊လေးဆယ်သာတွင်၊ ရွှေကျင်ဆရာတော်။ထေရ်ကျော်ဦးကိုင်၊ဝိုးပိုင်အုပ်ချုပ်။မင်းပြုလုပ်၍၊သုတ်သင်ရှင်းလင်းရာ။ ကိုး၌နှ၌။အပါအဝင်၊သုံးခွင်တိုက်မှတ်။ ခြောက်ရပ်ဂိုဏ်းပုံ၊ဝေပုံခြောက်ဝို့၊ဇေက်ဝိမ္မိတွင်၊ အဝင်အပါ၊ မင်္ဂလာမျို့။ သာပေါင်းကြို့သည့်၊ မြို့အလုံရပ်။ သတ်မှတ်နယ်ပါ၊ ရွာကျောင်းကာ၌၊ လွန်စွာထင်ပေါ်၊ ပြည်လုံးကျော်သည့်၊ မျက်ဖျော်သုံးလူ့။သဗ္ဗညူ၏။ အတုရုပ်ပွား၊ဓာတ်ကျောင်းများနှင့်။ ကိုယ်စားထားတည်။ ရွှေဂုနိမှတ်။ စေတီမြတ်အား။ အရပ်ရပ်ရွာ။ဒကာဒကာမ။ သဒ္ဒါလှ၍။ မင်္ဂလာ၊အမတ်ကို။ ရည်သန်ဇောပြတ်။စိတ္တုပ္ပါဒ်ဖြင့်၊ ဆက်ကပ်လှူဒါန်းအပ်သော ရွှေဆိုင်းရေများစွာတို့ကို၊ဘုရားကြီး၏ အနီးအပါးဝယ်။ ရွှေဂူကျောင်းနေ။ ရဟန်းတော် ရှင်သာသန, စောင့်ရှောက်လုံခြုံစေရာ။ ၎င်းရွှေဆိုင်း,များသည်။ ပျောက်ရှပျက်ပြား,ဆုံးပါးရှိနေ၍၊ တိုက်တွင်းရှိ-ရဟန်းငယ်ရှင် (သောဘိတ) သာမဏေငယ်-ငတိုးမှိတို့၏ အပေါ်၌၊ ယုံမှား-သံသယ၊ ဒွိဟမကင်း၊ စွပ်စွဲခြင်း(အနုဝါဒါဓိကရုဏ်း) ဖြစ်ပွားလျက်ရှိနေ၍။၎င်း"အဓိကရုဏ်း"ကိုပြီးဆုံးပြတ်စဲငြိမ်ဝပ် ပိပျားအောင် ဆုံးဖြတ်ပီရင်တော်မူပါဟုလာရောက်လျှောက်ထား တောင်းပန်ကြသောကြောင့်။

(က) အာပတ္တိဒဿနုဿာဟော။နကာတ္တဗ္ဗော ကုဒါစနံ။
ပဿိဿာမိ အနာပတ္တိ။ဣတိ ကယိရာထ မာနသံ၊

(ခ) နစ အာမိသံ နိဿာယ။နစ နိဿာယ ပုဂ္ဂလံ။
ဥဘော ပဟော ဝိဝဇ္ဇေတွာ။ ယထာဓမ္မော တထာကရေ။ ။

ဟူ၍မိန့်ဆိုညွှန်ပြ၊ ဆုံးမတော်မူအပ်သော သမန္တပါသာဒိကအဋ္ဌကထာပါဌ်။ ပရိဝါပါဠိတော်မြဝ်တို့ဖြင့်၊အာပတ်သင့် ရောက်သည်ကိုရှုခြင်း

၌။အားထုတ်ခြင်းကို။တရံတခါမျှမပြုမကျင့်အပ်၊ အာပတ်မသင့် မရောက်သည်ကိုသာရှုပါအံ့ဟူသောစိတ်ထား စိတ်ကောင်းရှိစေရမည် ဟူ၍ဝင်း၊ ဓောဒကပုဂ္ဂိုလ် စုဒိတကပုဂ္ဂိုလ်တို့ကိုလည်း။ ဤသူသည်ကားငါ၏ ဥပဇ္ဈာယ်, ငါ၏ဆရာ,ငါ၏တပည့်သည်ဖြင့်။ မဒြိမငဲ့ရ။ ထိုပုဂ္ဂိုလ်တို့ကား၊ တရားနိုင်စေလို၍။ တံစိုးလက်ဆောင်ပေးသော လာဘ်လာဘကိုလည်းမမြိမငဲ့ရ၊ ဟုတ်တိုင်းမှန်စွာ၊ ယထာဓမ္မဖြင့်သာ (အဓိကရုဏ်း)ကို ပြီးဆုံးပြတ်စဲအောင် ဆုံးဖြတ်ရမည်ဟူ၍ဝင်း။ ဆုံးမတော်မူအပ်သော "ဩဝါဒအနုသာသနာ" တော်မြတ်ကို။ဦးထိပ်ရွက်ပန်ဆင်ပြီး၍ဝင်း။

(ဂ) အနုဝိဇ္ဇကေန ကထံပဋိပဇ္ဇိတဗ္ဗန္တိ။အနုဝိဇ္ဇကေနယေနဓမ္မေန ယေနဝိနယေန ယေနသတ္ထုသာသနေန တံအဓိကရဏံဝူပ သမ္မတိ။ ဘထာ တံအဓိကရဏံ ဝူပသမေတဗ္ဗံ၊ အနုဝိဇ္ဇကေန ဧဝံ ပဋိပဇ္ဇိတဗ္ဗံ၊

ဟူသော ပရိဝါပါဠိတော်ပါဠ်ဖြင့်၊ မိန့်ဆိုဆုံးမ အပ်သော ဝိနယဓရ အနုဝိဇ္ဇကပုဂ္ဂိုလ်တို့၏။ ကျင့်လုံးကျင့်နည်း၊ နိသယည်းကိုလည်း၊ ဦးထိပ်ရွက်ပန်ဆင်ပြီး၍ဝင်း။

(ဃ) တိဏ္ဏံ ဟိဝိနယဓရဿ လက္ခဏာနိ ဣစ္ဆိတာနိ၊ ကတမာနိ တိဏ္ဏံ။သုတ္တဉ္စဿသွာဂတံဟောတိသုပဝတ္တိတံသုဝိနိစ္ဆိတံ သုတ္တတော အနုဗျဉ္ဇနတော ဝိနိစ္ဆယော ကံ လက္ခဏံ၊ ဝိနယေ ခေါပနဋ္ဌိတော ဟောတိအသံဟိရော ဣဒ္ဓံဒုတိယံ၊အာစရိယ ပရမ္ပရာခေါပနဿ သုဂ္ဂဟိတာ ဟောတိသုမနသိကတာ သုပဓာရိတာတိ ဣဒံတတိယံ၊

ဟူသော အဋ္ဌကထာပါဌ်၊ မိန့်အပ်သည်နှင့် လျော်ညီစွာ။ ဝိနယဓရ လက္ခဏာ။အင်္ဂါသုံးဖြာနှင့်၊ညီစွာသောငါ ထေရ်ဆရာသည်။ ဝဇ္ဇိ၊ မာတိကာ,ပဒဘာဇနီ, တိကပရိစ္ဆေဒ, အန္တရာပတ္တိ, အနာပတ္တိတည်းဟူသော ခြောက်ပါးသော ဌာနတို့ကို၊ ကောင်းမွန်သေချာ။သေချာကြည့်ရှု။ လက်ကိုင်ပြု၍၊ ယခုဖြစ်ပွားလျက်ရှိသော (အနုဝါဒါဓိကရဏ်း)ကို၊ ငါပက စောဒကရှင် သာသန၊ စောဒနာရက ဝုဒိတကရှင်သောဘိတ,သာမဏေ ဘိုးမှီ သက်သေသာကေပုဂ္ဂိုလ်တို့ထွက်ဆိုအစစ်ခံ ကေားချပ် ရတို့ဖြင့်

ဆုံးဖြတ်ရမည်ဖြစ်၍၊ ချင်းတွင်းထွက်ဆိုသော အစစ်ခံစကား။ ကျော်လွှာပါစကားရပ်ရပ်တို့ကို။ မိမိ၏အသိဉာဏ်ပရိဘာနှင့်ဖြင့်။ အဘန်ဘန်ထောက်လှမ်း၊ ရှုးစမ်းဆင်ခြင်လျှင်၊

(၁) ကျောက်ကာရွာ ရွှေဂူကျောင်းနေ-တပည့်သာသန, ရှိသေစွာ ကျော်လွှာဆက်ကပ်ပါသည်၊ ခင်မွန်ရွာ-ဗောဓိတောရ,တိုက်၊သုံးဂိုဏ်းချုပ်ဆရာတော်ကြီးဘုရား၊ ၊ကျော်ထားရန်မှာ၊ ၊ကောဇာသက္ကရာဇ် ၁၂၄၀-ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်-၅-ရက်၊ရွှေဂူနီ, ဘုရားကြီး ပွဲတော်အတွင်း။အရပ်ရပ် မြို့ကျေးရွာတို့မှဘုရားဖူးလာရောက်ကြကုန်သော ဒါယကာ-ဒါယိကာမ, တရုတ်ကုလား သဒ္ဒါရှင်လန်း၍။ ရွှေဂူနီ, စေတီတော်မြတ်အား။နိဗ္ဗာန်, မဂ်, ဖိုလ်,အလို့ငှာ ရွှေသက်နှုံး,အဖြစ်ဖြင့်။ ရွှေဆိုင်း,ရေများစွာဘို့ကို သူ့ဒါန်းပူဇော်ခဲ့ကြပါသည်၊ အရေအတွက် မည်မျှဟူ၍မသိ။၎င်းရွှေဆိုင်း, တို့ကိုလည်းဘုရားတပည့်တော်ရှင် (သာသန) အထံ၌ အပ်နှံထားခဲ့ကြပါသည်။ ရွှေဆိုင်းတို့ကို သိသာအောင် ပြုပြင်ဆင်သူဒါယိကာမ-မိဘယက်,ကို၊ ကိုယ်ဘိုင်ပြင်ဆင်ပြုစေပြီးလျှင်၊ ရွှေဆိုင်းရေ ၇၇-ချပ်ဆယ်ချပ်ဆိုင်းတို့ကို သိမ်းဆည်း သိုမှီးစောင့်ရှောက်လုံခြုံစေရာ၊ ကျောင်းတွင်းရှိရဟန်းငယ် (သောဘိတ)သာမဏေငယ်(ငတိုးမှီ) နှစ်ဦးသားတို့သည်၊ တိတ်တဆိတ် တိုင်ပင်ပြုလုပ်ကြပြီးလျှင်။ ပထမဝါဆိုလဆန်း ၃-ရက်နေ့ညဥ့်အခါတွင်။ ၎င်းရွှေဆိုင်းတို့ကိုခိုးယူကြ၍။ ရဟန်းငယ်(သောဘိတ)၏နေရာကျောင်းပေါ်သို့တင်ထားကြပါသည်၊ ၎င်းနောက် အရပ်ထည်းက(ငစိုးရ)ဆိုသူကိုရောင်းချပေးပါဟုစေခိုင်း၍၊ ငစိုးရဆိုသူသည် ရွှေဆိုင်းတို့ကိုယူ၍ အရပ်ထည်း၌ရောင်းချပါသည်။ ၎င်းမှနောက်သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်အတွင်းပင်၊ ဝါခေါင်လဆုတ်-၅ရက်နေ့ ရွှေဂူနီမြတ်စွာဘုရားကို။ အရပ်ရပ်မြို့ကျေးရွာတို့မှ။ ဒါယကာ-ဒါယိကာမကြီးငယ်တရုတ် အဖူး အမြော်လာကြပြန်သောအခါ။ တယောက်နှင့်တယောက်တဦးနှင့်တဦးတီးတိုးစကားပြောကြားကြသဖြင့်။ စကားကျယ်ပွားအနှံ့အပြားဖြစ်ပါသည်။ ဤအခါကျရောက်မှသာတပည့်တော်(သာသန) လည်းကြားသိရပါ၍ ရွှေဆိုင်းများရှိမရှိကိုသိရအောင်၊ ထားရင်းနေရာ၌ကြည့်ရှုရာ မတွေ့မမြင်ပါ၍၊ ယခုနှစ်တော်သလင်းလဆုတ်၁၄-ရက်နေ့ညဥ့်အချိန်တွင် ဒါယကာ-ငရွှေအုပ်, ငရွှေကျန့်, ငရွှေစင်,ညို, တို့ကိုထောက်လှမ်းစုံစမ်းပေးပါဟုစေခိုင်း၍။ ထိုသူတို့ထောက်လှမ်းစုံစမ်းချက်

ဒုရ-သောဖြူ,ကို ဘမ်းဆီးချည်နှောင်၍စစ်ဆေးမေးမြန်းသောအခါ သာမဏေ(ဘိုးမှီ)ကို အစစ်ခံချပါသည်၊ သို့ဖြစ်၍သာမဏေ(ဘိုးမှီ)ကိုစစ်ဆေးမေးမြန်းရာ၊ ဘုရားတပည့်တော်သည်၊ ခိုးမဖွက်မယူရပါ။ ရဟန်းတော်ဦး(သောဘိတ)သည်သာ ခိုးယူပါသည်ဟု အစစ်ခံ ထွက်ဆိုပါသည်ဖြစ်၍။ အရပ်ရပ်ထွက်ချက်စကားများကိုရေးသား မှတ်ထားပြီးလျှင်။ ကောဇာသက္ကရာဇ် ၁၂၄၀-ပြည့်နှစ်သီတင်းကျွတ် လဆန်း ၁-တရက်နေ့တွင် တပည့်တော်(သာသန) ရဟန်းငယ်(သောဘိတ) သာမဏေ (ဘိုးမှီ)ရွှေဆိုင်းရောင်းချပေးသူဒါယကာ-ဝေစိုးရ တို့အရံအညီတွင်စစ်ဆေးမေးမြန်းရာ၊ ဒါယကာ-ဝေစိုးရ ထွက်ဆိုသည်မှာ၊

(၁) ရဟန်းတော် ဦး(သောဘိတ) ကိုရင်(ဘိုးမှီ)တို့အရံအညီပြုလုပ်ကြ၍၊ ရွှေဆိုင်း များကိုတပည့်တော်ဝေစိုးရ အား ပေးအပ်လိုက်ကြပါသည်။

ဒါယကာ-ဝေစိုးရ အစစ်ခံထွက်ဆိုချက်။

(က) ဒါယကာဝေစိုးရ ၏အမိဖြစ်သူ-မိပိန့်တာ ဆိုသူကလည်း ဦးပဥ္စင်းဦး(သောဘိတ) တပါးတည်းညဥ့်အခါလာရောက်၍၊ ရောင်းချပေးပါဟုအကြိမ်ကြိမ်စေခိုင်းလာကြောင်းကို အစစ်ခံထွက်ဆိုပါသည်၊ ။

ဒါယိကာမ-မိပိန့်တာ,အစစ်ခံထွက်ချက်။

၎င်းနောက်ဒါယကာ-ဝေရွှေနိုး, ဝေအိ,ဝေချို, မိရှမ်း, မိမှန်း,တို့၏။ ရှေ့မျက်မှောက်တွင် တကြိမ်မေးပါသည်။ ။၎င်းပြင် သိသာတော် မှုရန်မှာလည်း။ ဒါယကာသောဖြူ, ဝေရွှေပုံ-တို့သည်တဦးနှင့် တဦးကူးလူး ရှက်တင်ခြင်းကိုပြုလုပ်ကြပါသည်၊ ။ဒါယကာ ဝေခုပ်,ဝေရွှေကျန့်, ဝေရွှေဖေ, ဝေညို-တို့ကလည်းပျောက်ပျက်သော ရွှေဆိုင်းများကိုနေရာတကျ ရှိအောင်ထားလာပါမည်ဟုတာဝန်ခံသည့်အတိုင်းမထားလာကြပါ။ ။ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ကလည်း ပျောက်ပျက်သော ရွှေဆိုင်းများကိုပြန်၍ ရအောင်မစီရင်ကြပါ။ ။သို့အတွက်ပျောက်ပျက်သော ရွှေဆိုင်း များကိုနေရာတကျထားလိုပါ၍။ ခိုးယူသူ-ရဟန်းငယ် (သောဘိတ) သာမဏေ (ဘိုးမှီ) ဂိုဏ်းအုပ်,ဂိုဏ်းထောက်, သက်သေသာခကတို့နှင့် တကွ။ တပည့်(သာသန)သည်၊ ဘုန်းတော်ကံတော်အာနုဘော်ကြီးမားဆရာတော်

ကြီးဘုရား၏ရှေ့မျက်မှောက်တွင် ရှင်းလင်း လိုပါကြောင်းကို ရိုသေစွာ လျှောက်ထားဆက်ကပ်ပါသည် ဆရာတော်ကြီးဘုရား-ဟူသော ဂေါပက စောဒကရှင်(သာသန)၏လျှောက်ထားစကားတရပ်။

(၂) မြတ်စွာဘုရားသခင်၏ကိုယ်စား ရုပ်ပွားတော်ဖြစ်သော ဤ ဥဒ္ဒိဿ စေတီတော်မြတ်အား၊ ဤရွှေဆိုင်း,ဤရွှေပန်း,ဤရွှေသင်္ကန်းတို့ကို ကပ်လှူပူဇော်ပါ၏၊ ။ကိုယ်တော်အရှင်မြတ်အားလည်း အထူးထူးသော ဒါနဝတ္ထုတို့ကိုလှူဒါန်းပါ၏။ ။ဤနည်းအတိုင်းရေစက်သွန်းချ လှူဒါန်းပါသည်၊ ရေစက်သွန်းချ လှူဒါန်းကြပြီးလျှင်၊ဒါယကာ-ဒါယိကာမ တို့သည် မိုးစမ်းချုပ်ခြင်းစသည်ဖြင့်-အခွင့် မသာသောအခါတို့၌ ရွှေဆိုင်း တို့ကိုတပည့်တော်ရှင်(သာသန)၏အထံ၌အပ်နှံထားခဲ့ကြပါသည်။ ကပ္ပိယကာရက ပြုလုပ်၍-ငပလဲ,မိဘရက် တို့ကိုပြုပြင်ဆင်စေ၍ထားစေပါသည် ဘုရားဟူသော စောဒကရှင် (သာသန) ၏ အစစ်ခံ ထွက်ဆိုချက်စကားတရပ်။

ဤကားဂေါပက-စောဒကရှင်(သာသန)၏အစစ်ခံ
ထွက်ဆိုချက်စကားရပ်ရှ။

(၃) ကိုရင်(ဘိုမှိုး)သည်၊တပည့်တော်ရှင်(သောဘိတ)၏ အထံသို့ လာရောက်၍၊ မြောက်ကျောင်းပေါ်မှာ ရွှေဆိုင်း များစွာရှိသည်။ ၎င်းတို့ကိုခိုးယူရအောင်ဟု တိုင်ပင်ပြောဆိုလာပါသည်၊ ထိုအခါတပည့်တော်က။ငါရဟန်းဖြစ်သည်။မခိုးမဝှက်ကောင်း။(ဦးသာသန)ကငါနှင့်အတူတိုင်ပင် ပြုလုပ်သည်ဆိုလိမ့်မည်ဟု သာမဏေ (ဘိုးမှိ)ကို ပြောလိုက် ပါသည်ဘုရား။

(၄) သာမဏေ(ဘိုးမှိ)သည်ကျောင်းသား သူငယ်တို့ကို အိမ်သို့ ပြန်သွားကြဟုမောင်းနှင်ထုတ်လိုက်ပြီးလျှင် ကျောင်းပေါ်သို့ တက်သွားပါသည်။ ထိုကာလတပည့်တော် (သောဘိတ)သည်ရွာတွင်းသို့ သွားရာမှ ပြန်၍လာရာ၊ ဒါယကာကြီးကိုကျောင်းတွင်တွေ့မြင်၍၊ ၎င်းဒါယကာကြီး ခေါ်ပြီးလျှင်။ ကိုရင်(ဘိုးမှိ) မြောက်ကျောင်းပေါ်သို့-တက်မတက်မေးပါသည်၊ ဒါယကာကြီးကသူအစိုးရဖြစ်သည်။ ကျောင်းပေါ်သို့တက်လိုလျှင် တက်လိမ့်မည်၊ မတက်ဘဲနေပါ့မလားဟူ၍ ပြောပါသည်။ ထိုနေ့ညနေ-နေဝင်ချိန်တွင် ကိုရင် (ဘိုးမှိ) ပါးငယ်ထွတ်၍ငိုးရ၏အမိဖြစ်သူ-မိပိန်တာ

၏နေအိမ်သို့တပည့်တော် (သောဘိတ)ကိုယ်တိုင် သွားရောက်ရပါသည်။ ကျန်သော ခွေးဆိုင်း များကိုလည်း ရောင်းချပေးပါဟု–မဝိန်းဘ ကို ပြောဆိုစေခိုင်းခဲ့ပါသည်ဘုရား။

(၅) ခွေးဆိုင်း များစွာတို့ကို။ ခိုးယူခဲ့ပြီးလျှင် ကျောင်းကြီးပေါ်သို့ တင်ယူခဲ့၍၊ တပည့်တော်(သောဘိတ) အား–ကိုရင်(ဘိုးမှိ)က တပည့်တော်သည်ခွေးဆိုင်းတို့ကိုခိုးယူခဲ့ပြီဟုပြောပါသည်။ ထိုကာလ တပည့်တော်(သောဘိတ)က။ ခွေးဆိုင်းများသည် ဆရာဘုန်းတော်ကြီး၏ လက်ထက်ကပင်ရှိသော ခွေးဆိုင်းများဖြစ်သည်။ သို့မဟုတ်ယခုဘုန်းကြီး(ဦးသာသန) ၏လက်ထက်တွင်မှရှိသော ခွေးဆိုင်းများဖြစ်သည်ကို။ အသေအချာသိလို၍မေးပါသည်။ ထိုအခါ–ကိုရင်(ဘိုးမှိ)က အရင် ဆရာဘုန်းကြီး၏လက်ထက်ကပင် ရှိသောခွေးဆိုင်းများဖြစ်ကြောင်းကိုသေချာစွာ ပြောပြပါသည်။ ထိုအခါတပည့်တော်(သောဘိတ)က–ငါလက်မခံဝန့်ပါ၊ ဘုန်းကြီးဦး(သာသန)က ငါ့ကိုအလိုတူ အလိုပါဖြစ်သည်၊ ကြံစီရာပါသည်ဆိုလိမ့်မည်ဟူ၍။ ကိုရင်(ဘိုးမှိ) ကိုပြောလိုက်ပါသည်။ ထို အခါ ကိုရင်(ဘိုးမှိ)သည် မိမိခိုးယူခဲ့သော ခွေးဆိုင်းတို့ကို ကျောင်းအောက်သို့ ချယူသွားပါသည်၊ နောက်တနေ့ကျောင်းပေါ်သို့ တင်ယူခဲ့ပြန်၍၊ တောင်အခန်းထည်း၌ သွင်းထားပါသည်။ နောက်တရက်နံနက်ကိုရင်(ဘိုးမှိ)က တပည့်တော် (သောဘိတ)ကို ဆွမ်းခံသွားရင်းဘယ်သူကိုမှမပြောပါနှင့်၊ ကိုယ်တော်ကိုနွတ်ပိတ် ငွေပေးပါမည်ဟု ပြောဆိုသောကြောင့် တပည့်တော်(သောဘိတ)သည်ဒါယကာ–ငကျန်မြေ ကိုခွေးဆိုင်းများကိုရောင်းချပေးပါဟုစေခိုင်းခြင်း–ပုံစမ်းခြင်းအမှုကိုပြုမိပါပေသည်။ ၎င်းဒါယကာ ငကျန်မြေ သည်လည်းခွေးဆိုင်းတို့ကိုမရောင်းမချပါ။ နောက် တရက်ကိုရင်(ဘိုးမှိ)က ဒါယကာ ငစိုးရ ဆိုသူကိုခေါ်ယူ၍ သူ့ဘာသာ အလို အလျောက်ခွေးဆိုင်းများကိုဒါယကာ ငစိုးရ ၏ လက်သို့အရောက် ပေးအပ်လိုက်ပါသည်။ ထိုကာလတပည့်တော် (သောဘိတ)ကခွေးဆိုင်းရေ မည်မျှလောက်ရှိသနည်းဟုကိုရင်(ဘိုးမှိ)နှင့်–ဒါယကာ–ငစိုးရ တို့ကိုမေးလိုက်မိပါပေသည်ဘုရား။

ကျောက်ကာရွာတွင်ဗုဒ္ဓိတကရှင်(သောဘိတ)ထွက်ဆိုချက်၊

ခင်မွန်ရွာ ဗောဓိတောရတိုက်သို့ခေါ်၍ မေးမြန်း စစ်ဆေးသောအခါ၌လည်း၊ ဝဒိတက ၎င်း(သောဘိတ)သည်၊ မိမိမခိုးမယူကြောင်းကို ထွက်ဆိုသည်။ ။

ခင်မွန်ရွာတွင် အစစ်ခံထွက်ဆိုချက်၊

(၇) ရွှေဆိုင်းရေ-၇၀-ခုနစ်ဆယ်တို့ကို၊ ရဟန်းတော် (ဦးသောဘိတ)ကိုယ်တိုင် ခိုးယူ၍၊ 'ငပိုးရဲ'ကို နေဝင်အချိန်တွင် ကျောင်းသို့ ခေါ်ပြီးလျှင်၊ ရွှေဆိုင်းအရေအတွက်-၇၀-ခုနစ်ဆယ်တို့ကို 'ငပိုးရဲ'၏လက်ဝယ်သို့အရောက် ရဟန်းတော် ဦး(သောဘိဘ)ကိုယ်တိုင်ပေးအပ်လိုက်သည်ကို မြင်လိုက်ပါသည်။၎င်းရွှေဆိုင်းရေ-၇၀-ခုနစ်ဆယ်အနက်က၊ရွှေဆိုင်းရေ-၄၀-လေးဆယ်တို့ကို၊ ဒါယကာ'ငပိုးရဲ'သည်၊ ကျောင်းသို့တဖန်ပြန်ယူလာ၍။ တပည့်တော်'ငဘိုးမှို'က၊ ရဟန်းတော် (ဦးသောဘိတ)ကို မပြောမကြားဘဲ။ ၎င်းရွှေဆိုင်းရေ-၄၀-လေးဆယ်တို့ကိုဒါယကာ'ငသာပြု' ဆိုသူ၏အထံသို့ ရောင်းချရန်ဆို၍ ပေးအပ်လိုက်ပါသည်။ ထိုအခါ-မည်သူမည်ဝါ အနီးအနားမှာမရှိ၊ တပည့်တော် 'ငဘိုးမှို' နှင့်ဒါယကာ' ငသာပြု'နှစ်ယောက်တည်းပါဘုရား။ ။

(၈) နိဗ္ဗာန်ကျောင်းပေါ် အရှေ့မျက်နှာတွင်၊ ဒါယကာကြီးဦးဖိုကတပည့်တော်ကို သာသနာလျှောက်စာ ပို့ချသင်ကြား နေသောကြောင့်၊စာအံ၍နေပါသည်။ ထိုအခါရဟန်းတော် (ဦးသောဘိတ)သည်၊ကျောင်းကြီးပေါ်မှဆင်းလာ၍တောင်တံခါးပေါက်သို့ထွက်သွားပြီးလျှင်၊အနောက်သို့ရှုရှုသွား၍၊ 'ငွေးပင်'ပေါက်ကဝင်ပြီးလျှင်၊ ထန်းပင်ကြားလမ်းကလာ၍ အနောက်မျက်နှာ,မြောက်ကျောင်းအောက် ကြမ်းပေါက်ကဇထဲသို့ဝင်တက်သွားပြီးလျှင်၊ 'နေရာထိုင်'အိပ်၌ ရွှေဆိုင်းတို့ကိုထည့်ယူလာ၍၊ ငထမလာသည့်လမ်းသို့ပင် ပြန်သွား၍ ကျောင်းကြီးပေါ်သို့ တက်သွားသည်ကို တပည့်တော် 'ငဘိုးမှိုး' စာအံနေရာက မြင်လိုက်ပါသည်ဘုရား၊ ။

ကျောက်ကာရွာတွင် သာမဏေ'ငဘိုးမှို'အစစ်ခံထွက်ဆိုချက်၊

(၉) ကျောင်းကြီး ပေါ်သို့ တပည့်တော် 'ငဘိုးမှို' တက်သွား၍၊ ကျောင်းကြီးပေါ်တွင် ပြောမိပါသည်၊ ခိုးယူလာသော ရွှေဆိုင်းအထုပ်ကို ကျောင်းကြီးပေါ်တွင် အထက် 'သဘော'ကြမ်းပေါ်၌ တင်ထားပါသည်။

နောက်တနေ့ညနေအချိန်တွင်၊ 'ဖိုးရ'ကိုခေါ်၍၊ ရဟန်းတော် ဦး(သောဘိတ) ၏ ရှေ့တွင်၊ တပည့်တော်'ဘိုးမှိ'သည် ချောင်းချပေးပါဆို၍၊ ၎င်းရွှေဆိုင်းထုပ်ကို 'ဖိုးရ'၏ လက်ဝယ်သို့ပေးအပ်လိုက်ပါသည်။ ရွှေဆိုင်းအဘိုး တပါးလျှင်-၅-ငါးကျပ်စီရပါသည်ဘုရား။ ။

(၁၀) ကျန်ရွှေဆိုင်းရေ-၄၅-လေးဆယ့် ငါးဆိုင်း တို့ကို၊ ရဟန်းတော် ဦး(သောဘိတ)က သွား၍ယူပါချေ စေခိုင်းသောကြောင့်။ ရွှေဆိုင်းရေ-၄၅-လေးဆယ့်ငါးဆိုင်းတို့ကို ပြန်ယူခဲ့၍ ရဟန်းတော် (ဦးသောဘိတ)ကို၊ မတိုင်မကြားမသိစေဘဲချောင်းချပေးပါဆို၍ 'သောဖြူ' လက်ဝယ်သို့၊ တပည့်တော် 'ဘိုးမှိ' ကိုယ်တိုင်ပေးအပ်လိုက်ပါသည်ဘုရား။ ။

(၁၁) ဒါယကာ'ဖွေရ'ချောင်းချ၍ ရရှိသော ရွှေဆိုင်းဘိုးငွေ-၅ ခုနှစ်ကျပ်ကို 'သောဖြူ'က ယူထားကြောင်းကို ကျောက်ကာရွာ တောကျောင်းတွင် အစစ်ခံရာရောက်မှ တပည့်တော်'ဘိုးမှိ'သိရပါသည်။ ဒါယိကာမ'မပိန့တာ' အထံ၌ ငွေ-၂၀-နှစ်ဆယ်ရှိကြောင်းကိုရင်း၊ ထိုငွေ-၂၀-ကို ဒါယကာ'ညိုအုပ်'သို့ပေးအပ်လိုက်ရကြောင်းကိုရင်း၊ ဒါယိကာမ 'မပိန့တာ'ကပင် ပြောဆို၍သိရပါသည်။ အကြံအစီပြုရာသို့ပါမိပါသည်။ အောင်မြို့ကျေးရွာသို့သွား၍'ကုန်ကူး'စားရအောင် လိုက်ခဲ့ပါဟူ၍၊ ရဟန်းတော် ဦး(သောဘိတ)က တပည့်တော်'ဘိုးမှိ'ကိုခေါ်ပါသည်၊ သို့ဖြစ်၍'လိုင်'ပြန်ငြိးနေရာ။ အရပ်ထည်း၌ 'ကစားဝိုင်း'ရှိ၍ တပည့်တော် 'ဘိုးမှိ'သည် ဝင်ရောက်ပြီးလျှင် 'ကိုးမီး'ခေါ်ကစားမှု မျိုးကို ကစားမိ သောကြောင့်။ ရွှေဆိုင်းချောင်းချ၍ရရှိသော အဘိုးငွေ -၅-ငါးကျပ်လုံး အကုန် ဆုံးရှုံးပါသည် ဘုရား။ ။

ခင်မွန်ရွာ ဗောဓိတောရတိုက်အတွင်း၌'သုံးဂိုဏ်းချုပ်'ဆရာတော်
ဘုရားကိုယ်တိုင်စစ်ဆေး၍၊ ရဋ္ဌိတက သာမဏေ'ဘိုးမှိ'
အစစ်ခံ ထွက်ဆိုချက် စကားရပ်ရ။

(၁၂) ရွှေဆိုင်းရေ -၇၀- ခုနစ်ဆယ်တို့ကို။ သာမဏေ 'ဘိုးမှိ'က ကျောင်းကြီးပေါ်တွင် ရဟန်းတော် ဦး(သောဘိတ)မြင်လောက်ရာ'ဝါး' တပြန်ခန့်အရပ်၌ တည်နေ၍။ တပည့်တော် 'ဖိုးရ'၏ လက်သို့ ပေးအပ်လိုက်ပါသည်၊ ထိုအခါ- ရဟန်းတော် ဦး(သောဘိတ)က တရုံတရော

ဘယ်စကားကိုမျှမပြောမမေးမကြည့်ဘဲ။ စာကိုသာကြည့်ရှု၍နေပါသည်၊ ၎င်းကိုရင် 'ဘိုးမှိ'ပေးအပ်လိုက်သော ရွှေဆိုင်းရေ-၇၀-ခုနစ်ဆယ်တို့ကို 'တသ'ခန့်ကြာ ကာလပတ်လုံး မရောင်းမချသေးဘဲ၊ အိမ်တွင်သိမ်းဆည်း၍သာထားပါသည်၊ထိုနောက်ကိုရင် 'ဘိုးမှိ'ကငွေအသုံးလိုပါသည် မြန်မြန်ရောင်းချ၍ ပေးပါဟု ပြောဆိုသောအခါတိုင်ရောက်မှသာ တပည့်တော်'ငမိုးရ'က ရွှေဆိုင်းရေ-၃၀-သုံးဆယ်ကိုသာရောင်းချ ပေးလိုက်ပါသည်။ ကျန်သောရွှေဆိုင်းရေ-၄၀-လေးဆယ်တို့ကိုကား။ ကိုရင် 'ဘိုးမှိ' ကိုယ်တိုင် အိမ်သို့လာရောက်၍ ယူဆောင်သွားပါသည်။ ကိုရင် 'ဘိုးမှိ' လက်ဝယ်သို့ ပေးအပ်လိုက်ရသော ရွှေဆိုင်းအဘိုးငွေ များမှာ၊ အိမ်တွင် ၆၀-သုံးကျပ်၊ ရပ်သေးပွဲတွင်-၂-နှစ်ကျပ်၊ ပေါင်းငွေ-၅-ငါးကျပ် ဖြစ်ပါသည်ဘုရား။ ။

(၁၃) ကိုရင်'ဘိုးမှိ'ကအခေါ်စေလွှတ်၍တပည့်တော်'ငမိုးရ'သည်။ ကျောင်းသို့ ရောက်လျှင် ကိုရင် 'ဘိုးမှိ'က တောင်ကျောင်းကြီးပေါ်သို့ ခေါ်ပြန်သဖြင့် လိုက်ပါသွားရာ၊ အပြင်၌နေရစ်ခဲ့ရပါသည်။ ကိုရင်'ဘိုးမှိ' နှင့် ရဟန်းတော် ဦး(သောဘိတ) တို့သည် အခန်းတည်းသို့ ဝင်သွားပြီးလျှင်။ ကိုရင်'ဘိုးမှိ'ကိုယ်တိုင် ရွှေဆိုင်းထုပ်ကိုဆွဲကိုင်ယူ၍ ပြင်ဘက်သို့ ထွက်လာပါသည်၊ ကိုရင်'ဘိုးမှိ'နှင့် ဦး (သောဘိတ)တို့သည် အတူတကွ ထိုင်နေကြ၍၊ ရွှေဆိုင်းတို့ကို ရေတွက်ပြီးလျှင်၊ တပည့်တော်'ငမိုးရ' ၏ လက်ဝယ်သို့ ရွှေဆိုင်းအရေအတွက်-၇၀-ခုနစ်ဆယ် တို့ကို၊ ရဟန်းတော် ဦး(သောဘိတ)နှင့် ကိုရင်'ဘိုးမှိ'တို့ အစုံအညီပြုလုပ်ကြပြီးလျှင်၊ ပေးအပ်လိုက်ကြပါသည်ဘုရား၊ ။

ကျောက်ကာရွာတွင် စောဒကပက္ခ'ငမိုးရ'ဆိုသူ
အစစ်ခံ ထွက်ဆိုချက်။

(၁၄) ကိုရင်'ဘိုးမှိ' ရှေဦးအခေါက် အခေါ်လာရာ မလိုက်ဘဲ နေသောကြောင့်။ ကိုရင်'ဘိုးမှိ'၏ ညီဖြစ်သူ 'ဘိုးစိ' အခေါ်လာရာတွင်မှ၊ တပည့်တော်'ငမိုးရ' ကိုယ်တိုင် လိုက်ပါသွားရာ။ ကျောင်းကြီးပေါ်တွင် ရဟန်းတော် ဦး(သောဘိတ)နှင့်၊ ကိုရင်'ဘိုးမှိ'တို့အစုံအညီပြုလုပ်ကြပြီးလျှင်။ တပည့်တော်'ငမိုးရ'၏ လက်ဝယ်သို့ ရွှေဆိုင်းရေ-၇၇-ခုနစ်ဆယ့်

ချွန်စ်ဆိုင်းသို့၍ ပေးအပ်လိုက်ကြပါသည်။ ဟုတ်-မဟုတ်၊ မှန်-မမှန်ကို သိရအောင် ထပ်မံရေတွက် စစ်ဆေးသော ကာလ၊ ရွှေဆိုင်းရေ-၇၀-ချွန်စ် ဆယ်သာရှိပါသည်၊ ၎င်းရွှေဆိုင်းတို့ကို ပေးအပ်လိုက်စဉ်အခါကလည်း။ 'ရွှေဂူနီ' ဘုရားကြီးကို မွမ်းမံရန်ငွေ-၂၅၀-၂၀၀-နှစ်ရာငါးဆယ်, နှစ်ရာ လောက်မရပေဘူးလားလို့ရဟန်းတော်ဦး (သောဘိတ) ကမေးလိုက်ပါ သည်၊၎င်းရွှေဆိုင်းတို့ကိုတပည့်တော် 'ငပိုးရ'သည် နေအိမ်သို့ယူဆောင် သွားရော။ ဘုရားကြီးရွှေဆိုင်းမှန်းသိ၍ မရောင်းမချသေးဘဲ၊ 'နှစ်လ'ခန့်ကြာ ကာလပတ်လုံးဆိုင်းငံ့၍ ထားပါသည်။နှစ်လ-ခန့်ကြာသောအခါ။ ရဟန်း တော် ဦး(သောဘိတ)သည် တပည့်တော်၏ နေအိမ်သို့ ကိုယ်တိုင်လာ ရောက်၍၊ ရွှေဆိုင်းတို့ကိုရောင်းသာရောင်းချပါ၊ ရောင်းချ၍အပြစ်မရှိပါဟု ပြောလာပါသည်။ ထိုနောက်လည်း–နှစ်ခါ,သုံးခါလာရောက်ပြောဆိုတိုက် တွန်းသောကြောင့်။ အားနာလှ၍ ရွှေဆိုင်းရေ –၂၆-နှစ်ဆယ့်ခြောက်ဆိုင်း တို့ကို ရောင်းချ လိုက်ရာ၊ အဘိုးငွေ –၂၆⁰– နှစ်ဆယ့် ခြောက် ကျပ် ရရှိပါသည်။ ငွေ-၂၆-အနက်၊ ငွေ-၅-ကို ကိုရင်'ဘိုးမှိ'သို့ပေးလိုက်ရပါ သည်။ ရဟန်းတော် ဦး(သောဘိတ)သို့လည်း ငွေ-၅-ပေးလိုက်ရာ၊ ဦး (သောဘိတ)က တပည့်တော်'ငပိုးရ'အား ရွှေဆိုင်းရောင်းချပေးခ ဟု ဆို ၍ ပြန်ပေးလိုက်ပါသည်၊ ကျန်ငွေ-၁၆-ကို တပည့်ဘော်အိမ်ကငွေ-၄- နှင့်တကွ ဒါယကာ'ညိုအုပ်'လက်သို့ပေးအပ်လိုက်ရပါသည်၊ကျန်သော ရွှေဆိုင်းရေ–၄၀-ကိုကား၊ ကိုရင်'ဘိုးမှိ'လက်သို့ပေးအပ်လိုက်ရပါသည် ဘုရား။ ။

ကျောက်ကာရွာ'ရွှေဂူနီ'ဘုရားကြီးပရိဝုဏ်အတွင်း၊ ခင်မွှန်သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကိုယ်တိုင်၊စစ်ဆေးမေးမြန်းရာ။စောဒကပက္ခ 'ငပိုးရ'ဆိုသူ အစစ်ခံ ထွက်ဆိုချက်။

(၁၅) ဘုရားတပည့်တော် 'ငထိန်း' နေအိမ်မှာရှိစဉ်အခါ၊ ရဟန်း တော် ဦး(သောဘိတ)နှင့် ကိုရင်'ဘိုးမှိ'တို့သည် လာရောက် ကြ၍။ ရွှေ ဆိုင်းအဘိုးငွေကို တောင်းယူဘူးပါသည်။ သားဖြစ်သူ 'ငပိုးရ'ပြောဆို၍ ရွှေဆိုင်းရေ-၃၀-ကိုရောင်း၍ရသော အဘိုးငွေ -၃၀-အနက်က၊ငွေ-၂၀ ကို ရာဇဝတ်အုပ်မင်းအား ပေးလိုက်ရကြောင်း။ ကျန်ငွေ-၁၀-အနက်က ငွေ-၅-ကို ကိုရင် 'ဘိုးမှိ'အားပေးလိုက်ရကြောင်း၊ ကျန်ငွေ-၅-ကိုကား။

ရဟန်း ဦး(သောဘိတ)အား ပေးအပ်ရေး ဝါကျုတ်မှယူပါမည် ဆိုလိုက် ကြောင်းကို သိရပါသည်။ မိမိကိုယ်တိုင်မူကား မကြားမမြင်မိပါဘုရား။

ခင်မွန်ရွာ,ဗောဓိတောရတိုက်တွင်(သုံးဂိုဏ်းချုပ်)ဆရာတော်
ဘုရားကိုယ်တိုင် စစ်ဆေးရာ၌ 'ငပိုးရ'၏ အသာ
'ငထိန်း' ဆိုသူ အစစ်ခံထွက်ဆိုချက်။

ဤသို့စောဒက,စောဒကပက္ခ,ရုဒိတက,ရုဒိတကပက္ခ,အမှုသည်သက် သေသာခကပုဂ္ဂိုလ်တို့ထွက်ဆိုကြသောအစစ်ခံစကားရပ်ရတို့ဖြင့်။ရုဒိတ ကပုဂ္ဂိုလ်တို့၌(ဝဏ္ဏနာကာရ,ဝိဂ္ဂဟပနာကာရ) များစွာထင်သောကြောင့်၊ရု ဒိတကရဟန်းတော်-ရှင်(သောဘိတ)ကို မိမိပေးသော ပဋိညာဏ် ဝန်ခံ ချက်စကားဖြင့် မဆုံးဖြတ်သာ၊ သို့ပင်မဆုံးဖြတ်သာသေးသည်။ ။

ကောဇာသက္ကရာဇ်-၁၂၄၀-ပြည့်နှစ်။ ကဆုန်လပွဲတော်အတွင်း၊ အ ရပ်ရပ် မြို့,ကျေး,ရွာ,ဒါယကာ, ဒါယိကာမ ကြီးငယ်တရပ်တို့က 'ရွှေဂူနီ' မြတ်စွာဘုရားကို မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ 'ရွှေသင်္ကန်း' ကပ်လှူ ပူဇော်ကြ ရာ၊ ရွှေဆိုင်းရေမည်မျှမသိ၊ တပည့်တော် ရှင်(သာသန)၏အထံ၌အပ်နှံ ထားခဲ့ကြပါသည်ဟူ၍။ ရွှေဆိုင်း စောင့်ရှောက်နေသူ ဝေါပက ရှင်(သာ သန)၏ လျှောက်လွှာစကားရပ်ဖြင့်ရင်း။ ။

မြတ်စွာဘုရားသခင်၏ ကိုယ်တော်စား ရုပ်ပွားတော်ဖြစ်သော၊ ဤဥမ္မ သာ စေတီတော်မြတ်အား၊ ဤရွှေပန်း,ဤရွှေဆိုင်း,ဤရွှေသင်္ကန်း တို့ကို ကပ်လှူပူဇော်ပါ၏။ ကိုယ်တော် အရှင်မြတ်အားလည်း၊ အထူးထူးသော ဒါနပစ္စည်းတို့ကိုလှူဒါန်းပါ၏။ ဤနည်းအတိုင်း ရေစက်သွန်းချပါသည်။ဒါယ ကာ,ဒါယိကာမ တို့သည်။ ရိုးရှုပ်ခြင်းစသည်ဖြင့် အခွင့်မသာသောအခါ တို့၌၊ တပည့်တော် ရှင်(သာသန)၏ အထံ၌ အပ်နှံထားခဲ့ကြပါသည်။

ဟူသော ဝေါပက စောဒက ရှင်(သာသန)၏ ဒုတိယအစစ်ခံစကားရပ် ဖြင့်ရင်း။ ပျောက်ပျက်ဆုံးပါးလေသော ရွှေဆိုင်းများသည်။ 'မနုဿ' ဓာတ် ရှိသောသာမာန်ဝေါပကဖြစ်သူ ရှင်(သာသန)အစရှိသောရဟန်း,ရှင်,လူတို့ ၏ မိမိတို့ပိုင်ပစ္စည်း'သကသန္တက'အဖြစ်ဖြင့် သိမ်းပိုက်စောင့်ရှောက်ထား အပ်သော'ပရပရိဂ္ဂဟိတသတ္တာ' ကြောင်းမဟုတ်။ 'မနုဿ'ဓာတ်မရှိသော ကျောက်ကာရွာ'ရွှေဂူနီ'စေတီတော်မြတ်၏ပစ္စည်း'စေတိယသန္တက'သာ ဖြစ်၍။ 'အသာမိကသတ္တာ' ကြောင်းပင်စစ်ဖြစ်ကြောင်းကို အတတ် သိသာ

ထင်ရှားသည်။ သို့ဖြစ်၍ 'မနုဿ' ဇာတ်ရှိသောသူ ဝေါပကပုဂ္ဂိုလ်တို့၏ အပိုင်ပစ္စည်းဖြစ်သော 'ပရပရိဂ္ဂဟိတဘဏ္ဍာ' ကို ခိုးယူရာ၌အဆုံးဖြတ်ရမည် မဟုတ်။ 'မနုဿဇာတ်မရှိသော 'ရွှေဂူနီ' စေတီတော်မြတ်၏ပစ္စည်း၊ 'စေတိယသန္တက' ဖြစ်သောအဿာမိ ကဘဏ္ဍာကိုခိုးယူရာ၌သာအဆုံးဖြတ်ရမည် ဖြစ်သောကြောင့်။ ပါဠိတော်၊အဋ္ဌကထာ၊ဋီကာ ကျမ်းဂန် အတန်တန်တို့ ကို အဘန်ဘန် ကြည့်ရှု၍ ဉာဏ်ဖြင့် သက်ဝင် ဆင်ခြင်ပြန်လျှင်။ ။

(၁) ဒေဝတာ (ယာ)ပနုဒ္ဒိဿ ဗလိကမ္မံ ကရောန္တေဟိ ရုက္ခာဒိသု လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထိ။ ။

ပါရာဇိကကဏ်အဋ္ဌကထာ။

(၂) ရုက္ခာဒိသု လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထီတိ မနုဿေဟိ အပရိဂ္ဂဟိတံ သန္ဓာယဝုတ္တံ၊ သစေ ပန တံ အာရက္ခကေဟိ ပရိဂ္ဂဟိတံ ဟောတိ၊ ဂဟေတုံ န ဝဋ္ဋတိ။ ။

သာရတ္ထဒီပနီ။

(၃) ရုက္ခာဒိသု လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထီတိ မနုဿေဟိ အဂေါပိတံ သန္ဓာယ ဝုတ္တံ။ သစေ ပန တံ ဒေဝါလယ စေတိယ ရုက္ခာဒိသု နိယုတ္တေဟိ ပုရိသေဟိ ရက္ခိတ ဂေါပိတံ ဟောတိ။ ဂဟေတုံ န ဝဋ္ဋတိ။ ။

ဝိမတိဝိနောဒနီ ဋီကာ။

(၄) ယံဝါ ပရိစ္စတ္တံ ဒေဝတာဒီနံ၊ ဇာတံ သဗ္ဗံ အဿာမိက ဝတ္ထုနာ မ၊ ဒေဝတာနံဝါ၊ ဗုဒ္ဓရတနာနံဝါ၊ ပရိစ္စတ္တံ ပရေဟိ စ အာရက္ခကေဟိ ပရိဂ္ဂဟိတံ။ ပရပရိဂ္ဂဟိတမေဝ။ တသာရူပေ ဟိ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတွာ ဟနနာဒိကံ ကရေယျုံ။ ။

ဝဇိရဗုဒ္ဓိ ဋီကာ။

(၅) ဒေဝတာ (ယာ) ပနုဒ္ဒိဿ ဗလိကမ္မံ ကရောန္တေ ရုက္ခာဒိသု လဂ္ဂိတ သာဋကေ ဝတ္တဗ္ဗမေဝ နတ္ထိ၊ တဉ္စခေါ အာရက္ခကေဟိ အပရိဂ္ဂဟိတော။ ပရိဂ္ဂဟိတံ ပန ဂဟေတုံ န ဝဋ္ဋတိ။ ။

ကင်္ခါဝိတရဏီ ဋီကာသစ်။

ဤသို့ ပြဆိုအပ်သော-ဋီကာ ပါဌ်တို့ဖြင့်။ နတ်ကွန်း, နတ်စင်, စေတီ ထိုက်သော သစ်ပင်, စေတီတော်စသည်တို့၌ အမြဲစောင့်ရှောက်၍ နေကြကုန်သော 'အာရက္ခ-ဂေါပက' ပုဂ္ဂိုလ်တို့သည်။ ထိုနတ်ကွန်း 'နတ်စင်, စေတီထိုက်သော သစ်ပင်, စေတီတော်စသည်တို့၌၊ လူတို့ချိပ်ဆွဲတင်လှူပူဇော်အပ်သော အဝတ် ပုဆိုး စသောပစ္စည်းတို့ကို၊ မိမိတို့ပိုင်ပစ္စည်း 'သကသန္တက' အဖြစ်သို့ရောက်အောင်ယူ၍ သိမ်းဆည်းသိမ်းစောင့်ရှောက်ကုန်ငြားအံ့။ ထိုသို့ စောင့်ရှောက် အပ်သော ပစ္စည်းသည်။ 'ဒေဝတာသန္တက စသည်မဟုတ်။ ဂေါပကပုဂ္ဂိုလ်တို့ပိုင်ဆိုင်သောပရပရိဂ္ဂဟိတဘဏ္ဍာ' သာဖြစ်သည်။ ထိုသို့အာရက္ခကပုဂ္ဂိုလ်တို့က 'ဒေဝတာသန္တက, ဗုဒ္ဓသန္တက, ဓမ္မသန္တက, စေတိယသန္တကဖြစ်သောအဝတ်ပုဆိုးအစရှိသောပစ္စည်းတို့ကိုမိမိတို့ပိုင်ပစ္စည်း 'သကသန္တက' အဖြစ်သို့ရောက်အောင်သိမ်းယူသိမ်းလုံခြုံစေအပ်သော 'ပရပရိဂ္ဂဟိတဘဏ္ဍာ' ကိုခိုးယူလျှင်သာ၊ခိုးယူသူ 'အဝဟာရက' ပုဂ္ဂိုလ်၌ အဖြစ်ရှိကြောင်းပြဆိုတော်မူကြသည်ဟုယထာဘူတ အဓိပ္ပါယ်ကိုယူသင့်သည်။ ယူသင့်ကြောင်းကိုလည်းသာမညဖြစ်သောအဋ္ဌကထာစကားမှ ဝိသေသသာမူ၍ 'သစေပန' စသည်ဖြင့် တက်ပြသောစကားသည်။ဝိသေသ, အန္ဓယ, ဗျတိရေကစကားဖြစ်သောကြောင့် အတတ်သိသာသည်။ဤဆိုအပ်ခဲ့ပြီးသောယထာဘူတအဓိပ္ပါယ်ကို "ဋီကာ" ပါဌ်တို့ဖြင့်ပြသည်ဟုယူသင့်သောကြောင့်၊စောဒကဖြစ်သူ-ရှင် (သာသန) သည်ဂေါပကပြုလုပ်၍၊ စောင့်ရှောက်သိမ်းဆည်းသိမ်းလုံခြုံစေသော်လည်း၊ မနုဿသန္တက အဖြစ်သို့မရောက်သေးသော 'စေတိယသန္တက, ဗုဒ္ဓသန္တက' သာဖြစ်သောရွှေဆိုင်းငွေများစွာတို့ကိုအကာယ်စင်စစ် 'ရဒိတက' ရှင် (သောဘိတ)သည်။ထေယျစိတ်အရဖြင့်ခိုးယူ စေကာမူ။ ၊

"ယံ ဝါ ပရိစ္စတ္တံ ဒေဝတာဒီနံ။ ဣဒံ သဗ္ဗံ အသာမိက ဝတ္ထုနာမ" ဟူ၍ "ဝဇိရဗုဒ္ဓိ ဋီကာ' ဆရာ မိန့်ဆိုအပ်သည်နှင့်အညီ။ထိုစေတိယသန္တက, ဗုဒ္ဓသန္တကသာဖြစ်သောရွှေဆိုင်းများသည်။ 'အသာမိကဘဏ္ဍာ' သာဖြစ်၍၊ အဒိန္နာဒါနသိက္ခာပုဒ်တော်၌ ပညတ်တော်မူအပ်သော "ပါရာဇိကအာပတ်, ထုလ္လစ္စည်း" အာပတ်တို့ဖြင့် မဆုံးဖြတ်သာ။ ၊

ဤအရာ၌ ရှင်(သာသန)သည်၊ဂေါပက ပြုလုပ်၍ စောင့်ရှောက်နေသော်လည်း၊ စေတီယသန္တက ဖြစ်သော ရွှေဆိုင်းများကို မိမိ မပိုင်ဆိုင်သောကြောင့်၊ 'ဘဏ္ဍာသာမိက' ပုဂ္ဂိုလ်မဟုတ်ဟု မှတ်ရမည်။ စေတီတော်၏

ပစ္စည်းများကိုမပျောက်မပျက်ရအောင် စောင့်ရှောက်၍ နေကာသျှဖြစ်သော သာမန် ဂေါပကပုဂ္ဂိုလ်သာဖြစ်သည်။ မနုဿဇာတိက ပင်ဖြစ်သော်သည်း ဘတ္တာသာမိက မဟုတ်သော ရှင်(သာသနာ) သည် စောင့်ရှောက်အပ်သော ရွှေဆိုင်းများသည်လည်း ပရပရိဂ္ဂဟိတဘတ္တာမဟုတ်။ နစပရ ပရိဂ္ဂဟိတ ဘတ္တာ သာဖြစ်သင့်သည်။ ။

(ည) တာဟိ အပရိစ္စာဂ ရက္ခဏာ ဂေါပနာဟိ ကေဟိ ဘတ္တာသာမိ ကေတိ ပရေဟိ ပရိဂ္ဂဟိတန္တိ ပရပရိဂ္ဂဟိတံ။ ။

ဟူ၍-မိန့်ဆိုအပ်သော ပါရာဇိကကဏ်အဋ္ဌကထာပါဠိနှင့်အညီ၊ စောရ တောပရ, မနုဿဇာတိက, ဘတ္တာသာမိက ဖြစ်သော ပုဂ္ဂိုလ်တို့သည်၊ အပရိစ္စာဂလက္ခဏာ, ရက္ခဏာလက္ခဏာ ဂေါပနလက္ခဏာ, သုံးပါးတို့ဖြင့် စောင့်ရှောက်လုံခြုံစေအပ်သော အဒိန္န, အနိဿဋ္ဌ, အပရိစ္စတ္တ, ရက္ခိတ, ဂေါပိတ, မမာယိတ ဖြစ်သော ပစ္စည်းသည်သာ ပရပရိဂ္ဂဟိတဘတ္တာဖြစ်သည်။ ပရပရိဂ္ဂဟိတ ဟူသောပါဠိ၌လည်း။ ပရသဒ္ဒါ၏အရကိုလည်း။ စော ရတောပရ,မနုဿဇာတိက, ဘတ္တာသာမိက,ဖြစ်သောပုဂ္ဂိုလ်ကိုသာ ယူရမည်၊ ယူသင့်ကြောင်းကို ဆိုခဲ့ပြီးသော ပါဇိရာကဏ် အဋ္ဌကထာပါဠိ ဖြင့်ရင်း၊ ။

အညဿ မနုဿဇာတိကဿ ဝသေန ပရပရိဂ္ဂဟိတံ၊ ။ဟူသောကင်္ခါ ဝိတရဏီအဋ္ဌကထာစကားဖြင့်ရင်း သိသာထင်ရှားသည်။ ပရိဂ္ဂဟိတသဒ္ဒါ ၏အရကိုဆိုအပ်ခဲ့ပြီးသော လက္ခဏာသုံးပါးတို့ဖြင့် စောင့်ရှောက်လုံခြုံစေ အပ်သော ပစ္စည်းကိုယူရမည်၊ မနုဿဇာတိက, ဘတ္တာသာမိက ပင် ဖြစ် သော်လည်း မိမိ၏ပစ္စည်းကို မိမိခိုးယူရာ၌ 'စောရတောပရ' မဟုတ်သော ကြောင့်၊ မိမိစောင့်ရှောက်လုံခြုံစေအပ်သော ပစ္စည်းသည် ပရပရိဂ္ဂဟိတ ဘတ္တာ မမည်။ နစပရပရိဂ္ဂဟိတဘတ္တာ မည်ကြောင်းကို။ ။

(ဋ) တတြ ယာဒေတံ နစပရပရိဂ္ဂဟိတန္တိ ဝုတ္တံ။ တံ အနုဋ္ဌာဝုတ္တ ကံ ဝါ ဟောတု၊ ဆဍ္ဍိတံ ဆိန္နမူလကံ အသာမိကဝတ္ထု အတ္တ နော သန္တကံ ဝါ ဥဘယမ္ပိ နေ၀ ပရပရိဂ္ဂဟိတ ဘာဝံ သဉ္ဇ ဂစ္ဆတိ၊ ။

ဟူ၍-ပါရာဇိကကဏ် အဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်၊ ။

ဤသို့မိန့်ဆိုအပ်သော အဋ္ဌကထာ,ဋီကာစကားများကို ထောက်ထား ဆင်ခြင် စဉ်းစား၍။ ယခု ပျောက်ပျက် ဆုံးပါးသော ရွေဆိုင်း များသည် "မနုဿာဓာတိက" မဟုတ်သော စေတီတော်မြတ်၏ ပစ္စည်း, စေတိယ သန္တက သာဖြစ်သောကြောင့်၊ အသာမိကဝတ္ထု အရာ၌တည်၍ "နစပရ ပရိဂ္ဂဟိတဘဏ္ဍာ" မည်သင့်ကြောင်းကိုအတတ်သိသာထင်ရှားသည်။

သို့ဖြစ်သောကြောင့်-အကယ်၍ အာရက္ခက, ဂေါပက ပုဂ္ဂိုလ်တို့က မိမိတို့ပိုင်ပစ္စည်း'သကသန္တက' အဖြစ်သို့ရောက်အောင် သိမ်းယူသိမ်း လုံခြုံစောင့်ရှောက်အပ်သောပရပရိဂ္ဂဟိတဘဏ္ဍာမဟုတ်။ စေတိယသန္တက ဗုဒ္ဓသန္တက,ဓမ္မသန္တက,ဒေဝတာသန္တက,၏အဖြစ်ဖြင့် မပျောက် မပျက်ရအောင်။လုံခြုံရုံသာသိမ်းဆည်းစောင့်ရှောက်အပ်သောစေတိယသန္တက, ဗုဒ္ဓသန္တက, ဓမ္မသန္တက,ဒေဝတာသန္တက,တည်းဟူသော အသာမိကဝတ္ထုဖြစ်သော နစပရပရိဂ္ဂဟိတဘဏ္ဍာ တို့ကို၊ ထေယျစိတ်ဖြင့် ခိုးယူသော 'အဝဟာရက'ပုဂ္ဂိုလ်၌။ ခိုးယူအပ်သော အဝဟာရိတဘဏ္ဍာအား လျော်စွာ သင့်ရောက်သော 'အာပတ္တိဒေသ'ကိုအောက်၌ ပြဆိုအပ်ခဲ့ပြီးသော"ဋီကာ" ပါဠိတို့ဖြင့် ပြဆိုသည်ဖြစ်လျှင်ရင်း။ ပြဆိုသည်ဟူ၍ အဓိပ္ပါယ်ကိုယူလျှင်ရင်း။ ။

(၅) ပဉ္စဟာကာရေဟိ အဒိန္နံ အာဒိယန္တဿ အာပတ္တိဒုက္ကဋဿ၊ နစ ပရပရိဂ္ဂဟိတံ ဟောတိ၊ ပရပရိဂ္ဂဟိတသညီ စ။ ဂရုကော စ ဟောတိ ပရိက္ခာရော, ပဉ္စမာသကော ဝါ, အတိရေကပဉ္စမာသကော ဝါ၊ ထေယျစိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ။ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ဒုက္ကဋဿ။ ဌာနာ စာဝေတိ, အာပတ္တိဒုက္ကဋဿ။ ။

ပါရာဇိကကဏ်ပါဠိတော်။

(၃) တတြာယံ သင်္ခေပတ္ထော၊ အဒိန္နံ အာဒိယန္တဿ ပရပရိဂ္ဂဟိတဉ္စ ဟောတီတိ အာဒိနာ နယေန ဝုတ္တေဟိ ပဉ္စဟာကာရေဟိ ပါရာဇိကံ ဟောတိ၊ နတေဟေဝ ဦနေဟိတိ။ ။

ပါရာဇိကကဏ်အဋ္ဌကထာ။

(ဎ) အဒိန္နံ အညာတ မနုဿဇာတိ ကာယ သတ္တကံ။ ။

ကင်္ခါဝိတရဏီ အဋ္ဌကထာ။

(ဏ) အညာတ နေသ ဇာတိကာယ ဝသေန ပရပရိဂ္ဂဟိတံ။ ပရ ပရိဂ္ဂဟိတ တသညိတာ၊ ဂရုပရိက္ခာရော၊ ထေယျစိတ္တံ၊ ဝုတ္တပ္ပ ကာရေန အဝဟာရေန ဝသေန အဝဟရဏ္ဍာတိ ဇာမာနေအ ပဉ္စအင်္ဂါနိ။ ။

ကင်္ခါဝိတရဏီ အဋ္ဌကထာ။

(တ) မနုဿသံ, တထာသညီ။ ထေယျစိတ္တ, ဝတ္ထုနော၊ ဂရုတာ, အဝဟာရော၊ အဒိန္နာဒါန ဟောတုယော။ ။

ခုဒ္ဒသိက္ခာ အဋ္ဌကထာ၊

(ထ) မနုဿသာနံ မနုဿသန္တကတာ။ တထာသညိတ မနုဿ သန္တကဝသေန ပရပရိဂ္ဂဟိတသညီ၊ ။

ခုဒ္ဒသိက္ခာ ဋီကာ။

ဤသို့ဖြဆိုအပ်သော ပါဠိတော်,အဋ္ဌကထာ,ဋီကာပါဌ်, စကားရပ်တို့ဖြင့်။ မနုဿဇာတ်ရှိသောပုဂ္ဂိုလ်၏ပစ္စည်းဟုဆိုအပ်သော မနုဿသန္တက ကိုသာ ခိုးယူသော အဝဟာရကပုဂ္ဂိုလ်၌ အဝဟာရိတဘဏ္ဍာ အား လျော်စွာ သင့်ရောက်သော အာပတ္တိဒေါသ ကို ဖြဆိုတော် မူကြသည်။ မနုဿဇာတ်မရှိသော တိရစ္ဆာန်,ပြိတ္တာ,ဒေဝတာ, စေတိယ,ဗုဒ္ဓ,ဓမ္မ တို့၏ ပစ္စည်းကို ခိုးယူသော အဝဟာရကပုဂ္ဂိုလ်၌၊ ခိုးယူအပ်သော အဝဟာရိတဘဏ္ဍာအားလျော်စွာ သင့်ရောက်သော 'အာပတ္တိဒေါသ' ကိုမဖြမဆိုသောကြောင့်၊ ဤပါဠိတော်,အဋ္ဌကထာ,ဋီကာပါဌ်တို့နှင့်၊ ယခင်အောက်၌ ဖြဆို အပ်ခဲ့ပြီးသော သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီ, ဝဇိရဗုဒ္ဓိဋီကာ, ကင်္ခါဋီကာသစ် ဆရာတို့၏ စကားသည်၊ မညီလွဲစင် ဆန့်ကျင် ခြင်းသို့ ရောက်ရသည်၊ ။

အကယ်၍၊ ဆန့်ကျင် ခြင်းသို့ ရောက်သည် ဖြစ်ခဲ့လျှင်လည်း။ သုတ္တ, သုတ္တာနုလောမ,အာစရိယဝါဒ,အတ္တနောမတိ တည်းဟူသော ဝိနည်းလေး ပါးတို့တွင်၊ အတ္တနောမတိသည်သဗ္ဗဒုဗ္ဗလ ဖြစ်သည်၊ အာစရိယဝါဒနှင့်ညှိနှိုင်း၍ ညီညွတ်သောသာယူရ၏။ မညီညွတ်မှုကား ပယ်စွန့်ရာ၏၊ အာစ

ရိယဝါဒ ကိုလည်း၊ သုတ္တာနုလောမနှင့်ညှိနှိုင်း၍ ညီညွတ်သော်သာယူရာ၏။ မညီညွတ်မူကားမယူရာ။ သုတ္တာနုလောမ ကိုလည်း။ "ဝိနယပိဋက" ပါဠိတော်တည်းဟူသော သုတ္တနှင့်ညီညွတ်စေ့စပ်သော်သာ ယူရာသည်၊ မညီမညွတ်မူကား မယူရာ ဟူ၍၊ ပါရာဇိကကဏ် အဋ္ဌကထာ၌ မိန့်မှာတော်မူသောကြောင့်၊ အတ္တနောမတိမျှသာဖြစ်၍ သမ္ဗုဒ္ဓမူလ ဖြစ်သောဋီကာပါဌ်တို့ထက် ဗလဝတရ ဖြစ်သော သုတ္တ, သုတ္တာနုလောမ တည်းဟူသော ပါဠိတော်,အဋ္ဌကထာ တို့၌သာလျှင်မြဲခိုင်စွာတည်သင့်သည်။

ဤကား–အောက်၌ ပြဆိုခဲ့ပြီးသော ဋီကာပါဌ်တို့၏ ယထာဘူတ အဓိပ္ပါယ်ကို မယူမူ၍။ တပါးသောအခြင်းအရာအားဖြင့် အဓိပ္ပါယ်ကိုယူ၍။ ဖြစ်သင့်သော 'လဒ္ဓဒေါသ' ကိုဘော်ပြသောစကားတည်း။ ။

ဤသို့ အတ္တနောမတိမျှသာ ဖြစ်သော ဋီကာဝါဒတို့ထက် ဗလဝတရ ဖြစ်သော ပါဠိတော် အဋ္ဌကထာ,တို့၌သာလျှင် မြဲခိုင်စွာ တည်သင့်သော ကြောင့်ရင်း၊ ။

အောက်၌ ပြဆိုခဲ့ ပြီးသော ဋီကာပါဌ်တို့ဖြင့်၊ အာရက္ခက, ဂေါပက ပုဂ္ဂိုလ်တို့က မိမိတို့ပိုင် ပစ္စည်းအဖြစ်သို့ ရောက်အောင် မသိမ်းမယူမူ၍။ နတ်, စေတီတော်, စသည်တို့၏ ပစ္စည်းအဖြစ်ဖြင့်သာ မပျောက်မပျက်ရအောင် လုံခြုံစောင့်ရှောက်သိမ်းဆည်းသိုမှီးထားအပ်သော ဒေဝတာသန္တက စေတိယသန္တကစသောပစ္စည်းကို ခိုးယူသော အဝဟာရကပုဂ္ဂိုလ်၌ သင့်ရောက်သော ပါရာဇိကာပတ္တိဒေါသကိုမပြမဆို။ ဒုက္ကဋ်အာပတ်မျှကိုသာ ပြဆိုသည်ဟူ၍ အဓိပ္ပါယ်တနည်းအားဖြင့်ယူလျှင်။

(ဒ) နကာရပဋိသံယုတ္တေ သု ပန ပဒေသု ဂိလာနဿာပိပဋိက္ခိတ္တ ကြိယံ ကရောန္တဿဒုက္ကဋမေဝ။

ဟူ၍မိန့်ဆိုအပ်သော ပါစိတ္တျာဒိအဋ္ဌကထာ မဟာခန္ဓက၌ လာသောစကားကဲ့သို့။ သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီဋီကာတို့၌ ဂဟေတုံနဝဋ္ဋတိဟူ၍။ နအက္ခရာနှင့်မိန့်ဆိုတော်မူကြသောကြောင့်ရင်း။

ယခုပျောက်ပျက်ဆုံးပါး၊ ခိုးသူယူသွားသော ရွှေဆိုင်းများသည်။ မနုဿဇာတ်ရှိသော စောင့်ရှောက်လုံခြုံစေသူ ဂေါပက(ရှင်သာသန)၏အပိုင်ပစ္စည်းပရပရိဂ္ဂဟိတသန္တကမဟုတ်။မနုဿဇာတ်မရှိသောကျောက်

ကာရွာ-ဇွေ့ဂုနီ,ဝေတီတော်မြတ်၏ပရွှည်းဝေတိယသန္တကသာ ဖြစ်သည်၊ ထိုသို့မနုသဓာတ်မရှိသော ဇွေ့ဂုနီ,ဝေတီမြတ်၏ပရွှည်းဝေတိယသန္တကသာဖြစ်၍ အသာဝိဘဝင္ဆုအချာန္ဒြတည်သော နုစပရုပရိဂ္ဂဟိတ ဘဏ္ဍာဖြစ်သောရွှေဒင်္ဂါးရေ-၇၀ တို့ကိုအကယ်စင်စစ်ခိုးယူစေကာမူ၊ရဒိတာကရုဟန်းတော် (ရှင်သောဘိတ) ကို ဒုတိယသိက္ခာပုဒ်ဒြပညတ်တော်မူအပ်သောပါရာဇိကအာပတ်,ထုလ္လစ္စည်းအာပတ်,ဒုက္ကဋ်အာပတ်တို့တွင်၊ပါရာဇိကအာပတ်ထုလ္လစ္စည်းအာပတ်တို့ဖြင့် မဆုံးဖြတ်သာ၊ အကယ်၍ထေယျစိတ်ဖြင့်ခိုးယူသည်ဖြစ်အံ့၊ဒုက္ကဋ်အာပတ်ဖြင့်သာဆုံးဖြတ်သင့်သောကြောင့်၊ နိဿဂ္ဂိယဝဏ္ဏ-ထင်ရှားမှုချုပ် မိန့်ညီးကိုဖြင့်စွန့်ပစ်၍၊ သတင်းသုံးတော်သံဃာတော်တို့ယုံမှားသင့်လောက်သော ဒုက္ကဋ်အာပတ်၊ မိမိပင်ညာဏ်ပြုသည့်အတိုင်း၊ရွှေဒင်္ဂါးတို့ကိုကျူးသနိုး ရောင်းချခြင်းကြောင့်သင့်ရောက်သော ပယောဂ ဒုက္ကဋ်အာပတ်၊ နိဿဂ္ဂိယပါစိတ် အာပတ်တို့ကိုဒေသနာကံဖြင့်-ကုစားလေ။

သာမဏေ-ဘိုးမှိသည်လည်း၊မိမိပင်ညာဏ်ပြုသည့်အတိုင်း၊မနုသဓာတ်မရှိသောကျောက်ကာရွာ ဇွေ့ဂုနီ,ဝေတီမြတ်၏ပရွှည်းဝေတိယသန္တကဖြစ်သောရွှေဒင်္ဂါးရေ ၇၀ တို့ကိုထေယျစိတ်ဖြင့် ခိုးယူသုံးစွဲရောင်းချမိသောကြောင့်။

(၈) နုပုနေ့ ကရိသာမိတ် ဒုလ္လာ... သိလံပရိပုဏ္ဏံဟောတိ: ။

ဟူ၍မိန့်ဆိုအပ်သော အဋ္ဌကထာပါဠိနှင့်အညီ၊ သာမဏေတို့၏။ သီလနှင့်ပြည့်စုံခြင်းအကျိုးငှာ၊ နောက်နောင်အခါ၌ကဲ့သို့သော အမှုမျိုးကိုမပြုမကျင့်ရ ၊ ... နာ မှု ကြောင်း... အောင် သဒ္ဒါ,ဓေဒေတို့ကိုအခေါက်ပေါင်းများစွာထမ်းဆောင်စေ။

ရဒိတာကရုဟန်းတော်(သောဘိတ) နှင့်သာမဏေ(ဘိုးမှိ)တို့ကို ပါရာဇိကအာပတ်,လိင်နာသန အမှုတို့ဖြင့်မဆုံးဖြတ်အပ်သော်လည်း။

(၉) တံပါနေ့ ပရသန္တကေ အပ္ပသာဝဇ္ဇံ၊ ပဏီတေ မဟာသာဝဇ္ဇံ၊ ကသ္မာ၊ ဝတ္ထုပဏီတတာယ၊ ဝတ္ထုသမတ္တေသတိ ဂုဏာဓိကာနံသန္တကေဝတ္ထုသ္မိံ မဟာသာဝဇ္ဇံ၊

ဟူ၍-အဋ္ဌသာလိနီ ဝေဒေသာကျမ်းဂန်တို့၌။ သီလစသောဂုဏ်ကြီးမားဖြင့်ဖြတ်သော သူတို့၏။ ဥစ္စာကိုခိုးယူရာ၌များစွာအပြစ်ကြီးကြောင်းကို။

မိန့်ဆိုတော်မူကြသောကြောင့်၊ အနုတ္တရ။ လောကသာသမီ။ အပ္ပဋိပုဂ္ဂလ။ ဒွိပဒုတ္တမဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏ ကိုယ်တော်စား။ ရုပ်ပွားဥဒ္ဒိဿစေတီတော်ဖြစ်သော ကျောက်ကာစွာရွှေဂူနီ စေတီတော် မြတ်၏ ပစ္စည်း စေတိယသန္တက ဖြစ်သောရွှေဆိုင်းတို့ကိုနိုးယူ ရောင်းချဖျက်ဆီးသူများဖြစ်၍၊ သံသရာဝဋ်အလွန်ကြီးစွာ ဘေးအေးရောက်ို မိမိတို့ကိုယ်မှ ချရလေအောင်၊ ဖျက်ဆီးသောသူတို့က ဘာဏ္ဍာ စား တည်ထား သင့်သည်။

မြတ်စွာဘုရားသခင်၏ကိုယ်တော်စားရုပ်ပွားတော်ဖြစ်သော ဥဒ္ဒိဿစေတီတော်မြတ်အား။ ဤ ရွှေပန်း, ဤ ရွှေဆိုင်း, ဤရွှေသင်္ကန်းတို့ကို ကပ်လှူပူဇော်ပါ၏။ ကိုယ်တော် အရှင်မြတ်အားလည်း အထူးထူးသော ဒါနဝတ္ထုတို့ကိုလှူဒါန်းပါ၏။ ဤနည်းအတိုင်းရေစက်သွန်းချပါသည်။ ရေစက်သွန်းချပြီးလျှင် ဒါယကာ-ဒါယိကာမတို့သည်စေတီတော်အားရွှေသင်္ကန်း ကပ်လှူကြပါသည်။ ရိုးရာချုပ်ခြင်းစသည်ဖြင့် အခွင့်မသာသောအခါတို့၌ တပည့်တော်(ရှင်သာသန)၏ အထံ၌အပ်နှံထားခဲ့ကြပါသည်။ ကပ္ပိယကာရကပြုလုပ်၍ ငွေလဲ-မိဘာယက်, တို့ကိုပြုပြင်ဆင်၍ ထားစေပါသည် စသည်ဖြင့်၊ ဂေါပက စေဒက(ရှင်သာသန)အစစ်ခံတွက်ဆိုချက်စကား အထင်အရှားရှိသောကြောင့် ဒေသနာအဋ္ဌကထာယနက္ကဒိုဟူ၍ မိန့်ဆိုအပ်သည်နှင့်အညီ။ ကပ္ပိယကာရကတို့ကိုသိမ်းယူစေခြင်း စသည်ဖြင့် စေတီတော်မြတ်၏အကျိုးငှာ။ အကပ္ပိယဘဏ္ဍာဖြစ်သော ရွှေဆိုင်းတို့ကို နုတ်ဖြင့်ခံယူခြင်းကြောင့် ရွှေဆိုင်းများကိုစောင့်ရှောက်လိုခြင်းစေသူ ဂေါပက စေဒကရှင်(သာသန) ကိုလည်း ဒုက္ကဋ်အာပတ်ဖြင့်ဆုံးဖြတ်သင့်သည်။

ကောင်းမွန်လုံခြုံစွာ သိမ်းဆည်းသိုမှီးထားအပ်သောရွှေဆိုင်းများကို နိုးယူရောင်းချဖျက်ဆီးသူများအထင်အရှားရှိသောကြောင့်ရင်း၊

(ပ) ဥပေါသထာဂါရေပဋိမာယဝရစေတိကာသ ပန ဒိဂုဏံယာဂုဘတ္တံ ဒေဝသိကံ တပ္ပူလနာဠိံ သံဝစ္ဆရေ တိစီဝရံ ဒသပိဿ နကံ ကပ္ပိယဘဏ္ဍဉ္စ ဒါတဗ္ဗံ၊ ဘာဝေ ပနတာသတံ အလောဘမာန သောဝ ပမာဒေန တဏ္ဍုကိစ္စံ နသသတိ။ သဗ္ဗဂိဝါ။ ဗန္ဓဝတ္ထာ ဗ လက္ခာရေန အဉ္ဇန္ဓံပန နဂိဝါ၊

ဟူ၍ပါရာဇိကကဏ်အဋ္ဌကထာ၌။ နေ့တိုင်းနေ့တိုင်း သံဃာမှ နှစ်ဆတက်ဖြစ်သော ယာဂုဆွမ်း၊ တကွမ်းစားဆန်ဆံ၊ နှစ်တိုင်းနှစ်တိုင်း တိစီ

ဝရိတ်၊ တဆယ်တန်နှစ်ဆယ်တန်ကပ္ပိယဘဏ္ဍာတို့ကို ဥပုသ်အိမ်သိမ်ဆင်းတုကျောင်းတို့၌ သုတ်သင်ရှင်းလင်းစောင့်ရှောက်၍နေသော အတိုးအခရသော ဝေါပကရဟန်း၌သာလျှင်။ စေတီယသန္တကတရုံ တရပျောက်ပျက်ဆုံးပါးရှိခဲ့လျှင်ဂီဝါ ဖြစ်ထိုက်ကြောင်းကို ပြဆိုတော်မူသောကြောင့်ဇင်း။ ဝေါပက (ရှင်သာသန) ကိုပြဆိုခဲ့ပြီးသော ဝေါပက ပုဂ္ဂိုလ်မျိုး မဟုတ်သောကြောင့် ဂီဝါပြုသင့်သည်ဟူ၍ကား မဆိုးဖြစ်သော။

မင်းချင်းယောကျ်ားတို့ကို ထောက်လှမ်းရုံစမ်းစေသည်ဟူ၍ ဆိုရာ၌လည်း၊ ဩဒိသ အာဇိကာရုပ္ပလုပ်၍ ကြေးငွေပေးပါမည်။ ထောက်လှမ်းရုံစမ်းပေးပါဟူ၍မဆို။ ထောက်လှမ်းရုံစမ်းရလျှင်တော်ပါ၏ ဟူ၍သာပြောဆိုကြောင်းကိုဝေါပက (ရှင်သာသန) အစစ်ခံ ထွက်ဆို သောကြောင့်ဇင်း။ ဤအမှုနှင့်ပတ်သက်စပ်သျဉ်း၍၊ ကြေးငွေ ကုန်ကျသောသူ။ ထောက်လှမ်းရုံစမ်းသော သူဘို့က သန္တကြည်ဖြူ ပေးလှူကြ သောကြောင့်ဇင်း၊ အကယ်ငင်စင်ထောက်လှမ်း ရုံစမ်းစေကာမူ၊ တရုံတရာ ဘဏ္ဍာစားထိုက်သည်ဟူ၍လည်းမဆိုးဖြစ်သော၊

ယင်းသို့ဖြစ်၍စေတီတော်၏အကျိုးငှါ အနာဂတအကပ္ပိယ ဘဏ္ဍာဖြစ်သော ရွှေဆိုင်းများကိုခံယူစေရာ၌ သင့်ရောက်သော ဒုက္ကဋ်အာပတ်ကို အာယတိ သံဝရ၌တည်၍ ဒေသနာကံဖြင့်ကုစားစေ၊

အောက်၌ပြဆိုအပ်ခဲ့ပြီးသောပါဠိတော်,အဋ္ဌကထာ,ဋီကာ ပါဠိတို့နှင့်အညီ။ စုဒိတက ရဟန်းတော် (ရှင်သောဘိတ)၌ ဒုက္ကဋ် အာပတ်မှတပါးသော ပါရာဇိကအာပတ်,ထုလ္လစ္စည်းအာပတ်,တို့တွင် တရုတရာသောအာပတ္တိဒေါသမထင်ရှားစင် သည်ဖြစ်၍၊ စုဒိတက ရဟန်းတော်(ရှင်သောဘိတ)နှင့်-အဟုတကွ၊ သတင်းသုံးတော် သံဃာတော် တို့သည်ဥပုသ်ပဝါရဏာစသော သံဃာကံဖြင့် သမ္ဘောဂ, သံဝါသ နှစ်ပါး။မကွဲမပြား၊ ရှေးအလားသို့၊ တသားတည်း ညီညွတ်စွာပေါင်းသင်း နေထိုင်ကြစေ။

ကောဇာသက္ကရာဇ်-၁၂၄၀-ပြည့်နှစ်။ ပြာသိုလဆန်း ၁၃-ရက်နေ့တွင်၊ ကျောက်ကာရွာ ရွှေဂူနီစေတီတော်မြတ်၏ ပရိဝုဏ်အတွင်း အရှေ့ ဘက်စရပ်တန်း၌၊ ခင်မွန်ရွာသံဃာ, ကျောက်ကာရွာ သံဃာ,သာစည်ရွာ-သံဃာတော်တို့ အစည်းအဝေးအရုံအညီတွင်၊ အလုံမြို့အောက်တိုက်နယ် ခင်မွန်ရွာ ဗောဓိတောရတိုက် သုံးဂိုဏ်းချုပ်ဆရာတော်ဘုရား

ကြီးသည်၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့နှင့်အညီရေးသားစီရင်ဆုံးဖြတ်အပ်သော အဆုံးအဖြတ်။

## ဤဝိနိစ္ဆယ၌ ယထာက္ကမ သာဓကပါဠိတို့၏ အနက်ကား။

(က) အာပတ္တာဒိသညနုသညာဟော၊ အာပတ်သင့်ခြင်းကို ရှုခြင်း၌ အားထုတ်ခြင်းကို။ ကုဒါစနံ၊ တရံတခါမျှ။ နကာတဗ္ဗော၊ မပြု မလုပ်အပ်။ အနာပတ္တိ၊ အာပတ်မသင့်ရောက်သည်ကိုသာ။ ပဿိဿာမိ၊ ရှုပါအံ့။ ဣတိ ဤသို့၊ မာနသံ၊ စိတ်ထားကို။ ကယိရာထ၊ ပြုကျင့်ရာ၏။ ၊

## ပါရာဇိကကဏ်အဋ္ဌကထာအနက်။

(ခ) ဝိနယဓရော၊ ဝိနည်းဖြတ်ထုံး။ လက်သုံးစွဲသို့။ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည်။ အာမိသံ၊ ရဒိတက၊ စောဒကတွင်။ အညတြ၊ နိုင်ရသွင်းပြု၊ စတုပစ္စယ။ အာမိသကို၊ နိဿာယ၊ သိမ်းပိုက်ခံမှု။ အမှိုပြု၍။ နကရေ၊ လောဘာတိစီး။ ဒေါသကြီးနှင့်။ စီးနင်းတောင့်ဖြတ်၊ တဘက်သတ်ဖြင့်။ ဆုံးဖြတ်မပြုရာ။ ပုဂ္ဂလဥ္စ၊ ရဒိတက၊ စောဒကနှင့်။ ပက္ခသွင်းဆို၊ ပုဂ္ဂိုလ်ကိုလည်း။ နိဿာယ၊ ဥပဇ္ဈာယ်နှင့်၊ တသွယ်ဆရာ။ ဥာတကာဟု၊ ဝံ့ ညွှာသမှု၊ အမှိုပြု၍၊ နကရေ၊ လေးဖြာအဂတိ။ လိုက်စားဘိ၍။ စွမ်းညီစွဲကပ်၊ ဆုံးဖြတ်သမှု မပြုရာ။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော၊ ဧတေ၊ ထိုအာမိသ, ပုဂ္ဂလ တို့ကို ဝိဝဇ္ဇေတွာ၊ ဝေးစွာခွါတဲ။ ရှောင်ကြဉ်လွှဲ၍။ ယထာဓမ္မော၊ သဘောအား လျော်စွာ။ တနည်းကား၊ ယထာ၊ အကြောင်းအခြင်းအရာအားဖြင့်။ ဓမ္မော၊ ဟုတ်မှန်တိုင်းသော သဘောသည်။ ဌိတော၊ တည်၏။ တထာ၊ ထိုဟုတ်မှန်တိုင်းသော သဘောအားဖြင့်၊ ကရေ၊ ဆုံးဖြတ်ရာ၏။ ဆုံးဖြတ်လေ။

## ပရိဝါ ပါဠိတော်အနက်။

(ဂ) အနုဝိဇ္ဇကေန၊ စစ်ဆေးမေးမြန်းသော အနုဝိဇ္ဇကပုဂ္ဂိုလ်သည်၊ ကထံ၊ အဘယ်သို့၊ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်ပါသနည်း။ ဣတိ၊ ဤကား အမေးပုစ္ဆာတည်း။ အနုဝိဇ္ဇကေန၊ စစ်ဆေးမေးမြန်းသောအနုဝိဇ္ဇကပုဂ္ဂိုလ်သည်။ ယေန ဓမ္မေန၊ အကြောင်းဟုတ်မှန် တိုင်းသော သဘောဝတ္ထုဖြင့်။ ယေန ဝိနယေန၊ အကြောင်းစောဒနာဝိနည်း, သာရဏာဝိနည်းဖြင့်။ ယေန သတ္ထုသာသနေန၊ အကြောင်းဉတ္တိသမ္ပဒါ, အနုသာဝနသမ္ပဒါဖြင့်၊ တံအဓိကရဏံ၊ ထို အဓိကရုဏ်းသည်။ ဝူပသမတိ၊ ငြိမ်း၏။ တထာ တေဟိ ဓမ္မဝိနယ သတ္ထု

သာသနေပဘိ၊ ထိုဆိုခဲ့ပြီးသော ယထာဓမ္မ,ယထာဝိနယ,ယထာသတ္ထုသာသနတို့ဖြင့်၊ ရူပသမေတဗ္ဗံ ငြိမ်းငြိမ်းစေအပ်၏။ ဧဝံ၊ ဤသို့။ အနုဝိဒ္ဓကေန၊ စစ်ဆေးမေးမြန်းသော အနုဝိဇ္ဇကပုဂ္ဂိုလ်သည်၊ ပဋိပဇ္ဇိတဗ္ဗံ၊ ပြုကျင့်အပ်၏။ ပေရိဝါပါဠိတော်အနက်။

(ဃ) တိ-သင်္ဂမှန်၏ ဝါ၊ ချဉ်းအံ့ဝိနယ ရေသော ဝိနည်းဓိုရ်ပုဂ္ဂိုလ်အားး-၏၊ ဝါ၊ သည်။ တိကံ၊ သုံးပါးကုန်သော၊ လက္ခဏာနိ၊ လက္ခဏာတို့ကို၊ ဇာနိတဗ္ဗာနိ၊ အလိုရှိအပ်ကုန်၏၊ ကတမာနိ တိကံ၊ အဘယ်သုံးပါးတို့နည်းနည်းဟူမူကားအသေ၊ ထိုဝိနည်းဓိုရ်ပုဂ္ဂိုလ်အား၊ သုတ္တံ ဥဘ၊ အလုံးစုံသော ဝိနည်း ပိဋကတည်းဟူသော ပါဠိသည်လည်း။ သွာဂတံ၊ ကောင်းစွာလာသည်၊ သုပ္ပဝတ္တံ၊ သင်,အံ,လေ့ကျက်းအာဂုံရှုက်၍ နှုတ်တက်သောအားဖြင့် ကောင်းစွာဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သုတ္တတော၊ အလုံးစုံသော ဝိနယပိဋက တည်းဟူသော ပါဠိအားဖြင့်၎င်း၊ အနုဗျဉ္ဇနတော၊ ထိုပါဠိ၏ အနက်ကို ထင်စွာပြတတ်သော-ဝေဠဝါဒတည်းဟူသော ပရိပုစ္ဆာ,အဋ္ဌကထာ သင်သောအားဖြင့်၎င်း။ သုဝိနိစ္ဆိတံ၊ ယုံမှားသံသယ ပျောက်ပ,ကင်းလတ်၊ ကောင်းစွာဆုံးဖြတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-ဣဒံ၊ ဤဆိုခဲ့ပြီးသည်ကား၊ ပဌမံ၊ ရှေးဦးသော။ လက္ခဏံ၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ လက္ခဏာတည်း။ ဝိနယေ၊ လဇ္ဇီပုဂ္ဂိုလ်၏အဖြစ်တည်းဟူသောဝိနည်း၌၊ ဌိတော၊ တည်သည်။ ဟောတိ၊ ဖြစ်၏။ အသံဟီရော၊ ဝါဒတပါး၊ လှုပ်ခြောက်ခြားစေခြင်း ငှာမတတ်နိုင်မြဲခိုင်သောသဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-ဣဒံ၊ ဤဆိုခဲ့ပြီးသည်ကား။ ဒုတိယံ၊ နှစ်ခုမြောက်သော။ လက္ခဏံ၊ လက္ခဏာတည်း။ အပရံ၊ ထိုဝိနည်းဓိုရ် ပုဂ္ဂိုလ်အား။ ဝါ၊ ၏။ ဝါ၊ သည်။ အာစရိယ ပရမ္ပရာ၊ အစဉ်အဆက်ဖြစ်သောဆရာတို့၏ အထံ၌။ သုဂ္ဂဟိတာ၊ ကောင်းစွာ သင်ယူအပ်သည်။ သုမနသိကတာ၊ ကောင်းစွာနှလုံးသွင်းအပ်သည်၊ သူပဓာရိတာ၊ အနုသန္ဓေနှစ်မျိုး အကျိုးအကြောင်း အားဖြင့်ကောင်းစွာ ဆောင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဣဒံ၊ ဤဆိုခဲ့ပြီးသည်ကား။ တတိယံ၊ သုံးခုမြောက်ဖြစ်သော၊ လက္ခဏံ ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ လက္ခဏာတည်း။

ပါရာဇိကကဏ္ဍ အဋ္ဌကထာအနက်။

(င) ထေရော၊ နုတ်တိုက်။ ဥပ္ပလ္လသော၊ ရှည်ညွှန်း၍၊ ဗလိကမ္မံ၊ ယတ်နက်တာကို။ အရော နှုတ်၊ ပြုလုပ်သောသူတို့သည်။ ရက္ခာဒိသု၊ သစ်ပင်စ

သည်တို့၌။လဂ္ဂိတသာဒ္ဓံကော၊ချိပ်ဆွဲ၍ထားအပ်သော ပုဆိုး၌။ ဝတ္ထုဗွမေဝ၊ ဆိုဘွယ်စကားသည်သာလျှင်၊ နတ္ထိ၊ မရှိ။ (ဤအရာ၌ "ဒေဝတာယ" ဟု အချို့စာ၌ရှိသည်။ ဤအလိုသော် "ဒေဝတာယ" နတ်အားဟုသမ္ဗန်။ရုက္ခာဒိသု၌ အာဒိသဒ္ဒါဖြင့် နတ်ကွန်း,နတ်ဝင်,တောင်,တောင်ဘို့, စသည်တို့ကို ယူလိုသည်)။ ။

(စ) ရုက္ခာဒိသု လဂ္ဂိတ သာဋကေ ဝတ္ထုဗ္ဗမေဝ နတ္ထိတိ၊ရုက္ခာဒိသု။ လ။ နတ္ထိ ဟူသောစကားကို။မနှသေယတိ၊ လူစောင့်ရှိသူ၊ အစောင့်အရှောက် ဖြစ်ကုန်သော။အာရက္ခက,ဂေါပက,ပုဂ္ဂိုလ်တို့သည်။အပရိဂ္ဂဟိတံ၊ မိမိတို့ ပိုင်(သကာသန္တက)အဖြစ်ဖြင့်၊ မသိမ်းဆည်းအပ်သည်ကို။ သန္ဓာယ၊ရည် ရွယ်၍။ ဝုတ္တံ၊ အဋ္ဌကထာ ဆရာဆိုအပ်၏။ တံ၊ ထိုနတ်ကိုရည်မှတ်၍၊ သစ် ပင်၌ ဆွဲထားအပ်သော အဝတ်ပုဆိုးကို။ အာရက္ခကေဟိ၊ အစောင့် အ ရှောက်ဖြစ်ကုန်သောပုဂ္ဂိုလ်တို့သည်၊ ပရိဂ္ဂဟိတံ၊မိမိတို့ပိုင်၊ "သကာသန္တ က" အဖြစ်ဖြင့်၊ သိမ်းယူအပ်သည်၊ သဝေဟာတိ၊ အကယ်၍ဖြစ်အံ့။ တံ၊ ထိုအစောင့်အရှောက်ပုဂ္ဂိုလ်တို့ သိမ်းယူ အပ်ပြီးသော အဝတ်ပုဆိုးကို။ ဂဟေတုံ၊ ကောက်ယူခြင်းငှာ၊ နဝဋ္ဋတိ၊ ရဟန်းတို့အားမအပ်၊ ။

## သာရက္ခဒိပနိဋီကာအနက်။

(ဆ) ရုက္ခာဒိသု၊လ၊နတ္ထိတိ။ရုက္ခာဒိသု၊ လ၊ နတ္ထိ ဟူသောစကားကို၊ မနုသေယတိ၊ စောင့်ရှောက်ကုန်သူ။ လူတို့သည်။ အဂေါပိတံ၊မလုံခြုံစေအပ် သောအဝတ်ပုဆိုးကို၊သန္ဓာယ၊ရည်ရွယ်၍၊ဝုတ္တံ၊အဋ္ဌကထာဆရာတို့ဆိုအပ် ၏၊တံ၊ထိုနတ်,စေတီ,စေတီယိုက်သောသစ်ပင်စသည်တို့၌ထားအပ်သော အဝတ်ပုဆိုးစသောဘဏ္ဍာဝတ္ထုကို၊ဒေဝါလယ-စေတိယရုက္ခာဒိသု၊နတ် ကွန်း,စေတီတော်,သစ်ပင်စသည်တို့၌။ နိယုတ္တေဟိ၊ အမြဲ ယှဉ်ကုန်သော။ ပုရိသေဟိ၊ ယောကျာ်းတို့သည်။ရက္ခိတ-ဂေါပိတံ၊ မိမိတို့ပိုင် "သကာသန္တ က" အဖြစ်ဖြင့် စောင့်ရှောက်အပ် လုံခြုံစေအပ်သည်။ သစေဟောတိ၊ အ ကယ်၍ဖြစ်အံ့။ ဂဟေတုံ၊ကောက်ယူခြင်းငှာ။နဝဋ္ဋတိ၊ဂေါပကပိုင်ပစ္စည်း ဖြစ်သောကြောင့်၊ ရဟန်းတို့အားမအပ်၊ ။

## ဝိမတိ ဝိနောဒနီ ဋီကာအနက်။

(ဇ) ဝါ၊တနည်းကား၊ဒေဝတာဒိနံ၊နတ်အစရှိသည်တို့အား။ယံ၊ အ ကြင်ဝတ္ထုကို။ ပရိစ္စတ္တံ၊ စွန့်အပ်၏။ အုဒ္ဒိဿဖြင့်၊ ဤအလုံးရုံသောဝတ္ထုသည်၊ အသာမိကဝတ္ထုနာမ၊အသာမိကဝတ္ထုမည်၏၊ ဒေဝတာနံဝါ၊ နတ်တို့အား

ငင်း။ဗုဒ္ဓမွာန်။ဝါ။ဘုရားတရား တို့အားငင်း၊ ပရိက္ခာ၊ စွန့်လှူ အပ်သော ဝတ္ထုကို။ ပရေဟိ၊လှူဒါန်းသောသူမှတပါးကုန်သော၊ အာရက္ခ ကေဟိ၊ အစောင့်အရှောက်ဖြစ်ကုန်သူလူတို့သည်။ စေပရိဂ္ဂဟိတံ၊အကယ်၍ မိမိ တို့ပိုင်“သကာသန္တက” အဖြစ်ဖြင့်ယူ၍။ သိမ်းပိုက်အပ်သည်ဖြစ်အံ့။ ပရ ပရိဂ္ဂဟိတမေဝ၊ သူတပါးတို့သိမ်းပိုက်အပ်သော ပစ္စည်းမည်သည် သာ လျှင်တည်း။ ဟိ-သစ္စံ။ငါ၏စကားမှန်၏။ ဝါ၊အဖြစ်ကိုပြဦးအံ့။ တထာရူပေ၊ ထိုပရပရိဂ္ဂဟ သဘောရှိသော၊ အဝိန္နာဒါနေ၊ ဥစ္စာရှင်သည် ကိုယ်နှုတ် တို့ဖြင့်။ မပေးအပ်သောဥစ္စာဘဏ္ဍာကို ခိုးယူရာ၌။ ဝါ၊ခိုးယူခြင်းကြောင့်။ ရာဇာနော၊ပြည်ပိုင်အစိုးရမင်းတို့သည်၊စောရံ၊ခိုးသူကို၊ ဂဟေတွာ၊ဘမ်း ဆီး၍။ဟနနာဒိကံ၊သတ်ဖြတ်ခြင်းစသည်ကို။ကရေယျုံ၊ပြုကုန်မြဲတည်း။

ဝဇ္ဇိရဗုဒ္ဓိဋီကာအနက်။

(ဈ) ဒေဝတာယ၊ နတ်အား၊ ဥဒ္ဒိဿ၊ရည်ညွှန်း၍။ ဗလိကမ္မံ၊ ဗလိ နတ်စာကို၊ ကရောန္တေဟိ၊ ပြုကုန်သောသူတို့သည်၊ ရုက္ခာဒီသု၊ သစ်ပင် စသည်တို့၌၊ လဂ္ဂိတသာဋကော၊ ချိတ်ဆွဲတင်၍ထားအပ်သော အဝတ်ပု ဆိုးတို့၌။ ဝတ္တဗ္ဗမေဝ၊ ဆိုဘွယ်သည်သာလျှင်။ နတ္ထိ၊ မရှိ၊တစ္ဆခါ၊ ထို စကားကိုလည်း၊ အာရက္ခကေဟိ၊ စောင့်ရှောက်၍ နေကုန်သော သူတို့ သည်၊ အပရိဂ္ဂဟိတော၊ မိမိတို့ပိုင်သကာသန္တကအဖြစ်သို့ ရောက်အောင်မ သိမ်းဆည်းအပ်သော ဥစ္စာ၌၊ ဝုတ္တံ၊ ဆိုအပ်၏။ ပန၊ ဗျတိရိက်ကို ဆိုဦး အံ့။ ပရိဂ္ဂဟိတံ၊ဝေါပကာပုဂ္ဂိုလ်တို့သိမ်းပိုက်အပ်ပြီးသော ဥစ္စာကို။ ဂဟေ တုံ။ ကောက်ယူခြင်းငှာ၊ နဝဋ္ဋတိ၊မအပ်၊

(ည) တာဟိအပရိစ္စာဂမုက္ခတာ ဝေါပနာယဟိ၊ ထို မစွန့်လွှတ် ခြင်း၊ စောင့်ရှောက်ခြင်း, လုံခြုံစေခြင်းတို့ဖြင့်၊ တေဟိဘဏ္ဍသာမိကေဟိ၊ ထို ဘဏ္ဍာရှင်ဖြစ်ကုန်သော၊ ပရေဟိ၊ခိုးသူမှတပါးကုန်သောသူတို့သည်၊ပရိဂ္ဂ ဟိတံ၊သိမ်းပိုက်အပ်သည်တည်း။ ဝါ၊သိမ်းပိုက် အပ်သော ဥစ္စာတည်း။ ဣတိ၊ထို့ကြောင့်။ ပရပရိဂ္ဂဟိတံ၊ ပရပရိဂ္ဂဟိတမည်၏၊

(ဋ) တတြ၊ ထိုပါရတို့၌။ ယဒေတံ-ယံဧတံဝတ္ထု၊ အကြင် တရံ တာရသောဝတ္ထုကို၊ နစပရပရိဂ္ဂဟိတဉ္စ၊နစပရပရိဂ္ဂဟိတံဟူ၍၊ ဝုတ္တံ၊ဘု ရားဟောတော်မူအပ်၏။တံ၊ ထိုဝတ္ထုသည်၊ အနဇ္ဈာဝုတ္ထကံဝါ၊ လူမသိမ်း ပိုက်၊ တောဥ္စဖြစ်သောမြက်,သစ်ရွက်,သစ်သီး,စသည်မှုလည်း။ဟောတု၊ ဖြစ်စေ၊ ဆန္ဒိတံဝါ၊ ထင်းခုတ်ထင်းခွေသောသူတို့သည် အလွန် ဝန်လေး

သောကြောင့် အလိုမရှိသဖြင့်စွန့်ပစ်ချထားခဲ့အပ်သော ထင်း အစရှိသော တရုံတခုသော ဝတ္ထုသည်မှုလည်း၊ဟောတု၊ဖြစ်စေ၊ ဆိန္နမူလကံဝါ၊ နိုး သူလုယက်၊ ပျောက်ပျက်ဆုံးပါးသော ပစ္စည်းကိုလိုက်လံရှာဖွေ၍မတွေ့မ ရသဖြင့်၊ ဥစ္စာရှင်တို့အာလယကင်းပြတ်ပြီးသော ဥစ္စာသည်မှုလည်း။ဟော တု၊ဖြစ်စေ။ သဗ္ဗံ၊ ဆိုပြီးဥသျှ ၊အလုံးရုံသည်၊ အသာမိကဝတ္ထု၊ပိုင်ရှင် မရှိသောဥစ္စာဖြစ်သောကြောင့်။အသာမိကဝတ္ထုမည်၏။ဝါ၊တနည်းကား၊ အတ္တနော၊မိမိ၏။သန္တကံ၊ဥစ္စာသည်။အသာမိကဝတ္ထုမည်၏ဥဘယမ္ပိ၊ဆို ခဲ့ပြီးသော အနုဇ္ဈာဝတ္ထုကဆန္ဒိတ ဆိန္နမူလကတည်းဟူသော အသာမိ ကဝတ္ထု, သကသန္တကတည်းဟူသော အသာမိကဝတ္ထု နှစ်ပါးသည်။ နပရပရိဂ္ဂဟိတတော့်ဝသဉ်ျ ၊ နပရပရိဂ္ဂဟိတာ ဟုခေါ်ဝေါ်ရေတွက်ခြင်း သို့သာလျှင်။ ဂစ္ဆတိ၊ရောက်၏။

(၅) ပဉ္စဟိ၊ ငါးပါးကုန်သော။ အာကာရေဟိ၊အခြင်းအရာတို့ဖြင့်။ အဒိန္နံ ၊ ဥစ္စာရှင်သည်ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ဥစ္စာကို၊ အာဒိ ယန္တဿ၊ ခိုးယူသောရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာ ပတ္တိ၊ ရောက်ခြင်းသည်၊ ဟောတိ၊ဖြစ်၏။ ပရပရိဂ္ဂဟိတဉ္စ၊ သူတပါးတို့ သိမ်းဆည်းအပ်သော ဥစ္စာသည်လည်း၊ နဟောတိ၊မဖြစ်။ ပရပရိဂ္ဂဟိတ သညီစ၊ ဥစ္စာရှင်သူတပါးတို့သိမ်းဆည်းအင်သော ဥစ္စာဟုအမှတ်ရှိသည် လည်း၊ ဟောတိ၊ဖြစ်၏၊ ဂရုကော၊လေးသောပါရာဇိကအာပတ်ကိုဖြစ်စေ တတ်သော။ ပဉ္စမာသကောဝါ၊ငါးပဲ့ထိုက်သည်လည်းဖြစ်သော၊ အတိရေ ကပဉ္စမာသကောဝါ၊ ငါးပဲ့ထက်ပိုလွန်၍ထိုက်သည်လည်း ဖြစ်သော။ ပ ရိက္ခာရောစ၊ ပရိက္ခရာသည်လည်း၊ ဟောတိ၊ဖြစ်၏။ထေယျစိတ္တဉ္စ၊ ခိုးလို သောစိတ်သည်လည်း၊ ပစ္စုပဋ္ဌိတံ၊ရှေးရှုထင်သည်၊ ဟောတိ၊ဖြစ်၏၊အာမ သတိ၊ သုံးသပ်ငြားအံ့။ အဿ၊ ထိုရဟန်းအား။ ဒုက္ကဋဿအာပတ္တိ၊ဒုက္ကဋ် အာပတ်သင့်၏၊ တနည်းကား။ အဿ၊ထိုရဟန်း၏။ဒုက္ကဋံ၊ဒုက္ကဋ်အာပတ် သို့၊အာပတ္တိ၊ရောက်ခြင်းသည်။ဟောတိ၊၏။ဖန္ဒာပေတိ၊တုန်လှုပ်စေငြားအံ့။ အဿ၊ အား၊ ဒုက္ကဋဿအာပတ္တိ၊ဒုက္ကဋ်အာပတ်သင့်၏။ ဌာနာ၊တည်နေရင်း အရပ်မှ။စာဝေတိ။ ရွေ့လျောစေငြားအံ၊ အဿ၊၏၊ဒုက္ကဋံအာပတ္တိ၊ဒုက္ကဋ် အာပတ်သို့ရောက်ခြင်းသည်။ ဟောတိဖြစ်၏။

(၃) တတြ၊ ထိုပဉ္စဟာကာရေဟိ အစရှိသည်၌၊ အယံ၊ဤဆိုလတ္တံ့ သည်ကား၊ သင်္ခေပတ္ထော၊ အကျဉ်းဖြစ်သော ပိဏ္ဍတ္ထတည်း၊အဒိန္နံ အာဒိ

ယာနှသော ပရပရိဂ္ဂဟိတဥ္စ ဟောတိတိ အာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်၊ ဝုတ္တံ ဟိ၊ ဟောတော်မူ အပ်ကုန်သော၊ ပဥ္စဟိ၊ ကုန်သော၊ အာကာရေဟိ၊ တို့ဖြင့်။ ပါရာဇိကံ၊ သည်း ဟောတိ၊ ဖြစ်၏။ တတော၊ ထိုငါးပါးသော အင်္ဂါ အခြင်းအရာတို့အောက်။ ဦနေဟိ၊ ယုတ်လျော့ကုန်သော အခြင်းအရာ အင်္ဂါတို့ဖြင့်။ ပါရာဇိကံ၊ ပါရာဇိကသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤကား အကျဉ်းဖြစ်သော ပိဏ္ဍတ္ထတည်း။

(ခ) အဒိန္နံနာမ၊ အဒိန္နံဟူသည်ကား၊ အညဿ၊ ခိုးသူမှတပါးသော၊ မနုဿဇာတိကဿ၊ ပရိသန္တေအားဖြင့်လူဇာတ်ရှိသောသူ၏။ သန္တကံ၊ အပိုင်ဥစ္စာတည်း။

(ဂ) အညဿ၊ ခိုးသူမှတပါးသော၊ မနုဿဇာတိကဿ၊ ပရိသန္တေအားဖြင့် လူဇာတ်ရှိသောသူ၏၊ ဝသေန၊ အစွမ်းအားဖြင့်။ ပရပရိဂ္ဂဟိတံ စ၊ သူတပါးတို့သိမ်းဆည်းအပ်သောဥစ္စာရင်း၊ ပရပရိဂ္ဂဟိတသညိတာ စ၊ သူတပါးတို့သိမ်းဆည်းအပ်သောဥစ္စာဟု အမှတ်ရှိသည်၏အဖြစ်ရင်း။ ဂရုပရိက္ခာရော စ၊ ငါးပဲငါးပဲထက်ပိုလွန်ထိုက်တန်၍လေးသောပါရာဇိကအာပတ်ကိုဖြစ်စေတတ်သော ပရိက္ခာရာရင်း။ ထေယျစိတ္တဥ္စ၊ ခိုးလိုသောစိတ်ရင်း၊ ဝုတ္တပ္ပကာရာနံ၊ ဆိုအပ်ပြီးသည့် အပြား ရှိကုန်သော၊ အဝဟာရာနံ၊ နှစ်ဆဲ့ငါးပါးသော ခိုးခြင်းတို့၏။ ဝသေန၊ အစွမ်းအားဖြင့်၊ အဝဟရဏဥ္စ၊ ခိုးဆောင်ခြင်းရင်း။ ဣတိ၊ ဤသို့။ ဧတ္ထ၊ ဤဒုတိယပါရာဇိကသိက္ခာပုဒ်၌အင်္ဂါနိ၊ အင်္ဂါတို့သည်၊ ဣမာနိ ပဉ္စ၊ ဤငါးပါးတို့သည်။

(ဃ) မနုဿသန္တကံ၊ လူဇာတ်ရှိသောသူ၏ ဥစ္စာရင်း။ တထာသညိတာ စ၊ ထိုလူဇာတ်ရှိသောသူ၏ ဥစ္စာဟု အမှတ်ရှိခြင်းရင်း၊ ထေယျစိတ္တဥ္စ၊ ခိုးလိုသောစိတ်ရင်း။ ဝတ္ထုနော၊ ခိုးဆောင်အပ်သောဝတ္ထု၏၊ ဂရုတာ စ၊ ငါးပဲ, ငါးပဲထက်ပိုလွန်ထိုက်တန်၍လေးသော ပါရာဇိကအာပတ်ကိုဖြစ်စေတတ်သည်၏အဖြစ်ရင်း။ အဝဟာရေသု၊ နှစ်ဆဲ့ငါးပါးသောခိုးခြင်းတို့တွင်တပါးပါးဖြင့် ခိုးခြင်းရင်း။ ဧဝံ ပဉ္စ၊ ဤငါးပါးတို့သည်၊ အဒိန္နာဒါနဟေတုယော၊ (ဟေတဝေါ)၊ အဒိန္နာဒါနသိက္ခာပုဒ်၌ အကြောင်းအင်္ဂါတို့တည်း။ ဝါ၊ အဒိန္နာဒါနံမြောက်ခြင်း၏အကြောင်းအင်္ဂါတို့တည်း။

(င) မနုဿသန္တကံ၊ မနုဿသန္တကံဟူသည်ကား။ မနုဿသန္တကတာ၊ လူဇာတ်ရှိသောသူ၏ ဥစ္စာ၏အဖြစ်တည်း။ တထာသညိတာ၊ ဟူသည်ကား။

မနုဿသန္တကဝသေန၊ လူဇာတ်ရှိသောသူ၏ ဥစ္စာ၏အစွမ်းအားဖြင့်။ ပရပရိဂ္ဂဟိတသညိ၊ သူတပါးတို့သိမ်းဆည်းအပ်သော ဥစ္စာဟုအမှတ်ရှိခြင်းတည်း။ ။

(ဒ) နကာရသံယုတ္တေသု၊ နအက္ခရာနှင့်ယှဉ်ကုန်သော။ ပဒေသု၊ ပုဒ်တို့၌၊ ဂိလာနဿာပိ၊ ဂိလာနပုဂ္ဂိုလ်အားလည်း၊ ပဋိက္ခိတ္တကြံယံ၊ ပယ်မြစ်သောအခြင်းအရာကို၊ ကရောန္တဿ၊ ပြုလုပ်သောရဟန်းအား၊ ဒုက္ကဋမေဝ၊ ဒုက္ကဋ်အာပတ်သင့်ရောက်သည်သာလျှင်တည်း။ ။

(ဓ) ပုန၊ နောက်တဘန်။ ဇေ၀ံ၊ ဤသို့။ နကရိဿာမိ၊ မပြုလုပ်ပါအံ့။ ဣတိ၊ ဤသို့အာယတိံ သံဝရေ တည်စေ၍။ ဒေသနာကမ္မံ၊ သဲဒေဘ်,ရေဒေဘ်, သိမ်းမှုကို၊ ကတော၊ ပြုလုပ်အပ်သည်ရှိသော်၊ သိလံ၊ သာမဏောတို့၏သီလသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြန်သည်။ ဟောတိ၊ ဖြစ်၏။ ။

(န) တံ၊ ထိုခိုးမှု-အဒိန္နာဒါနံသည်။ ဟီနေ၊ ယုတ်သော။ ပရသန္တကေ၊ သူတပါးတို့၏ဥစ္စာ၌။ အပ္ပသာဝဇ္ဇံ၊ နည်းသောအပြစ်ရှိ၏၊ ပဏီတေ၊ မွန်မြတ်သော။ ပရသန္တကေ၊ ၌။ မဟာသာဝဇ္ဇံ၊ ကြီးသောအပြစ်ရှိ၏။ ဝတ္ထုသမတ္တေ၊ ဝတ္ထုတူမျှသည်၏အဖြစ်သည်၊ သတိ၊ သော်၊ ဂုဏာဓိကာနံ၊ သီလ, သမာဓိ,စသောဂုဏ်ကြီးသောသူတို့၏။ သန္တကေ၊ ဥစ္စာဖြစ်သော။ ဝတ္ထုသ္မိံ၊ ဝတ္ထု၌၊ မဟာသာဝဇ္ဇံ၊ ကြီးလေးသောအပြစ်ရှိ၏။ ။

(ပ) ဥပေါသထာဂါရပဋိမာဃရဇေတိယင်္ဂဏာ၊ ဥပုသ်အိမ်သိမ်,ဆင်းတုတော်ကိန်းအောင်းတည်ရာဖြစ်သော ကျောင်းကို သုတ်သင်ရှင်းလင်းနေသော ရဟန်းအား။ ဒိဂုဏံ၊ သံဃာမှနှစ်ဆတက်ဖြစ်သော။ ယာဂုဘတ္တဥ္စ၊ ယာဂုဆွမ်းကိုရင်း၊ ဒေဝသိကံ၊ နေ့တိုင်းနေ့တိုင်း၊ တဏ္ဍုလနာဠိဥ္စ၊ တကွမ်းစားသောဆန်ကိုရင်း၊ သံဝစ္ဆရေ၊ နှစ်တိုင်း,နှစ်တိုင်း၊ တိစီဝရဥ္စ၊ တိစီဝရိတ်ကိုရင်း။ ဒသဝီသတိဂ္ဃနကံ၊ တဆယ်တန်,နှစ်ဆယ်တန်ဖြစ်သော။ ကပ္ပိယဘဏ္ဍဥ္စ၊ အပ်သောဘဏ္ဍာကိုရင်း၊ ဒါတဗ္ဗံ၊ ပေးအပ်၏။ တံ၊ ထိုဆိုခဲ့ပြီးသောအတိုး,အခကို။ အလဘမာနဿ၊ မရသည်သာလျှင်ဖြစ်သော၊ တဿ၊ ထိုရဟန်း၏၊ ပမာဒေန၊ မေ့လျော့သဖြင့်။ မေ့လျော့ခြင်းကြောင့်၊ တတ္ထ၊ ထိုစေတိယသန္တကတို့တွင်၊ ကိဥ္စိ၊ တစုံတခုသောဝတ္ထုသည်။ သစေနဿတိ၊ အကယ်ပျောက်ပျက်ဆုံးပါးရှိငြားအံ့။ သဗ္ဗံ၊ ပျောက်ပျက်အကုန်၊ အလုံးစုံသည်၊ ဂီဝါ၊ ဘဏ္ဍာစားသည်၊ ဟောတိ၊ ဖြစ်၏။ ပန၊ အထူးကား။ ဂီ၊ ဘဏ္ဍာ

စားထားသင့်သည်မှတပါး, ဘဏ္ဍာစား မထားသင့်သည်ကိုဆိုဦးအံ့။ ဗန္ဓိ
တွာ၊ချည်နှောင်တုပ်ဖွဲ့၍။ ဗလက္ကာရေန၊ နိုင်ထက်ကလူ၊ညှဥ်းဆဲမှုသဖြင့်၊
အစ္ဆိန္နံ၊ခိုးသူလုယက်၊ပျောက်ပျက်ဆုံးပါးမှုကား။နဂိဝါ၊ ဘဏ္ဍာစားမထား
ထိုက်။ ၊

ကျောက်ကာ ရွှေဆိုင်းခိုးမှု ဝိနိစ္ဆယပြီး၏။

---

## ဧကာဒသမဝိနိစ္ဆယ၊ရွှေဆိုင်းခိုးမှု-ကောက်ချက်။

၁၂၄၀-ခုနှစ်။ဖြတ်ထုံး-၁၁။

တောင်တော်ဆရာတော်ကြားသိစေအပ်သော အလုံမြို့အောက်တိုက်
ခင်မွန်ဂိုဏ်းချုပ်ဆရာတော်၊ ကျောက်ကာရွာ ရွှေဂူကျောင်းနေ-စေဒက
ပြုလုပ်သူရှင်သာသနနှင့်တကွအချို့သော ဂိုဏ်းသံဃာများ လက်အောက်
ငယ်သားတရုတ်က။ ဂိုဏ်းချုပ်ဆရာတော်သုံးဖြတ်အပ်သောဖြတ်စာကို
အလုံမုံရွာ,ကျောက်ကာ, သာစည် နယ်ရှိသံဃာများနှင့်-များစွာသော လူ
ရှင်ပရိသာတ်တို့၏အစည်းအဝေး အပုံအညီတွင် ဘတ်ကြားပြီးမှ။ သ
ဘောမကျ၍။ အတိုက်အခံအနှောင့်အရှက် တဘက်တလမ်းပြုလုပ်နေကြ
သည်ဟုလာရောက် လျှောက်ထား၍ကြားသိရသောကြောင့်၊ ရွှေမြို့တော်
ကဆရာတော်လေးပါးဖြတ်စာကို၊ ဂိုဏ်းချုပ်ဆရာတော်၏ ဖြတ်စာကို
အတည်ပြုလုပ်ရန်၊ရေးသားပေးပို့လိုက်သည်။ ၎င်းပြင်သိသာရန်မှာ။ဂိုဏ်း
ချုပ်ဆရာတော် သုံးဖြတ်အပ်သော ဖြတ်စာ၌။အဓိပ္ပါယ်တိမ်မြုပ် နက်နဲ
ခက်ခဲသော အရာများပါရှိသည်ဖြစ်၍၊ ဉာဏ်ပညာ သေးနုသောပုဂ္ဂိုလ်
တို့မသိနိုင်ရာသောကြောင့်၊ အနက်အဓိပ္ပါယ်ပေါ်လွင်ထင်ရှားစွာနှင့် ပါဠိ
အဋ္ဌကထာဋီကာသာဓကတို့ကိုပြ၍၊အဓိပ္ပါယ်ကောက်ချက် တစောင်ရေး
သားပြီးလျှင်။၎င်းကောက်ချက်နှင့်တကွပထမ ဖြတ်စာကို ရွှေမြို့တော်သို့
အရောက်တင်ပို့ရမည်။ဤသို့တိုက်တွန်းတောင်းပန်ရခြင်းအကြောင်းကား။
ဂိုဏ်းချုပ်ဆရာတော်သုံးဖြတ်အပ်သော ဝိနိစ္ဆယ များသည် အဓိပ္ပါယ်
သဘောအယူအဆနက်နဲသိမ်မွေ့လှသည်ပြင်။ ဝိနည်းကျမ်းဂန်များနှင့် အ
လွန်သင့်လျော်ညီညွတ်လှသောကြောင့်။နောင်လာနောက်သား,ဝိနည်းဓိရ်ရှိ
ပုဂ္ဂိုလ်များတို့မှတ်သားနည်းယူရန်လက်စွဲဖြတ်ထုံးပြုလုပ်ထားရန် အကျိုး

ဌာတောင်းပန်တိုက်တွန်းခြင်းဖြစ်သည်။ခင်မွန် သုံးဂိုဏ်းချုပ် ဆရာတော်၊
တောင်တော်ဆရာတော်ကြီးတောင်းပန်ချက်။

ဤသို့သဒ္ဓမ္မသေနာပတိသာသနာပြု တောင်တော်ဆရာတော်ဘုရားကြီး တိုက်တွန်းတောင်းပန်တော်မူသောကြောင့်။ ကောဇာသက္ကရာဇ်-၁၂၄၀ ပြည့်နှစ်ပြာသိုလဆန်း-၁၃-ရက်နေ့တွင်။များစွာသောရဟန်း, ရှင်,လူ,ပရိသတ်တို့အပုံအညီ အစည်းအဝေး၌။ ဆရာတော် ရေးသားဆုံးဖြတ်အပ်သော အဆုံးအဖြတ် ဝိနိစ္ဆယ ကျောက်ကာရွှေဆိုင်းခိုးမှုဖြတ်စာသည်။ စကားကျဉ်းငတ်။ အဓိပ္ပါယ်တိမ်မြုပ်၍၊ ယုတ်တရက်ဆောလျှင်။ရှောင်တခင်ချက်တဖြုတ်၊ထုတ်နုတ်၍သိနိုင်ဘို့ရာ။ ဉာဏ်ပညာနုသူတို့ ခဲယဉ်းစွာရှိသောကြောင့်။ အဓိပ္ပါယ်ခက်သောနေရာတို့ကိုအဲလွယ်တကူ မှတ်ယူနိုင်စေရန်။အဓိပ္ပါယ်ကောက်ချက်ကိုရေးသားပေအံ့၊

တရားလိုခေါ် စေဒကဂေါပကရှင် (သာသန)၏ ပထမ, ဒုတိယ စွဲဆိုချက်,အစစ်ခံထွက်ဆိုချက်စကားရပ်အရတို့ဖြင့်ပင်။ တရားခံခေါ်-ရဒိတက, စေရကာရက ရဟန်းတော်ရှင်(သောဘိတ) သာမဏေ(ဘိုးမှိ)နှစ်ဦးသားတို့ အထူးထူးအထွေထွေ ရှုပ်ပွေစွာ ထွက်ဆိုကြသော်လည်း။ရွှေဆိုင်းရောင်းချပေးသူ သောဖြူ,ငပိုးရှ,တို့အထင်အရှားရှိသောကြောင့်၊ ချင်းတို့ကေန်ခိုးယူရောင်းချကြောင်းထင်ရှားသည်၊ ချင်းတို့ခိုးယူရောင်းချသော ရွှေဆိုင်းတို့၏လည်း တရားလိုခေါ်သော စေဒကဂေါပက ရဟန်းတော်ရှင်(သာသန)၏ အပိုင်ပစ္စည်းပရပရိဂ္ဂဟိတသန္တက မဟုတ်။ကျောက်ကာရွာရွှေဂူနီစေတီတော်မြတ်၏၊စေတိယသန္တကဗုဒ္ဓသန္တကသာဖြစ်ကြောင်း အလွန်ထင်ရှားသည်၊

သို့ဖြစ်၍ ဂေါပကပြုလုပ်သူစေဒကရှင်သာသန၏အပိုင်ပစ္စည်းဟု ဆိုအပ်သော ပရပရိဂ္ဂဟိတ ဘဏ္ဍာကိုခိုးယူရာ၌ဆုံးဖြတ်ရမည်မဟုတ်၊ ရွှေဂူနီစေတီတော်မြတ်ကြီး၏။ စေတိယသန္တကဗုဒ္ဓသန္တကတို့ကို ခိုးယူရာ၌သာဆုံးဖြတ်ရမည်ဖြစ်သောကြောင့်။ ထိုစေတိယသန္တက ဗုဒ္ဓသန္တကဖြစ်သောရွှေဆိုင်းရေများစွာတို့ကိုခိုးယူလျှင်၊ ခိုးယူသူအဝဟာရကရဒိတက ရဟန်းတော်(ရှင်သောဘိတ)သည်။ပါရာဇိကအာပတ်သို့ ရောက်မရောက် အထောက်သာဓက ပါဠိပြ၍၊ နှိုင်းဆဆင်ခြင်လျှင်။

(က) ယံ ဝါ ပရိစ္စတ္တံ ဒေဝတာဒီနံ၊ ဣဒံ သဗ္ဗံ အသာမိက ဝတ္ထုနာမ။ ဝါ၊ တနည်းကား။ဒေဝတာဒီနံ၊နတ်အစရှိသောသူတို့အား။ ဝါ၊နတ်,ဘုရား,

တရား,တို့အား။ ယံ၊ အကြွင်တစုံတခုသော ဝတ္ထုကို။ ပရိစ္စတ္တံ၊ စွန့်လှူအပ်၏။ ဆုဒံသဗ္ဗံ၊ ဤအလုံးစုံသော ပရိစ္စတ္တဝတ္ထုသည်။ အဿာမိကဝတ္ထုနာမ၊ ပိုင်ဆိုင်သူအစိုးရသူအရှင်မှကင်းသော ဝတ္ထုဖြစ်သောကြောင့်အဿာမိကဝတ္ထုမည်၏။ ။ဒေဝတာဒိနံ့ဟူသော ပုဒ်၌အာဒိသဒ္ဒါဖြင့် နောက်၌ပြလတ့်သော ဗုဒ္ဓဓမ္မတို့ကိုသိမ်းယူလေ၊

ဤသို့ဝဇိရဗုဒ္ဓိဋီကာ၌။နတ်အား၎င်း၊ဘုရားအား၎င်း၊တရားတော်အား၎င်း၊ စွန့်လှူအပ်သောတစုံတခုသောဝတ္ထုသည် ပိုင်ဆိုင်သူ အစိုးရသူမှကင်းခဲ့ရကား၊ အဿာမိကဝတ္ထုမည်၏ဟူ၍ မိန့်ဆိုတော်မူသောကြောင့်၊ ယခုအမှု၌တရားခံခေါ်-ဓမ္မိတာက,ရဟန်းတော်ရှင် (သောဘိတ) နှင့်သာမဏေ(ဘိုးမို)နှစ်ဦးသားတို့ခိုးယူအပ်သောရွှေဆိုင်းရေများစွာတို့သည်ရွှေဂူနီစေတီတော်မြတ်၏စေတိယသန္တကဗုဒ္ဓသန္တကသာဖြစ်၍ပိုင်ဆိုင်အစိုးရသူမှကင်းခဲ့ရကားကေန်မုချအဿာမိကဝတ္ထုဖြစ်သတည်း။

ယင်းသို့အဿာမိက ဝတ္ထုဖြစ်သော စေတိယသန္တက,ဗုဒ္ဓသန္တက ပစ္စည်းရွှေဆိုင်းရေများစွာတို့ကိုခိုးယူရာ၌၊ ခိုးယူအပ်သော ပစ္စည်းများသည်ပရပရိဂ္ဂဟိတပစ္စည်းမဟုတ်သည်ဖြစ်၍။အဒိန္နာဒါန်သိက္ခာပုဒ်တော်၌ပြအပ်သော အင်္ဂါငါးပါးတို့တွင်တပါးယုတ်လျော့သောကြောင့်။ အကယ်၍ထေယျစိတ်ဖြင့်ခိုးယူစေကာမူ၊ ခိုးယူသော အဝဟာရက ရဟန်းတော် (ရှင်သောဘိတ)သည် ပါရာဇိကအာပတ်သို့မရောက်သင့်၊ဒုက္ကဋ်အာပတ်သို့သာရောက်သင့်သည်။အထောက်သာကေပါဠိကား၊

(၁) ပဉ္စဟိအာကာရေဟိအဒိန္နံ အာဒိယန္တဿအာပတ္တိဒုက္ကဋဿ၊ နစပရပရိဂ္ဂဟိတံ ဟောတိ၊ ပရပရိဂ္ဂဟိတ သညီစ၊ ဂရုကော စဟောတိပရိက္ခာရော ပဉ္စမာသကော ဝါ အတိရေကပဉ္စမာသကော ဝါ။ထေယျစိတ္တဉ္စ ပစ္စုပဋ္ဌိတံဟောတိ။ အာမသတိအာပတ္တိဒုက္ကဋဿ၊ ဖန္ဒာပေတိအာပတ္တိဒုက္ကဋဿ။ဌာနာစာဝေတိ အာပတ္တိ ဒုက္ကဋဿ၊ ။ပါရာဇိကဏ်ပါဠိတော်

(၂) တတြ ယဒေတံ နစပရပရိဂ္ဂဟိတန္တိဝုတ္တံ။တံအနဇ္ဈာဝုတ္ထကံ ဝါဟောတု ဆဍ္ဍိတံ ဆိန္နမူလကံအဿာမိကဝတ္ထု။အတ္တနော သန္တကံဝါ၊ ဥဘယမ္ပိနပရပရိဂ္ဂဟိတသင်္ချံ ဂစ္ဆတိ၊ ။
ပါရာဇိကဏ်အဋ္ဌကထာ။

တတြွ။ ထိုဝါရေတို့၌၊ ယံဒေတံ-ယံဝေါ်ဝတ္ထု၊အကြွင်းတရုံ တခုသော ဝတ္ထုကို၊ နစပရပရိဂ္ဂဟိတန္တိ၊ ဟူ၍။ ဝတ္ထုံ၊ ဘုရားဟောတော်မူအပ် ၏၊ တံ၊ ထိုဝတ္ထုသည်၊ အနုဋ္ဌာဝတ္ထုကံဝါ၊ လူမသိမ်းပိုက်။ တော၌ဖြစ် သော မြက်,သစ်ပင်,သစ်ရွက်,သစ်သီးစသည်မူလည်း။ ဟောတု၊ ဖြစ်စေ၊ ဆန္ဒိတံဝါ၊ထင်းချတ်,ထင်းခွေသောသူတို့အလှန်ဝန်လေးသောကြောင့် အ လိုမရှိသဖြင့်စွန့်ပစ်ချထားခဲ့အပ်သော ထင်းစသော တရုံတခုသောဝတ္ထု သည်မူလည်း။ဟောတု၊ဖြစ်စေ၊ ဆိန္နမူလကံဝါ၊ခိုးသူလုယက်ပျောက်ပျက် ဆုံးပါးသော ပစ္စည်းကိုလိုက်လံရှာဖွေ၍မတွေ့မရသဖြင့်တွေ့ရှိသူယူပစေဟု ဥစ္စာရှင်ကိုအာလယကင်းပြတ်သောပစ္စည်းဥစ္စာ သည်မူလည်း၊ ဟောတု၊ ဖြစ်စေ။ သဗ္ဗံ၊အလုံးစုံသည်။အသာမိကဝတ္ထု။အသာမိကဝတ္ထုမည်၏။ ဝါ၊ တနည်းကား၊ အတ္တနော၊မိမိ၏။ သန္တကံ။ ဥစ္စာသည်။ အသာမိက ဝတ္ထု၊မည်၏။ ဥဘယမ္ပိ၊ ဆိုခဲ့ပြီးသောအနုဋ္ဌာဝတ္ထုက,ဆန္ဒိတဆိန္နမူလက တည်းဟူသော အသာမိကဝတ္ထု,သကသန္တကတည်းဟူသောအသာ မိကဝတ္ထုနှစ်မျိုးသည်လည်း။ နစပရပရိဂ္ဂဟိတကေ္ခဝ၊ နစ ပရပရိဂ္ဂဟိတ ဟူ၍သာလျှင်။ သင်္ချံ၊ခေါ်ဝေါ်ရေတွက်ခြင်းသို့၊ဂစ္ဆတိ၊ရောက်၏၊

ဤသို့မိန့်ဆိုအပ်သော အဋ္ဌကထာသရော်၏အလိုသော်ကား။ ဒေဝတာ သန္တက,စေတိယသန္တ,ဂဏ္ဍသန္တက,မွေသန္တကတို့သည်သာ အသာ မိကဝတ္ထုမည်သည်မဟုတ်သေး။ တော၌အလိုအလျောက်ပေါက်ရောက် ဖြစ်ပွား၍ လူတို့မသိမ်းပိုက်မစောင့်ရှောက်အပ်သော မြက်,သစ်ရွက်, သစ် ပင်,သစ်သီး,စသောအနုဋ္ဌာဝတ္ထုကပစ္စည်း၊ထင်းချပ်ထင်းခွေသူတို့ဝန်လေး လှသောကြောင့် အလိုမရှိသဖြင့်စွန့်ပစ်ချထားအပ်သော ထင်းအစရှိသော ဆန္ဒိတပစ္စည်း။ ခိုးသူလုယက်သွားသော ပစ္စည်းကိုရင်း။ ပျောက်ပျက်ရ နရှိသောပစ္စည်းကိုရင်း၊ ဥစ္စာရှင်တို့လိုက်လံရှာဖွေ၍ မတွေ့မမြင်မရခဲ့ကြ ၍။တွေ့ရှိသူတို့ယူလိုလျှင်ယူကြပစေတော့ဟု ဥစ္စာရှင်တို့အာလယ ကင်း ပြတ်ပြီးသော ဆိန္နမူလကပစ္စည်း။ ဤသုံးပါးသည်ရင်း။ မိမိပိုင်သကသန္တ ကပစ္စည်းသည်ရင်း၊အသာမိကဝတ္ထုမည်၏။ နစပရပရိဂ္ဂဟိတ ဘာသာ မည်၏ဟုမှတ်။

ဤသုံးပါးကို အသာမိကဝတ္ထု-နစပရပရိဂ္ဂဟိတဘာသာမည်၏ ဟု ဆိုလျှင်သင့်တန်စေးကိုယ်ပိုင်ပစ္စည်း'သကသန္တက'ကိုအသာမိကဝတ္ထု,

နဝပရပရိဂ္ဂဟိတဘဏ္ဍာ မည်၏ဟု ဆိုသောစကားသည်၊ အသို့သင့်နိုင်ပါ အံ့နည်း ဟူငြားအံ့၊ မိမိပိုင်ပစ္စည်းကို မိမိခိုးယူရာ၊ ခိုးယူသူမိမိမှ တပါး သော ပိုင်ဆိုင်သူဥစ္စာရှင်မရှိသည်ဖြစ်၍ အဒိန္နာဒါန်မဖြစ်၊ ပါရာဇိကအာ ပတ်မသင့်သောကြောင့်။အသာမိကဝတ္ထု-နဝပရပရိဂ္ဂဟိတမည်၏ဟုဆို သော အဋ္ဌကထာဆရာ၏ စကားသည်သင့်မြတ်ပါ၏ဟူလေ၊ ။

ဤဆိုအပ်ခဲ့ပြီးသောစကားရပ်ရကား။ အသာမိကဝတ္ထုကိုခိုးယူရာ၌ (ပါရာဇိက)အာပတ်မသင့်မရောက်ကြောင်းကို အထောက်သာဓကတို့ဖြင့် ပြအပ်သောစကားရပ်ရတည်း၊ ။

အဝဟာရကပုဂ္ဂိုလ်သည်၊ ထေယျစိတ်ဖြင့်ခိုးယူအပ်သော၊အဝဟာရိ တဘဏ္ဍာဟုဆိုအပ်သော ပစ္စည်းသည်။ လူဇာတ်ရှိသောသူ၏ပစ္စည်း။ လူ ဇာတ်မရှိသော-တိရစ္ဆာန်,ပြိတ္တာ,ဒေဝတာ,ဗုဒ္ဓ,ဓမ္မတို့၏ပစ္စည်းဟူ၍ နှစ် မျိုးနှစ်စားရှိ၏၊ထိုနှစ်မျိုးတို့တွင် ပဌိသန္ဓေအားဖြင့် လူဇာတ်ရှိသောပုဂ္ဂိုလ် ၏ အပိုင်ပစ္စည်းတည်းဟူသော ပရပရိဂ္ဂဟိတ ဘဏ္ဍာကိုခိုးယူလုယက်မှ သာလျှင်ခိုးယူသူအဝဟာရကပုဂ္ဂိုလ်သည်(ပါရာဇိက)အာပတ်သို့ရောက် သည်၊ထိုမနုဿဇာတ်ရှိသူပုဂ္ဂိုလ်၏ပစ္စည်းကိုသာပါဠိတော်,အဋ္ဌကထာ, ဋီကာ တို့၌ ပြဆိုသည်။ အထောက်သာဓကပါဠိကား။ ။

(ဃ) အဒိန္နန္တိ အညဿ မနုဿဇာတိကဿ သန္တကံ။ ။

အဒိန္နန္တိ၊ဟူသည်ကား။ အညဿ၊ ခိုးသူမှတပါးသော။ မနုဿဇာတိ ကဿ၊ ပဋိသန္ဓေအားဖြင့် လူဇာတ်ရှိသောပုဂ္ဂိုလ်၏၊ သန္တကံ၊ ကိုယ်ပိုင် ပစ္စည်းဟုဆိုအပ်သော ပရပရိဂ္ဂဟိတသန္တကတည်း၊ ။

ဤသာဓက ကင်္ခါဝိတရဏီအဋ္ဌကထာပါဠိ၌။ အညဿ ဟူသောပုဒ် ဖြင့်။အဝဟာရကပုဂ္ဂိုလ်မှတပါးသော၊ဘဏ္ဍာသာမိကပုဂ္ဂိုလ်ကိုပြသည်။ မနုဿဇာတိကဿ ဟူသောပုဒ်ဖြင့် ပဋိသန္ဓေ အားဖြင့် လူဇာတ်ရှိသော ပုဂ္ဂိုလ်၏ ပရပရိဂ္ဂဟိတဘဏ္ဍာကိုခိုးယူမှသာ (ပါရာဇိက)အာပတ်သင့် သည်၊မနုဿဇာတ်မရှိသော-တိရစ္ဆာန်,ပြိတ္တာ,ဒေဝတာ,ဗုဒ္ဓ,ဓမ္မ တို့၏၊ သန္တက တို့ကိုခိုးယူရာ၌။ခိုးယူသောအဝဟာရကပုဂ္ဂိုလ်အား ပါရာဇိက အာပတ်မသင့်ဟူသော အဓိပ္ပါယ်စကားကျေကိုပြသည်၊ သန္တကံဟူသော ပုဒ်ဖြင့် မနုဿဇာတ်ရှိသောသူ၏သန္တကဖြစ်ထိုက်သော-ရွှေ,ငွေ,အထည်

အလိပ်အစရှိသော ပစ္စည်းဝတ္ထုကိုအခွင့်ပြု၍၊ တရံတယောက်သောသူ၏ အပိုင်သန္တကမဖြစ်ထိုက်သော ဘုရားဆင်းတုတော်,ခေတ်တော်, ကျွန်မဟုတ်သောသူတို့ကိုနှစ်စေ၏။ ။

မနုသာရတ်ရှိသောသူ၏၊ သန္တကဖြစ်သောလျင် အဋ္ဌကထာ,ဋီကာ, ဆရာမြတ်တို့သည်။ အဒိန္နာဒါန်မြောက်ကြောင်း အင်္ဂါငါးပါးကိုပြဆိုတော်မူကြသည်၊ အကျဉ်းအထောက်သာကေပါဠိကား။ ။

(စ) မနုဿသံ တထာသညီ၊ ထေယျစိတ္တဥ္စ ဝတ္ထုနော။
ဂရုတာ အဝဟာရောစ။ အဒိန္နာဒါန ပေါတုယော။ ။
ချုဒ္ဒသိက္ခာ။

အဓိပ္ပါယ်ကား။ မနုဿစာတ်ရှိသောသူ၏ ပရပရိဂ္ဂဟိတဘဏ္ဍာတပါး၊ ပရပရိဂ္ဂဟိတဘဏ္ဍာဟု အမှတ်ရှိခြင်းတပါး။ ခိုးယူလိုသောထေယျစိတ်ရှိခြင်းတပါး။ ခိုးယူအပ်သောဘဏ္ဍာ၏ ငါးပဲတန်။ငါးပဲထက်ပိုလွန်၍ထိုက်တန်ခြင်းလည်းတပါး၊ နှစ်ဆဲ့ငါးပါးသော ခိုးခြင်းတို့တွင် တပါးပါးဖြင့် ခိုးယူခြင်းတပါး။ ပေါင်း-အင်္ဂါ ငါးပါးဖြစ်၏ဟူလို။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ,ပါရာဇိကကဏ်အဋ္ဌကထာ,ကင်္ခါဝိတရဏီအဋ္ဌကထာတို့၌ကျယ်စွာပြ၏။ ရဟန်းတို့၏အဒိန္နာဒါန်သိက္ခာပုဒ်၌သာပစ္စည်းတန်ဘိုးကို ရွေးချယ်စိစစ်ရသည်၊ လူတို့၏ အဒိန္နာဒါန် သိက္ခာပုဒ်၌ကား၊ ပစ္စည်းတန်ဘိုးကို မရွေးမချယ်ရာ။ ။

ဤအမှု၌တရားခံခေါ်-ဗုဒ္ဓိတက-ရှင်သောဘိတနှင့်၊သာမဏေဘိုးမှိ နှဦးသားတို့သည်၊ တိုင်တပင်ပြုလုပ်၍ခိုးယူအပ်သောဒွေ့ဆိုင်းရေမျှားစွာတို့သည်။ ငါးပဲထက်ပိုလွန်၍ထိုက်တန်သော (အတိရေကပဥ္စမာသကဂ္ဃနက) ဘဏ္ဍာပင်ဖြစ်သော်လည်း။ ထိုပစ္စည်းဝတ္ထုများသည် မနုဿစာတ်ရှိသော တရံတယောက်သောပုဂ္ဂိုလ်၏အပိုင်ပစ္စည်းပရပရိဂ္ဂဟိတဘဏ္ဍာမဟုတ် မနုဿစာတ်မရှိသော၊ဒုတ်အင်္ဂတေတို့ဖြင့်။ပြုလုပ်အပ်သောကျောက်ကာ ရွှေဂုနီစေတီတော်မြတ်ကြီး၏၊ စေတိယသန္တက,ဗုဒ္ဓသန္တက,သာဖြစ်သောကြောင့်ရင်း၊ထိုစေတီယသန္တက, ဗုဒ္ဓသန္တက,ဖြစ်သောပစ္စည်းဝတ္ထု၏လည်းအဿာမိကဝတ္ထုသာဖြစ်သောကြောင့်ရင်း ခိုးယူလိုသောထေယျစိတ်ဖြင့်၊ နှစ်ဆဲ့ငါးပါးသောခိုးခြင်းတို့တွင် တပါးပါးသောခိုးခြင်းမျိုးဖြင့်ခိုးယူသော်လည်း ခိုးယူသူအဝဟာရကရဟန်းတော်-ရှင်သောဘိတသည်၊ပါ

ရာဇိကအာပတ်သို့မရောက်သင့်။ စိတ်မစင်ကြယ်သောကြောင့်ဒုက္ကဋ်အာပတ်သို့သာရောက်သင့်သည်၊

ဤဆိုအပ်ခဲ့ပြီးသော စကားရပ်ရကား။ မနုဿဇာတ်မရှိသော စေတီတော်၏စေတိယသန္တက, ဗုဒ္ဓသန္တက ပစ္စည်း ဝတ္ထုတို့ကို။ ခိုးယူရာ၌ ခိုးယူသူအဝဟာရပုဂ္ဂိုလ်အား။ ပါရာဇိက အာပတ်ဖြင့်အာပတ်မသင့်ကြောင်းကို အထောက်သာဓက ပါဠိတို့ဖြင့် ထင်ရှားပြသောစကားရပ်ရတည်း။

ဂေါပကပြုလုပ်စောင့်ရှောက်နေသူရဟန်းတော်ရှင်သာသန အထင် အရှားရှိသောကြောင့်၊ ခိုးယူသူအဝဟာရကရဟန်းတော်ရှင်သောဘိတသည် ပါရာဇိကအာပတ်သို့အဘယ်ကြောင့်မရောက်သနည်းဟူငြားအံ့။ ထိုအမေးကိုထင်ရှားပြ၍ဖြေဆိုသုံးဖြတ်အံ့၊

ဥပမာကား။ ။အစောင့်အရှောက်မရှိသော-နတ်ကွန်း, နတ်စင်,သစ်ပင်, တောင်ဘို့, စသည်တို့၌၊ လူတို့သည်နတ်တို့ကို ရည်မှတ်၍။ ချိပ်ဆွဲတင်ထားအပ်သော အဝတ်ပုဆိုးစသောနတ်တို့၏ပစ္စည်း ဒေဝတာသန္တကကိုကောက်ယူရာ၌၊ သုဒ္ဓစိတ်ဖြင့်ကောက်ယူလျှင်တစုံတရာ အာပတ်မသင့်၊ အပ်သည်သာဖြစ်၏၊

(၂) အစောင့်အရှောက်ရှိသော နတ်ကွန်း,နတ်စင်,သစ်ပင်,တောင်ဘို့,စသည်တို့၌လည်း၊ စောင့်ရှောက်လုံခြုံစေသူ ဂေါပက ပုဂ္ဂိုလ်သည်။ နတ်၏ပစ္စည်း "ဒေဝတာသန္တက" ကို မိမိပိုင် ပစ္စည်းအဖြစ်သို့ ရောက်အောင်ယူ၍။ သကသန္တကအဖြစ်ဖြင့် စောင့်ရှောက်ခြင်းကို မပြု မလုပ်ဘဲ၊ နတ်၏ပစ္စည်းဒေဝတာသန္တကအဖြစ်ဖြင့်သာ မပျောက်မပျက်ရအောင် လုံခြုံစွာသိမ်းဆည်းစောင့်ရှောက်သည်ဖြစ်ငြားအံ့၊ ထိုပစ္စည်းကိုကောက်ယူရာ၌လည်း၊ သုဒ္ဓစိတ်ဖြင့်ကောက်ယူလျှင် တစုံတရာ အာပတ်မသင့်။ ထေယျစိတ်ဖြင့်ယူလျှင်ဒုက္ကဋ်အာပတ်သာသင့်သည်၊

(၃) အကယ်၍အာရက္ခကဂေါပကပုဂ္ဂိုလ်တို့သည်။ နတ်၏ပစ္စည်း ဒေဝတာသန္တကကို။ မိမိတို့ပိုင်ပစ္စည်းအဖြစ်သို့ရောက်အောင်ယူ၍၊ သကသန္တကအဖြစ်ဖြင့်စောင့်ရှောက်လုံခြုံစေကုန်ငြားအံ့၊ ထိုပစ္စည်းသည် ဒေဝတာသန္တကမဟုတ်၊ ဂေါပကပုဂ္ဂိုလ်တို့၏ ပစ္စည်းသာဖြစ်သည်၊ ထိုနတ်ထိန်း, နတ်ရ, ဂေါပက,တို့၏ပစ္စည်းဖြစ်သော ပရပရိဂ္ဂဟိတ ဘဏ္ဍာကို၊ ခိုးယူလျှင်။ ခိုးယူသော ရဟန်းသည်ပါရာဇိကအာပတ်မှ မလွတ် သကဲ့သို့။

(၁) ထိုနည်းအတူပင်။ အစောင့် အရှောက်-ဂေါပကပုဂ္ဂိုလ် မရှိသော စေတီတော်၌၊ စေတိယသန္တကကို ခိုးယူလျှင်၊ ခိုးယူသောအဝဟာရကရဟာန်းကိုပါရာဇိကအာပတ်ဖြင့်မဆုံးဖြတ်သာ။

(၂) အစောင့်အရှောက် ဂေါပက ပုဂ္ဂိုလ်ရှိသော စေတီတော်၌လည်း။ စောင့်ရှောက်နေသူဂေါပကပုဂ္ဂိုလ်တို့ကစေတိယသန္တကပစ္စည်းများကို မိမိတို့ပိုင်ပစ္စည်း-သကသန္တက-၏အဖြစ်သို့ ရောက်အောင်ယူ၍ စောင့်ရှောက်ကုန်သည်မဟုတ်။စေတိယသန္တက၏အဖြစ်ဖြင့်သာမပျောက်မပျက်ရအောင် ကောင်းမွန်စွာစောင့်ရှောက်ကုန်သည်ဖြစ်ငြားအံ့။ ထိုသို့သဘောရှိသော စေတိယသန္တကကို ခိုးယူသော ရဟာန်းကိုလည်း ပါရာဇိကအာပတ်ဖြင့်မဆုံးဖြတ်သာ။

(၃) အကယ်၍။ အာရက္ခကဂေါပက ပုဂ္ဂိုလ်တို့သည်၊ စေတိယသန္တကပစ္စည်းကိုမိမိတို့ပိုင်ပစ္စည်း၏အဖြစ်သို့ရောက်အောင်သိမ်းပိုက်ယူ၍"သကသန္တက"အဖြစ်ဖြင့် စောင့်ရှောက်ကုန်ငြားအံ့၊ ထိုပစ္စည်းသည် စေတိယသန္တကမဟုတ်။ ဂေါပကသန္တက,ပရပရိဂ္ဂဟိတ ဘဏ္ဍာသာဖြစ်သောကြောင့်၊ ထိုပစ္စည်းမျိုးကိုခိုးယူသော အဝဟာရက ရဟာန်းကို သာလျှင် ပစ္စည်းတန်ဘိုးသို့လိုက်၍၊ ပါရာဇိကအာပတ်ထုလ္လစ္စည်း အာပတ် ဒုက္ကဋ်အာပတ်တို့ဖြင့်လိုက်သင့်သည်အားလျော်စွာဆုံးဖြတ်သင့်သည်၊

ဤစကားသုံးရပ်၌အထောက်သာဓကပါဠိကား၊

(စ) ဒေဝတာယ ပနဉ္ဇိသာ ဇလိကမ္ဘ်ကရောန္တေဟိ ရက္ခာ ဒိသု လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထိ၊ ။ပါရာဇိကကဏ်အဋ္ဌကထာ။

(ဆ) ရက္ခာဒိသု လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထီတိ မနုဿေဟိ အပရိဂ္ဂဟိတံ သန္ဓာယဝုတ္တံ။သဒေဝ ပန တံ အာရက္ခကေဟိ ပရိဂ္ဂဟိတံဟောတိ။ ဂဟေတုံ နဝဋ္ဋတိ၊ ။သာရတ္ထဒီပနီ၊

(ဇ) ရက္ခာဒိသု လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထီတိ မနုဿေဟိ အဂေါပိတံ သန္ဓာယဝုတ္တံ၊ သစေပနေတံ ဒေဝါလယ စေတိယ ရက္ခာဒိသု နိယုတ္တေဟိ ပုရိသေဟိ ရက္ခိတဂေါပိတံ ဟောတိ။ ဂဟေတုံ နဝဋ္ဋတိ။ ။ဝိမတိဝိနောဒနီ၊

(၅) ဒေဝတာနံ ဝါ ဗုဒ္ဓမမ္မာနံ ဝါ ပရိစ္စတ္တံ ပရေဟိ စေ အာရက္ခဏကေ ဟိ ပရိဂ္ဂဟိတံ၊ ပရပရိဂ္ဂဟိတမေဝ။ တထာရူပေဟိ အဒိန္နာဒါနေ ရာဇာစောရ ဂဟေတွာ ဟနနာဒိကံ ကရေယျုံ။ ။ဝဇိရ ဗုဒ္ဓိဋီကာ။

ဒေဝတာယ၊ နတ်အား၊ ဥဒ္ဒိဿ၊ ရည်ညွှန်း၍၊ ဗလိကမ္မံ၊ ပူဇော်သက္ကာ ရမှုကို၊ ကရောန္တေဟိ၊ ပြုလုပ်ကုန်သော လူတို့သည်၊ ရုက္ခာဒိသု၊ သစ်ပင်, စသည်တို့၌။ ဝါ၊ စေတီထိုက်သော သစ်ပင်, နတ်စင်, နတ်ကွန်း, တောင်, တောင်ပို့တို့၌၊ လဂ္ဂိတသာဋကေ၊ ချိပ်ဆွဲတင်ထားအပ်သော အဝတ် ပု ဆိုး၌၊ ဝတ္တဗ္ဗမေဝ၊ ဆိုဘွယ်ရာသည်ပင် လျှင်၊ နတ္ထိ၊ မရှိ၊ တနည်း။ ဝတ္တဗ္ဗံ၊ ပြောဆိုဘွယ်စကားသည်၊ နတ္ထိဧဝ၊ မရှိသည်သာလျှင်ကတည်း။ ။ပါရာ ဇိကအဋ္ဌကထာ၊

ရုက္ခာဒိသု လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထိတိ ရုက္ခာဒိသု၊ လ၊ နတ္ထိ ဟူသော စကားကို။ မနုဿေဟိ၊ စောက်ရှောက်နေသူ။ အာရက္ခကဂေါပ ကလူတို့သည်၊ အပရိဂ္ဂဟိတံ၊ သကာသန္တကအဖြစ်သို့ ရောက်အောင် မ သိမ်းပိုက်အပ်သော ဥစ္စာကို။ သန္ဓာယ၊ ရည်ရော်၍၊ ဝုတ္တံ၊ အဋ္ဌကထာ ဆရာဆိုအပ်၏။ ပန၊ အထူးကိုဆိုဦးအံ့၊ ဝါ၊ ဗျတိရိက်ကိုဆိုဦးအံ့။ ဝါ၊ အပ် သည်မှတပါး မအပ်သည်ကိုဆိုဦးအံ့။ တံ ထိုဒေဝတာသန္တကသည်၊ အာ ရက္ခကေဟိ၊ စောင့်ရှောက်နေသူ။ နတ်ထိန်း, နတ်ရ, လူတို့သည်၊ ပရိဂ္ဂဟိ တံ၊ သကာသန္တကအဖြစ်သို့ရောက်အောင် ယူအပ်, သိမ်းပိုက် အပ်သည်၊ သစေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်လတ်သော်၊ တံ၊ ထိုဂေါပက တို့သိမ်းပိုက်စောင့်ရှောက်အပ်သော ပရပရိဂ္ဂဟိတ ဘဏ္ဍာ ကို။ ဂဟေတုံ၊ ယူခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ။သာရတ္ထဒီပနီ၊

ရုက္ခာဒိသု လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထိတိ၊ ဟူသော စကားကို၊ မနုဿေဟိ၊ တို့သည်၊ အဂေါပိတံ၊ သကာသန္တကအဖြစ်ဖြင့် မလုံခြုံစေ အပ်သော ဥစ္စာကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏၊ ပန၊ အံ့၊ ဧတံ၊ ထိုဒေဝတာ သန္တကစသော ဝတ္ထုသည်၊ ဒေဝါလယေ စေတိယာ ရုက္ခာဒိသု၊ နတ်စင်, နတ်ကွန်း, စေတီထိုက်သော သစ်ပင်, စသည်တို့၌။ နိယုဉ္ဇန္တေဟိ၊ အမြဲယှဉ် ကုန်သော၊ ပုရိသေဟိ၊ယောကျ်ားတို့သည်။ ရက္ခိတ ဂေါပိတံ၊ သကာသန္တ

ကအဖြစ်ဖြင့်စောင့်ရှောက်အပ်လုံခြုံစေအပ်သည်။ သစေပဟောတိ။အံ့၊ ဇေ၀ံ သတိ၊သော်။ တံ၊ကို၊ ဂဟေတုံ၊ငှာ။ နုဝဋ္ဋတိ၊မအပ်။ ၊ဝိမတိဝိနောဒနီ။

ဒေဝတာနံဝါ၊ နတ်တို့အားဖြင့်။ ဗုဒ္ဓဓမ္မာနံဝါ၊ ဘုရားတရားတို့အားဖြင့်၊ ပရိစ္စတ္တံ။စွန့်လှူအပ်သောပစ္စည်းဝတ္ထုကို။ ပရေဟိ၊ လှူဒါန်းသူမှတပါးကုန်သောအာရက္ခကဂေါပကပုဂ္ဂိုလ်တို့သည်။ စေပရိဂ္ဂဟိတံ၊အကယ်၍ သကာသန္တကအဖြစ်သို့ရောက်အောင်သိမ်းဆိမ်းပိုက်အပ်သည်ဖြစ်အံ့။ပရပရိဂ္ဂဟိတမေဝ၊ပရပရိဂ္ဂဟိတဘဏ္ဍာမည်သည်သာလျှင်တည်း၊ဟိသစ္စံ၊ထိုစကားမှန်၏။တထာဂျပေ၊ထိုသို့သဘောရှိသော၊ အဒိန္နာဒါနေ၊ ဥစ္စာရှင်သည်ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ဥစ္စာကိုခိုးရာ၌၊ ဝါ၊ခိုးယူခြင်းကြောင့်။ ရာဇာနော၊ ပြည်ပိုင် အစိုးရမင်းတို့သည်၊ စောရံ၊ခိုးသူကို။ ဂဟေတွာ၊ ဘမ်းဆည်း၍၊ဟနနာဒိကံ၊သတ်ခြင်းစသောအမှုကို။ကရေယျုံ၊ ပြုလုပ်ကုန်ရာ၏၊ ပြုလုပ်ကြကုန်၏။

(ဤဝဇီရဗုဒ္ဓိဋီကာသာဓကဌ်။ ဒေဝတာနံဝါ၊ဟူ၍ရင်း၊ ဒေဝတာဒိနံဝါ၊ဟူ၍ရင်း၊ ပါဌ်နှစ်ချက်ရှိသည် ဗုဒ္ဓဓမ္မာနံဝါဟူ၍အာဒိဝန်ရှိပြီးပါပြီဖြစ်၍မသင့်ဟုဆို၏၊ အာဒိသဒ္ဒါဖြင့်အလားတူတိရစ္ဆာန်ပြိတ္တာတို့ကိုယူလျှင်။ ဒေဝတာဒိနံဝါဟူသောပါဌ်သည်လည်းအသင့်ပင်)

ဤသို့ပြဆိုအပ်ပြီးသောဋီကာကြီး သုံးရပ်တို့ဖြင့်။ ဒေဝတာသန္တက, စေတိယသန္တက, ဗုဒ္ဓသန္တက, ဓမ္မသန္တကပစ္စည်းတို့ကိုခိုးယူရာ၌၊ အပြစ်ရှိကြောင်းကိုမပြ၊ နတ်ပင်,နတ်ကွန်း,စသည်တို့၌အာရက္ခက, ဂေါပကပုဂ္ဂိုလ်တို့သည် မိမိတို့ပိုင်ပြုလုပ်၍ထားအပ်သော ဂေါပကသန္တက,ပရပရိဂ္ဂဟိတဘဏ္ဍာကိုခိုးယူရာ၌သာလျှင် ခိုးယူသော အဝဟာရက ရဟန်းအားအပြစ်ရှိကြောင်းကို ပြဆိုသည်၊ စောင့်ရှောက်ခြင်း နှစ်မျိုးတို့တွင်လည်း ဂေါပကတို့၏သကာသန္တက အဖြစ်ဖြင့်စောင့်ရှောက်ခြင်းအထူးကိုသာပြဆိုသည်၊ပြဆိုကြောင်းကိုလည်း၊သစေပန၊ စသည်ဖြင့်။ဝိသေသပြု၍တက်သောဝါကျကိုရင်း။ ထိုဝါကျ၌ပါရှိသော ပရိဂ္ဂဟိတံ၊ဟူသော သာရတ္ထဒီပနီစကား။ ရက္ခိတဂေါပိတံဟူသော ဝိမတိဝိနောဒနီစကား၊ ပရပရိဂ္ဂဟိတမေဝဟူသောဝဇီရဗုဒ္ဓိဋီကာစကား။ဤစကားတို့ကိုရင်း ထောက်ဆဆင်ခြင်၍အကာတ်သိသာသတည်း၊

ယခုကာလအချို့သောအရပ်ဒေသများ၌၊ အရိုးအစဉ် အားဖြင့်သော်၎င်း။ မိမိတို့ သဘောအားလျော်စွာ ဖြင့်သော်၎င်း။ ပြည်ပိုင်အစိုးရမင်းတို့ထံမှ အခွင့်တောင်းယူရရှိ၍သော်၎င်း။ နတ်ထိန်း, နတ်ရတို့သည်လူတို့လာရောက်၍ နတ်အားပူဇော်အပ်သောလာဘ်လာဘ ခံယူကြ၍။နတ်စင်, နတ်ကွန်းတို့၌အမြဲနေကြကုန်၏၊ ထိုကဲ့သို့သောနေရာမျိုးတို့၌။ရောက်ပြီး,ရောက်ဆဲ, ရောက်လတ္တံ့သော လာဘ်လာဘတို့သည် နတ်ထိန်းနတ်ရ စောင့်ရှောက်နေကြသောသူတို့နှင့်သာ သက်ဆိုင်သောကြောင့်ရဟန်းများမကောက်ယူအပ်၊

ဤသို့ပြဆိုအပ်ခဲ့ပြီးသော စကားရပ်ရတို့ဖြင့်၊ နတ်စင်,နတ်ကွန်း,သစ်ပင်, တောင်ပို့,စေတီတော်တို့၌၊ အစောင့်အရှောက် သာမညဂေါပကပုဂ္ဂိုလ်ရှိကာမျှကိုရင်း။ထိုသာမညဂေါပကပုဂ္ဂိုလ်၏သာမညစောင့်ရှောက်ကာမျှကိုရင်း၊အစွဲပြု၍။ ထိုဒေဝတာသန္တက စသည်ကိုခိုးယူသော အဝဟာရကရဟန်းကို ပါရာဇိကအာပတ်ဖြင့်မဆုံးဖြတ်သာပေ။

ယင်းသို့ဖြစ်၍။ ယခုပျောက်ပျက်ဆုံးပါး၍ရှိနေသောရွှေဆိုင်းရေ များစွာကို၊ဂေါပက(ရှင်သာသန) စောင့်ရှောက်လုံခြုံစေသည်ဟုဆိုသော်လည်း သကသန္တကအဖြစ်ဖြင့်စောင့်ရှောက်လုံခြုံစေသည်မဟုတ်၊စေတိယသန္တက၏အဖြစ်ဖြင့်သာ မပျောက်မပျက်ရအောင်စောင့်ရှောက်လုံခြုံ စေခြင်းမျှဖြစ်သည်၊ ထိုသို့ဖြစ်ကြောင်းကိုလည်း၊ ဂေါပကပြုလုပ်နေသူ(ရှင်သာသန) သည်ပင် ပဋိညာဉ်ပြုအပ်သော အစစ်ခံစကားရပ်။ လျှောက်လွှာစကားရပ်တို့ဖြင့်အလွန်ထင်ရှားသောကြောင့်၊ ထိုရွှေဆိုင်းရေများစွာတို့ကို ခိုးယူရောင်းချသော ရဟန်းတော် (ရှင်သောဘိတ) သည် ပါရာဇိကအာပတ်သို့မရောက်ဟူ၍ဆုံးဖြတ်အပ်သတည်း၊

ဤဆိုအပ်ခဲ့ပြီးသော စကားရပ်ရကား၊ ဂေါပကပုဂ္ဂိုလ်သာမညရှိကာမျှဖြင့်ရင်း။ ရက္ခန ဂေါပကသာမညဖြင့်ရင်း။ စေတိယသန္တကစသည်ကိုခိုးယူရာ၌၊ ပါရာဇိကအာပတ်မသင့်ကြောင်းကို အထောက်သာဓကပါဠိပြ၍ဆုံးဖြတ်အပ်သော စကားရပ်ရတည်း၊

ဤသို့ပြဆိုအပ်ခဲ့ပြီးသောပါဠိတော်, အဋ္ဌကထာ,ဋီကာတို့၌လာရှိသော စကားများသည်။ သဗ္ဗညုတဉာဏ်အရှင်ရှိသည်ဖြစ်၍ အလွန်သိမ်မွေ့

နက်နဲလှသည်၊ ဤဒုတိယသိက္ခာပုဒ်တော်သည် တပါးသော သိက္ခာပုဒ်တို့ထက်သာလွန်၍ နက်နဲခက်ခဲ လှသည်ဖြစ်၍။ အဋ္ဌကထာဆရာမြတ်သည်၊

(၃) သိက္ခာပဒံ သမံ တေန၊ အညံ ကိဉ္စိ န ဝိဇ္ဇတိ။
အနေကနယဝေါကိဏ္ဏံ၊ ဂမ္ဘီရဋ္ဌဝိနိစ္ဆယံ။

(၄) တသ္မာ ဝတ္ထုမှိ ဩတိဏ္ဏေ၊ ဘိက္ခုနာ ဝိနယညုနာ။
ဝိနယာနုဂ္ဂဟေနေတ္ထ၊ ကရောန္တေန ဝိနိစ္ဆယံ၊

(၅) ပါဠိံ အဋ္ဌကထဉ္စေဝ၊ သာဓိပ္ပါယ မသေသတော။
ဩဂယှ အပ္ပမတ္တေန၊ ကရဏီယော ဝိနိစ္ဆယော၊

ဟူ၍ အနုသာသန ကထာကိုမိန့်မှာတော်မူခဲ့သည်၊ သိက္ခာပုဒ်တော် နက်နဲခက်ခဲသိမ်မွေ့ကလည်းမနွဲ့ဗုဒ္ဓ, မန္ဒပညာပုဂ္ဂိုလ်တို့သဘောအမှန်ကျအောင်ဆုံးဖြတ်နိုင်ခဲလှ၏။ တိက္ခဂမ္ဘီရဉာဏ်တို့နှင့်ပြည့်စုံတော်မူကြ၍ ဝိနိစ္ဆယကောသလ္လဉာဏ် ရင့်သန်ကြီးမားသောဝိနည်းဓိုရ် မဟာထေရ်ကြီးများတို့သည် သာလျှင် သဘော အမှန် ကျအောင် ဆုံးဖြတ် နိုင်ကုန်ရာသည်ဖြစ်၍၊ ဤဒုတိယသိက္ခာပုဒ်နှင့်ပတ်သက်စပ်လျဉ်း၍၊ သံသယဘောင်သို့သက်ဝင်ရောက်လာသော အဓိကရုဏ်းကို ဆုံးဖြတ်လိုသောဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌကထာဆရာအရှင်မြတ်ဆုံးမတော်မူအပ်သော အနုသာသနကထာကို၊ ဦးထိပ်ရွက်ပန်ဆင်ပြီးလျှင်၊ ပါဠိတော်, အဋ္ဌကထာ,ဋီကာ,တို့ကို သေချာစွာကြည့်ရှုစဉ်းစားဆင်ခြင်၍၊ အဓိကရုဏ်းကိုပြီးဆုံးပြတ်စဲအောင် ဆုံးဖြတ်ပြုလုပ်တော်မူကြပါကုန်။ ။

( နိဂုံးလင်္ကာ )

မာလာလင်္ကာရ။ သဒ္ဒမွှ,သေနား၊ ပတိ,ဖြာသား၊ သညာ,ဂုဏ်ဟိတ်၊ မင်းတံဆိပ်ဖြင့်၊ ဝိသိဋ္ဌ,ကြေငြာ။ ထေရ်ဆရာသည်၊ နောင်လာ, နောက်သား။ ရဟန်းများနှင့်။ ရှေ့သွား,ရဲဗိုလ်၊ ဝိနည်းဓိုရ်တို့။ စွဲသိုပိုက်ကြုံး၊ စိတ်နှလုံး၍၊ ဖြတ်ထုံး,ဤစာ၊ ဖြစ်ပိမ့်ငှာဟု၊ ကြည်သာ,စကား၊ ပန်ထွာပြား၍။ စာသွားနက်ကျယ်၊ မြက်,ပင်လယ်သို့။ ဓိပ္ပါယ်,ယူစစ်၊ အဆီနှစ်ကို၊ ထုတ်ညှစ် ပြီးခါ။ ဝိစင်ကာဖြင့်။ လေးဖြာ, ကျွန်းလုံး၊ လွှမ်းပိတ်ဖုံး၍၊ ရိုက်ချုန်း မည်ဟိန်း။ နက်စည်တီးကာ၊ မိုးသံကြီးဖြေယာဉ်၊ ရွာဖြိုးသွန်သို့၊ ခင်မွန်ထေရ်ကျော်။

ဆရာတော်လျှင်၊ ထုတ်ဘော်ညွှန်ကြား၊ ကောက်ချက်ထားသည်။ ။နောက်သားနောင်သာ, သိစေသောင်၊ ။

မာလာလင်္ကာရ သာသနဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာ ဓိရာဇဂုရု။ သာသနာပြု တောင်တော်ဆရာတော်ကြီး တောင်းပန်တိုက်တွန်းချက်အရ၊ ခင်မွန်ရွာ, သုံးဂိုဏ်းချုပ်ဆရာတော်ဘုရား ရေးသားစီရင်အပ်သော, ကျော်ကာ ဖွေဆိုင်းခိုးမှုဖြတ်စာကောက်ချက်သည်။ ကောဇာသက္ကရာဇ်-၁၂၄၁-ခုနှစ်။ ကဆုန်လဆန်းတဆဲ့နှစ်ရက်နေ့တွင်၊ ပြီးဆုံးအောင်မြင်ခြင်းသို့ရောက်သတည်း။ ။

ဖွေဆိုင်းခိုးမှု ကောက်ချက်ပြီး၏။

---

ဒွါဒသမ-ဝိနိစ္ဆယ။ ရှင်ကဝိ-ပထမမှု-ဖြတ်စာ။

၁၂၄၂-ခုနှစ်၊ ဖြတ်ထုံး-၁၂။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ၊

(၁) ဆန္ဒာ ဒေါသာ ဘယာ မောဟာ။ ယော ဓမ္မံ အတိဝတ္တတိ၊
နိဟိယတိ တဿ ယသော၊ ကာလပက္ခေဝ စန္ဒိမာ၊ ။

(၂) ဆန္ဒာ ဒေါသာ ဘယာ မောဟာ။ ယော ဓမ္မံ နာတိဝတ္တတိ၊
အာပူရတိ တဿ ယသော၊ သုက္ကပက္ခေဝ စန္ဒိမာ၊ ။

ဟူ၍ ဟောတော်မူအပ်သော, ပရိဝါ ပါဠိတော်၌၊ မဟာသင်္ဂါမ-အနုသာသနကထာ, ဩဝါဒဒေသနာ, တော်မြတ်ကို၊ ဦးထိပ်ရွက် ပန်ဆင်ပြီးလျှင်၊ အလုံနယ်ရပ် သတ်မှတ်ရာပါသော (တောင်မတော)ရွာ မြောက်ကျောင်းနေ-ဗုဒ္ဓတက ရဟန်းတော် ရှင်ကဝိကို၊ ဒါယိကာမ(မိမှတ်)ဆိုသူက၊ ဒါယကာ(င,သာဖ)(အား၊ ဘုန်းကြီး-ဦးကဝိသည် ငါနှင့်ယောဖြွမ်းယှက်တင်, ချစ်ခင် လေးမြတ်နေသည်ဟု ပြောဆိုသောစကားကို အရင်းပြု၍။ တောင်မတောရွာနှင့် အနီးအပါးရှိ များစွာသော ရဟန်းသံဃာ, ဒါယကာ, ဒါယိကာမ, ပရိသာတ်တို့သည်၊ ရဟန်းတော် ရှင်ကဝိ၏အပေါ် ၌ယုံမှားခြင်းဝေမတိက, ကုက္ကုစ္စ, သံသယ, မကင်းဖြစ်ရှိနေကြသော်လည်း။ တရုံ

တယောက်သောရဟန်းရှင်လူတို့သည်။ အကြီးအကဲဖြစ်သောဂိုဏ်းထောက်, ဂိုဏ်းအုပ်,ဂိုဏ်းချုပ် ဆရာတော်တို့အား သုတစောဒနာဖြင့်လျှောက်ထား ခြင်းကိုမပြုမလုပ်ပါဘဲ။ ရဒိတက ရဟန်းတော် ရှင်ကဝိသည် မိမိဘာသာ အလိုအလျောက်ပင်၊ ကျေးရွာအတွင်း များစွာသော ရဟန်း, ရှင်,လူ, တို့ သည်၊ ဒါယိကာမ(မြမှုတ်)ပြောစကားနှင့် တပည့်တော်၏ သီလဝိပ္ပတ္တိ အကြောင်းအရာများကို ပြောဆိုလျက်ရှိနေကြပါ၍။ ၎င်းပုဂ္ဂိုလ်တို့နှင့် တကွ။ ဒါယကာမ(မြမှုတ်)ဆိုသူကို စစ်ဆေးမေးမြန်းပြီးလျှင်။ ဝိနိစ္ဆယကို ကယ်မ ပေးသနားတော် မူပါဟု လာရောက် လျှောက်ထား တောင်းပန် သောကြောင့်။ ကျေးရွာအနီးအပါးရှိ သံဃာများကိုင်း၊ တောင်မတောရွာနေ အကြီးအကဲပြုလုပ်သူတို့နှင့်တကွ။ ဒါယကာ,ဒါယိကာမတို့ကိုင်း။ စည်းဝေးစေ၍။ ကျေးရွာသား တို့ကို သရဏဂုံနှင့်တကွ၊ ပဥ္စသီလ, ကိုခံယူ ဆောက်တည် စေပြီးလျှင်။ တောင်မတောရွာ တောင်ကျောင်းနေ- ရဟန်းတော် ရှင်ကေတုနှင့်တကွ၊ ဒါယကာ (ကြေယ်,ငပို,ငမြ,ထိုက်,ထွန်း) ဆိုသူတို့ကို အသီးသီးတယောက်ချင်းခွဲခြား၍၊ ကွဲပြား ထင်လင်းအောင် (သစ္စာတော်)ကျမ်းကို ထမ်းရွက်စေ၍။ အဘန်ဘန် အထပ်ထပ် စစ်ဆေး မေးမြန်းလျှင်။ ။

(က) ဘုန်းကြီး- ဦးကဝိ အပေါ်၌။ ရှေးအခါက သီလဝိပ္ပတ္တိ အကြောင်းအရာ သိကျွာပုဒ်နှင့်ပတ်သက်စပ်လျဉ်း၍ တရံတခါဘယ်စကားကိုမျှ တခါတရံမျှ မကြားဘူးကြပါ။ယခုဒါယိကာမ(မြမှုတ်)ဆိုသူကပြော ဆိုမှသာကြားသိကြရပါလည်း။ ။

တောင်မတောရွာ ဒါယကာတစုတို့ထွက်ဆိုချက်၊

(ခ) တပည့်တော်မသည် ဒါယကာ(ငရွှေဇံ) ဆိုသူ၏အထံ၌ ရယ်မောဘွယ်ရာ ပြောဆိုမိသောစကားကို အကြောင်းရင်းပြုလုပ်၍၊ ကျေးရွာသားများက မြှမ်းခြောက်မောင်းမဲ၍၊ တပည့်တော်မကို တောင်ကျောင်းထည်း စရဝ်သို့ခေါ်ပြီးလျှင်။တောင်ကျောင်းဘုန်းကြီး ဦးကေတုနှင့်၊ကျေးရွာနေ လူတို့ကမေးမြန်းကြရာ။ ကြောက်လန့်လှ၍ ပြောမိပြောရာ ပြောမိပါသည်၊ တပည့်တော်မ၌၊ ဘုန်းကြီးဦးကဝိသည်(မေထုနသေဝ)အမှုကိုပြုကျင့်သည်မဟုတ်ပါ၊ ။

(ဂ) ဘုန်းကြီး-ဦးကာဝိ၏ကျောင်းသို့လည်းအခေါက်ပေါင်းများစွာ မသွား မရောက်ဘူးပါ၊ ဆွမ်းလှူဆွမ်းပို့ တနှစ်လျှင် နှစ်ခေါက်တနံသည်။ သုံးခေါက် တနံသည်သာ ရောက်ဘူး သည်လည်း ကျောင်း၌ သားငယ် ကျောင်းသားရှိ၍သာ ရောက်ဘူးရခြင်းဖြစ်ပါသည်။ ။

(ဃ) အကာလ ညဉ့်အခါမှာလည်း၊ ဒါယကာ (ငရွှေခံ) ဆိုသူက၊ ကျောင်းမှာ(၅)ရောင်းစရာရှိသည်၊ လိုချင်လျှင်လာရောက်ယူလှည့်ပါခေါ် သောကြောင့်၊ ကျောင်းကိုတခေါက်ရောက်ဘူးပါသည်၊ဘုန်းကြီး-ဦးကာဝိ နှင့် မတွေ့ခဲ့ပါ၊ ။

ဝဏ္ဏုသည်မ(မိမှတ်)ထွက်ဆိုချက်၊

ဤသို့ ကျေးရွာသားများနှင့် ဝဏ္ဏုသည်မ(မိမှတ်)တို့ အစစ်ခံထွက်ဆို ကြသည်ဖြစ်၍၊ ဝုဒိတကရဟန်းတော် ရှင်ကာဝိ၏ ထွက်ဆိုချက်ကို ဆင် ခြင်ပြန်လျှင်။ ။

(င) တပည့်တော်၏ကျောင်း၌သားငယ်ကျောင်းသားရှိသည်ဖြစ်၍၊ ဒါယိကာမ (မိမှတ်) သည်၊ ကျောင်းသို့ တခါနှစ်ခါ ဆွမ်းလှူဆွမ်းပို့လာ ရောက်ဘူးပါသည်။ လာသောအခါ၌လည်း တခါတရံမျှ နှုတ်ခွန်း ချိုသာ စကားစမည် မပြောဘူးပါ၊အကာလ ညဉ့်အခါမှာလည်း၊ တခါတခေါက် မျှ မလာမရောက်ဘူးပါ၊ ကျောင်း၌လည်း တပည့် ရဟန်း, သာမဏေ, လူ ငယ်,လူကြီး အများရှိကြပါသည်။ စစ်မေးတော်မူပါ၊ ။

(စ) ဒါယိကာမ(မိမှတ်)ပြောစကားကိုအကြောင်းပြု၍၊ကျေးရွာအနီး အပါးရှိ လူ,ရှင်,ရဟန်း,တို့သည်။ သံသယ,ကုက္ကုစ္စ,ဖြစ်ရှိကြ၍ ပြောဆိုကြ သည့်အတိုင်း။ တပည့်တော်သည် သီလဝိပ္ပတ္တိအရာ (ပဌမသိက္ခာ) ပုဒ် တော်ကိုလွန်ကျူးကျော်နင်းပြုကျင့်သည်မဟုတ်ပါ။အယုတ်သဖြင့်ကောသ ကောယ ရဟော နိသဇ္ဇန အမှုမျိုး၊ ဒုဗ္ဘာသိတ, ကာယသံသဂ္ဂ, အမှုမျိုး ကိုမျှ မလွန်မကျူး မပြုမကျင့်ပါ၊ ။

ဝုဒိတကရှင်ကာဝိ-ထွက်ဆိုချက်၊

ဤသို့ဝုဒိတက,ရဟန်းတော် ရှင်ကာဝိက(သုဒ္ဓ)အစစ်ခံထွက်ဆိုသော ကြောင့်၊ ချင်းတို့၏အစစ်ခံ ထွက်ဆိုချက်စကားရပ်များကို တရားနှင့် အ ညီ ရွေးချယ် နှိုင်းချိန်ထောက်ထား ဆင်ခြင်ပြန်လျှင်လည်း၊ ကျေးရွာ အနီး

အပါး၌ ရဟန်းသံဃာ အကြီးအကဲပြုလုပ်သူတို့နှင့်တကွ၊ ကျေးရွာနေလူတို့က၊ ရဝိတကရဟန်းတော် ရှင်ကဝိ၏အပေါ်၌တရုတ်ရာ သွားလာ ဝင်ထွက်, စကားပြောဟော ဆိုခြင်းကိုရှင်း, ပွင့်လင်းစွာ ပေးကမ်းသည်ကိုရှင်း၊ ရှေးအခါက မကြားမသိကြရပါ၊ယခုမှ ဒါယိကာမ(မိမှတ်)ပြောဆိုချ်သာ ကြားသိကြရပါသည်ဟု အစစ်ခံ ထွက်ဆိုကြသည်။ ထိုစကားနှင့် ဒါယိကာမ(မိမှတ်)၏"တောင်ကျောင်းဘုန်းကြီး ဦးဇောတနှင့် ကျေးရွာသားများ ချိန်းခြောက်,ငေါက်ငမ်း, မောင်းမဲ၍ မေးမြန်းကြသောကြောင့် ကြောက်လန့်လှ၍သာ ပြောမိပြောရာပြောဆိုမိပါသည်၊ တရုတ်ရာ ဘာမျှ မဟုတ်ပါ"ဟုအစစ်ခံထွက်ဆိုသော စကားသည် ညီညွတ်သကဲ့သို့ ထင်သည်။ ထို့ကြောင့် အကယ်၍ ဒါယိကာမ(မိမှတ်)သည် ဒါယကာ(သော ဇံ)နှင့် တဦးကိုတဦး ခန့်ခန့် ရယ်မောရောစကား ပြောကြားသည် ဟု အစစ်ခံထွက်ဆိုစေကာမူ၊ မြတ်စွာဘုရားသခင် လက်ထက်တော် အခါကာလက၊ မေတ္တိယဘုရ္ခဏီရဟန်းတို့၏ တပည့်မ,ဖြစ်သော ဘိက္ခုနီမ သည်၊ ရဟန္တာ ရှင်ဒဗ္ဗမလ္လကို ခုနှစ်ခါ ပါရာဇိကဖြင့်စွပ်စွဲမိများ သည်နှင့် အလားတူသည်ဖြစ်၍၊ ရဟန်းတော် ရှင်ကဝိကို ဒါယိကာမ(မိ မှတ်)သည် ခုနှစ်ခါ,အနက်မဝဘွယ်ဖြင့် စွပ်စွဲပြောဆိုရာရောက်ချေသည်၊ သို့ဖြစ်သောကြောင့် ရဟန်းတော် ရှင်ကဝိ၏ စိတ်ကျေနပ်လောက်အောင် များစွာသော လူ, ရှင်,ရဟန်း, ပရိသတ်တို့၏ အလယ် ရှေ့မျက်မှောက်၌ ဒါယိကာမ(မိမှတ်)က မိမိစွပ်စွဲပြောဆိုမိသော အပြစ်မှကင်းလွတ် စေရန် လက်အုပ်ချီမြှောက်၍ သုံးကြိမ်သုံးခါ ကန်တော့ဝန်ချ တောင်းပန်စေ။ နောင် နောင်အခါကာလ၌လည်း ဤကဲ့သို့မဖြစ်စေရအောင် ဆရာတော်တို့ ဆုံးမသည့် ဩဝါဒကို နာခံ၍ ကောင်းမွန်စွာ နေထိုင်ရမည်၊ သို့ဆုံးမသည်ကို မလိုက်မနာဘဲ၊ မိမိသဘောဖြင့်သော်၎င်း သူတပါးတို့၏ပယောဂဖြင့် သော်၎င်း၊ ဤကဲ့သို့ အမှုမျိုးဖြစ်၍ ကြားသိရပြန်လျှင် ဆရာတော်တို့က ဆိုင်ရာအစိုးရတရားရုံးတော်သို့ လွှဲအပ်တင်ပို့ရလိမ့်မည်။

ရဝိတကရှင်ကဝိကိုလည်းမိမိ၏အစွာပြုနိုင်သည့်ဝန်ခံချက်နှင့်ညီညွတ် သည် မညီညွတ်သည်ကို ဆင်ခြင်ညှိနှိုင်းပြန်လျှင် ကျောက်ကာရွာဥပုသ် ဝင် သံဃာ၊ သာစည်ရွာ ဂိုဏ်းထောက်ဆရာများနှင့် သံဃာတော်အများ တို့က သက္ကရာဇ်{၁၂၄၁}ခုနှစ် ကဆုန်လအတွင်း ဆရာတော်ဘုရား၏ ဆင့်စာအမိန့်တော်ကို ရရှိကြ၍၊ လယ်ငင်ရွာ မိုးလ်းကောင်းတိုက်နေ ရှင်

ပဏ္ဏာ, တောင်မတောရွာ ပြောက်ကျောင်းနေ ရှင်ကာဝိတို့နှင့် အတူတကွ ဆွမ်းစဉ် ပရိတ်ရွတ်မှစ၍ (သင်္ဃာဂ, သံဝါသ)နှစ်ပါးကိုမပြုကြဘဲ၊ ရှောင်ကြဉ်၍လာကြသည်မှာ တနှစ်ခန့်မျှရှိပါပြီ၊ သို့စဉ်ကာလ ရှည်မြင့်စွာကြဉ်ဖယ်၍ ထားရေ။ ရဒိတက ရဟန်းတော်ရှင်ကာဝိ၌ တရုံတရာအပြစ်အနာအဆာကို ဘာတခုမျှမကြားမသိကြရ။ ယခုကဲ့သို့မဖြစ်မီ ရှေးအတိုကလည်း ချဒ္ဒါနု ချဒ္ဒကာသိက္ခာပုဒ်များ၌ လော်လည်း ဘောက်ပြားသည်ဟူ၍ တရုံတရာမကြားမသိကြရ။ သို့ဖြစ်၍ ရဒိတက ရှင်ကာဝိအပေါ်၌ မိမိပေးသော ပဋိညာဏ်ဖြင့် သံသယ, ကုက္ကုစ္စ ပျောက်ကင်းကြရန် တော်သင့်ပါပြီဟု သဘောတူညီကြောင်းကို ထွက်ဆိုကြသည်ဖြစ်၍ရင်း၊ သစ္စာတော်ကျမ်းကို ထမ်းရွက်စေ၍ အဖန်ဖန်, အထပ်ထပ် စစ်ဆေးမေးမြန်း အပ်သော်လည်း ရဒိတကရှင်ကာဝိက(သုဒ္ဓ)ပဋိညာဏ်ကိုသာ ပေးသည်ဖြစ်၍ရင်း၊

(၃) ပဋိညာ လဇ္ဇိသုကတာ၊ အလဇ္ဇိဿတံ နုဝိဇ္ဇတိ၊
ဗဟုမ္ပိအလဇ္ဇိ ဘာသေယျ၊ ဝုတ္တာနုသန္ဓိတေန ကာရယေ၊ ။
(၄) လဇ္ဇိ ပဋိညာယကာရေယျ၊ အလဇ္ဇိ ဝုတ္တာနုသန္ဓိနာတိအဋ္ဌာ။
ပရိဝါအဋ္ဌကထာ။

ဤသို့မိန့်ဆိုအပ်သော ပါဠိတော်, အဋ္ဌကထာစကားရပ်တို့ဖြင့်လဇ္ဇီ, ပေသလ, သိက္ခာကာမ, ရဟန်းကိုသာ မိမိပေးသော လဇ္ဇိပဋိညာဏ်ဖြင့် ဆုံးဖြတ်ရမည်ဟု မိန့်ဆိုတော် မူသောကြောင့်၊ ရဒိတက ရဟန်းတော် ရှင်ကာဝိ၏ လဇ္ဇိဘာ, အလဇ္ဇိဘော ကို ခင်ခြင်လျှင်၊ ရှေးရှေးက အမူအရာ အကျင့်အာစာရများသည် လဇ္ဇိသဘောလက္ခဏာပင်ဖြစ်သည်ဟု ဆိုသင့်သောကြောင့်၊ မိမိ၏သစ္စာပြု ပဋိညာဉ်ပေးသည့်အတိုင်း။ ရဒိတက-ရဟန်းတော်ရှင်ကာဝိ၌ တရုံတရာ အာပတ္တိဒေါသ မထင်။ ကင်းစင်သည်ဖြစ်၍၊ နောက်နောင်အခါကာလ၌လည်း ယခုကဲ့သို့မဖြစ်ရ မကြားမသိရအောင်၊ မိမိ၏သီလကို ဖွေးဖွေးလွှလွှ၊ ဆွတ်ဆွတ်ဖြူစင်၊ အရောင်လွင်အောင်၊ သုတ်သင်စောင့်ရှောက်၍ ကောင်းမွန်စွာ နေထိုင်ရမည်။ ။

ဤသို့ ဆိုဆုံးမသည့်အတိုင်း လိုက်နာကျင့်ကြံ၍၊ ကောင်းမွန်စွာ နေထိုင်ပေလျှင်။ ရဒိတကရဟန်းတော် ရှင်ကာဝိနှင့်အတူတကွ အများသံဃာတော်တို့သည်၊ ဥပုသ်,ပဝါရဏာ စသော သံဃာကံဖြင့်၊ သင်္ဃာဂ, သံဝါ

သနှစ်ပါး။ မကွဲမပြား၊ ရွှေအလားသို့၊ တသားတည်း ညီညွတ်စွာပေါင်း သော်နေထိုင်ကြစေ။ ။

ကောဇာသက္ကရာဇ်{၁၂၄၂}ခုနှစ်။ ကဆုန်လဆန်း တဆဲ့နှစ်ရက်နေ့တွင် ခင်မွန်,မုံရွေး,ကြေးမှုံ,ကျောက်ကာ,သာစည် နယ်ရှိ သံဃာတော်များကို စည်းဝေးစေ၍၊ များစွာသော လူ,ရှင်, ရဟန်းပရိသတ်တို့၏ အလည်၌ ခင်မွန်ရွာ သုံးဂိုဏ်းချုပ်ဆရာတော်ဘုရား ရေးသားဆုံးဖြတ်အပ်သော အဆုံး အဖြတ်။ ।

---

## တောရသမဝိနိစ္ဆယ။ရှင်ဝဏ္ဏပထမမှု-ဖြတ်စာ။

## ၁၂၄၂-ခုနှစ်။ ဖြတ်ထုံး-၁၃။

မြတောင်ဆရာတော်၊ ရမည်းသင်းဆရာတော်၊ မင်းကင်းဆရာတော်၊ ရွှေကျင်တိုက်အုပ်ဆရာတော်၊ဝိသုဒ္ဓါရာမ ဆရာတော်။မှိုင်းလုံဆရာတော် တို့ လျှောက်လိုက် ပါသည်၊ အလုံမြို့အဝင်အပါ မုံရွာဂိုဏ်းအတွင်း သ တင်းသုံးနေထိုင်ကြသော သုံးဂိုဏ်းချုပ်ဆရာတော်နှင့်တကွ၊ ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းသား သံဃာကြီးငယ်တရုတ်-ရွာပုလဲရွာနေ ဒါယ ကာ(ငပြည့်)ဆိုသူက၊ "ဒါယိကာမ (မိလုံးတာ) ဆိုသူနှင့် လယ်စင်ရွာ မိုး ကောင်းတိုက်နေရှင် ဝဏ္ဏတို့ည၌ အခါခါကားတီးတိုးပြောဆိုနေထိုင်သည် များကို ကြားသိရပါသည်,, ဟုလျှောက်ထားပြောဆိုသည်နှင့်အချို့သံဃာ တို့က ရှင်ဝဏ္ဏ၌ သံသယ ကုက္ကုစ္စ, ဒွိဟမကင်းရှိသည်နှင့်ဂိုဏ်းထောက် တို့နှင့်တကွ၊ ဂိုဏ်းသားသံဃာတို့ အရုံအညီ စစ်ဆေး မေးမြန်းပြီးလျှင် စီရင်ဆုံးဖြတ်ပါသည်ကို မပြီးမပြတ်,မငြိမ်မဝပ်၊ အချို့သံဃာတို့ကသံသ ယ,ကုက္ကုစ္စ မကင်းနိုင်ရှိကြသည်နှင့် မြို့တော်သို့ ဆိုက်ရောက်၊ဆရာတော် များထံ လျှောက်ထားပြောဆိုရေ။ ဆရာတော်တို့ကလည်း အထက် ရွှေ ကျင် ဆရာတော် ဘုရားကြီး စီရင် ရေးသားထားခဲ့ရင်း ဥပဒေတော်ရှိ သည့်အတိုင်း၊ ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့ အရုံအညီ စီရင်ဆုံးဖြတ်၍၊ မပြီးမပြတ်သည့်အမှုများကို ရွှေမြို့တော်သို့တင်ပို့လျှင် ဆရာတော်တို့ အ ရုံအညီ စီရင်ဆုံးဖြတ်ရသည်။ ဂိုဏ်းချုပ်ဆရာတော်နှင့်တကွ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ အရုံအညီပြု၍ မစီရင်မီအတွင်း၊ မြို့တော်သို့ ဆိုက် ရောက်တင်ပို့ လျှောက်ထားပြောဆိုသော်လည်း၊ ဆရာတော်တို့က တရုံ

တရား မစစ်မဆေး မေးမမြန်းဘဲ။ ဂိုဏ်းချုပ်,ဂိုဏ်းအုပ်, ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့ထံ ထင်မှတ်လွှဲအပ်စေရ ဆုံးဖြတ်စေရသည်။ ယင်းသို့ဖြစ်၍ ယခုဆိုက်ရောက်လာသည့် ရှင်ဝဏ္ဏ၏အမှုကို ဂိုဏ်းချုပ်ဆရာတော်နှင့် အရုံအညီ မစီရင်ရသေးဖြစ်၍၊ ဂိုဏ်းချုပ်ဆရာတော်တို့ထံသို့ ထပ်မံလွှဲအပ်, ဆုံးဖြတ်စီရင်သင့်သော်လည်း စစ်ဆေးမေးမြန်း ဖြတ်တမ်းဖြတ်စာနှင့်စီရင်ရင်း ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့နှင့် ဂိုဏ်းချုပ်ဆရာတော်၊ အချို့ဂိုဏ်းအုပ်, ဂိုဏ်းထောက် သံဃာတော်တို့ ညီ မညွတ်။ တဦးနှင့် တဦး ဖြစ်တင်ကဲ့ရဲ့ ရှိနေကြသည့်အခါနှင့် ကြုံကြိုက်သောကြောင့်၊ အလွယ်တကူလျင်မြန်စွာ အမှုမပြီးမပြတ်နိုင်ရှိနေ အကြောင်းရှိ၍၊ သာသနာရေး, သာသနာမှုကို အလေးအမြတ်ပြုအပ် လှပေသည်တရားဟု နှလုံး သွင်းထားပြီးလျှင်၊ ထပ်မံစစ်ဆေး မေးမြန်းရသည်၊ ယင်းသို့ဖြစ်၍ အဘန်တလဲလဲ ထပ်မံ စစ်ဆေး မေးမြန်းသော်လည်း ရှင်ဝဏ္ဏ၌ ပါရာဇိက, သံဃာဒိသိသ် အရိပ်အရောင် မထင်၊ အနုနုပေသော မိက, ဂိဟိသံသဂ္ဂ. အနာစာရ အရိပ်အအရောင်မျှသာထင်မြင်သည်ဖြစ်၍၊ ရှင်ဝဏ္ဏနှင့်သံဃာတော်တို့က၊ သမ္မောဂ,သံဝါသ နှစ်ပါး ပြင့်မကွဲ ပြားပေါင်းဘော်နေထိုင်မြဲနေထိုင်ကြရမည်။

သံသယ, ကုက္ကုစ္စ, ဒွိဟာမကင်း၊ ယုံမှားခြင်း မပြေ မပျောက်နိုင်သောပုဂ္ဂိုလ် တစုံတယောက် ပေါ်ပေါက်လာခဲ့လျှင်၊ ဂိုဏ်းအုပ်,ဂိုဏ်းထောက်တို့က ဂိုဏ်းချုပ်ဆရာတော်ထံ လွှဲအပ်ရသည်၊ ဂိုဏ်းချုပ်ဆရာတော်ကလည်း ရှေးအထက် ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားရင်း ဥပဒေတော်အရ သစ္စာတော်ကျမ်းကို ယမ်းရွက် လျှောက်ဆိုပုံ၍၊ ဒုမ္မဒေါသအလိုက်မထင်၊ စင်ကြယ်သော စိတ်နှလုံးဖြင့် လျှောက်ထားရင်းမှန်လျှင်၊ သံသယ, ကုက္ကုစ္စ,ဒွိဟာမကင်း ယုံမှားခြင်းအကြောင်းကို ကောင်းမွန်စွာ စစ်ဆေးမေးမြန်း ပြီးလျှင်၊ စစ်တမ်း စစ်ချက်နှင့် တကွ၊ ထိုပုဂ္ဂိုလ်များကို ရွှေမြို့တော် ဆရာတော်တို့ထံသို့ တင်ပို့ အပ်နှံလိုက်ရမည့်အကြောင်းကို လျှောက် လိုက်ပါသည်။ ဂိုဏ်းချုပ်ဆရာတော်နှင့်တကွ ဂိုဏ်းအုပ်,ဂိုဏ်းထောက်တို့။ ။

ဆရာတော်ခြောက်ပါးဖြတ်စာ။

{မှာထားချက်။}။ ။ဤအထက်ပါဆရာတော် ခြောက်ပါး၏ ဖြတ်စာကို ထည့်သွင်းလိုက်ရခြင်းအကြောင်းကား။ ။သက္ကရာဇ်(၁၂၄၀)ပြည့်

နှစ်အတွင်း၊ လယ်စင်ရွာ မိုးကောင်းတိုက်ဘုန်းကြီး ဦးဝဏ္ဏနှင့်၊ ရွာပုလဲရွာ နေ-ဒါယကာ{ပြေည့်}ဆိုသူက ဒါယိကာမ{မိလုံးတာ}ဆိုသူနှင့် စောဒနာ၍ ပထမမှုဖြစ်သည်။ တောင်မဟာရွာ မြောက်ကျောင်းဘုန်းကြီး-ဦးကဝိနှင့် ကျေးရွာအနီးအပါး၌ ရဟန်း, ရှင်လူ တို့ ကဒါယိကာမ (မိမှတ်)ဆိုသူနှင့် စောဒနာကြ၍ ပထမမှုဖြစ်ပွားသည်၊ ၎င်းအမှု နှစ်ခုအတွက်ကြောင့် သံဃာတော်ချင်း မညီမညွတ် သမဂ္ဂ,သမဂ္ဂမဖြစ် ကွဲပြား နေကြရာတွင်၊ သက္ကရာဇ်-(၁၂၄၀)ပြည့်နှစ်။ တပေါင်းလဆန်း တဆဲ့သုံးရက်နေ့တွင်၊ မုံရွာ,ဈေးကူး ပါတိမောက်အုပ် ဘုန်းကြီး-ဦးပညာသာမိ။ မြေနဲ့ဘုန်းကြီး-ဦးဝရေ၊ ညောင်ပင်စောက်ရွာ ဘုန်းကြီး-ဦးစန္ဒိမာ။ ဤပုဂ္ဂိုလ်သုံးပါးကို အကြီးအကဲပြု၍၊ဘုန်းကြီး-ဦးဇိနာရိန္ဒ။ ကျောက်ကာဘုန်းကြီး ဦးပညာ၊ ဦးအာလောက။ သာစံတိုက်ဘုန်းကြီး ဦးဝါယာမ၊ ရွာတုံရွာ (ရဒုံ) ဘုန်းကြီး ဦးသြဘာသအစရှိသော အချို့သံဃာတော်တို့က ရဒိကရှင်ဝဏ္ဏ,စောဒကဒါယကာ(ပြေည့်,ဝဏ္ဏသည်မ မလုံးတာသာဂေ,ရွှေသွေး,ငတိုးနို,ငထွန်းပေါ်)ဆိုသူတို့ကိုမေးမြန်း၍စစ်တမ်းစစ်ချက်ပြုလုပ်ပြီးလျှင်၊ ရဒိတကရှင်ဝဏ္ဏနှင့်သံသယ ကင်းကြောင်းကိုစားတမ်းရေး၍၊ မုံရွေးရွာပုဗ္ဗာရုံဂိုဏ်းထောက်ဆရာတော်ထံသို့ရှင်ဝဏ္ဏ တုမလေး ကလေးလွှတ်၍ လာရောက်ပို့အပ်သည်။၎င်းစာတမ်းကိုပုဗ္ဗာရုံဂိုဏ်းထောက်ဆရာက၊ခင်မွန်ရွာသုံးဂိုဏ်းချုပ်ဆရာတော်ကြီးထံသို့တင်ပို့လာသည်၊ ဤသို့စာတမ်းစာချုပ်နေးသားပြုလုပ်ရာတွင်၊ အချို့ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က သဘောတူညီကြသည်။ဂိုဏ်းချုပ်ဆရာတော်နှင့်တကွ အချို့သောဂိုဏ်းအုပ်ဂိုဏ်းထောက်, ဂိုဏ်းသားတို့ကလည်း သဘောမတူ။အယူအဆတမျိုးစီထင်မြင်နေကြ၍၊ ဈေးအထက်ကထက်သာလွန်၍ ကွဲပြားကြပြန်သည်။ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီးကလည်းလက်အောက်ဂိုဏ်းအုပ်,ဂိုဏ်းထောက်တို့အစုံအညီပြုလုပ်၍ မစစ်ဆေးရသေး။အမှုကိုမအပ်လာသေး၍၊ ကိုယ်တိုင်စစ်ဆေးမေးမြန်းခြင်း, ဖြတ်စာပေးခြင်းကိုမပြု။သံဃာချင်း မညီညွတ်ကွဲပြားနေကြသည်ဖြစ်၍၊သံဃာသူ့၊, သံဃာဖါသူဖြစ်စေခြင်း အကျိုး၌၊ယုံကြည်လောက်သောတရုံတဦးသောဝိနည်းရိုက်ရပုဂ္ဂိုလ်ထံ၌၊ယထာဝမ္မ,ယထာဝိနယဝိနိစ္ဆယကို မရသေးသမျှ ကာလပတ်လုံး၊အဓိကရုဏ်း၏တည်ရာဖြစ်သော ရှင်ကဝိ,ရှင်ဝဏ္ဏတို့နှင့် ခွမ်းပင်ပရိရွာဘ်မှစ၍၊ သမ္မောဂ, သံဝါသနှစ်ပါးမှ ရှောင်ကြဉ်နေကြရန်၊ ဂိုဏ်းသား သံဃာတို့ကို အမိန့်

ဆင့်စာပေးထားသည်။ ဖြတ်စာဂိုကား ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က ဖြစ်စေ၊ အမှုသည်ကဖြစ်စေ လာရောက်လျှောက်ထားတောင်းဆိုမှသာ အစုံအညီစစ်ဆေးမေးမြန်းပြီးမှ ပေးတော့မည်ဟု သဘောပိုက်၍ နေတော်မူသည်၊ ဇမ္ဗုဒီပကာဘုန်းကြီး ဦးဝဏ္ဏသည် မိမိ၏အထက်ကအကြီးအကဲပြုလုပ်သော ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ် ဆရာတော်တို့ထံမှ ဖြတ်စာကို ရအောင်ကားမပြု။ အားပေးအားမြှောက် ပုဂ္ဂိုလ်တို့၏စကားကို နာယူ၍ အဆိုပါအချုပ်ဘုန်းကြီးများ၏ စစ်တမ်းစစ်ချက်,သံသယကင်းစာတမ်းစာချုပ်ကိုယူ၍၊မန္တလေးမြို့တော်သို့အဆိုပါဆရာတော်ကြီးများထံသို့သွားရောက်၍အယူခံဖြတ်စာတောင်းဆိုလေသည်၊ထိုသို့တောင်းဆိုသည့်အတိုင်း အဆိုပါအချုပ်ဘုန်းကြီးများ၏ စစ်တမ်းစစ်ချက်မျှနှင့်ပင်အဆိုပါရွှေမြို့တော်နေ ဆရာတော်ကြီးများက (သုဒ္ဓ)ဖြတ်စာကိုပေးတော်မူကြသည်၊ ၎င်းဖြတ်စာကိုလည်း, ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ကြီးထံသို့ အရောက်ပို့စေ-အမိန့်တော်ပါ၍ ပို့လာရာတွင်၊ ဆရာတော်ဘုရားကြီးသည် ဘတ်ရှစေ၍ ဖြတ်စာပေးသော ရွှေမြို့တော် ဆရာတော်များကို များစွာ အံ့သြ၍ အပြစ်တင်တော်မူသည်။ အကြောင်းသော်ကား။ ဤအမှုနှင့်ပတ်သက်၍ အကြောင်းမျိုးစုံကို အနီးအပါးရပ်ရွာ၌နေကြသောပုဂ္ဂိုလ်များလောက် မသိပါဘဲလျက်၊ သာမာန်အချုပ်ဘုန်းကြီး, ကလေးများ၏ စစ်တမ်း,စစ်ချက် ဆိုသောစာမျှကို ဇမ္ဗုဒီပက ၎င်းဝဏ္ဏ ပြကာမျှဖြင့် သာသနာတော်ရေး, သာသနာတော်မှုကို အလေးအမြတ်ပြုသည်ဆို၍ မြို့နေဆရာများက (သုဒ္ဓ) ဖြတ်စာကို ပေးလိုက်ခြင်းသည်၊ သာသနာတော်ရေး, သာသနာတော်မှုကို ထောက်ရှုရာမရောက်၊ ကျေးတော, ကျေးလက် ရပ်ရွာများ၌ ကြပ်တည်း ခဲယဉ်းစွာအုပ်ချုပ်၍ သာသနာပြုရနေကြရသော ဂိုဏ်းအုပ်, ဂိုဏ်းချုပ်တို့၏ သြဇာအာဏာကို လက်အောက်ဂိုဏ်းသားတို့အပေါ်၌ မတည်စေရန်၊ လက်အောက်ငယ်သားများကို အားပေးအားမြှောက်ပြုလုပ်သည်နှင့်တူနေသည့်ပြင်၊ဂိုဏ်းချုပ်,ဂိုဏ်းအုပ်တို့အစုံအညီမစီရင်ရသေးသောအမှုကိုမြို့နေ ဆရာများကဖြတ်စာပေးသည်ဖြစ်၍၊အထက် ရွှေကျင်ဆရာတော်ကြီး၏ ဥပဒေတော်နှင့်လည်း လွှင်စင်အောင် လွဲမှားလေသည်ဟူ၍ များစွာအပြစ် တင်တော်မူသည်၊ ၎င်းအကြောင်းအရာများကို ရွှေကျင်ဆရာတော်ကြီးနှင့်,တောင်တော် ဆရာတော်ကြီးနှစ်ပါးကို လျှောက်ထားရာ၊ သာသနာပြု ဆရာတော်ကြီးနှစ်ပါးတို့က အဆိုပါ ဖြတ်စာပေး

သောဆရာတော်ကြီးများကို နောက်နောင် ဤကဲ့သို့မဖြစ်ကြစေနှင့်ဟုဆုံး မတော်မူကြသောဟူ၍၊ ။ဤအကြောင်းအရာများကို ခင်မွန်သုံးဂိုဏ်း ချုပ် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မိန့်ဆိုဘူးသည်ကို ကြား လိုက်ရ ဘူးသောကြောင့်ရင်း။ ထိုဆရာတော်ဘုရားကြီး မှတ်သားထား သော (ပရိုက်) မူကို တွေ့မြင်ရသောကြောင့်ရင်း။ အဆိုပါ အမှုသည် ခင်မွန်ဆရာတော်ကြီး၏ အုပ်ချုပ်ရာနယ်အတွင်း၌ ဖြစ်ပွါးသော အမှုဖြစ် သောကြောင့်ရင်း။ သက်ဆိုင်သော အကြောင်းအရာတို့ကို သိသာတော် မူကြရန် အထက်ပါ ဆရာတော် ခြောက်ပါး၏ ဖြတ်စာကို ဤနေရာတွင် ထင်ရှားစွာ ဘော်ပြလိုက်ရပါသတည်း။ ။

---

ရဒ္ဒသမဝိနိစ္ဆယ-နွားထိန်းရွာရှင်ခေမိန္ဒ-ပထမမှုဖြတ်စာ
၁၂၅၄-ခုနှစ်၊ဖြတ်သုံး-၁၄။

သက္ကရာဇ် ၁၂၅၄ခု၊ တန်ဆောင်မုံးလပြည့်ကျော်–၂-ရက်နေ့။ အာ ရုံတက်ခါနီးအချိန်တွင်၊ နွားထိန်းရွာရှေ့ကျောင်းနေ၊ ဦးနန္ဒ၏တပည့် ပဥ္စင်း ငယ်။ ခေမိန္ဒသည်။ မုံရွာ-ရွာသစ်ရွာရှေ့ကျောင်းနေ ဦးနရိန္ဒကို။ ကတော့ ရန် ငှက်ပျောအခုန်းစသည်တို့ကို၊ ဆောင်စေ၍။ သစ်ဆိမ့်ရွာသား ဦးနန္ဒ၏ ဦးရိုးတော်၊ အသက်-၅၀-ကျော်ကပ္ပိယငရုံးနှင့် တကွ။ မုံရွာသို့။ ပေထုပ် ဝယ်ရန်နေမြဲကျောင်းမှ၊ ထွက်လာကဲ့ရာ။ မုံဈေးရွာတွင်းတွင်။ မယ်သီလ တို့အပေါင်းအဖော်အများနှင့် နေသော၊ ကျေးနင်းရွာသူ၊ မယ်နန္ဒီခေါ် အ သက် ၂၀-ကျော်မယ်သီလသည်၊ အဝတ်အထုပ်အပိုးများနှင့်၊ ၎င်းပဥ္စင်း ငယ်ခေမိန္ဒ-ငရုံးတို့နောက်သို့၊ နေအိမ်မှထွက်၍လိုက်ရာ၊ အပေါင်း အ ဖော်မယ်သီလတို့မှစ၍၊ ရွာနေရပ်သား–တကာတကာမ။ ရဟန်းတော်တို့ တိုင်ကြားသိကြကုန်၍၊ ၎င်းပဥ္စင်းငယ်၊ခေမိန္ဒ၊မယ်သီလမိနန္ဒီတို့၌၊ယုံမှား ခြင်းသံသယ မကင်းဖြစ်ကြ၍။ ၎င်းပဥ္စင်းငယ်ခေမိန္ဒ-မိနန္ဒီတို့၏ ဂမနာ ကာရ၊ဝစနာကာရ, နိသိဒနာကာရ, နိပဇ္ဇနာကာရကို။ ဂါမဓမ္မကောသလ္လ ညာဏ်နှင့်ပြည့်ပုံသော ရဟန်းတကာ,တကာမတို့။ နေ့ရက်များစွာ။ အ ကြိမ်ကြိမ်အခါခါ ရုံစမ်းစစ်ဆေးမေးမြန်းကြရာ၊ ၎င်း ပဥ္စင်းငယ်။ ခေမိန္ဒ, မယ်သီလမိနန္ဒီတို့၏။ ဂမနာဂမနာကာရ, ဝစနာကာရ, နိသိဒနာကာရ, နိပဇ္ဇ နာကာရများဖြင့်။ ပဥ္စင်းငယ်ခေမိန္ဒ၏။ မူလဋ္ဌကဋ္ဌ,သီလဝိပတ္တိ အာကာရ

သည်မထင်၊ သာဝသေသ ဂရုက, လဟုက အာပတ္တိဒေါသသာလျှင်၊ ထင်သည်ဖြစ်၍၊ ရင်းအမှုသည်နှစ်ဦးတို့၏ ထုချေးရှိရိုးသစ္စာပြု၊ သာဝသေသပဒို ညာတ်နှင့်အညီ။ သတင်းသုံးတော် သံဃာတော်မြတ်နိုးနိုင်အောင်၊ အလုံးရုံသော သိက္ခာပုဒ်အရာတို့၌။ အာယတိံ သံဝရေထား၍၊ ဒေသနာကာံ၊ ဝုဋ္ဌာနကာံတို့ဖြင့်။ မိမိ၏သီလကိုသန့်ရှင်းသုတ်သင်၍။ သံဝေဂဇမ္ဗကို လွန်စွာပွားစေသဖြင့်၊ ရှေးရှေးကာလက အနေသူးပရိယတ်၊ ပဋိပတ်တရား နှစ်ပါးကို၊ အားထုတ်နေထိုင်ရမည်ဟုခင်ပွန်းရှာဟောသာဒေသမိတော်ရ ၃-ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးနှင့်တကွ၊ သံဃာတော်တို့အဆုံးအဖြတ်ဝါဒပေးသည်ကိုအများရှင်လူတို့သိရန်စာတမ်းရေးမှတ်တင်ထားသည်။

---

ပန္နရသမဝိနိစ္ဆယနိဿယပဋိပွဿမ္ဘနနှင့်အကပ္ပိယအဆုံးအဖြတ်

၁၂၃၆-ခုနှစ်။ ဖြတ်ထုံး-၁၅။

ကျောက်မျက်ဘုန်းကြီးရှင်ဣလာဘလျှောက်ပါသည် ဆရာတော်ဘုရား။ ပရိဝါသ်, မာနတ် ကျင့်သုံးဆောက်တည်ကြသောပုဂ္ဂိုလ်တို့သည်၊ မိမိတို့နေထိုင်ရာကျောင်းတိုက်မှပြင်ပသို့ထွက်၍နေကြရာ၊ ထိုပုဂ္ဂိုလ်တို့၌နိဿယည်းငြိမ်းသည်, မငြိမ်းသည့်ကိုရင်း၊ ရဟန်းတို့အား အကပ္ပိယပစ္စည်းဖြစ်ပုံ၊ အသုံးပြုရပုံကိုရင်း၊ အသေအချာသိမှတ်လိုပါ၍။ သိလွယ်သော အကျဉ်းနည်းဖြင့် ဝိနိစ္ဆယရေးသား၍၊ ပေးသနားတော်မူ ပါမည့်အကြောင်းကိုလျှောက်ပါသည်ဆရာတော်ဘုရား။

(က) အဇ္ဈော ဥပဇ္ဈာယဿ ဝါယံ ပန ဇွေလေန္တူပါတေ အတိက္ကမိတွာပိ ဝသတော နိဿယော န ပဋိပဿမ္ဘတိ။ ၊သာရတ္ထဒီပနီ၊

ဝိမတိဝိနောဒနီဋီကာ၌လည်း ဤနည်းအတူမိန့်ဆိုသည်။ ၊ဤသာရတ္ထဒီပနီပါဌ်ဖြင့်။ ယခုကာလကျောင်းတိုက်ဟုခေါ်ဝေါ်သမုတ်အပ်သော ဥပစာရသိမ်တွင်း၌၊ အာစရိယ, ဥပဇ္ဈာယတို့၏နေရာအရပ်မှ ထာမမဇ္ဈိမပုရိသ၏ ခဲနှစ်ကျက် လွန်၍နေကြသော အန္တေဝါသိက သဒ္ဓိဝိဟာရိကတို့အားနိဿယည်းမငြိမ်းဟူသောအနက်ကိုပြဆိုသည်။

(ခ) သစေ ဥဘောပိ အာစရိယန္တေဝါသိကာ ကေနစိဒေဝ ကရဏီယေန ဗဟိသီမံ ဂစ္ဆန္တိ။ တတြာ စေ အာစရိယော ဂမိယစိတ္တုပ္ပန္နေ အန္တောဥပစာရဂတောဝ လေဍ္ဍုပါတာနံ အန္တော

ယောဝ နိဝတ္တတိ။ နိဿယော နပ္ပဋိပဿမ္ဘတိ။ သစေ ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ နိဝတ္တတိ။ ပဋိပဿဒ္ဓေါဝ ဟောတိ။ ။ပါစိတျာဒိအဋ္ဌကထာ။

ဤအဋ္ဌကထာပါဌ်ဖြင့် ဥပစာရသိမ်ပ၌ အာစရိယ, ဥပဇ္ဈာယတို့၏နေရာအရပ်မှ ထာမမဇ္ဈိမ ပုရိသ၏ ခဲနှစ်ကျကိုလွန်၍နေသော အန္တေဝါသိက, သဒ္ဓိဝိဟာရိက တို့အားနိဿယည်းငြိမ်းခြင်း၊ ခဲနှစ်ကျကိုမလွန်မူ၍နေကြသော အန္တေဝါသိက သဒ္ဓိဝိဟာရိက တို့အားနိဿယည်း မငြိမ်းခြင်းကိုပြတော်မူသည်။

(ဂ) အာစရိယုပဇ္ဈာယာ ဒွေလေဍ္ဍုပါတေ အတိက္ကမ အညတ္ထ ဝိဟာရေ ဝသန္တိ၊ နိဿယော ပဋိပဿမ္ဘတိ။ ။ပါစိတျာဒိအဋ္ဌကထာ။

(ဃ) တေနဝဟိ ဥပစာရေပိ အန္တေဝါသိကာဒီနံ ဝသနဋ္ဌာန တော ဒွိန္နံ လေဍ္ဍုပါတာနံ အန္တရေ အာသန္နေ ပဒေသေ ဝသန္တိ၊ နိဿယော နပ္ပဋိပဿမ္ဘတီတိ ဒဿေတိ။ ။ဝိမတိဝိနောဒနီ။

ဤအဋ္ဌကထာ, ဋီကာပါဌ် စကားနှစ်ရပ် တို့ဖြင့်။ အန္တေဝါသိက, သဒ္ဓိဝိဟာရိက တပည့်တို့၏ နေရာဖြစ်သော သပရိက္ခိတ္တ, အပရိက္ခိတ္တ ဝိဟာရူပစာရသိမ်မှ။ ထာမမဇ္ဈိမပုရိသ၏ ခဲနှစ်ကျတွင်။ သပရိက္ခိတ္တ,အပရိက္ခိတ္တ ဥပစာရသိမ် ကောဝိဟာရတို့၌။ အာစရိယ,ဥပဇ္ဈာယတို့ နေထိုင်ကြသော်လည်း။ အန္တေဝါသိက ,သဒ္ဓိဝိဟာရိကတို့အား နိဿယည်း မငြိမ်းဟူသော အနက်ကိုပြတော်မူသည်။

အာစရိယုပဇ္ဈာယာ ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ၊ ပဋိပဿမ္ဘတိဟူသော အဋ္ဌကထာပါဌ်၌၊ အညတ္ထ ဝိဟာရေဟူသောပုဒ်ကို အညတ္ထ သေနာသနေ ဟူသာရတ္ထဒီပနီ ဆရာ ဖွင့်ဆိုသည်ကိုထောက်ရှု၍၊ တရသော ကျောင်းကိုသာ မယူသင့်။ ဥပစာရသိမ်ကိုလည်းယူသင့်သည်။ အဘယ် ကြောင့်နည်းဟူမူကား။ ပဋိသင်္ခါယောနိသော သေနာသနံပဋိသေဝါမိ စသော အရာတို့၌ သေနာသနသဒ္ဒါသည်၊ ကောဝါသကိုဟောသည်။ ယာနိ ခေါပန တာနိ အာရညကာနိ သေနာသနာနိ သာသန် က်သမ္ဘတာနိ စသောအရာ တို့၌ ကျောင်းတိုက်ကိုဟောသည်။ ဂါမန္တသေနာသနံပဋိက္ခိပ္ပါမိ စသော

အရာတို့၌။ ဥပစာရနှင့်တကွသောရွာကျောင်းကိုဟောသည်၊ ဤသို့စသည်ဖြင့်သေနာသနသဒ္ဒါ၏များသော အနက်ရှိသည်၏အဖြစ်ကြောင့်တည်း။ ။ ဝိဟာရသဒ္ဒါသည်လည်း။မဟာလ္လက်ပနဘိက္ခုနော ဝိဟာရံကာရ ယမာနေန စသော အရာတို့၌ကောဝါသကိုဟောသည်။

ဍုမသ္မိံ ဝိဟာရေ ဍုမံစောမာသံ ဝသံဥပေမိ စသော အရာတို့၌။ အရပ်နှင့်တကွသောကျောင်းတိုက်တာကိုဟော၏၊ ယင်းသို့ဖြစ်၍ ဝိဟာရသဒ္ဒါ,သေနာသန သဒ္ဒါတို့သည် အညမညဝေဝစန ဖြစ်သော ကြောင့်၊ အညသ္မိံဝိဟာရေ ဟူသောပုဒ်ကို အညသ္မိံသေနာသနေ-ဟုသာရတ္ထ ဒီပနီဆရာဖွင့်တော်မူသည်၊ ကောဝါသကိုယူ၍စလို၍ဖွင့်သည်မဟုတ်၊

ထို့ကြောင့် အညသ္မိံဝိဟာရေ ဟူသောပုဒ်၌၊ ဥပစာရသိမ်နှင့် တကွသော ကျောင်းတိုက်ကိုယူ။ အဘယ်ကြောင့်ဆိုသော် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝိဟာရသဒ္ဒါ၏ကျောင်းတိုက်ဟူသော အနက်ကိုဟောနိုင်သည်၏အဖြစ်ကြောင့်ရင်း၊ ဝိဟာရဝေဝစန သေနာသနသဒ္ဒါ၏ လည်းကျောင်းတိုက်ဟူသောအနက်ကိုဟောနိုင်သည်၏အဖြစ်ကြောင့်ရင်း၊ ဝိမတိဝိနောဒနီဋီကာ၌လည်း ဒသာနဋ္ဌကိုပြရာ၌၊ အညသ္မိံ အာဝါသေ့ပဒေသေဟု အရပ်သာမညကိုပြသည်၏အဖြစ်ကြောင့်ရင်းတည်း၊

(င) ဝသန္တော္တဒနိဿယ သေနာသနဂ္ဂါဟာဒိ ဝိဓာနတ္ထံ။ ဍုဒံသမ္ဘံ ဍုမိဿာယော ယိမာယ ဝဿန ဝေဒိတဗ္ဗံ၊ ။

ဟူ၍မိန့်ဆိုအပ်သောအ ရာ၌ကား၊အရပ်တပါးသို့သည့်အိပ်သွားသည်ကိုယူရမည်။

ပရိဝါသ်ကျင့်သုံးသောရဟန်းတို့သည်ကျောင်းတိုက်ရှိသံဃာများလှ၍မသိမ်းဆည်းနိုင်ရှိနေသောကြောင့်၊ သပရိက္ခိတ္တ,အပရိက္ခိတ္တဝိဟာရတို့၏အရာမ်,အရာမ်ထိုက်ရာအရပ်မှ ခဲနှစ်ကျအရပ်ကိုလွန်၍ခြုံစသည်ဖြင့်ဖုံးကွယ်ရာအရပ်၌နေကြရသည်၊

ဂ) အဋ္ဌာနေန ပဋ္ဌသာသမယေ ကောန ဘိက္ခုနာသဒ္ဓိံ ပရိက္ခိတ္တသ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ ဂုမ္ဗန္တရ ဝတိယာဝါပဋိစ္ဆန္နဋ္ဌာနေ နိသိဒိတွာ

အင်္ဂုတ္တရ အရုဏေယေ၀၀တ္တံသမာဒိယိတွာ အာရောစေတဗ္ဗံ
ယံပိအညံ့ဘိက္ခုံပသာတိ။ တဿာဝိအာရောစေတဗ္ဗမေ၀။ အ
ရုဏောဥဋ္ဌိတေ တဿသန္တိကေ၀တ္တံနိက္ခိပိတွာဝိဟာရံဂန္တဗ္ဗံ။

ဤသို့ကင်္ခါအဋ္ဌကထာ စသည့်တို့၌လာသော စကားကိုထောက်လျှင်၊ ပရိဝါသ်သုံးနေသော ရဟန်းများသည် မိမိတို့ကျောင်းတိုက်မှ အပ ခဲ့နှစ်ကျဖိုလွန်၍နေကြသော်လည်း ဂမိယစိတ်ဖြင့်ခဲနှစ်ကျ အရပ်ကို လွန်စေသည်မဟုတ်၊ ပရိဝါသ်ကျင့်သုံးလိုသော,စိတ်ဖြင့်သာ ခဲနှစ်ကျ အရပ်ကို လွန်စေကြသည်ဖြစ်သောကြောင့်။ ထိုရဟန်းတို့အား နိဿယည်း မငြိမ်းဟူ၍သာမှတ်ယူသင့်သည်။ အကယ်၍နိဿယည်းငြိမ်းသည်မှန်လျှင်။ ဒွေလေဍ္ဍုပါတေအတိက္ကမိတွာဟူသောစကားကို အဋ္ဌကထာဆရာမဆိုတန်ရာ။ ဗွိန္နံ လေဍ္ဍုပါတာနံ အန္တရေ-ဟူ၍သာဆိုတန်ရာ၏။ ။ရှမ်းကလေးကျွန်း ဆရာတော်ကြီးထံနေခဲ့စဉ်ကာလက၊ နိဿယည်းယူ တပည့်များပရိဝါသ်သောက်တည်ကြရာ။ တိုက်သိမာတို့ကိုမသိမ်းဆည်းနိုင် ရှိနေခြင်းကြောင့်။ တိုက်မှအပ ခဲနှစ်ကျသို့ထွက်သွားလျှင်လည်း နိဿယည်းငြိမ်းမည်စိုးကြောင်းကိုလျှောက်ထားကာလ။ကျောင်းတိုက်မှအပခဲနှစ်ကျအတွင်း၌နေကြဟူ၍ ဆုံးမတော်မူသောအာစရိယဝါဒကိုမှတ်လိုက်ရဘူး၏။ ။ငါတို့ဆရာ ခုံရင်းဆိပ်ဂိုဏ်းချုပ်ကြီးမင်း၍ာ တောကျောင်းဘုန်းတော်ကြီး(ဦး၊နေမိန္တရ)အရှင်မြတ်တို့ကလည်း တော်သင့်ပါ၏ဟု အမိန့်ရှိတော်မူကြသည်ကိုလည်းမှတ်လိုက်ရဘူး၏။ သဘောကျရာ နှစ်သက်ရာကိုယူ။ ။ဤကားပထမအမေး၏အဖြေတည်း။

ရဟန်းတို့အား၊အကပ္ပိယပစ္စည်းဖြစ်ခြင်းအကြောင်းကား။အဒိန္နာဒါန်, အဘူတာရောစန,သဋ္ဌရိတ္တ,ကုလဒူသန, အနေသန,ရူပိယပဋိဂ္ဂဟ, ရူပိယသံဝေါဟာရ,ပရိယာယ်,နိမိတ်,ဩဘာသ,ဝိညတ်စသည် များစွာသော အကြောင်းတို့ကြောင့် ရဟန်းတို့အားအကပ္ပိယပစ္စည်းဖြစ်ရသည်။ထိုအကပ္ပိယပစ္စည်းဖြစ်ခြင်းအကြောင်းတို့တွင်၊ ရူပိယပဋိဂ္ဂဟအရာ၌ အလှူခံမိသောရွှေငွေကိုဝိနည်းကံဖြင့်သံဃာအလည်၌စွန့်ပြီးသည်နောက်။ကပ္ပိယကာရကလိမ်မာ၍အပ်သော သရက်သီးစသည်ကိုဝယ်ယူခဲ့သော်လည်း။ ရွှေငွေကိုကိုယ်ဖြင့်သော်၎င်း၊ နှုတ်ဖြင့်သော်၎င်း။ စိတ်ဖြင့်သော်၎င်း၊သာယာ ခံယူမိသော ရဟန်းအားမသုံးအပ်။ မသုံးသောင်ကောင်း။

(သ) အနန္တမသော မောက္ခုဒါဒိဟိ တတော ဟာရိတ္တွာ အရေဍ္ဍ ထပိတံ, တေသံ ဟတ္ထတော ဂဏ္ဍိတံဝါ တိရစ္ဆာနံ ပရိဂ္ဂဟိတံပိ န ဝဋ္ဋတိယေဝ။ ။

ဤသို့-မိန့်ဆိုအပ်သော အဋ္ဌကထာပါဠိ စကားရပ်ဖြင့်လည်း၊ လူတို့၏ လက်သို့ရောက်လေသည်ကို မဆိုထားဘိ။ တောမျောက်သတ္တဝါ၏ လက်သို့ရောက်သည့်တိုင်အောင်ပင် မအပ်ကြောင်းကိုပြဆိုတော်မူသည်၊

ရူပိယသံဝေါဟာရ အရာ၌။ ရွှေငွေကိုမိမိကိုယ်တိုင်ခံယူ၍။ ကြေး,သံ, တို့ကိုဝယ်ယူပြီးလျှင်၊ ထိုကြေးသံတို့ဖြင့်ပြုလုပ်အပ်သော သပိတ်ကို ပထမ သပိတ်ဟု ခေါ်သည်။ ။

ရွှေငွေကိုခံယူပြီးလျှင်၊ ထိုရွှေငွေတို့ဖြင့် ဝယ်ယူအပ်သော သပိတ်ကို ဒုတိယသပိတ်ဟုခေါ်သည်၊ ထိုသပိတ်နှစ်လုံးတို့တွင် ပထမသပိတ်၌။

နသက္ကာ ကေနစိ ကပ္ပိယံ ကာတုံ-ဟူသောပါဠိဖြင့် တစုံတယောက် သောသူမျှ အပ်စပ်အောင် မပြုနိုင်ရကား၊ တစုံတခုသော အကြောင်းဖြင့် အပ်ကောင်းရာမရှိဟူ၍၊ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူသည်။ ။

(ဗ) ဝိဟာရ ဝေ နေ ဝလေပေတွာ အပ္ပာနေသာသန္တကံ ကတွာ ဒိန္နံ သင်္ဃေ သံ ကပ္ပတိတိ ဝဒန္တိ။ ။

ဟူသောစကားရပ်ဖြင့်၊ လူတို့ သန္တကပြုလုပ်၍လှူပြန်လျှင် အပ်ကြောင်း ကိုပြဆိုသည်၊ ထိုစကားကို သာရတ္ထဒီပနီ ဆရာအရှင်မြတ်က မနှစ်မျို့ သောအလိုဖြင့်၊ ။

(ဈ) ပုန ကပ္ပိယ ဘာဝံ နေတုံ အသက္ကုဏေယျတ္တာ မဟာ အကပ္ပိ ယော နာမာတိ ဝုတ္တံ၊ ၊သာရတ္ထဒီပနီ၊

(ည) မဟာ အကပ္ပိယောတိ အတ္တနာဝ ဇိဇတော ပဋ္ဌာယ ဒုသိ တတ္တာ အညဿ မူလသာမိကဿ အဘာဝတော ဝုတ္တံ။သော ဟိ ဝေဝရေဟိ အစ္ဆိန္နောပိ ပုန လဒ္ဓေါ။ ဇာနန္တဿ ကဿစိပိ နဝဋ္ဋတိ၊ ယဒိဟိ ဝဋ္ဋေယျ၊ တဋ္ဌာကာဒိသုပိယ အစ္ဆိန္နော ဝဋ္ဋတိတိ အာဝရိယာ ဝဒေယျုံ။ နသက္ကာ ကေနစိ ဉပါယေနာ ဟိ သံဃေ နိဿဋ္ဌနေန ဝေဝရာဒိ အစ္ဆိန္ဒနာဒိနာ ကပ္ပိယော ကာတုံ နသက္ကာ။ ။ဝိမတိဝိနောဒနီ။

(ဥု) ဣဓမေ ကိရ ပထမ ဒုတိယပဇ္ဇော ယာဝဂဟဓမ္မေန ပရိဝဇ္ဇေတိ၊ တာဝ နကပ္ပိယ ကာရဏာဂုပါယာ။ အနေက ပုရိသယုဂဗ္ဗိ အကပ္ပိယာ ဧဝ။ ။ဝဇိရဗုဒ္ဓိဋီကာ။

ဤဋီကာကြီး သုံးဆောင်တို့၌။ ခိုးသူ၏လက်သို့ရောက်စေကာမူ။ ယောက်ျားအဆင့်ဆင့် လှည့်လည်စေကာမူ၊ကပ္ပိယဖြစ်အောင်ပြုခြင်းငှာမတတ်ကောင်း၊ အကပ္ပိယသာဖြစ်သည်ဟူ၍ မိန့်ဆိုတော်မူကြသည်။ ။

ကာယဝိညတ္တိယ အရာ၌-ဝိနည်းကံပြုခြင်းကိုခွင့်ပြုတော်မူ၍၊ ဝိနည်းကံပြုသော ရဟန်းကို ခွင့်ပြုတော်မူသည်။ ။

ရူပိယ ပဋိဂ္ဂဟ, ရူပိယသံဝေါဟာရ, ကာယဝိညတ္တိယ မှတပါး၊ အဒိန္နာဒါန်, အဘူတာ ရောစန, သဉ္စရိတ္တ, ကုလဒူသန, အနေသန, ပရိယာယ်, နိမိတ်,ဩဘာ, ဝိညတ်,တို့၌ဝိနည်းကံကိုလည်းအခွင့်မပြု။ ထိုအကြောင်းတို့ဖြင့် ရသောပစ္စည်းကိုလည်းလူတို့၏လက်သို့ ရောက်၍ဂိဟိသန္တကဖြစ်လျှင် အပ်၏ဟူ၍၊ အဋ္ဌကထာ,ဋီကာ တို့၌ အရိပ်အမြွက်မပါမလာ၊ ။

(ဍ) ဣမေဟိ ပန အဋ္ဌဟိ ကုလ ဒူသက ကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဉ္စန္နံပိ သဟဓမ္မိကာနံ နကပ္ပန္တိ။ အဘူတာရောစန ရူပိယသံ ဝေါဟာရေဟိ ဥပ္ပန္န ပစ္စယသဒိသာဝ ဟောန္တိ။ ။

ပါရာဇိကာကဏ်အဋ္ဌကထာ။

(ဉ်) ယထာစာယံ တေသ နဝန္နံ။ဧဝံ အသန္တသမ္ဘာဝနာယဝါ ကုလဒူသက ကမ္မေနဝါ ကုဟနာဒီဟိဝါ ဥပ္ပန္န ပစ္စယာနေဝ တသာန အညာသာ ဝန္နန္တိ။ ။

ပါရာဇိကာကဏ်အဋ္ဌကထာ။

ဤသို့မိန့်ဆိုအပ်သော စကားရပ်တို့ဖြင့်၊ အသန္တ သမ္ဘာဝန, ကုလဒူသန, အနေသန, စသည်တို့ကြောင့် ဖြစ်သောပစ္စည်းတို့၏၊ ရဟန်းတို့အား မအပ်သည်၏ အဖြစ်ကိုသာ မိန့်ဆိုတော်မူ၏။ ယင်းသို့ လူတို့၏လက်သို့ ရောက်လျှင်အပ်ကြောင်းကို၊ကျမ်းဂန်တို့၌အခိုင်အမာမလာ မအပ်ကြောင်းကိုသာ အခိုင်အမာလာသောကြောင့်။ မူလရင်း ပင်ကိုယ်က မအပ်သော ပစ္စည်းကို လူတို့၏လက်သို့ရောက်လျှင် အပ်၏ဟူ၍မယူသာ၊ ။

ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီး အထံ၌ အဆုံးအဖြတ်ခံ၍နေစဉ် ကာလကလည်း။ဓမ္မိယလဒ္ဓပစ္စည်းသည်သာ လူတို့၏ လက်သို့ရောက်လျှင်

အပ်သည်။ အဝမ္ဗိယလဒ္ဓပစ္စည်းဖြစ်လျှင်ယောက်ျားအဆင့်ဆင့် ကူးပြောင်းသော်လည်း မအပ်ဟု အမိန့်ရှိသောစကားကို ကြားနာမှတ်လိုက်ရဘူး၏။

(စ) နတွေဝါဟံဘိက္ခဝေ ယေနကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗန္တိ ဝဒါမိ၊ ။

ဟူ၍ဟောတော်မူသောကြောင့်။ ရွှေ,ငွေ,အနာမာသဝတ္ထုတို့ကို ရဟန်းတို့သည် ကိုယ်ဖြင့်ရင်း၊ ကိုယ်နှင့်စပ်သော ခွက်,ဖလား စသော ကာယပဋိဗဒ္ဓဝတ္ထုဖြင့်ရင်း မခံအပ်၊ မည်သူထံအပ်ခဲ့ပါ။ မည်သူထံထားခဲ့တော့၊ မည်သူကယူလိုက်ပါ၊ မည်သည့်အရပ်၌ထားခဲ့ပါဟူ၍ နှုတ်ဖြင့်လည်းမခံယူအပ်။ ။

ဤ-ဇလုံ,ဒေါင်းပေါင်,ဖျာစသည်တို့ကိုသုံးစွဲလိုက်ပါဟု ရွှေငွေအနာမာသဝတ္ထုကိုရည်၍မဝေခိုင်းအပ်။အင်္ဂရတ်, စသောအဝတ်မျိုးတို့ဖြင့်လည်း ရွှေငွေအနာမာသဝတ္ထုတို့ကို မရှာမှီးအပ်၊ ရွာထည်းရပ်ထည်းက ဒါယကာတို့လာရောက်၍သပိတ်သင်္ကန်းတိုးတို့ကိုလှူလျှင်၊ ကိုယ်နှုတ်တို့ဖြင့် မပယ်ဘဲ။ စိတ်က သာယာ၍စိတ်ဖြင့်လည်းမခံယူအပ်။မသာအသုဘ,အလှူကိစ္စမျိုးတို့ရှိသောအခါ၊ အနာမာသဝတ္ထုကိုလှူရာ၌လည်းနည်းတူမှတ်။

ကိုယ်, နှုတ်,စိတ်သုံးပါးတို့တွင်တပါးပါးဖြင့်ခံယူမိသော်၊ထိုရွှေငွေတို့ဖြင့် သပိတ်, သင်္ကန်း,ကျောင်း စသည်တို့ကို ဝယ်ချမ်းသောက်လုပ်သောကာလ၊ အလုံးစုံမအပ်မစပ် ဖြစ်၍၊ ရဟန်းတို့နှင့် ရွှေငွေအနာမာသဝတ္ထုတို့သည် အလွန်လျှင်ဝေးကွာကြသည်ဟူ၍ မသိမမြင်ကြကုန်သော ဒါယကာ,ဒါယိကာမတို့သည်၊ ရဟန်းတို့အထံ ဝတ္ထုကပ်ပါမည်။ သင်္ကန်း, သပိတ်,ပရိက္ခရာတို့ကို ကိုယ်တော်အရှင်ကလက်ခံပါစသည်ပြောဆိုကြခြင်းသည်ကား၊ သာသနာတော် ထွန်းလင်းစည်ပင် ပျံ့ပွားလေအောင် သားမြေးတို့ကို ရှင်ရဟန်းပြုကြသော်လည်း၊ ရဟန်းတို့အား ပရိက္ခရာစသည်တို့၏အတိုးကိုပေး၍၊သာသနာတော်ကို ဖြစ်နွမ်းလေအောင်။ကိုးကွယ်ရင်း ဆရာရဟန်းများ၌အာပတ်သင့်လေအောင်။ပစ္စည်းများစွာရမိသောကာလ၊ လူထွက်ကြလေအောင်၊ဝတ်သည်ကာသအပါယ်လေးပါးသို့ လားရောက်အောင်ပြုလုပ်ကြသည်နှင့်အလားတူချေသည်။ယင်းသို့ဖြစ်သောကြောင့်၊ ။

(ဆ) အဋ္ဌိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ၊ ကတမာနိ အဋ္ဌ။ သုစိံ ဒေတိ၊ ပဏီတံဒေတိ။ ကပ္ပိယံဒေတိ။ ကာလေဒေတိ၊ အဘိဏှံ

ဒေတိ၊ ဝိဇယျဒေတိ၊ ဒဒံ စိတ္တံ ပသာဒေတိ၊ ဒတွာ အတ္တ မနော ဟောတိ၊ ဇုမာနိခါဘိကွဝေ အဋ္ဌသပ္ပုရိသဒါနာနိ၊ ။

ဟူ၍ဟောတော်မူအပ်သော သပ္ပုရိသဒါနရှစ်မျိုးတို့တွင်။ ကပ္ပိယံဒေတိ ဟူသောပါဌ်၌၊ နေတ္တိနည်းထုတ်လျှင် အကပ္ပိယံ ဒေတိ ဟူ၍ ဖြစ်နိုင်သောကြောင့်ရင်း၊ သပ္ပုရိသဒါနာနိ ဟူသောပုဒ်ကိုလည်း နေတ္တိနည်းထုတ်လျှင်။ အသပ္ပုရိသဒါနာနိ ဟူ၍ ဖြစ်နိုင်သော ကြောင့်ရင်း။ ဒွေငွေ စသော မအပ်သောပစ္စည်းကို လှူဒါန်းက အသပ္ပုရိသဒါန ဖြစ်သည်။ ရဟန်းတို့အား သံသယကုက္ကုစ္စမဖြစ်ရအောင် အပ်သောသက်န်းစသောပစ္စည်းများကိုသာ လှူကြလေအောင်။ ဒါယကာ,ဒါယိကာမများကို ဆုံးမဩဝါဒပေး၍ သွန်သင်ကြလျှင်။ အလှူဒါယကာ,ဒါယိကာမတို့လည်း သပ္ပုရိသဒါန ဖြစ်၍ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်တိုင်အောင်သော အကျိုးထူးတရားတို့ကို ရစေရန်အကြောင်း။ ဘုရားသခင်၏ သာသနာတော်မြတ်ကြီး၏အပြစ်အကြေးဘေးရန်တို့ကို အေးကျောသုတ်သင်ပြုလုပ်သည် မည်သည်ဖြစ်၍။ ဆရာရဟန်းများက၊ဒါယကာ,ဒါယိကာမ များတို့အား။ ကပ္ပိယဒါန,သပ္ပုရိသဒါန ဖြစ်အောင်ဆုံးမဩဝါဒပေးနိုင်ကြပါမူကား။ ဆရာရဟန်းတို့အားလည်း အကပ္ပိယပစ္စည်းမဖြစ်။ ကပ္ပိယပစ္စည်းကိုသာ သံသယ ကင်းရှင်းစွာ သုံးဆောင်ရခြင်းစသောအကျိုး။ အလှူရှင်တို့မှာလည်း၊ သပ္ပုရိသဒါန လူ့ရွာ,နတ်ထံ,နိဗ္ဗာန်,သုဂတိဘဝသို့ သွားရောက်ရခြင်း အကျိုးတရားတို့ကိုခံစားကြရမည်မှာ ဧကန်မလွဲတည်း။ ။

ယခုအခါ၌ကား။ ဆရာရဟန်းတို့အားလည်း အကပ္ပိယပစ္စည်းအဖြစ်များလှသည်၊ အလှူရှင်တို့အားလည်း၊ အသပ္ပုရိသဒါန အဖြစ်များလှသည်ဖြစ်၍၊ ဆရာနှင့်-တကာတို့သည်အကပ္ပိယ ပစ္စည်းနှင့်အသပ္ပုရိသ ဒါန တို့ကိုရှောင်ကြဉ်ကြပါကုန်။ ၊၎င်းကား-ဒုတိယအမေး၏အဖြေတည်း။ ။

ကျောက်မျက်ဘုန်းကြီး ရှင်ကလျာဏ လျှောက်ထားတောင်းပန် အပ်သည်ဖြစ်၍၊ ခင်ပွန်းရွာ မဟာဗောဓိတောရတိုက်၊သုံးဂိၢ်ချူၥ်ဆရာတော် ရေးသား ဆုံးဖြတ် တော်မူ အပ်သော နိဿယပဋိပုစ္ဆာ ဝိနည်းဝိနိစ္ဆယ တည်း။ ၊၁၂၅၆-နှစ်တွင် ရေးသားဆုံးဖြတ်တော်မူသည်။ ။

၎င်းဝိနိစ္ဆယ၌ပါရှိသောသာဓကပါဠိတို့၏ အနက်ကို အစဉ်အတိုင်းပြဆိုအံ့၊ ။

(က)　အန္တေဝါသိကဥပဇ္ဈာယ်ဂုဏ်၊ ဥပဇ္ဈာယ်သိမ်တွင်း၌ကား၊ ဒွေလေ္ဍုပါတော၊ ထာမမဇ္ဈိမ၊ ခဲနှစ်ကျတို့ကို။ အတိက္ကမိတွာပိ၊ ကျော်လွန်၍လည်း၊ ဝသတော၊ နေသောရဟန်းအား။ နိဿယော၊ နိဿယည်းသည်။ နပဋိပဿမ္ဘတိ၊ မငြိမ်း၊ ၊သာရတ္ထဒီပနီဋီကာအနက်။ ၊

(ခ)　ဥဘောပိအာစရိယန္တေဝါသိကာ၊ ဆရာတပည့် နှစ်ဦးစလုံးတို့သည်လည်း၊ ကေနစိဒေဝကရဏီယေန၊ တစုံတခုပြုလုပ်ဘွယ် ကိစ္စဖြင့်၊ ဗဟိသီမာယံ၊ ဥပစာရသိမ်ပြင်ပသို့။ သစေ ဂစ္ဆန္တိ၊ အကယ်၍သွားကုန်အံ့၊ တတော၊ ထိုဥပစာရသိမ်ပြင်ပမှ။ အာစရိယော၊ ဆရာသည်၊ ဂမိယာစိတ္တော၊ ခရီးသွားလိုသောစိတ်သည်၊ ဥပစ္ဆေ၊ ဖြစ်လတ်သော်။ အနာပုစ္ဆာဝ၊ တပည့်များအား မပန်ကြားဘဲသာလျှင်၊ ဂန္တွာ၊ သွား၍၊ ဒွိန္နံလေဍုပါတာနံ၊ ထာမမဇ္ဈိမခဲနှစ်ကျတို့၏၊ အန္တောယေဝ၊ အတွင်း၌သာလျှင်၊ စေ နိဝတ္တတိ၊ အကယ်ပြန်နစ်ခဲ့အံ့။ နိဿယော၊ နိဿယည်းသည်။ နပဋိပဿမ္ဘတိ၊ မငြိမ်းပေ။ ဒွေလေ္ဍုပါတော၊ ထာမမဇ္ဈိမ ခဲနှစ်ကျ တို့ကို၊ အတိက္ကမိတွာ၊ ကျော်လွန်ပြီး၍၊ သစေနိဝတ္တတိ၊ အကယ်၍ပြန်လည်ဆုတ်နစ်ခဲ့အံ့။ နိဿယော၊ နိဿယည်း။ပဋိပဿဒ္ဓေါ၊ ငြိမ်းလေတော့သည်။ ဟောတိ၊ ဖြစ်၏၊ ၊ ။ပါစိတျာဒိအဋ္ဌကထာအနက်၊ ၊

(ဂ)အာစရိယုပဇ္ဈာယာ၊ နိဿယည်းဆရာ, ဥပဇ္ဈာယ်ဆရာတို့သည်။ ဒွေလေ္ဍုပါတေ၊ ထာမမဇ္ဈိမခဲနှစ်ကျတို့ကို။ အတိက္ကမ၊ ကျော်လွန်ပြီး၍။ အညသ္မိံ ဝိဟာရေ၊ တပါးသောကျောင်းတိုက်တာတွင်း၌။ဝသန္တိ၊ နေကုန်အံ့၊ နိဿယော၊ သည်၊ ပဋိပဿမ္ဘတိ၊ ငြိမ်းခဲ့လေ၏။ ၊ပါစိတျာဒိ အဋ္ဌကထာ အနက်၊ ။

(ဃ)　တေန၊ ထိုအာစရိယုပဇ္ဈာယစသော ဝါကျစကားဖြင့်၊ ဗဟိ ဥပစာရေပိ၊ ဥပစာရသိမ်ပြင်ပ၌လည်း။ အန္တေဝါသိကာဒိနံ၊ အတွင်းနေ အန္တေဝါသိကတပည့်စသည် တို့၏။ ဝသနဋ္ဌာနတော၊ နေရာအရပ်မှ။ ဒွိန္နံ လေဍုပါတာနံ၊ ထာမမဇ္ဈိမခဲနှစ်ကျတို့၏၊ အန္တရေ၊ အတွင်း၌။ အာသန္နေ ပဒေသေ၊ အနီးဖြစ်သောအရပ်၌၊ ဝသန္တိ၊ နေကုန်အံ့၊ နိဿယော၊ သည်၊ နပဋိပဿမ္ဘတိ၊ မငြိမ်းစဲ၊ ဣတိဣမံ အတ္ထံ၊ ဤအနက်ကို။ ဒဿေတိ၊ ဆတ်ဆတ်ရချ၊ တိုက်ရိုက်ပြ၏။ ၊ဝိမတိဝိနောဒနီဋီကာအနက်။

(င)　ဝဿူပနာယိကာ၊ ဝါကျွံခြင်း-ဝါပြတ်ခြင်း၊ နိဿယ၊နိဿယည်းငြိမ်းခြင်း၊ သေနာသနပ္ပါဒါဒိဝိဓာနံ၊ ကျောင်းခံခြင်းသောအစီအရင်၊ ဆု

တိဋ္ဌာဒိသဗ္ဗံ၊ ဤအလုံးစုံကို။ ဍုမိသာယေဝသိမာယ၊ ဤဥပစာရသိမ်၌ သာလျှင်။ ဝသေန၊ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

(စ) အခနေန၊ ဤဝတ်ဆောက်တည်သောရဟန်းသည်။ ပစ္စူသ သမယေ၊ မိုးသောက်သောအခါ၌။ ဇကောနတိက္ခနွာ၊ အဘော်ရဟန်း တပါးနှင့်၊ သဒ္ဓိံ၊ အတူတကွ။ ပရိက္ခိတ္တဿ၊ အရံ-မီးတား ရှိသော၊ ဝိဟာရဿ၊ ကျောင်းတိုက်၏။ ပရိက္ခေပတော၊ အရံ-မီးတားမှ။ ဒွေလေဍ္ဍုပါတေ၊ တို့ကို။ အတိက္ကမိတွာ၊ ကျော်လွန်၍၊ အပရိက္ခိတ္တဿ၊ အရံ-မီးတားမရှိသော ကျောင်းတိုက်၏။ ပရိက္ခေပါရဟဋ္ဌာနတော၊ အရံ-မီးတား ထိုက်လျော် သောအရပ်မှ၊ ဒွေလေဍ္ဍုပါတေ၊ တို့ကို၊ အတိက္ကမိတွာ၊ ၍၊ မဟာမဂ္ဂတော၊ ခရီးမမှ၊ ဩက္ကမ၊ ဖဲခွါဖဲ့ထွက်၍၊ ဂုမ္ဗန္တေဝါ၊ ခြုံဖြင့်ရင်း။ ဝါ။တိယာဝါ၊ စည်းစောင်းရမ်း ဖြင့်ရင်း။ ပဋိစ္ဆန္နဋ္ဌာနေ၊ ဖုံးကွယ်ရာအရပ်၌ နိသိဒိတွာ၊ ထိုင်နေ၍၊ အန္တောအရုဏေယေဝ၊ အရုဏ်အတွင်း၌သာလျှင်။ ဝတ္တံ၊ ဝတ် ကို၊ သမာဒိယိတွာ၊ ဆောက်တည်၍၊ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ အညံ၊ ပရိဝါသ်ကြားပြီးသော ရဟန်းမှတပါးသော။ ယံကိဉ္စိ၊ အကြင်ရဟန်း ကိုလည်း။ ပဿတိ၊ မြင်အံ့။ တဿာပိ၊ ထိုရဟန်းအားလည်း၊ ဝတ္တံ၊ ဝတ် ကို၊ သမာဒိယိတွာ၊ ဆောက်တည်၍၊ အာရောစေတဗ္ဗမေဝ၊ ကြားအပ် သည်သာလျှင်တည်း၊ အရုဏေ၊ အရုဏ်သည်။ ဥဋ္ဌိတေ၊ တက်ပြီးသည် ရှိသော်။ တဿ၊ ထိုအဘော်ရဟန်း၏။ သန္တိကေ၊အထံ၌။ ဝတ္တံ၊ဝတ်ကို၊ နိက္ခိပိတွာ၊ ချ၍။ ဝိဟာရံ၊ ကျောင်းတိုက်သို့။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ။ဤ ကား-ကၡ်ႋဝိတရဏီအဋ္ဌကထာအနက်။ ။

(ဆ) အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ မက္ခိကာဒိဟိ၊ မျောက်စသည်တို့သည်။ တတော၊ ထိုအရပ်မှ၊ ဟရိတွာ၊ ဆောင်ယူ၍၊ အရညေ၊ တော၌။ ထပိတံ၊ ထားအပ်သည်ဖြစ်အံ့။ တေသံ၊ ထိုမျောက်စသည် တို့၏။ ဟတ္ထတော၊ လက်မှ၊ ဂဟိတံဝါ၊ လျှောကျသော ရွှေငွေသည်လည်း၊ တိရစ္ဆာနပရိဂ္ဂဟိတံပိ၊ တိရစ္ဆာန်တို့ သိမ်းဆည်းအပ်သော်လည်း၊ နဝဋ္ဋ တိယေဝ၊ မအပ်သည်သာလျှင်တည်း။ ။

(ဇ) ဂိဟိဟတ္ထေ၊ လူတို့သည်ကား၊ ဂဟေတွာ၊ ယူ၍။ အဓ္ဓနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို၊ ကတွာ၊ ပြု၍၊ ဒိန္နံ၊ လှူအပ်သောသပိတ်သည်။ သဗ္ဗေသံ၊ ရွှေ,ငွေကိုခံမခံအလုံးစုံသောရဟန်းတို့အား။ ကပ္ပတိ၊ အပ်၏ ဇာတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ။

(ဈ) ပုန၊ တဘန်၊ ကပ္ပိယဘာဝံ၊ အပ်သည်၏အဖြစ်သို့။ နေတုံ၊ ဆောင်ခြင်းငှာ၊ အသက္ကုဏေယျတ္တာ၊ မတတ်ကောင်းသည်၏အဖြစ်ကြောင့်။ မဟာကပ္ပိယောနာမ၊ မဟာကပ္ပိယမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ။သာရတ္ထဒီပနီအနက်။

(ည) မဟာအကပ္ပိယောတိဣဒံ၊ မဟာအကပ္ပိယဟူသော ဤစကားကို၊ အတ္တနာဝ၊ ရဟန်းကိုယ်တိုင်သာလျှင်။ ဗီဇတော၊ သစိတ်ဖြစ်ခြင်း၏အကြောင်းမျိုးစေ့မှ၊ ပဋ္ဌာယ၊ စ၍၊ ဒူသိတတ္တာ၊ ဖျက်ဆီးအပ်သည်၏အဖြစ်ကြောင့်။ အညဿ၊ ရဟန်းမှတပါးသော။ မူလဿမိကဿ၊ အရှင်ရင်း၏။ အဘာဝတော၊ မရှိသောကြောင့်၊ ဝုတ္တံ၊ ဆိုအပ်၏။ ဟိသစ္စံ၊ မှန်၏။ စောရေဟိ၊ ခိုးသူတို့သည်။ အစ္ဆိန္နော၊ လုယက်အပ်သော၊ သောပိ၊ ထိုမဟာအကပ္ပိယသပိတ်ကိုလည်း။ ပုန၊ တဘန်၊ လဒ္ဓါ၊ ရအပ်သည်ဖြစ်အံ့၊ ဇာနန္တဿ၊ သိသော၊ ကဿစိပိ၊ တစုံတယောက်သောရဟန်းအားလည်း။ နဝဋ္ဋတိ၊ မအပ်။ ဟိ၊ ထိုစကားကိုဆိုသင့်၏၊ ယဒိ ဝဋ္ဋေယျ၊ အကယ်၍အပ်ငြားအံ့၊ တဒ္ဒါကာဒီသု၊ တဖက်ဆည်းကန်စသည်တို့၌။ ဝဋ္ဋတိဝိယ၊ အပ်သကဲ့သို့၊ အစ္ဆိန္နော၊ ခိုးသူလုယက် အပ်သောသပိတ်သည်၊ ဝဋ္ဋတိ၊ အပ်၏၊ ဣတိ၊ ဤသို့၊ အာစရိယာ၊ ရှေးဆရာတို့သည်၊ ဝဒေယျုံ၊ ဆိုထားခဲ့ကုန်ရာ၏၊ နသက္ကာ ကေနစိဥပါယေနာတိ၊ ဟူသည်ကား။ သံဃော၊ သံဃာ၌၊ ဝါ၊ သံဃာအား၊ နိဿဇ္ဇနေနစ၊ စွန့်ခြင်းဖြင့်၎င်း။ စောရာဒိအစ္ဆိန္ဒနာဒိနာစ၊ ခိုးသူလုယက်ခြင်းစသည်ဖြင့်၎င်း၊ ကပ္ပိယော၊ အပ်စပ်သည်ကို၊ ကာတုံ၊ ပြုလုပ်ခြင်းငှာ၊ နသက္ကာ၊ မတတ်နိုင်-မစွမ်းနိုင်။ ။

ဝိမတိဝိနောဒနီအနက်။ ။

(ဋ) ဏှာပေ ပထမ ဒုတိယ ပတ္တေ၊ ဤပထမသပိတ်, ဒုတိယ သပိတ်တို့ကို။ ယာဝ၊ အကြင်မျှလောက်၊ ဂဟာပေန္တိ၊ လူကိုးပရိဝတ္တေဟိ၊ ဖလယ်စေ၏။ တာဝ၊ ထိုဖလယ်ကာမျှလောက်၊ ကပ္ပိယကာရကာပါယာ၊ အပ်စပ်ခြင်း၏အကြောင်းတို့သည်။ နှ၊ မဖြစ်နိုင်ကုန်။ အနေကပုရိသယုဂဓ္ဓိ၊ များစွာသော လူယောက်ျား အဆင့်ဆင့် အဆက်ဆက် ကူးပြောင်း ဖလယ်သော်လည်း၊ အကပ္ပိယာဧဝ၊ မအပ်ကုန်သည်သာတည်း၊ ။ဝဇိရဗုဒ္ဓိဋီကာအနက်၊ ။

(ဌ) ဏှာပေဟိ ပန အဌဟိ ကုလဒူသက ကမ္မေဟိ၊ သစ်သီးပေးခြင်းစသော ဤရှစ်ပါးကုန်သော ကုလဒူသကအမှုတို့ကြောင့်။ ဥပ္ပန္နပစ္စယာ၊ ဖြစ်

ပေါ်လာသောပစ္စည်းလာဘ်တို့သည်၊ ပဋ္ဌန္တိ ပိသဟာဓမ္မိကာနံ၊ သိတင်းသုံးဘော်ဝါးယောက်တို့အားလည်း၊ နုကပ္ပန္တိ၊ မအပ်ကုန်။ အဘူတာရောစနရူပိယသံဝေါဟာရေဟိ၊ အဘူတာရောစန,ရူပိယသံဝေါဟာရ တို့ကြောင့်၊ ဥပ္ပန္နပစ္စယာသဒိသာဝ၊ ဖြစ်ပေါ်လာသော ပစ္စည်းလာဘ်နှင့်တူကုန်သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ပါရာဇိကကဏ်အဋ္ဌကထာအနက်၊ ။

(၃) ဧ၊ ဆက်၍ ဆိုဦးအံ့။ အယံ၊ ဤအကပ္ပိယသဝိတ်သည်။ အသော၊ ထိုရဟန်းအား၊ နဝဋ္ဋတိယထား၊ မအပ်၏သို့။ ဝေံတထာ၊ ထိုအတူ၊ အသန္တသမ္ဘာဝနာယဝါ၊ မိမိ၌ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ချီးမွမ်းခြင်းကြောင့်၎င်း၊ ကုလဒူသက ကမ္မေန၊ ကုလဒူသကအမှုကို ပြုခြင်းကြောင့်၎င်း။ ကုဟနာဒီဟိဝါ၊ ကုဟနအစရှိသည်တို့ကြောင့်၎င်း၊ ဥပ္ပန္နပစ္စယာ၊ ဖြစ်ပေါ်လာကုန်သောပစ္စည်းလာဘ်တို့သည်။ တဿ၊ ထိုရဟန်းအား။ နေဝဝဋ္ဋန္တိ၊ မအပ်ကုန်၊ အညဿ၊ တပါးသောရဟန်းအား။ နဝဋ္ဋန္တိ၊ မအပ်ကုန်၊ ပေါ ရာဇိကကဏ်အဋ္ဌကထာအနက်၊ ။

(၅) ဘိက္ခဝေ၊ ရဟန်းတို့၊ ယေနကေနစိ၊ အမှတ်မပြုတရုံတခုသော၊ ကာရဏေန၊ အကြောင်းဖြင့်၊ ဓာတုရူပရဇတံ၊ ရွှေငွေကို။ နေဝသာဒိတဗ္ဗံ၊ မသာယာအပ်။ နပရိယေသိတဗ္ဗံ၊ မရှာမှီးအပ်၊ ဣတိ၊ ဤသို့၊ အဟံ၊ငါဘုရားသည်၊ ဝဒါမိ၊ဟောတော်မူ၏။ ။

(၈) ဘိက္ခဝေ၊ ရဟန်းတို့။ သပ္ပုရိသဒါနာနိ၊ သပ္ပုရိသအလှူတို့သည်၊ ဣမာနိအဋ္ဌ၊ ဤရှစ်ပါးတို့တည်း၊ ကတမာနိအဋ္ဌ အဘယ်ရှစ်ပါးတို့ဟူမူကား။ သုစိံ၊ သန့်ရှင်းစင်ကြယ်သည်ကို၊ ဒေတိ၊ လှူ၏၊ ပဏီတံ၊ မွန်မြတ်သည်ကို၊ ဒေတိ၊လှူ၏၊ ကပ္ပိယံ၊ အလှူခံပုဂ္ဂိုလ်တို့အား အပ်စပ်သည်ကို။ ဒေတိ၊လှူ၏၊ ကာလေ၊ သင့်တင့်လျောက်ပတ်သောအချိန်ကာလ၌၊ ဒေတိ၊ လှူ၏၊ အဘိဏှံ၊ မပြတ်မလပ်။ ဒေတိ၊လှူ၏။ ဝိစေယျ၊ အလှူဝတ္ထုအလှူခံတို့ကို ရွေးချယ်စိစစ်၍။ ဒေတိ၊လှူ၏။ ဒဒံဒဒန္တော၊ လှူဒါန်းနေစဉ်၊ နေ့တိုင်းနေ့ရက်၊ စိတ္တံ၊စိတ်ကို။ ပသာဒေတိ၊ ရှင်လန်းကြည်လင်စေ၏၊ ဒတွာ၊ လှူဒါန်းပြီး၍၊ အတ္တမနော၊ ရွှင်လန်းဝမ်းမြောက်သည်၊ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ တို့၊ သပ္ပုရိသဒါနာနိ၊သပ္ပုရိသဒါနတို့သည်. ဣမာနိအဋ္ဌ၊ဤရှစ်ပါးတို့တည်း။ ။အဋ္ဌကင်္ဂုတ္တရပါဠိတော်အနက်။ ။

ဝိသယပရိဗ္ဗသာမ္ဘနာဒိ ဝိနိစ္ဆယပြီးပြီ။

## သောဠသမဝိနိစ္ဆယ–မတသန္တကပဟိရညာဒိဝိနိစ္ဆယ။

## ၁၂၅၉-ခုနှစ်ဖြတ်ထုံး-၁၄။

မြင်းမူမြို့၊ တောရကျောင်းနေ တပည့်ရှင်ကုမာရ ရှိသေစွာလျှောက်ထားအသနားတော်မြတ်ခံဝံ့ပါသည် ဆရာတော်ကြီးဘုရား။ ။အသက်ရှည်စဉ် ဘုန်းကြီးဖြစ်သူက ဒကာဒကာမတို့ထံ၌ ရွှေငွေတို့ကို အပ်နှံထားရာ၊ ဘုန်းကြီးပြန်တော်မူသည့်ရှိသော်၊ ထိုဒကာဒကာမတို့ထံ၌ အပ်နှံထားခဲ့သော ရွှေငွေတို့သည်သံဃိကဖြစ် မဖြစ်၊ သံဃိက ဖြစ်လျှင်ထို ရွှေငွေတို့၌ သံဃာတို့ကျင့်ရပုံများကိုအဆုံးအဖြတ်ပေးသနားတော် မူပါမည့်အကြောင်းကို ရှိသေစွာလျှောက်ထားအသနားတော်မြတ်ခံဝံ့ပါသည် ဆရာတော်သခင်အရှင်မြတ်ဘုရား။

(က) အညေသံ အဒတွာ နှုရေဌပိတပရိက္ခာရာပိ တဿတဿသံဃဿေဝ ဟောန္တိ။ ။ပါစိတျာဒိအဋ္ဌကထာ။

အညေသံ၊ သူတပါးတို့အား၊ အဒတွာ၊ မပေးခဲ့မူ၍။ နှုရေ၊ ဝေးသော အရပ်၌။ ဌပိတပရိက္ခာရာပိ၊ ထားအပ်သော ပရိက္ခရာတို့သည်လည်း။ တဿတဿ၊ ထိုထိုထားရာအရပ်၌၊ သံဃဿေဝ၊ သံဃာအားသာလျှင် ဟောန္တိ၊ ဖြစ်ကုန်၏။

(ခ) တဿတဿသံဃဿေဝါတိတသ္မိံတသ္မိံဝိဟာရေသံဃဿေဝ။ ။ဝိမတိဝိနောဒနီ။

တဿတဿသံဃဿေဝါတိ၊ ဟူသည်ကား။ တသ္မိံတသ္မိံဝိဟာရေ၊ ထိုထိုထားရာ ကျောင်းတိုက်၌။ သံဃဿေဝ၊ သံဃာအား သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။သာရတ္ထဒီပနီ၌လည်းနည်းတူမိန့်၏။

(ဂ) ဧကသ္မိံဝိဟာရေဒွေဘိက္ခူဝသန္တိ၊ တတ္ထဧကော ကာလကတော၊ ဣတရော တဿ ပရိက္ခာရံ အပါပေတွာ တံ ထေယျစိတ္တေနဂဏှာတိ၊ သံဃသန္တကံဂဟိတံဟောတိ။ ဘဏ္ဍဂ္ဃေနကာရေတဗ္ဗော။ အာဝါနသေဂဏှာတိ၊ နကာရေတဗ္ဗော၊ အသာမိကဿ ဂဟိတတ္တာ။ ။ဝဇိရဗုဒ္ဓိဋီကာ။

ဧကသ္မိံဝိဟာရေ၊ ကျောင်းတိုက်တခု၌။ ဒွေဘိက္ခူ၊ ရဟန်း နှစ်ပါးတို့သည်။ ဝသန္တိ၊ အတူနေထိုင်ကြကုန်အံ့၊ တတ္ထ၊ ထိုရဟန်းနှစ်ပါးတို့တွင်၊

းကော၊ ရဟန်းတပါးသည်၊ စေကာလက်တော၊ အကယ်၍ ပြန်တော်
မူအံ့။ ဋ္ဌတရော၊ ကျွန်ရစ်သော ရဟန်းသည်၊ တသဿ၊ ပြန်လွှန်သော ရ
ဟန်း၏။ ပရိက္ခာရံ၊ သက်နိုး သပိတ်စသော ပရိက္ခရာကို။ အပါပေတွာ၊
နှဝိည်းကံဖြင့် မိမိသို့မရောက်စေမူ၍။ တံ၊ထိုပရိက္ခရာကို။ထေယျစိတ္တေန၊
ဖြင့်၊ဂဏှာတိ။ယူငြားအံ့၊သံဃာသဿ၊သံဃာ၏။ သန္တကံ၊ဥစ္စာသည်၊ဂဟိတံ၊
ခိုးယူအပ်သည်မည်သည်။ ဟောတိ၊၏။ ဘဏ္ဍဒေယျန၊ဘဏ္ဍာတန်ဘိုးဖြင့်၊
ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏၊ အနာဝါသော၊ကျောင်းတိုက် မဟုတ်ရာ
အရပ်၌။ ဂဏှာတိ၊အံ့၊ အသာမိကဿ၊ ပိုင်ရှင်မရှိသော ဘဏ္ဍာ၏၊ ဂဟိ
ဘတ္တာ၊ ယူအပ်သည်၏အဖြစ်ကြောင့်။ နကာရေတဗ္ဗော၊ မဆုံးဖြတ်အပ်
၍၀ဇိရဗုဒ္ဓိသာဓကပါဠ္ဌ်(အညတရသ္မိံ ဝိဟာရေ)ဟူ၍လည်းရှိသည်၊ ။

ဤဖွင့်ဆိုသောဋီကာသုံးစောင်တို့နှင့်အညီအဋ္ဌကထာ၏ အဓိပ္ပါယ်ကို
သူလျှင်၊ ရဟန်းသည်မိမိပိုင်ပစ္စည်းသကာသန္တကကိုသူတပါးတို့အား မ
ပေးမလှူခဲ့မူ၍၊ ထိုထိုကျောင်းတိုက်၌ ထားခဲ့သည်ဖြစ်အံ့။ ထို ရဟန်း
ပိုင်ပစ္စည်းပရိက္ခရာဟူသမျှသည်။ ထိုထိုထားရာကျောင်းတိုက်၌ သံဃိ
ကပစ္စည်းဖြစ်၏။ထိုထိုကျောင်းတိုက်ရှိ သံဃာအစိုးရ၏။ ကျောင်းတိုက်
တခုမှတပါး, ရွာ,တော စသောအရပ်များ၌ ထားအပ်သောသေလွန်သည့်
ရဟန်း၏သပိတ်,သက်နိုး,ရွှေ,ငွေစသောပစ္စည်းဟူသမျှသည်၊အသာမိက
ဘဏ္ဍာဖြစ်၏၊ ထိုအသာမိကဘဏ္ဍာကိုထေယျစိတ်ဖြင့်ခိုးယူသော်လည်း
ပါရာဇိက အာပတ်ဖြင့် မဆုံးဖြတ်အပ်ဟုလိုသည်။ ။ဤအလိုသော်-
ကျောင်းတိုက်မှ ပြင်ပဖြစ်သောရွာနေဒါယကာ, ဒါယိကာမတို့ထံအပ်နှံ
ထားသောသပိတ်,သက်နိုးစသောကပ္ပိယပစ္စည်း၊ ရွှေ,ငွေစသောအနာမာ
သဝတ္ထုပစ္စည်းဟူသမျှသည်၊ အသာမိကဘဏ္ဍာဖြစ်၍ အလိုရှိသူ,တွေ့
ရှိသူတို့သိမ်းယူလျှင် သိမ်းယူသူတို့၏ အပိုင်ဘဏ္ဍာဖြစ်၏။ ရွှေ,ငွေဘဏ္ဍာ
ကိုရဟန်းတို့သိမ်းယူလျှင်နိဿဂ္ဂိယပါစိတ်အာပတ်လည်းသင့်၊ထိုရွှေ,ငွေ
တို့ကို ဝိနည်းကံဖြင့် သံဃာအလည်၌စွန့်ပစ်ရမည်လည်းဖြစ်သည်။ ။

ငါတို့အလိုသော်ကား။ တတ္ထတတ္ထသံဃာသေဝဟူသောအဋ္ဌကထာ
စကား၌ တတ္ထတတ္ထဟူသောသံဝဏ္ဏေတဗ္ဗပုဒ်ကို၊တသ္မိံ တသ္မိံ ထပိတ
ဋ္ဌာနေ ဟူ၍ဖွင့်ဆိုသင့်သည်ဟု ဉာဏ်အမြင်ထင်ပေသည်၊ ထိုသို့ ဖွင့်ဆို
လျှင် ကျောင်းတိုက်ဖြစ်စေ။ ရွာ, တောဖြစ်စေ၊ ပြန်လွှန်သော ရဟန်း၏
ဥစ္စာဘဏ္ဍာထားရာအရပ်ဟူသမျှ၌။သိုမှီးသိမ်းဆည်းအပ်နှံ၍ ထားအပ်

သော ဂရုဘဏ်လဟုဘဏ် ပစ္စည်းဟူသမျှသည် သံဃိက ပစ္စည်းချည်းသာဖြစ်၏ဟူ၍မှတ်သင့်၏၊ ။ဤကားဥဿုံထားရာအရပ် သာမညကိုပြသော တစ္ဆတဆ္ဆ ဟူသောပုဒ်ကိုထောက်၍သူသော အဓိပ္ပါယ်တည်း၊ သာရတ္ထဒီပနီဆရာ,ဝိမတိဝိနောဒနီဆရာအရှင်မြတ်တို့သည်လည်း၊ ရဟန်းတို့၏ပရိက္ခရာဘဏ္ဍာထားရာအရပ်သည် များသောအားဖြင့် မိမိတို့ နေထိုင်ရာကျောင်းတိုက်ပင်ဖြစ်၍သာလျှင် တသ္မိံ တသ္မိံ ဝိဟာရေဟု ဖွင့်ဆိုကြသည်။ ရွာ,တောအရပ်တို့ကိုနှစ်ပေလို၍ ဖွင့်ဆိုတော်မူကြသည် မဟုတ်ဟုဆိုလျှင်လည်းသင့်တော်ချေ၏။ ။ဝဇိရဗုဒ္ဓိဋီကာ၌၊ အနာဂါသေဂတ္တတိ၊ နကာရေတဗ္ဗာ ဟူသောစကားကိုထိုထို မတောက သံဃိက အဖြစ်ကိုပြဆိုသောအဋ္ဌကထာစကားတို့နှင့်ညီညွတ် သင့်လျော်အောင်ကြံစီသင့်၏။

(နောတကျော၊)

(ဃ) မဟာကဿပ ဟိရညာဒိ အကပ္ပိယဘဏ္ဍံ ပောတိ၊ ဥဂ္ဂဟိတံပေတံပောတိ။ ဥဂ္ဂဟိတေ ဝရဿနုပေယာ နဋ္ဌိပစ္စိတဗ္ဗံ၊ ဓမ္မေန ဥပ္ပန္နံဝေ၊ ကပ္ပိယကာရကော အာဂန္တုတဗ္ဗော။ ဒါယကသာဝေဂ ဟိတော ပောတိ၊ နသံဃေယာသာမိ၊ အာရာမိကောဝေ၊ သံဃေယာသာမိ၊ ဂါဝိပေဟိ သိအာဒယောပောန္တိ၊ အာဂါသဂတာ နသံဃေယာသာမိ။ အနာဂါသဂတာန နသံဃေယာသာမိ။ ။

( ဝဇိရဗုဒ္ဓိဋီကာ။ )

ဤယခုမိန့်ခဲ့အပ်သော ...ချင်ဖြင့်၊ အသက်ရှည်ညဉ့်ကာလသရွေ့, ငွေကိုကိုယ် ..ပင်ခံယူခြင်း၊ ...ကိုကောက်ယူစေခြင်း သဝိတ်,သင်္ကန်းသည်တို့၏အတိုးကို ...သောအခါကိုယ်နှုတ်တို့ဖြင့် မပယ်မူ၍ စိတ်ဖြင့်သာခံယူခြင်းဖြင့် ...သော ရွှေ,ငွေတို့ကို စွန့်ပစ်၍၊ သေသော ကာလ ကျန်ရစ်သော ရွှေ,ငွေ...ခုရစ်သူ,ဘူလိုက်သူရဟန်း ဖြစ်လျှင် သံဃာ့အလည်၌ ဝိနည်းကံဖြင့် စွန့်ပစ်ရမည်၊ ရဟန်းတို့က မစေခိုင်းမတိုက်တွန်းဘဲ၊ ကပ္ပိယကာရက...လုပ်သူ...လိမ်မာ၍ အလို အလျောက် မတောကရဟန်း၏ ပရိက္ခရာများ ...ထုခွဲဖျက်ဆီး၍ရွှေ,ငွေပြုလုပ်ထားလျှင် ၎င်း၊ မိဘ,ဘမွေရရွှေ,ငွေ,လယ်...ယာစသည်တို့ကိုရဟန်းများကမခံမယူ မတောင်းမူ၍ညီ,အကို,အမ,...စသောသူတို့ကသိမ်းဆည်းထားသော် ၎င်း။ သင်္ကန်းကိုးပါ, သင်္ကန်းပါသည်ဖြင့် ရွှေငွေကိုသူလာကြသည့်

ကာလ၊ရွှေငွေသည် ငါတို့အားမအပ်။ သပိတ်, သက်နိုးစသည်သာ အပ်သည်ဟု ရွှေ,ငွေကိုပယ်လိုက်၍။ ရွှေ,ငွေကိုလှူသော ဒကာ,ဒကာမတို့ အဆိုအလျောက်ဖြစ်စေ၊ကပ္ပိယကာရကတို့လိမ်မာ၍သိမ်းဆည်းထားသည် ဖြစ်သော်ငြားလည်း၊ဓမ္မဝိဿဇ္ဇနာရေးသဖြင့်ရအပ်သောဘဏ္ဍာဖြစ်၍။ ထိုရွှေငွေဘဏ္ဍာသည် သေတ္တာထဲ။ အိုးထဲစသည်တို့၌တည်ရှိသော်လည်း။ ကပ္ပိယကာရကလိမ်မာသူတို့အားအယူမခိုင်းမူ၍။ရှိကြောင်းမျှကိုသာ ပြောကြားအပ်၏ဟူသော အဓိပ္ပါယ်ကိုပြဆိုတော်မူသည်။

ဤပိနိဿယ၌ပါရှိသော ဝဇီရဗုဒ္ဓိဋီကာ၏အနက်ကား။

မတကာသ၊သေသောရဟန်း၏။ဟိရညာဒိအကပ္ပိယဘဏ္ဍံ၊ ငွေအစရှိသောရဟန်းတို့အား မအပ်စပ်သောဘဏ္ဍာသည်။ ဟောတိ၊ကျန်ကြွင်းသည်ဖြစ်၏။တံစေ၊ထိုကျန်ကြွင်းသောငွေစသော အကပ္ပိယဘဏ္ဍာသည်လည်း။ ဥဂ္ဂဟိတံ၊ကပ္ပိယကာရကစသည်မညွှန်မကြားမအပ်စပ်သောအားဖြင့် ခံယူအပ်သည်။ ဟောတိ၊ဖြစ်၏။ဥဂ္ဂဟိတတော၊မအပ်သောနည်းဖြင့်ခံယူရာ၌။ ဝုတ္တနယေန၊ဆိုအပ်သောနည်းဖြင့်၊ပဋိပဇ္ဇိတဗ္ဗံ၊ကျင့်အပ်၏။ ဓမ္မေန၊ကပ္ပိယကာရကညွှန်ကြားခြင်းစသော ဝိနည်းမွေကံသဘော အားဖြင့်၊ စေ ဥပ္ပန္နံ၊အကယ်၍ဖြစ်အံ့။ ကပ္ပိယကာရကော၊ ကပ္ပိယကာရကကို။အာစိက္ခိတဗ္ဗော၊ပြောကြားအပ်၏။ ဒါသော၊ ကျွန်သည်။ ဂဟိတော၊ခံယူ အပ်သည်၊ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ သံဃော၊ သံဃာသည်၊ နသာဒိ၊ အစိုးမရတော့ပြီ။ အာရာမိကော၊ အရာမ် အစောင့်သည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ သံဃော၊သံဃာသည်၊ သာဒိ၊အစိုးရ၏။ ဂါဝိမဟိံသိ အာဒယော၊ နွားမ-ကျွဲမစသော တိရစ္ဆာန်တို့သည်။ စေဟောန္တိ၊ အကယ်၍ကျန်ကြွင်းကုန်သည်ဖြစ်အံ့။ အာဝါသဂတာနံ၊သေသောရဟန်းနေထိုင်ခဲ့ဘူးသောကျောင်းတိုက်အတွင်းသို့ရောက်ကုန်သော နွားကျွဲ စသည်တို့ကို။ သံဃော၊ သံဃာသည်၊ သာဒိ၊ အစိုးရ၏။ အနာဝါသ ဂတာနံ၊ ကျောင်းတိုက်တာတွင်းသို့ မချဉ်းမကပ်မရောက်လာကြကုန်သော နွားကျွဲ စသည်တို့ကို၊ သံဃော၊သံဃာသည်၊ နသာဒိ၊အစိုးမရ။ ဤဋီကာပါဌ်၌ ဒါသော စေဂဟိတော ဟောတိ၌။ ဒါသော စေဟောတိဟု ပါဌ်ရှိသင့်၏။ထိုသို့ရှိမှသာလျှင် သေသောမတကရဟန်း၏ကျန်ကြွင်းရစ်ခဲ့သော ပစ္စည်းဝတ္ထုဘဏ္ဍာရက်ကိုပြခိုသောအရာနှင့်ညီညွတ်သည်။ ထိုသေသောမတကရဟန်း

၏၊ငွေ,ရွှေစသော အကပ္ပိယဝတ္ထု၊ ကျွန်မိန်းမ, ကျွန်ယောက်ျား, အရောင်းစောင့်, နွား,ကျွဲစသောတိရစ္ဆာန်တို့သည်၊ အကယ်၍ရှိခဲ့ကုန်သည် ဖြစ်အံ့။ ထိုမတာသန္တကပစ္စည်းဝတ္ထုဘဏ္ဍာတို့ကိုသံဃာပိုင်သင့် မပိုင်သင့်ကို အသင့်ယုတ္တိရှာ၍ ဆုံးဖြတ်သော ဝိနိစ္ဆယဌာနဖြစ်၏ဟုမှတ်ရာ၏။

မြင်းမူမြို့တောရကျောင်းနေ-ရှင်ကုမာရဲ့ချောက်ထား အသနားတော်ဖြတ်ခံယူအပ်သည်ဖြစ်၍ ၁၂၅၉-ခုနှစ်တွင်ခန့်မှန်းရွာမဟာဗောဓိ တောရတိုက်သုံးဂိုဏ်းချုပ်ဆရာတော်ဘုရားရေးသားဆုံးဖြတ်ဖြေဆိုတော်မူအပ်သော မတာသန္တကအကပ္ပိယဝိနိစ္ဆယပြီး၏။

---

## သတ္တရသမ ဝိနိစ္ဆယ သမ္ဗရာသီး အဆုံးအဖြတ်။

## ၁၂၆၅-ခုနှစ်။ ဖြတ်ထုံး-၁၇။

တသင်သား,တပည့်များတို့၊ဝပ်တွားရိုကျိုး၊လက်ရုံမိုး၍၊ရှိခိုးနားတော်လျှောက်ဝန့်ပါသည်၊ ကျေးဇူးသခင်-ရွှေရာဇာတော်အရှင်မြတ်ဘုရား။ လျှော်ထားရန်မှာ။ ဘုရားတပည့်တော်တို့သည် တနေ့သန္တက် (နွားထိန်းရွာ) ၏ အရှေ့ဘက်ရှိ (သရက်) ဥယျာဉ်ခြံတွင်းသို့ (သမ္ဗရာသီး) အလှူခံ သွားရောက်ကြရာ၊ခြံပိုင်ရှင်ကြီးကိုမတွေ့ခဲ့ကြပါ၊ ခြံစောင့်နေသူလူတယောက်ကိုသာတွေ့ပါသည်၊ ခြံစောင့်သောသူက တပည့်တော်တို့ကို (ဘာ)အလိုရှိ၍ ကြွလာကြပါတုံးဘုရားဟုမေးသောအခါ။ တပည့်တော်တို့က(ဆေး)ဖော်လိုသောကြောင့်။(သံပုရာသီး)ကိုအလိုရှိ၍ကြွလာကြသည်ဟုပြောရာ ခြံစောင့်သောသူတို့က တပည့်တော်တို့အား(သံပုရာသီး,လုံးရေ-၃၀)သုံးဆယ်လောက်ကို နောက်ပါသောမထောများ၏လက်သို့ ပေးအပ်၍ လှူဒါန်းလိုက်ပါသည်၊ ၎င်းသံပုရာသီးများကို ယူဆောင်လာခဲ့ကြ၍၊ သုံးဆောင်စားသောက်ကြပြီးနောက်။ (ကုက္ကုစ္စ,သံသယ) ဖြစ်ကြသည်မှာ။ ခြံစောင့်သောသူသည် ခြံတွင်း၌ရှိသော သရက်သီး,သံပုရာသီး,စသောပစ္စည်းများကိုမပျောက်မပျက်ရအောင်စောင့်ရှောက်ရုံသာ တတ်နိုင်သည်။၎င်းပစ္စည်းကို သူတပါးတို့အား လှူဒါန်းခြင်း,ပေးကမ်းခြင်းကို မပြုပိုင်။ သို့ဖြစ်၍၊ ခြံစောင့်သောသူက လှူဒါန်းလိုက်သော(သံပုရာသီး)များကို စားသောက်ကြ

သော ရဟန်းများသည်၊ (ဒုတိယ)သိက္ခာပုဒ်တော်နှင့် ကင်းလွတ်ကြမည် မဟုတ်ဟူ၍၊ )ကုက္ကုစ္စ,သံသယ) ဖြစ်ရှိနေကြပါသည်၊ သို့ဖြစ်၍၊ တပည့်များတို့၌ (အာပတ္တိဒေါသ) သင့်ရောက်သည့်, ကင်းစင်သည်ကို။ ဝိနည်းဒေသနာဉာဏ်နှင့် လျော်ညီစွာ ဝဲကွက်မြှော်ရှုခြင်းကိုမပြုဘဲ။ ဝိနယဝိနိစ္ဆယ ကိုတပည့်များတို့အားကယ်မ ပေးသနားတော်မူပါမည့်အကြောင်းကို ရှိခိုးနားတော်လျှောက်ပံ့ပါသည် ဆရာတော်သခင်အရှင်မြတ်ဘုရား။ ၊

( လျှောက်လွှာ။ )

ဤသို့-စာသင်သား တပည့်များက လျှောက်ထား တောင်းပန် အသနားခံကြသောကြောင့်၊ ယထာဓမ္မ,ယထာဝိနယ,ယထာသတ္ထုသာသန, ဝိနယဝိနိစ္ဆယကို တပည့်များတို့အား ကယ်မသနားပေအံ့၊ ။

ဤအမှု၌ (ဂေါပက)ပုဂ္ဂိုလ်သည် လှူဒါန်းအပ်သော(သံပုရာသီး)ကိုအလှူခံ၍ စားသောက်ကြကုန်သော တပည့်တို့၌ (အာပတ္တိဒေါသ)ဖြစ်, မဖြစ်ကို ဥာဏ်ဖြင့်သက်ဝင်၍ ဆင်ခြင်လျှင်။ ။

(က) တေနခေါ ပနသမယေန အမ္ဗပါလကာ ဘိက္ခူနံ အမ္ဗဖလံဒေန္တိ၊ ဘိက္ခူ ဂေါပေတုံ ဣုမေ ဣုသရာ။ နယိမေဒါတုန္တိ ကုက္ကုစ္စာယန္တာ န ပဋိဂ္ဂဏှန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနာပတ္တိ ဘိက္ခဝေ ဂေါပကဿ ဒါနေတိ၊ ။

(ခ) တေနခေါ သမယေန ဇမ္ဗုပါလကာ၊ လဗုဇပါလကာ၊ ပနသပါလကာ၊ တာလပက္ကပါလကာ၊ ဥစ္ဆုပါလကာ၊ တိမ္ဗရုသကပါလကာ ဘိက္ခူနံ တိမ္ဗရုသကံဒေန္တိ။ ဘိက္ခူဂေါပေတုံ ဣုမေ ဣုသရာ။ နယိမေ ဒါတုန္တိ ကုက္ကုစ္စာယန္တာ နပဋိဂ္ဂဏှန္တိ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနာပတ္တိ ဘိက္ခဝေ ဂေါပကဿ ဒါနေတိ၊ ။

ပါရာဇိကဏ် ပါဠိတော်။

ဤပါဠိတော်ဖြင့် ပြအပ်သော ခုနစ်ဝတ္ထုတို့တွင်၊တေနခေါ ပနသမယေန အစရှိသော ပါဌ်ဖြင့် (ဝတ္ထုအတ္ထုပ္ပတ္တိ)ကို ပြတော်မူ၏၊ ၊အနာပတ္တိ

ဘိက္ခုဝေ ဂေါပကာသဒါနေ-ဟူသောပါဠိဖြင့်ပိုင်ဆိုင်သူ ဥစ္စာရှင်ပင်မသိ သော်လည်း။ စောင့်ရှောက်ထိန်းသိမ်းနေသူ (ဂေါပက)ပုဂ္ဂိုလ်သည် လှူ ဒါန်းအပ်သော သရက်သီး,သပြေသီး, အစရှိသောပစ္စည်းတို့ကိုအလှူခံယူ ကြရာ၌၊ သင်ချပ်သားတို့အားတစုံတခုသော (အာပတ်) မဖြစ်, မသင့် မရောက်။အပ်သည်သာဖြစ်၏ဟူ၍ပြတော်မူသည်။

ဤသို့ဂေါပကပုဂ္ဂိုလ်ကလှူရာ၌ တစုံတခုအာပတ်မဖြစ်။ အပ်သည် သာဖြစ်၏ဟူ၍ပင်ပြဆိုတော်မူသော်လည်း။

(ဂ) ကတရံပန ဂေါပကဒါနံ ဝဋ္ဋတိ။ကာတရံ န ဝဋ္ဋတိ ။ဟူ သော အဋ္ဌကထာနှင့်အညီ၊ အဘယ်သို့သော ဂေါပက၏ပေးခြင်းသည်အပ် ၏အဘယ်သို့သော ဂေါပက၏ ပေးခြင်းသည်မအပ်ဟူ၍၊ ရွေးချယ်စိစစ် ရန်ရှိသေးသည်ဖြစ်သောကြောင့်။ နာနာဝါဒတို့ဖြင့်ရွေးချယ်စိစစ်၍ပြဦးအံ့။

(၁) ပိုင်ဆိုင်သူပစ္စည်းရှင်တဦးတယောက်က။ စောင့်ရှောက်ထိန်း သိမ်းသူ ဂေါပကပုဂ္ဂိုလ်အား နေ့စဉ်နေ့စဉ်ဤမျှလောက်သော သရက်သီး, သပြေသီး စသောပစ္စည်းတို့ကိုယူတော့ဟု ပိုင်းခြား ကန့်သတ်ချက် ပြု၍ ပေးအံ့၊ ထိုသို့သီးခြားကန့်သတ်၍ပေးအပ်သောပစ္စည်းကိုသာလျှင် စောင့် ရှောက်နေသူ ဂေါပကပုဂ္ဂိုလ်က ပေးနိုင်လှူနိုင်သည်၊ သို့ဖြစ်၍ ငါ့မိအား ပစ္စည်းရှင်က ပိုင်းခြား၍ပေးအပ်သော ပစ္စည်းကိုသာ ဂေါပကပုဂ္ဂိုလ်က လှူလျှင် အလှူခံယူထိုက်သည်။ မိမိအားပိုင်းခြား၍ မပေးသော ပစ္စည်းကို ဂေါပကပုဂ္ဂိုလ်ကပစ္စည်းရှင်မသိအောင်လှူငြားအံ့၊ ထိုသို့ လှူသောပစ္စည်း ကိုရဟန်းတို့အလှူမခံထိုက်ဟူ၍ (မဟာသုမ) ထေရ်ဆုံးဖြတ်မိန့်ဆိုတော်မူ ၏။

(ယ) မဟာသုမတ္ထေရော တာဝ အာဟ၊ယံဂေါပကဿ ပရိစ္ဆိန္ဒိတွာ ဒိန္နံဟောတိ၊တ္တကံ ဒိဝသေ ဒိဝသေ ဂဏှာတိ။တဒေဝ ဝဋ္ဋတိ။ တတော ဥတ္တရိတရံ န ဝဋ္ဋတိ၊ ။ပါရာဇိကကဏ် အဋ္ဌကထာ။

(၂) မဟာပဒုမ၊ထေရ်သည်ကား။ အဘယ်မှာလျှင် ဂေါပကပုဂ္ဂိုလ် တို့အား။ အမှတ်သညာ,ကမ္ဘည်းသား၍ပေးသည့် အရာရှိ နိုင်ပါအံ့နည်း။ ပိုင်ဆိုင်သူပစ္စည်းရှင်က စောင့်ရှောက်ရန်လွှဲအပ်လိုက်လျှင်။စောင့်ရှောက် ထိန်းသိမ်းရသူ ဂေါပကပုဂ္ဂိုလ်တို့သည်အလိုရှိတိုင်းပြုပိုင်၊ လှူပိုင်တော့ သည်သာဖြစ်ကုန်၏။ သို့ဖြစ်၍ဂေါပကပုဂ္ဂိုလ်က လှူဒါန်းပါလျှင် အနည်

အများမဆိုရဟန်းတို့အား အလှူခံယူခြင်းငှာအပ်၏ဟူ၍ မိန့်ဆို ဆုံးဖြတ်တော်မူ၏။

(င) မဟာ ပဒုမတ္ထေရောပနာဟ၊ ကိံ ဂေါပကာနံ ပဏ္ဏံ အာရောပေတွာ နိမိတ္တသညံ ဝါ ကတွာ ဒိန္နံ အတ္ထိ၊ ဧတေသံ ဟတ္ထေ ဝိဿဋ္ဌကဿ ဧတေ ဇာနန္တိ၊ တသ္မာ ယံ တေ ဒေန္တိ၊ တံ ဗဟုကမ္ပိ ဝဋ္ဋတီတိ။

(ဃ) ကုရုန္ဒီအဋ္ဌကထာ၌ကား။ လူတို့၏အရာမဲ့ဥယျာဉ်ကိုရင်း၊ တပါးသောသစ်သီးကြီးငယ်ကိုရင်း။ အကာယ်၍သူငယ်တို့သည်စောင့်ရှောက်၍ နေကုန်ငြားအံ့၊ ထိုစောင့်ရှောက်၍ နေကြသောသူငယ်တို့က လှူဒါန်းကြပါလျှင်အသုံးရုံအကုန်အပ်၏။ သစ်သီးကြီးငယ်စသည်တို့ကို ယူခဲ့ကြကုန်ဟု သူငယ်တို့ကိုဆောင်ယူစေ၍ကားမယူအပ်။ မယူကောင်း။

သံဃသန္တက, စေတိယသန္တက, ဝတ္ထုမှုကား။ လူတို့သည်ရဟန်း သံဃာတော်တို့အထံမှ သံဃိက, စေတိယသန္တကဖြစ်သောဥယျာဉ်ကိုရင်း။ တခုခုသောသစ်ပင်ကိုရင်း ဤမျှလောက် အဘိုးပေးပါမည်ဟု အဘိုးဖြင့် ပုတ်ပြတ်ဝယ်ယူ၍ စောင့်ရှောက်ကုန်ငြားအံ့။ ဤသို့ပြုလုပ်၍ စောင့်ရှောက်ကြသူဂေါပက ပုဂ္ဂိုလ်တို့က လှူဒါန်းသော အသီးအပွင့်စသည်တို့ကို ရဟန်းတို့အလှူခံယူခြင်းငှာ အပ်ကုန်၏။ အဘိုးအခကိုယူ၍ စောင့်ရှောက်ထိန်းသိမ်းနေကြသူ ဂေါပကလူတို့ကလှူရာ၌ကား။ မိမိတို့ကိုလှူဒါန်းမှသာလျှင် ရအပ်သော အဘို့ဘာဂကိုလှူဒါန်းမှသာလျှင်ရဟန်းတို့အား အလှူခံယူခြင်းငှာအပ်ကုန်၏၊ ဤသို့မိန့်ဆိုဆုံးဖြတ်တော်မူ၏။ ။

(စ) ကုရုန္ဒဋ္ဌကထာယံ ပန ဝုတ္တံ-မနုဿာနံ အာရာမံ ဝါ အညံ ဝါ ဖလာဖလံ ဒါရကာ ရက္ခန္တိ၊ တေဟိ ဒိန္နံ ဝဋ္ဋတိ၊ အာဟရာပေတွာ ပန န ဂဟေတဗ္ဗံ၊ သံဃိကေ ပန စေတိယသန္တကေ ဝါ ကေဏိယာ ဂဟေတွာ ရက္ခန္တဿ ဒါနံ ဝဋ္ဋတိ။ ဝေတ္တနေန ရက္ခန္တဿ အတ္တနော ဘာဂမေဝ ဝဋ္ဋတီတိ၊ ။ပါရာဇိကကဏ် အဋ္ဌကထာ။

(ဆ) မဟာပစ္စရိအဋ္ဌကထာ၌ကား။ ။လူတို့၏ ဥယျာဉ်ကိုစောင့်ရှောက်နေကြကုန်သော ဂေါပကပုဂ္ဂိုလ်တို့ကလှူဒါန်းကြပါလျှင်။ လှူသမျှ အသီးအပွင့်တို့ကို ရဟန်းတို့သည်အလှူခံ ယူကုန်၏၊ သံဃာတော်

ဖြတ်တို့က သံဃိကဥယျာဉ်သစ်ပင်တို့ကိုစောင့်ရှောက်နေကုန်သောဂေါပကတို့အား။ စောင့်ရှောက်သောအတိုင်းအခနှင့်-သစ်သီးစသည်တို့ကိုခွဲဝေ၍ပေးကုန်အံ့၊ ထိုသို့ ဝေ၍ပေးသောအကြိုဘာဂမှ တချို့တဝက်ကိုဖြစ်စေ၊ အကုန်ပင်ဖြစ်စေ၍ ဂေါပကပုဂ္ဂိုလ်တို့က လှူဒါန်းကြပါလျှင်။ ထိုပစ္စည်းကို အလှူခံယူထိုက်၏။

ဥယျာဉ်ထောင်ဝတ်ကိုင်း။ အချို့သောသစ်ပင်ကိုရင်း။ စောင့်ရှောက်ရန်အခ( သစ်ပင် ) ဝတ်ကျပြီးပြုလုပ်၍စောင့်ရှောက်ရာ၌။ ဂေါပကပုဂ္ဂိုလ်တို့ကမိမိတို့သို့ရောက်သော သစ်ပင်မှ ဖြစ်ထွန်းသော အသီးအပွင့်စသည်တို့ကိုလှူဒါန်းမှသာလျှင်၊ ထိုပစ္စည်းကိုအလှူခံယူထိုက်၏။

ဤအရာ၌၊မိမိသို့ရောက်သော သစ်ပင်မှ သီးပွင့်သော အသီးအပွင့်တို့ကိုလှူလျှင်အလှူခံထိုက်ပါ၊ ဗျတိရေကအဓိပ္ပါယ်ရောက်၏။)

ပုတ်ပြတ်အတိုင်းဖြင့်ဝယ်ယူ၍ စောင့်ရှောက်သောဂေါပကတို့ကလှူဒါန်းရာ၌ကား အလုံးစုံအကုန်အခပ်၏ ဟူ၍မိန့်ဆိုသုံးဖြတ်တော်မူ၏၊

(ဆ) မဟာပစ္စရိယံ ပန ယံကိဉ္စိ အာရာမရက္ခကာဘိက္ခူနံဒေန္တိ။ ဧတံ ဝဋ္ဋတိ၊ ဘိက္ခုသံဃဿ ပန အာရာမ ဂေါပကာယံ အတ္တနောဘတိယာ ခဏ္ဍေတွာဒေန္တိ။ ဧတံဝဋ္ဋတိ၊ ယောပိဥ ပဇ္ဇာရာမံဝါ ကေဝဋ္ဋေဝ ရက္ခေဝါဘတိံလဘိတွာ ရက္ခတိ၊ တဿပိအတ္တနော ပတ္တရုက္ခတောဝေ ဒါတုံ ဝဋ္ဋတိ။ ကေ ကိံယာ ဂဟေတွာရက္ခန္တဿပန သဗ္ဗမ္ပိဝဋ္ဋတိတိဝုတ္တံ။ ။
ပါရာဇိကကဏ်အဋ္ဌကထာ၊

ဤဆိုခဲ့ပြီးသော ဂေါပကတို့၏ပေးခြင်းသည်၊ သဒ္ဒါအားဖြင့်သာ ထူးသည်၊ အနက်အားဖြင့်အထူးမရှိ၊ သို့ဖြစ်၍ အဓိပ္ပါယ်ကိုသိ၍ယူအပ်၏၊

(ဇ) ဧတံ ပန သဗ္ဗံ ဗျဉ္ဇနတော နာနာကရဏံ၊ အတ္ထတော ဧကမေဝ။ တသ္မာ အဓိပ္ပါယံ ဉတွာ ဂဟေတဗ္ဗံ။ ။ပါရာဇိကကဏ်အဋ္ဌကထာ။ ။

(ဈ) အဓိပ္ပါယံ ဉတွာတိ ဧတ္ထ ယဿ ဒါနံ ပဋိဂ္ဂဏှန္တော ဘိက္ခု ဘာဂံ ဝါ ... သာမိကာနံ ရက္ခန္တိ၊ နဒေန္တိ၊ တဿ ဒါနံ အပ္ပ ... ဂဟေတွာ ဝဋ္ဋတိတိ ... ။ ။ဝဇိရဗုဒ္ဓိဋီကာ
မနုဿာနံ အာရာမံ ဝါ ... ဖလာဖလံ ဒါရကာ ရက္ခန္တိ၊ တေဟိ ဒိန္နံ ဝဋ္ဋတိ။ ... ။ ။ယံကိဉ္စိ အာရာ

မရက္ခကာ ဘိက္ခုနံဒေန္တိ၊ ဇေတဝနေတိ။ ဟူ၍ မိန့်ဆိုသော မဟာပစ္စရီ အဋ္ဌကထာဆရာ၏ဝါဒ။ ၎င်းဝါဒတို့နှင့်အထက်ပါ ( ဝဇိရဗုဒ္ဓိဋီကာ ) ဆရာ၏ဝါဒကို ညီညွတ်အောင်အဓိပ္ပါယ်ကိုယူကြလေ။

ဤသို့ပြဆိုအပ်ခဲ့ပြီး( ထေရ ) ဝါဒ၊ အဋ္ဌကထာ ဆရာတို့၏ ဝါဒတို့နှင့် လျော်ညီစွာ၊ လူတို့၏အရာမဲ့ဥယျာဉ်,သစ်ပင်တို့ကိုမည်သည့် နည်းမျိုးနှင့် မဆိုစောင့်ရှောက်နေကြကုန်သော ဂေါပကပုဂ္ဂိုလ်တို့ကသဒ္ဓါကြည်ဖြူ၍ မတောင်းမယူစေပဲ၊ သစ်သီး ကြီးငယ်စသည်တို့ကိုလှူဒါန်းကြပါလျှင်၊ထို ဂေါပကတို့ကလှူဒါန်းသမျှသော ဝတ္ထုပစ္စည်းတို့ကိုရဟန်းတို့အား အလှူခံ ယူခြင်းငှာအပ်သည်သာဖြစ်၍၊ယာခုအမှု၌လည်း၊ စာသင်သားတပည့်များ တို့၏သွားရောက်၍အလှူခံယူရာဖြစ်သောဥယျာဉ်သည်သံဃိက,စေတိယ သန္တက,မဟုတ်၊ လူတို့၏အပိုင် ဥယျာဉ်သာ ဖြစ်သည်။ ထိုဥယျာဉ်ကို စောင့်ရှောက်ထိန်းသိမ်းနေကြသူ ဂေါပကလူတို့ကလည်းမတောင်းဘဲနှင့် ပင်သဒ္ဓါကြည်ဖြူပေးလှူကြသောကြောင့်၊ ထိုဂေါပကတို့က လှူဒါန်းသော သံပုရာသီးများကို အလှူခံယူ၍ စားသောက်သုံးဆောင်ကြကုန်သော စာ သင်သားတပည့်များတို့၌ တစုံတခု( အာပတ္တိ )ဒေါသသည်မဖြစ်။ သို့ဖြစ် ၍စာသင်သားတပည့်များတို့သည်(ဓုရ)နှစ်ပါးကိုသာ ကြိုးစားအားထုတ် ၍နေထိုင်ကြစေ။

သက္ကရာဇ်-၁၂၆၅-ခုနှစ်၊နတ်တော်လဆန်း၁၂-ရက်နေ့တွင် စာသင် သားတပည့်များတို့တောင်းပန်၍။ ခင်မွန်ရွာ သုံးဂိုဏ်းချုပ် ဆရာတော် ဘုရားကြီးရေးသားဆုံးဖြတ်အပ်သော အဆုံးအဖြတ်။

ဤဝိနိစ္ဆယ၌-ယထက္ကမသာဓကပါဠိတို့၏အနက်ကား။

(က) တေန ခေါ ပန သမယေန၊ ထိုအခါ၌၊အမ္ဗပါလကာ၊သရက်ပင် စောင့်သောသူတို့သည်၊ဘိက္ခုနံ၊ရဟန်းတို့အား။ အမ္ဗဖလံ၊သရက်သီးကို၊ ဒေန္တိ၊ လှူကြကုန်၏။ ဘိက္ခူ၊ရဟန်းတို့သည်။ ဣမေ၊ ဤသူတို့သည်ကား။ ဂေါပေတုံ၊ လုံခြုံအောင်စောင့်ရှောက် ရုံမျှသာ။ ဣဿရာ၊ အစိုးရကုန်၏၊ ဣမေ၊ဤသူတို့သည်၊ဒါတုံ သူတပါးတို့အား၊ပေးလှူခြင်းငှါ။ နဣဿရာ၊အစိုးမရကုန်၊ ဣတိ၊ဤသို့။ ကုက္ကုစ္စာယန္တာ၊ အလိုရှိကြကုန်သည်ဖြစ်၍၊ နပဋိဂ္ဂဏှန္တိ၊ အလှူမခံကြကုန်။ ဘဂဝတော၊ မြတ်စွာဘုရားသခင်အား။ ဧတမတ္ထံ၊ဤအကြောင်းကို။အာရောစေသုံ၊လျှောက်ကြားကုန်၏။ဘိက္ခဝေ၊

ရဟန်းတို့။ ဂေါပကသည်၊ အစောင့်အရှောက်၏၊ ဒါနေ၊ပေးလှူရာ၌၊ အနာပတ္တိ၊အာပတ်မသင့်၊ဣတိ၊ဤသို့။ အဝေါစ၊ မိန့်တော်မူ၏၊ ။

(ခ) တေနခေါပနသမယေန၊၌၊ ဇမ္ဗုပါလကာ၊ သပြေပင်စောင့်သော သူတို့သည်။ လဗုဇပါလကာ၊ တောပိန်းနဲပင်စောင့်သော သူတို့သည်၊ ပနသပါလကာ၊ အိမ်ပိန်းနဲပင်စောင့်သော သူတို့သည်၊ တာလပက္ကပါလကာ၊ ထန်းသီးမှည့်စောင့်သောသူတို့သည်။ ဥစ္ဆုပါလကာ၊ကြံပင်စောင့်သောသူတို့သည်။ တိမ္ဗရုသကပါလကာ တည်ပင်စောင့်သောသူတို့သည်။ဘိက္ခူနံ၊ ရဟန်းတို့အား၊ တိမ္ဗရုသကာံ၊ တည်သီးကို။ ဒေန္တိ၊ လှူကြကုန်၏၊ ဘိက္ခူ၊ တို့သည်၊ ဣမေ၊တို့သည်ကား၊ ဂေါပေတုံ၊မှုသာ၊ ဣဿရာ၊ကုန်၏။ဣမေ၊ တို့သည်။ ဒါတုံ၊ ငှာ၊ န ဣဿရာ၊ကုန်။ ဣတိ၊ဤသို့။ ကုက္ကုစ္စာယန္တာ၊ဖြစ်၍၊ နပဋိဂ္ဂဏှန္တိ၊ ကုန်။ ဘဂဝတော၊အား။ ဧတမတ္ထံ၊ကို။ အာရောစေသုံ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ဂေါပကသည်၊ထိန်းသိမ်းစောင့်ရှောက်နေသောသူ၏၊ ဒါနေ၊ပေးလှူရာ၌။ဝါ၊ ပေးလှူ၍အလှူခံရာ၌။အနာပတ္တိ၊အာပတ်မသင့်။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ။

(ဂ) ပန၊စေဒနာ,သောခနကိုဆိုဦးအံ့။ကတရံ၊ အဘယ်မည်သော။ ဂေါပကဒါနံ၊ဂေါပက၏ပေးလှူခြင်းသည်။ ဝဋ္ဋတိ၊ အပ်သနည်း၊ ကတရံ၊ သော။ဂေါပကဒါနံ၊ ဂေါပက၏ပေးလှူခြင်းသည်။နဝဋ္ဋတိ၊မအပ်သနည်း၊

(ဃ) မဟာသုမတ္ထေရော၊ မဟာသုမ, မထေရ်သည်။ တာဝ၊ရှေးဦးစွာ။ အာဟ၊မိန့်ဆိုတော်မူ၏၊ကိံ အာဟ၊အဘယ်သို့မိန့်ဆိုတော်မူသနည်း ဟူမူကား၊ ဖွေကာံ၊ဤမျှလောက်ကို၊ ဒိဝသေဒိဝသေ၊ နေ့တိုင်း,နေ့တိုင်း။ ဂဏှ၊ ယူလော၊ ဣတိ၊ဤသို့၊ ယံ၊ အကြင်သစ်သီးကို၊ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြားကန့်သတ်၍။ ဂေါပကသည်၊ စောင့်ရှောက်သောသူအား၊ ဒိန္နံ၊ ပေးအပ်သည်၊ ဟောတိ၊ဖြစ်၏၊ တဒေ၀၊ထိုဂေါပကအားပိုင်းခြား၍ပေးအပ်သော သစ်သီးကိုသာလျှင်၊ ပဋိဂ္ဂဟေတုံ၊ အလှူခံယူခြင်းငှာ။ ဝဋ္ဋတိ၊အပ်၏၊ တတော၊ထိုပိုင်းခြား၍ပေးသော သစ်သီးထက်၊ ဥတ္တရိတရံ၊ အပိုအလွန်ဖြစ်သော သစ်သီးကို၊ ပဋိဂ္ဂဟေတုံ၊အလှူခံယူခြင်းငှာ၊နဝဋ္ဋတိ၊မအပ်။ ဣတိ၊ ဤသို့၊ အာဟ၊မိန့်ဆိုတော်မူ၏။ ။

(င) ပန၊ ဝါဒတပါးကား၊ မဟာပဒုမတ္ထေရော၊ မဟာပဒုမ မထေရ်သည်၊ အာဟ၊မိန့်ဆိုတော်မူ၏၊ ကိံ အာဟ၊ကား။ ဂေါပကာနံ၊ အစောင့်အရှောက်ဖြစ်သောသူတို့အား။ ကုရုန္ဒီ၊စာရင်းသို့၊ အာရောပေတွာဝါ၊တင်၍

ၡင်း။ နိမိတ္တာသညံ၊ အပိုင်းအခြား, အမှတ်အသားကို၊ ကတွာဝါ၊ ပြုလုပ်၍ရင်း။ ဒိန္နံ၊ ပေးခြင်းမည်သည်၊ ကိံ အဏ္ဏိ၊ အဘယ်မှာရှိပါအံ့နည်း။ ဧဝ သံ၊ ထိုဂေါပကတို့၏၊ ဟတ္ထေ၊ လက်၌၊ ဝိဿဇ္ဇကသာ၊ စွန့်လွှတ်လိုက်သော သစ်သီးကို၊ ဧတေ၊ ထိုဂေါပကတို့သည်၊ ယသ္မာ၊ အကြင့်ကြောင့်၊ ဗုသရာ၊ အဝိုးရကုန်၏၊ တသ္မာ၊ ထိုကြောင့်၊ ယံ၊ အကြင်သစ်သီးကို၊ တေ၊ ထိုဂေါပကတို့သည်၊ ဒေန္တိ၊ ပေးလှူကုန်၏၊ တံ၊ ထိုသစ်သီးကို၊ ဗဟုကမ္ပိ၊ အများပင်ဖြစ်သော်လည်း၊ ပဋိဂ္ဂဟေတုံ၊ အလှူခံယူခြင်းငှာ၊ ဝဋ္ဋတိ၊ အပ်၏၊ ဣတိ၊ သို့၊ အဘယာ၊ မိန့်ဆိုတော်မူ၏၊ ။

(ဃ) ပန၊ ဝါဒန္တရကိုဆိုဦးအံ့၊ ကုရုန္ဒဋ္ဌကထာယံ၊ ကုရုန္ဒအဋ္ဌကထာ၌။ မနုဿာနံ၊ လူတို့၏၊ အာရာမံဝါ၊ အရပ်ကိုရင်း။ အညံ၊ တပါးသော၊ ဖလာဖလံဝါ၊ သစ်သီးကြီးငယ်ကိုရင်း၊ ဒါယကာ၊ သူငယ်တို့သည်၊ ရက္ခန္တိ၊ စောင့်ကုန်အံ့၊ တေပိ၊ ထိုသူငယ် တို့သည်၊ ဒိန္နံ၊ ပေးလှူအပ်သောသစ်သီးကို၊ ပဋိဂ္ဂဟေတုံ၊ အလှူခံခြင်းငှာ၊ ဝဋ္ဋတိ၊ အပ်၏၊ ပန၊ အပ်သည်မှတပါး-မအပ်သည်ကိုဆိုဦးအံ့၊ အာဟရာပေတွာ၊ ဆောင်စေ၍၊ နဂဟေတဗ္ဗံ၊ အလှူမခံယူအပ်၊ ပန၊ အလူးကိုဆိုဦးအံ့၊ သံဃိကေစ၊ သံဃိကအရပ်, သစ်ပင်တို့ကိုရင်း၊ စေတိယသန္တကေစ၊ စေတိယသန္တက ဖြစ်သော အရပ်သစ်ပင်တို့ကိုရင်း၊ ကေဏိယာ၊ ပုတ်ပြတ်အတိုင်းဖြင့်၊ ဂဟေတွာ၊ ဝယ်ယူ၍၊ ရက္ခန္တဿ၊ စောင့်သောသူ၏သာလျှင်၊ ဒါနံ၊ ပေးလှူခြင်းသည်၊ ဝဋ္ဋတိ၊ အပ်၏၊ ဝါဒတ်၍ဆိုဦးအံ့၊ ဝေတ္တနေန၊ အတိုးအခဖြင့်၊ ရက္ခန္တဿ၊ စောင့်သောသူအား၊ အတ္တနော၊ မိမိအား၊ ဘာဂမတ္တံ၊ ရောက်သော အဖို့မျှသည်သာ၊ ဝဋ္ဋတိ၊ အပ်၏၊ ဣတိ၊ ဤသို့၊ ဝုတ္တံ၊ မိန့်ဆိုအပ်၏၊ ။

(င) မဟာပစ္စရိယံ ပန၊ မဟာပစ္စရိအဋ္ဌကထာ၌ကား၊ ဂိဟီနံ၊ လူတို့၏၊ အာရာမရက္ခကာ၊ အရပ်စောင့်သောသူတို့သည်၊ ဘိက္ခူနံ၊ ရဟန်းတို့အား၊ ယံ၊ အကြင်သစ်သီးကို၊ ဒေန္တိ၊ ပေးလှူကုန်၏၊ တံ၊ ဤသို့လှူသောသစ်သီးသည်၊ ဝါ၊ ဤသို့လှူသောသစ်သီးကို၊ ပဋိဂ္ဂဟေတုံ၊ အလှူခံခြင်းငှာ၊ ဝဋ္ဋတိ၊ အပ်၏၊ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏၊ အာရာမဂေါပကာ၊ အရပ်စောင့်သောသူတို့သည်၊ ယံ၊ အကြင်သစ်သီးကို၊ အတ္တနော၊ မိမိ၏၊ ဘတိယာ၊ အတိုးအခဖြင့်၊ ခဏ္ဍေတွာ၊ ပိုင်းခြား၍၊ ဒေန္တိ၊ ပေးလှူကုန်အံ့၊ ဧတံ၊ ဤသစ်သီးကို၊ ဒါတုံ၊ ပေးလှူခြင်းငှာ၊ ဝဋ္ဋတိ၊ အပ်၏၊ ယောပိ၊ အကြင်သူ

သည်လည်း။ ဥပစာရာမံဝါ၊ ထက်ဝက်သောအရာမ်ကိုရင်း။ ကေစိဒေဝ-ရင်ကြွဝါ၊ အချို့သောသစ်ပင်တို့ကိုရင်း။ ဘတိ ၊ အဘိုးအခကို။ လဘိတွာ၊ ရ၍၊ ရက္ခတိ၊ စောင့်ရှောက်၏။ တဿာပိ၊ ထိုသူ၏လည်း။ အတ္တနော၊ မိမိအား။ ပတ္တရက္ခတောသေဝ၊ ရောက်သောသစ်ပင်မှသာလျှင်။ ဒါတုံ ၊ ပေးလှူခြင်းငှါ။ ဝါ။ ပေးလှူခြင်းသည်၊ ဝဋ္ဋတိ၊ အပ်၏။ ကေဏိယာ၊ ပုတ်ပြတ်အဘိုးဖြင့်၊ ဂဟေတွာ၊ ဝယ်၍။ ရက္ခန္တဿ ပန၊ စောင့်သောသူ၏ကား။ သဗ္ဗမ္ပိ၊ အလုံးစုံသော သစ်သီးကိုလည်း၊ ဒါတုံ ၊ ပေးလှူခြင်းငှါ။ ဝါ၊ သည်။ ဝဋ္ဋတိ၊ အပ်၏။ ဤတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ။

(၈) သဗ္ဗံ၊ အလုံးစုံသော၊ ဧတံ၊ ဤဆိုခဲ့ပြီးသောစကားသည်။ ဗျဉ္ဇနတော၊ သဒ္ဒါအားဖြင့်။ နာနံ၊ ထူး၏။ အတ္ထတော၊ အနက်အားဖြင့်ကား၊ ဧကမေဝ၊ တူသည်သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။ အဓိပ္ပါယံ၊ အဓိပ္ပါယ်ကို၊ ဥတွာ၊ သိ၍၊ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ။

(၉) အဓိပ္ပါယံဥတွာတိ ဧတ္ထ၊ ဌ၊ ယဿ၊ အကြင်သူ၏။ ဒါနံ၊ ပေးလှူသည်ကို။ ပဋိဂ္ဂဏှန္တိ၊ အလှူခံသော။ ဘိက္ခူဝါ၊ ရဟန်းကိုရင်း၊ ဘာဂံဝါ၊ အဘို့ကိုရင်း၊ သာမိကာ၊ ဥစ္စာရှင်တို့သည်၊ နရက္ခန္တိ၊ မစောင့်ကုန်၊ နဒဏ္ဍေန္တိ၊ ဒဏ်မထားကုန်၊ တဿ၊ ထိုသူ၏၊ ဒါနံ၊ ပေးလှူသည်ကို၊ အပ္ပဋိစ္ဆာဒေတွာ၊ မဖုံးလွှမ်းမူ၍။ ဂဟေတုံ ၊ ယူခြင်းငှါ၊ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့၊ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ သန္နိဋ္ဌာနံ၊ အဆုံးအဖြတ်တည်း။ ။

(သံပုရာသီးမှု ဖြတ်စာပြီး၏။)

---

အဓ္ဓာရသမ ဝိနိစ္ဆယ-သိမ်တော်တိုက်၊ ဦးသီလဝံသ၏
ပထမမှု ဖြတ်စာ။
၁၂၇၁-ခုနှစ်၊ ဖြတ်ထုံး—၁၈၊

မန္တလေးမြို့ အနောက်ပြင်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်နေ-တပည့် (ရှင်ဝိစရဒ္ဓ)လျှောက်ပါသည် ဆရာတော်ဘုရား။ ရန်ကုန် သိမ်တော်ကျောင်းဆရာ (ရှင်သီလဝံသ)၏ စေကိုင်းတောင် ဇေတဝန်ချောင်တွင်နေစဉ်က ဖြစ်ပွား

သော (အနုဝါဒါမိကရုဏ်း)ကို အဆုံးအဖြတ်မခံဘဲ လွတ်ရေထွက်သွား၍။ လေးငါးခြောက်နှစ်ခန့် ရှည်ကြာသဖြင့်။ ရောက်ရေရောက်ရာ၌ပင်၊ ကဲ့ရဲ့စွပ်စွဲခြင်းမလွတ်၊ အနှံ့အပြား အားကြီးလျက်ရှိနေသည်နှင့်၊ ဘုန်းတော်ကံတော်,အရှိန်အဝါကြီးမား၊ ဆရာတော်ဘုရားဆုံးဖြတ်တော်မူပါမှ။ထိုအနုဝါဒါမိကရုဏ်း၊ လက်စတုံး၍ အဝေးအနီးအားလုံး ဝိပြားသေဝပ်ပြီးဖြတ် လိမ့်မည်ဟု တပည့်များ သဘော ဉာဏ်တွင် ထင်မှတ် လျက် ရှိပါကြောင်း။ မင်းရွာ-ကျောက်အိုင်ဆရာတော် ရှင်ဇဝန၊ တောင်ငူမြို့နေ တပည့်ကြီး အလုံဆရာတော်-ရှင်တိဿ။လောကဂုတ္တရာသိမ်ကုန်းဆရာတော်ရှင်အာဒိစ္စ၊ မြို့ထောင့်ဆရာတော်-ရှင်မုနိန္ဒစသော တပည့်ကြီးတို့ကလည်း။ သဘောကြိုက်ညီ နှစ်သက်ကြပါကြောင်းနှင့်။တပည့်အပေါင်းတို့နှင့်တကွ ဖွဲ့ကျင်ဂိုဏ်းကြီး၏ ဦးစီးနာယက ဖြစ်သော (ဝိသုဒ္ဓါစာရကဝိမဇ မဟာဓမ္မရာဇဂုရု'ဝိသုဒ္ဓါစာရဓဇဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်တော် နှစ်ထပ်ရ (မဟာဝိသုဒ္ဓါရုံ)ဆရာတော်တောင်းပန်အပ်သည်ဖြစ်၍။

(က) သန္တာ ဒေါသာ ဘယာ မောဟာ၊ ယောဓမ္မံ အတိဝတ္တတိ၊
နိဟီယတိ တဿ ယသော။ ကာဠပက္ခေဝ စန္ဒိမာ၊ ။

(ခ) သန္တာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ နာတိဝတ္တတိ၊
အာပူရတိ တဿ ယသော၊ သုက္ကပက္ခေဝ စန္ဒိမာ။ ။

ဟူသော အနုသာသနီကို မပြတ်မပြတ်၊ နှလုံးကပ်လျက်၊ ဆုံးဖြတ်မည် ဖြစ်၍ ဆင်ခြင်ရာ။ ။

(ဂ) အထခေါ မေတ္တိယာ ဘိက္ခုနီ ယေန မေတ္တိယ ဘုမ္မဇကာ ဘိက္ခူ၊ တေနုပ သင်္ကမိ၊ ဥပသင်္ကမိတွာ မေတ္တိ ယဘုမ္မဇကေ ဘိက္ခူ ဧတဒဝေါစ၊ ဝန္ဒာမိ အယျာတိ၊ လ။ ယေန ဘဂဝါ၊ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါ ဒေတွာ လ။ အယျေနမှိ ဒဗ္ဗေန မလ္လပုတ္တေန ဒူသိတာတိ၊ လ၊ အယသ္မန္တံ ဒဗ္ဗံ မလ္လပုတ္တံ ငန်ုပုစ္ဆိ၊သရသိတွံ ဒဗ္ဗ-ဧဝရူပံကတ္တာ- ယထာရံ အာဟာတိ၊ ယထာမံ ဘန္တေ ဘဂဝါ ဇာနာတီတိ၊ လ၊ ယတောဟံ ဘန္တေ ဇာတောနာဘိ ဇာနာမိ သုပိနန္တေနာပိ မေထုနံ ဓမ္မံ ပဋိသေဝိတာ။ ပဂေဝ ဇာဂရောတိ၊ အထခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ။ တေနဟိ ဘိက္ခဝေ မေတ္တိယံ

ဘိက္ခုနိ နာသေသ၊ ဣရမေ ဘိက္ခူ။ အနုပသမ္ပန္နောတိ၊ ဌာနံ ဝတ္တာ
ဘာဂဝါ ဥဒ္ဒေသယသနာ ဝိဘာဂ ပါဠိကီ၊ ။

အဆိုရှိသော-ဝိနည်း ပါရာဇိကဏ်ပါဠိတော်ပါဠိ၊ သိက္ခာပုဒ်တော်ဖြတ် များ၌၊ စောဒကပုဂ္ဂိုလ်, စောဒကပက္ခပုဂ္ဂိုလ်, စုဒိတကပုဂ္ဂိုလ်, စုဒိတက ပက္ခပုဂ္ဂိုလ် တို့တွင်။ စောဒကပုဂ္ဂိုလ်, စောဒကပက္ခပုဂ္ဂိုလ် တို့၏ စကား သည် (အနုဝါဒါဓိကရုဏ်း)၏ ဝိနိစ္ဆယကာရကမဟုတ်။ စုဒိတကပုဂ္ဂိုလ် ၏စကားသည်သာလျှင်(အနုဝါဒါဓိကရုဏ်း)၏ပြီးဆုံးဖြတ်စဲရန်၊ ဝိနိစ္ဆယ ကာရကဖြစ်သည်၊ စုဒိတကပုဂ္ဂိုလ်၏စကားသည်လည်း။ လဇ္ဇီပေသလ, သိက္ခာကာမဖြစ်သော စုဒိတက ပုဂ္ဂိုလ်၏စကားသည်သာလျှင် (ဝိနိစ္ဆယ ကာရက)ဖြစ်သည်၊ စောဒက,စောဒကပက္ခ,စုဒိတက,စုဒိတကပက္ခပုဂ္ဂိုလ် တို့ကို မေးမြန်းခြင်း ထောက်လှမ်းစုံစမ်းခြင်း အမှုတို့ကို များစွာပင်ပြုရန်ရှိ သောသည်။ ။

(စ) ပဋိညာ လဇ္ဇီသု ကတာ၊ အလဇ္ဇီသွေဝ နဝိဇ္ဇတိ။
ဗဟုမ္ပိ အလဇ္ဇီ ဘာသေယျ။ ဝုတ္တာနုသန္ဓိတေန ကာရယေ။ ။

ဟူသော ပရိဝါပါဠိတော်နှင့်လျော်ညီစွာ။ လဇ္ဇီပုဂ္ဂိုလ်၏(သုဒ္ဓ-အသုဒ္ဓ) ဟု ပဋိညာဏ်ပြုရာ ဆုံးဖြတ်ရမည်ဖြစ်၍။ အနုဝါဒါဓိကရုဏ်း၏ဖြစ်ပွား ရာဖြစ်သော။ ရခိုင် သိမ်တော်တိုက်ဆရာ ရှင်သီလဿကုန်း ပေါဝိသုဒ္ဓါ ရာမ ဆရာတော် အမိန့်နှင့်၊ အလုံမြို့ လေးထောင့်ပြင် ဆရာတော် ရှင် တိဿ၊ တောင်ငူမြို့ လောကမ္မ္ဘာ ထိမ်ဘုန်း ဘုန်းတော်ကြီး ရှင်အာဒိစ္စ။ ၎င်းမြို့ထောင့်ကျောင်း ဘုန်းတော်ကြီး ရှင်မုနိန္ဒ တို့ကို။ စစ်ဆေး မေးမြန်း သည့်ကာလ။ ။

(၁) ငွေသည် သူငယ်မနှင့်၊ ဧကောဒေကာသယ,ရဟောနိသဇ္ဇ,နဋ္ဌလူ ဝါဓာ အမှုမျိုးကိုမျှမပြုဘူး မပြောဘူးပါ၊ ။

(၂) ၎င်းသူငယ်မအား တစုံကခုသော ပန်းညီးပေါ့ ကိုမျှလည်း၊ ချစ်ကြိုက်စေလိုသော(ဆန္ဒ)ဖြင့် မပေးကမ်းဘူးပါ။ ။

ဟူ၍ ထွက်ဆိုအစစ်ခံသည်ဖြစ်၍၎င်း၊ မန္တလေးမြို့ အရှေ့ပြင်(မဟာ ဝိသုဒ္ဓါရုံ)တိုက်ပေါင်း ရှားရေကျောင်းနေ တိုက်အုပ်ဆရာတော် ဦးပညာ ကိုယ်တိုင် စစ်ဆေးမေးမြန်းရာ၌လည်း၊ ။

(၃) သက္ကရာဇ်-၁၂၇၁-ခုနှစ်။တန်ခူးလဆုတ်-၁၂-ရက်နေ့တွင်။ ရဟန်းဘွဲ့မည်-မောင်ဇဝန။ လူမည်-မောင်ခက်၏ အစစ်ခံထွက်ဆိုချက်။ တပည့်တော် မောင်ခက်က၊ သိမ်တော်ဘုန်းကြီးကို လျှောက်ထားသည်မှာ၊သိလသိက္ခာမရှိလျှင်၊(လူ)ထွက်သော် ဆင်းရဲမည့်အရှင်မဟုတ်ပါ။လူထွက်လျှင် ထွက်တော်မူပါဟုလျှောက်ထားရာ။ ငါ့မှာသိလသိက္ခာ မပျက်ဟု အမိန့်ရှိကြောင်း၊ သိလသိက္ခာမပျက်ပါလျှင်၊ စစ်ကိုင်းဘက်သို့လိုက်၍ (ရှင်း)ပါဟု လျှောက်ပြန်ရာ၊ငါ့ကို မဟုတ်မတရား စွပ်စွဲသည့်သူများနှင့် မပြိုင်မဆိုင်လို၊ လွတ်ရာကင်းရာသွားတော့မည်ဟု အမိန့်ရှိပါကြောင်း၊

ဤသို့ ရဟန်းဘွဲ့မည်-မောင်ဇဝန။ လူမည်-မောင်ခက်က ထွက်ဆိုအစစ်ခံသော သက်သေစကား အထင်အရှား ရှိသည်ဖြစ်၍ရင်း။ ရဒိတက ရဟန်းတော် ရှင်သိလဝံသ၏ လင်္ဂအာကာရကိုမြင်ရသိရသဖြင့်ရင်း။ ရဒိတက ရှင်သိလဝံသ၏(အနာပတ္တိက,ဒေါသာပဂမ,သုဒ္ဓ)ပဋိညာဏ်ဖြင့်ပင် ရဒိတက ရဟန်းတော် ရှင်သိလဝံသကို တရုံတရာသော (အာပတ္တိဒေါသ) ဖြင့် မဆုံးဖြတ်သော။ ။

ဤသို့ဖြစ်၍ရဒိတကရဟန်းတော်ရှင်သိလဝံသနှင့်အတူတကွ။သတင်းသုံးတော် သံဃာတော်တို့သည် (ဥပုသ်,ပဝါရဏာ)စသော သံဃကံဖြင့်သင်္ဘော၁၈,သံဝါသနှစ်ပါး၊ မကွဲမပြား ရွှေအလားသို့။ တသားတည်း ညီညွတ်စွာ ပေါင်းဘော်နေထိုင်ကြစေ။ ။

